အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်
ဂဏဝါစကကစာချ

**အရှင်ဝိမလမုနိန္ဒ**

# ယမကကာရိကာ

ဓမ္မဒါန်

ပထမတွဲ

၃

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်

ဂန္ထဝါစက စာချ

အရှင်ဝိမလဗုဒ္ဓိ

# ယမကကုဋ္ဌီကာ

## ပထမတွဲ

ကောဇာ ၁၃၄၂-ခု၊ ဝါဆိုလ။ ခရစ် ၁၉၈၀-ခု၊ ဇွန်လ။

ပထမအကြိမ်

အုပ်ရေ – ၂၀၀၀

၁၉၇၀-ခု၊ ဇွန်လ

ဘာသာရေးခွင့်ပြုချက်အမှတ် (၁၁၄၃)

ထုတ်ဝေသူ ကင်းလွတ်ခွင့်အမှတ် (၄၅၀)

| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | – | ဦးစံတိုး |
| မျက်နှာဖုံး အတွင်းဘလောက် | – | ရောင်နီဦး |
| အတွင်းဒီဇိုင်း | – | နေလင်း |
| မျက်နှာဖုံးရိုက် | – | အောင်သာပုံနှိပ်တိုက် |
| စာအုပ်ချုပ် | – | မိဘမေတ္တာ၊ ၃၄-လမ်း။ |

ထုတ်ဝေသူ – ဒေါ်တင်လှ (၄၀၅)
၂၄၊ အောင်မင်္ဂလာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။

ပုံနှိပ်သူ – ဒေါ်တင်လှ (၀၂၀၃၀)
နေလင်းစာပုံနှိပ်တိုက်၊
အမှတ် ၁၁–၁၂၅-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

## ပဏာမဒ္ဒိ မင်္ဂလာ

ယ　　မက် ယမက် ယမ်၊

မ　　ယုဉ္ဇ ပညဒါယက်။

က　　သံ သောတုန်-မတ္ထာယ၊

ကုဋ္ဋိကာ-ဟံ ယထာဗလံ။

ယမက်-သေခြင်းအကြောင်း ဇာတိပေါင်းနှင့် တကြောင်းတည်ရာ ငါးခန္ဓာကို ကြောင်းကိုပယ်သတ် လွန်မြောက်တတ်သည့် လူ့ထွတ်တင် ဘုရားရှင်ကိုရင်း၊ ယမက်-သေခြင်းလွန်ထ စွမ်းဗလကြောင့် ယမကမည်တွင် ဘုရားရှင်၏ များဖြင်ထင်ပေါ် တရားတော်ကိုရင်း၊ ယမ်-မဂ်ဖိုလ်နှစ်ပါး တစုံထား၍ လေးပါးရှိတုံ့ အရိယာသံဃာတော်အစုံကိုရင်း၊ မယုံ-သင်ကြားပို့ချ ညွှန်ပြ ရေးသား ကုသိုလ်များဖြင့် ဘုရားမြတ်စွာ သာသနာကို ကောင်းစွာကော်ရော် တပည့်တော်အား၊ ပညဒါယက် စ-နားလည်ခါစ ရှယ်မှစ၍ ဒီက ရှေ့-နောက် ဒီတောင်-မြောက်နှင့် စားသောက်ဒီလို သွားဒီလိုဟု ထိုထိုကြောင်းရာ သင်ပေးတာကြောင့် ပုပ္ပါစရိယ မည်တော်ရသည့် ဂုဏထွဋ်တင် မိ-ဖခင်ကိုရင်း၊ တနည်း—ပညဒါယက် စ-တလုံးတပါဒ တဝါကျမျှ တ-န ပြပေး တတ်သင်ပေး၍ ရှေ့ရေးညွှန်ပြ ဆုံးမကြသည့် များလှဘိတောင်း ဆရာအပေါင်းကိုရင်း၊ ဝန္ဒာမိ-ရှိပ်ပုံတော်ဖော် ဂုဏ်တော်ပေါ်အောင် ရည်ရော်မှန်းဆ မျှော်တမ်းတလျက် ဂါရဝရိုကျိုး ရှိခိုးပါ၏။

(ဝန္ဒိတွာ-အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ဖို့ ချီးမြှောက်ထောမနာ လွန်စွာကြည်နူး အထူးအားဖြင့် ရှိခိုးပြီး၍၊) သောတုန်-ခေတ်ခါအလိုက် လွယ်မှုကြိုက်သည့် ယမိုက်သင်ကြား စာသင်သားတို့၏၊ အတ္ထာယ-မပင်မပန်း ကိုယ်စိတ်လန်း၍ ချမ်းချမ်းသာသာ လွယ်ကူစွာဖြင့် လိုရာဆန္ဒ ပြည့်ဝကြစေခြင်း အကျိုးငှါ၊ ကုဋ္ဌိကံ-ယမကကုဋ္ဌိကာ မည်သညာဖြင့် ကြည်သာတင့်ဆန်း သေ့ချက်ကျမ်းကို၊ အဟံ-အကျွန်ုပ်သည်၊ ယထာဗလံ-ကိုယ်အာဉာဏ်အား အားနှစ်ပါးဖြင့် ကြိုးစားမယုတ် အားကုန်ထုတ်လျက်၊ ကသံ-ရှေးဆရာများ ပြုစုထားသည့် များပြားတည်ဒန ကျမ်းထွေထွေကို ရှာဖွေကြည့်ရှု စုစည်းပြု၍ ယခုခေတ်နှင့် လျော်ကန်သင့်အောင် နည်းသစ်တီထွင် စီရင်ပေအံ့သတည်း။

# အမှာစာ

ယမကကုဋ္ဌိကာ = (ယမိုက်သော့ချက်)ဟူသော အမည်နှင့်လိုက်လျော ညီစွာ ထိုထိုယမက၌ ထိုထိုပါဠိရတို့၏ အဓိက သော့ချက်များကို ကွက်ကွက် ကွင်းကွင်း ရှင်းလင်းစွာ ဖွင့်ပြထားသဖြင့် ယင်းသော့ချက်များပိုင်လျှင် သင့် အတွက် ပါဠိရအားလုံးကို အလွယ်တကူဖြင့် ဟောရွတ်စွမ်းနိုင် ဖို့ချနိုင်ပါ လိမ့်မည်။

ဤကျမ်း၌— ၁။ ဇယား၊

၂။ ဇယားလမ်းညွှန်၊

၃။ ဇယားအဓိပ္ပာယ်၊

၄။ ဝိဘင်းနှင့် အရကောက်ဆိုရိုး၊

၅။ စံပြပုစ္ဆာ, အဖြေရှာနည်းနှင့် အဖြေများ၊

၆။ အခြားသိမှတ်ဖွယ် အဓိပ္ပာယ်။

ဤသို့ အခန်းခြောက်ခု ခွဲခြားကာ တကန့်စီ တကန့်စီ ခေတ်နှင့် ညီအောင် နည်းသစ်ထွင်၍ ကျစ်လျစ် ပီပြင်စွာ စီစဉ်ထားပါသည်။

တဖန်.... တိမ်မြုပ်ကွယ်ဝှက် အသိခက်သောအရာများ၌ အဋ္ဌကထာ, ဋီကာ, အာစရိယဝါဒ, သဘာဝယုတ္တိတို့ဖြင့် ညှိပြထားပြန်သဖြင့် ဤကျမ်းပါ နည်းသစ်ဇယားများသည် သင်ဝါသင်သားတို့အား ဆိုင်ရာ စာမေးပွဲတိုင်းမှာ ယမကဘာသာအတွက် အခက်အခဲမရှိပဲ လွယ်ကူစွာ အောင်ပန်းကို ဆွတ်လှမ်း ပေးပါလိမ့်မည်။

**ဦးစန္ဒောဘာသ(ဦးစီးနာယက)**
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့
၃၀-၅-၀၀။

# ပူဇော်ခြင်း

ဤကျမ်းစာဖြင့် မိမိစာလိုက်ခဲ့ဖူးသော ဖော်ပြပါ ဆရာတော်များအား ပူဇော်ပါ၏။

၁။ စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ဝါးတောမရွာ ရွာဦးကျောင်း ဆရာတော် ဦးပဏ္ဍိတနှင့် ဦးကေလာသ။

၂။ စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ကံသုံးဆင့်ရွာ ဆရာတော် ဦးနန္ဒဝံသ။

၃။ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘာသာဋီကာ ကျမ်းပြုဆရာတော်။

၄။ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ယခုလက်ရှိနာယက ဆရာတော်များ ဖြစ်ကြသည့်— (က) ဆရာတော် ဦးစန္ဒောဘာသ။ (ခ) ဆရာတော် ဦးမဟိန္ဒ။ (ဂ) ဆရာတော် ဦးဣန္ဒောဘာသာဘိဝံသ။ (ဃ) ဆရာတော် ဦးအဂ္ဂဝံသ။ (င) ဆရာတော် ဦးကုဏ္ဍလာဘိဝံသ။

၅။ မေမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဦးတေဇနိယာဘိဝံသ။

၆။ ပြည်သာမြို့ တောရကျောင်းဆရာတော် ဦးဣန္ဒာစရိယ။

၇။ ရန်ကုန်မြို့ သာကေတ (၁၀)ရပ်ကွက် သဒ္ဓါဒိမုတ္တိကျောင်း ဆရာတော် ဦးဂန္ဓသာရ။

၈။ တောင်တွင်းကြီးဆရာတော် ဦးဇနိတ။

၉။ မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက် ဆရာတော် ဦးသဇ္ဇနသာရ။

# အခြေခံနိဒါန်း

**အဘိဓမ္မာ။** ။သုတ္တန်ပါဠိတော်ထက် အရေအတွက်အားဖြင့်လည်း သာလွန်သောကြောင့်ရင်း၊ အနက်အဓိပ္ပာယ်အားဖြင့်လည်း ထူးကဲသောကြောင့်ရင်း "အဘိဓမ္မာ"ဟုခေါ်ပါသည်။မှန်၏....အဘိဓမ္မာဒေသနာသည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၏ ထက်ဝက်မျှ ပမာဏရှိ၍ သုတ္တန်ပါဠိတော်ထက် အရေအတွက်အားဖြင့် သာလွန်သည်။ ရုပ်နာမ်တို့၏ သဘော၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံ၊ ရုပ်နာမ်တို့၏ ကျေးဇူးပြုပုံကို ပြရာဖြစ်သောကြောင့်ရင်း၊ သုတ္တန္တဘာဇနီယနည်း, အဘိဓမ္မဘာဇနီယနည်း, ပဥှာပုစ္ဆကနည်းတို့ဖြင့် တန်ဆာဆင်ထားသောကြောင့်ရင်း ထူးကဲသည်။နက်နဲသည်။ ခက်ခဲသည်။ အဓိပ္ပာယ်လည်း ကျယ်ဝန်းလှသည်။

**ညဝါ။** ။ကျယ်ဝန်း နက်နဲ ထူးကဲသော အဘိဓမ္မာ၌ အသိဉာဏ် ရင့်သန်စေရန် ရည်ရွယ်လျက် ရှေးဆရာတော်များသည် သင်္ဂြိုဟ်၏ အနက်အဓိပ္ပာယ်ကို နားလည်၍ သရုပ်သကန် ကျေပွန်ပြီးသော တပည့်များအား အဘိဓမ္မာပါဠိတော်ကို အနက် အရကောက်နှင့်တကွ ပို့ချတော်မူလေ့ရှိကြပါသည်။ ထိုသို့ပို့ချရာဝယ် နေ့အခါ၌ အာရုံတွေ့များသဖြင့် စာသင်သားတို့မှာ ဉာဏ်မကျက်စားနိုင်ကြ၍ မြို့ရွာဆူသံ မဆူညံပဲ လူသံတိတ်ချိန် ဆိတ်ငြိမ်သော ညအခါမှသာ ပို့ချလေ့ရှိသောကြောင့် "ညဝါ"ဟု အသိအမှတ်ပြုခဲ့ကြ၊ ခေါ်ဆိုခဲ့ကြပါသည်။

**ညဝါဂုဏ်ရည်။** ။သဒ္ဒါ သင်္ဂြိုဟ်စသော နေ့ဝါများကို ဆရာမရှိပဲ မိမိတို့ဘာသာ လေ့လာ၍ ဖြစ်နိုင်၏။ ညဝါကား မဖြစ်နိုင်ပါ။ ဆရာသမားထံ နည်းနာခံ၍ သင်အံ့ လေ့လာသူသာ ဆုံးခန်းတိုင်မြောက် ခရီးရောက်နိုင်သည်။ ထိုသို့ လေ့လာသောအခါဝယ် သဘောပေါက်လျှင်လည်း ဆိုဖွယ်ရာ မလိုတော့သလို သဘောမပေါက်ပြန်လျှင်လည်း ဆိုလို့ကို မဖြစ်ပြန်

ချေ။ ထို့ကြောင့် ရှေးဆရာတို့သည် ညဝါ၏ ဂုဏ်ရည်ကို၊ ဤကဲ့သို့ ကျူးသီမိန့်ဆိုတော်မူခဲ့ကြသည်။ "နားလည်လျှင်လည်း မဆိုနဲ့၊ နားမလည်လျှင်လည်း မဆိုနဲ့"တဲ့။

**နားမည်မထွက် ကျမ်းအခက်။** ။ပိဋကတ်စာပေတွင် အခက်ဆုံးကျမ်းစာ သုံးစောင် ရှိသည်ဟု ရှေးဆရာတို့ မှတ်တမ်းတင်ခဲ့ကြလေသည်။ ထိုကျမ်းများကား "ကျမ်းကြီး ပဋ္ဌာန်း, ကျမ်းငယ် ဆန်း, ကျမ်း.လတ် ဓာတုကထာ"တို့ပေတည်း။ ဤယမိုက်ကျမ်းကား ထိုအခက်စာရင်းတွင် မပါဝင်သော်လည်း လွယ်ကူလှသည်တော့ မဟုတ်ပါ။ သူ့အထွာနှင့်သူ ခက်၍နေပြန်ပါသည်။ ထိုအကြောင်းကို စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းသိပ္ပံဆရာတော် အမိန့်ရှိဖူးပါသည်။ "အခုတော့ ပဋ္ဌာန်းက မခက်ဘူး ယမိုက်က ခက်နေတယ်"တဲ့။

**တေးထပ်**

ညဝါခေါ် ကျမ်းယမိုက်ကိုလ, ဖြန်းလိုက်လို့ ရိပ်မထင်, သန်း-ငိုက်လို့ အိပ်ချင်သည်, စိတ်မဝင် ယောင်မှား၊ ဝိဘင်းထွက် ခြောက်ရပ်ပေါ်မှာ, နောက်ထပ်နေ၁် နူ-ငှိုက်များ၊ လွယ်သယောင့် အချက်ပွေသည်, အခက်တွေ စဉ်ထား, အာရုံမဝင်စားသာဘူ, ထင်မှားစရာ့များကြုံ၊ ကလိန်ချုံကောက်တွေထပ်, ရောက်ဗွေခတ် ဓိပ္ပာယ်ကစုံ၊ ကျမ်းယမိုက် ကျစ်လျစ်ပုံကို, ဇာမြစ်ကုန် တခါမခဲ့လျှင်ဖြင့်, ဝါရတဲ့ ယောင်ချာချာ, ဖြစ်လိမ့်နောင်ခါ၊တသက်ဖြင့် ဒီစာဝါကို, ဒီဘခါ နောက်ဆုံးကွဲလေး။

**မိမိနှင့် ညဝါ။** ။မိမိ ငယ် လတ် ကြီး ဖြေစဉ်က ညဝါကို စိတ်ဝင်စားမှု မရှိခဲ့ပါ။ အောင်မှတ်ရရုံသာတွက်၍ လေ့လာခဲ့ပါသည်။ စာမေးပွဲ နီး၍ သီတင်းသုံးဖော်များနှင့်အတူ ဗန်ဒါပင်အောက် ဝါးကွပ်ပျစ်ကလေးပေါ်ဝယ် စုပေါင်း၍ ညအခါမှာ ညဝါဆိုကြရာ ဝမ်းကလည်းဟာ၊ ဆွမ်းကလည်းဆာ၊ စိတ်ကလည်း မပါသဖြင့် ပြီးဆုံးအောင်ပင် မဆိုနိုင်ပဲ တဖြည်း

ဖြည်းနှင့် အိပ်ပျော်သွားသည်ကသာ များပါသည်။ မိခင်က ပုခက်လွှဲ၍ တေး ဆိုကာ ချော့သိပ်သကဲ့သို့ပင် တရားနာယင်း စာပြန်ယင်း အိပ်ငိုက်ရသော အရသာကား အလွန်ကောင်းလှသည်။ ထိုအကြောင်းကိုပင် ရှေးဆရာတော် များကလည်း- ဖော်ပြပါအတိုင်း မှတ်တမ်းတင်ခဲ့ကြလေပြီ။

**ညဝါပို့ချလိုစိတ်။** ။ပထမကြီးတန်းအောင်၍ ဓမ္မာစရိယတန်း အတွက် အဋ္ဌသာလိနီကို လေ့လာသောအခါ အနည်းငယ်မျှ သော ရှေးကောင်းမှုကြောင့်ပင် အရှင်သာရိပုတ္တရာအထံမှ (လူတို့တွင် ဒုဘိယ) အဘိဓမ္မာဒေသနာတော်ကို နာကြားရပြီး အရဟတ္တဖိုလ်ပေါက် ရောက်တော် မူကြသော ရဟန်းငါးရာအကြောင်းကို တွေ့ရှိကြည်ညိုရသဖြင့် မိမိမှာ အဘိ ဓမ္မာပို့ချလိုစိတ်များတဖွားဖွားဖြစ်ပေါ်လာပါသည်။(အရှင်သာရိပုတ္တရာသည် အဘိဓမ္မာကို လူတို့တွင် ပထမနာရသည်။)

**ချိုးဦးအံ့**—ထိုရဟန်းငါးရာသည် ကဿပဘုရား သာသနာနောက်ပိုင်း မှာ လိုဏ်ဂူတခုအတွင်းဝယ် လင်းနို့ငယ်များဖြစ်ခဲ့ကြစဉ်က ရဟန်းတော်နှစ်ပါး ၏ အဘိဓမ္မာရွတ်အံသံကို ကြားခဲ့ကြရသည်။ ထိုကောင်းမှုကလေးကြောင့် ထိုဘဝမှသေလွန်သော် အပါယ်မလားရ၊ လူပြည်နတ်ပြည်တို့၌သာ ကျင်လည် ကြရပြီး ဤဘုရားသာသနာတော်ဝယ် အဘိဓမ္မာကို လူတို့တွင် ဒုတိယနာယူ ရပြီး ရဟန္တာများဖြစ်ကြလေသည်။

**ဝမ်းမြောက်ဖွယ်ရာ အဘိဓမ္မာ။** ။ထိုရဟန်းများသည် လင်းနို့သားဘဝတုန်း က မိမိတို့ကြားနေရသော အဘိဓမ္မာရွတ်သံ ကို "ဤအသံကား အဘိဓမ္မာတရားသံပဲ" ဟုပင် သိခဲ့ကြသည် မဟုတ်ပါ။ ငါတို့အား အန္တရာယ်ပေးမည့်အသံမျိုးမဟုတ်၊ သာယာနေသော သံစဉ်တမျိုးပဲ ဟုသာ သိခဲ့ကြပါလိမ့်မည်။ ဤမျှလောက် သာ အသိဉာဏ်ရှိသူကိုပင် အဘိဓမ္မာတရားတော်က အပါယ်ငရဲမှ ကယ်တင် နိုင်၊ နိဗ္ဗာန်တိုင်အောင် ပို့ဆောင်နိုင်သေးလျှင် နှုတ်ဝယ် မိမိ အဓိပ္ပာယ်သိသိ ဖြင့် ပို့ချသင်ယူကြသော တပည့်တော်တို့အား အပါယ်ငရဲမှ ကယ်တင်၍ နိဗ္ဗာန်

တိုင်အောင် ပို့ဆောင်နိုင်မည်မှာ သေချာလှသဖြင့် တွေးတိုင်းတွေးတိုင်း ပီတိ လှိုင်းထလျက် နှစ်သက်ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါတော့သည်။

လျှောက်ထားအပ်ပါ မျှားသံသာ။ ။ယခုလိုဘဝကောင်း ကာလကောင်းနှင့် ကြုံရသည့်အခါဝယ် စာမေးပွဲအောင်ရုံ နာမည်ရရုံမျှသဘောမကားပဲ သွားယင်းဟန်လှဲဆိုတာလိုစာမေးပွဲလည်းအောင် နာပညာလည်း ရ၊ နောက် ဘုရားသာသနာဝယ် အဘိဓမ္မာတရားတော်ကို ဦးစွာ နာရပြီး ဆဠာဘိညာ ပဋိသမ္ဘိဒါပတ္တရသူများ ဖြစ်ဖို့ရာကြောင်း အား ကောင်းသော ပါရမီကုသိုလ်ကောင်းလည်း ဖြစ်ကြပါစေ”ဟု အဓိဋ္ဌာန်ပြု၍ ဖို့ချ ကြ သင်ယူကြပါရန် လျှောက်ထားအပ်ပါသည်။

ပဋိသမ္ဘိဒါဉာဏာယ၊ လာဘာယ အာယတိံ ဓုဝံ။

အဘိဓမ္မဒေသနာသု၊ အလံ အာရဘိတုံ ဣဓ။

အာယတိံ - ကျွတ်ဘန်းဝင်ရာ နောင်အခါ၌၊ ဓုဝံ-မချွတ်ကေန် အမှန်မလွဲ အမြဲသာလျှင်၊ ပဋိသမ္ဘိဒါဉာဏာယ–ပဋိသမ္ဘိဒါ ဉာဏ်လေးဖြာကို၊ လာဘာယ–ကိုယ်တိုင်မြင်သိ ရရှိခြင်းငှါ၊ ဣဓ–ယခုဘဝ တွေ့ကြုံရသည့် ဗုဒ္ဓမြတ်စွာ သာသနာတော်၌၊ အဘိဓမ္မဒေသနာသု- နက်နဲဆန်းကျယ် နည်း သွယ်သွယ်ဖြင့် အကျယ်ဖွင့်လတ် ဟောညွှန်အပ်သည့် အဘိဓမ္မာ ဒေသနာ တို့၌၊ အာရဘိတုံ-ထိထိရောက်ရောက် ပေါက်မြောက်အောင် အားထုတ်ခြင်း ငှါ၊ အလံ-မလွှဲသာအောင် မရှောင်သာပဲ အမြဲမုချ သင့်လျော်လှပေတော့ သတည်း။

ယမက။ ။အဘိဓမ္မာဒေသနာတော်သည် ပကရဏပရိစ္ဆေဒအားဖြင့် ဓမ္မ သင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက် ပဋ္ဌာန်းဟု ခုနစ်ကျမ်းရှိ၏၊ ထိုတွင် ခြောက်ခုမြောက်ကျမ်းသည် “အနက်အစုံ ဓမ္မအစုံ ပုစ္ဆာအစုံ”ဟု အစုံအစုံပြု၍ ဟောတော်မူအပ်သောကြောင့် “ယမက= ယမိုက်”မည်၏။

**ယမကကုဏ္ဍိကာ။** ။"ကုဏ္ဍိကာ တာဠေ့ာဝါပုရဏ္ဍာထ"ဟူသော အဘိဓာန် (၂၂၂)ဂါထာအရ ကုဏ္ဍိကာသဒ္ဒါသည် "သံကောက်= သော့"ဟူသော အနက်ကို ဟောပါသည်။ သော့ခတ်၍ ပိတ်ထားသော ရတနာတိုက်ကြီးအတွင်းရှိ ရတနာများကို ကြည့်ရှုနိုင် ထုတ်ယူနိုင် သုံးစွဲနိုင်ကြမည် မဟုတ်ပါ။ သော့ပွင့်မှသာ ရတနာတွေကို ကြည့်ရှုနိုင် ထုတ်ယူနိုင် သုံးစွဲနိုင်ကြပါမည်။ ရတနာတိုက်ခန်း ယမိုက်ကျမ်းအတွင်းရှိ အဘိဓမ္မာသဘာဝ အဖိုးတန်ရတနာတွေကို လွယ်ကူစွာဖြင့် ကြည့်ရှုနိုင် ထုတ်ယူသုံးစွဲနိုင်ကြစေရန် စာသင်သားတို့၏ အသိဉာဏ်(သော့အိမ်)ကို ဖွင့်ပေးမည့် သော့တံသဖွယ် ဖြစ်သောကြောင့် ဤကျမ်းကို "ယမကကုဏ္ဍိကာ=ယမိုက်သော့"ဟု နာမည်တပ်လိုက်ပါသည်။

**စီရင်ရခြင်းအကြောင်း။** ။မိမိသည် ၁၃၃၃-ခုမှ စ၍ တနှစ်လျှင် နှစ်ကြိမ်ကျ အောက်ယမိုက် ၅-ကျမ်းကို ပို့ချခဲ့ပါသည်။ တတ်၍ နားလည်၍ မဟုတ်ပါ။ မတတ်၍ နားမလည်၍ တတ်အောင် နားလည်အောင် ပါရမီကုသိုလ်တွေလည်းရအောင်ဟူသော ရည်ရွယ်ချက်ဖြင့် ပို့ချခဲ့ပါသည်။ မိမိလေ့လာစဉ်က ခက်သော ဝါရများကို မလေ့လာပဲ ချန်ထား၍ ဖြစ်သော်လည်း သူတပါးတို့အား ပို့ချရာ၌ကား ထိုသို့ ချန်ထား၍ မဖြစ်တော့ပါ။ ထို့ကြောင့် ယမိုက်အရကောက်ဆိုင်ရာ ကျမ်းများနှင့် အဘိဓမ္မာဆိုင်ရာ အခြားကျမ်းများကို ရှာဖွေကြည့်ရှုကာ ကြိုးကြိုးစားစား ပို့ချခဲ့ပါသည်။

မိမိ၏ ကြိုးစားချက်သည် တနှစ်ထက်တနှစ် စာသင်ပျို့တို့အား နှစ်သက်မှုကို ပေးစွမ်းနိုင်သဖြင့် ကျမ်းတစောင်တဖွဲ့အဖြစ် စီစဉ်၍ ထုတ်ဝေဘို့ရန် ဆန္ဒပြုလာကြသောကြောင့် ထိုဆန္ဒကို ဖြည့်စွမ်းပေးသည့်အနေအားဖြင့် ယခုအခါ၌ စီစဉ်ပြီး ထုတ်ဝေလိုက်ရပါသည်။

**ရေးသားပုံ အစီအစဉ်။** ။မန္တလေးမြို့ ကျောက်ဆစ်တန်းရောက်လျှင် တထိုင်တည်းဖြင့် ဘုရားစုံ(ပုံတော်စုံ)ကို ဖူးမြော်ရသကဲ့သို့ ဇယားတကွက်တည်း ကြည့်ရုံမျှဖြင့် ဆိုင်ရာဆိုင်ရာ ဝါရအားလုံးကို ဟောနိုင် ရွတ်နိုင်အောင် စီစဉ်ထားပါသည်။

ဝါရတခုတခု၌ ဧယား၊ ဧယားလမ်းညွှန်၊ ဧယားအဓိပ္ပာယ်၊ ဝိဘင်းနှင့် အရကောက်ဆိုရိုး၊ စံပြပုစ္ဆာ အဖြေရှာနည်းနှင့် အဖြေသိမှတ်ဖွယ် အဓိပ္ပာယ်ဟူ ခေါင်းစဉ်ခွဲ၍ ပြုထားပါသည်။ ဤကျမ်းကို လေ့လာလျှင် "ဒီဝါရအတွက် ဒီအကွက်ကိုကြည့်၊ ဒီသင်္ကေတရဲ့ အဓိပ္ပာယ်က ဒါ၊ ဒီဝိဘင်းကို ဒီလိုထုတ်၊ ဒီပုစ္ဆာကို ဒီလိုအဖြေရှာ၊ ဒီစကားရဲ့ အဓိပ္ပာယ်ကို ဒီလိုမှတ်"ဟု ဆရာက အနားမှာ ထိုင်ပြီး စိတ်ရှည်လက်ရှည် ပြောပြနေသကဲ့သို့ ထင်မြင်လာပါလိမ့်မည်။

မှီရာကျမ်းများ။ ။ဤကျမ်းကို ရေးသားရာ၌ ယမိုက်အဖြေကျမ်း (လယ်တီဆရာတော်)၊ သာရတ္ထမေဒိနီ (ညောင်လေးပင် တောရဆရာတော်)၊ ယမကတ္ထဝိဘာဝနီ၊ မိုးညှင်း ညွှာ ါအကျဉ်း အလင်းပြ၊ ယမကနယပဒေသကျမ်း၊ ယမကပန်းကုံးစသော ယမိုက်အရကောက်ဆိုင်ရာကျမ်းများ၊ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အမရပူရ မဟာဂန္ဓာရုံဆရာတော်၏ အဘိဓမ္မာဆိုင်ရာ ဘာသာဋီကာများနှင့် အဋ္ဌကထာ ဋီကာများကို ကြည့်ရှု၍ ပြုချယ်း ရေးသား၊ ရေးသားယင်း ပြုချကာ စီစဉ်ခဲ့ပါသည်။

ဤမျှလောက် ကြိုးစားပါသော်လည်း အမှားအယွင်းကား ကင်းမည်မဟုတ်ပါ။ အလွန်နက်နဲသော အဘိဓမ္မာဝယ် နုငယ်သော မိမိဉာဏ်၏ မထောက်တည်နိုင်ခြင်း၊ အမှတ်တမဲ့ ဖြစ်ခြင်းတို့ကြောင့် ချွတ်ယွင်းချက်များ ရှိပါလိမ့်မည်။ ထိုချွတ်ယွင်းချက်များအတွက် ပြင်ဆင်ဖတ်ရှုကြပါရန် ခွင့်ပန်အပ်ပါသည်။

အရှင်ဝိမလဗုဒ္ဓိ

၁၃၄၂-ခု၊ နယုန်လပြည့်နေ့။

# မာတိကာစဉ်-မေးခွန်း

[မာတိကာခေါင်းစဉ်ကို မေးခွန်းလုပ်၍ ပြထားပါသည်။
ထိုမေးခွန်း၏အဆုံး၌ရှိသော စာမျက်နှာနံပါတ်ကိုကြည့်၍
အဖြေကို သိပါ။]


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အဘယ့်ကြောင့် ယမိုက်ဟု ခေါ်ပါသနည်း၊ ယမိုက်အပြားကို အဓိပ္ပာယ်နှင့်တကွ ပြပါ။ | .... | ၁ |
| ၂။ | ကျမ်းကို ယမိုက်ဟု ခေါ်နိုင်ပါသလော၊ အဘယ့်ကြောင့် ယမိုက်ကျမ်းကို ဟောပါသနည်း။ | .... | ၃ |
| ၃။ | အမေး၅-မျိုးကို အဓိပ္ပာယ်နှင့်တကွ ပြပါ။ | .... | ၄ |
| ၄။ | ဝိသဇ္ဇန၅-မျိုးကို အဓိပ္ပာယ်နှင့်တကွ ပြပါ။ | .... | ၅ |
| ၅။ | ဝိဘင်းအဓိပ္ပာယ်, ဝိဘင်းသရုပ်နှင့် ထုတ်ရာဌာနတို့ကို ပြပါ။ | .... | ၇ |
| ၆။ | အဘယ်ကို ဝိဘင်းဖြောင့် ဝိဘင်းလိန်ဟု ခေါ်ပါသနည်း။ | .... | ၈ |
| ၇။ | အမေးလေးထွေ, အဖြေငါးပါး, ဝိဘင်းခြောက်ပါးတို့ကို တွဲစပ်ပြပါ။ | .... | ၉ |
| ၈။ | အနုလုံ-ပစ္စနိက်၌ ရထိုက်သော အမေး, အဖြေ, ဝိဘင်းတို့ကို ခွဲခြားပြပါ။ | .... | ၁၀ |
| ၉။ | အဘယ့်ကြောင့် ကထာဝတ္ထုပြီး ယမိုက်ကို ဟောတော်မူပါသနည်း။ | .... | ၁၃ |

စဥ် | အကြောင်းအရာ | စာမျက်နှာ

၁၀။ အဘယ့်ကြောင့် မူလယမကကို ရှေးဦးစွာ ဟောပါသနည်း၊ အဘယ်ကို မူလယမိုက်ဟု ခေါ်ပါသနည်း။ .... ၁၃
၁၁။ သန္နိဋ္ဌာန် သံသယတို့၏ အဓိပ္ပာယ်ကို ပြပါ။ .... ၁၄
၁၂။ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်၌ ကေမူလဖြစ်ပုံကို ရှင်းပြပါ။ .... ၁၇
၁၃။ ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်၌ ကေမူလဖြစ်ပုံကို ရှင်းပြပါ။ .... ၁၈
၁၄။ အဘယ့်ကြောင့် "ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ"ဟု ဝိသေသန ပြုပါသနည်း။ .... ၂၀
၁၅။ အဘယ်ကို သိစေလို၍ "ယထာရဟ ပြုအပ်သော"ဟု ဆိုပါသနည်း။ .... ၂၀
၁၆။ အဘယ်အကျိုးငှာ "ကုသလမူလာနိ"ကို ထည့်ဟောပါသနည်း။ .... ၂၁
၁၇။ အညမညယမက အနုလောမ၌ အဘယ့်ကြောင့် "ယေ ကေစိ ကုသလမူလေန ကေမူလာ မူလာ"ဟု ဟောတော်မူပါသနည်း။ .... ၂၄
၁၈။ အညမညယမက ပဋိလောမ၌ အဘယ့်ကြောင့် "သဗ္ဗေ တေ ဓမ္မာ ကုသလာ"ဟု ဟောတော်မူပါသနည်း။ ... ၂၅
၁၉။ သာမညဘာဝလက္ခဏာအားဖြင့် "မူလ-ကေမူလ-အညမည မူလ"တရားတို့ကို ပြပါ။ .... ၂၅
၂၀။ အဟိတ်အကုသိုလ် ကေမူလ မမည်ပုံကို ရှင်းပြပါ။ .... ၂၇
၂၁။ သဟိတ်စိတ္တဇရုပ်ဆိုရိုး၌ အရူပဝိပါက်, ရဟန္တာတို့၏စုတိ, အဟိတ်စိတ္တဇရုပ်ဆိုရိုး၌ ဒွေပဉ္စဝိညာဏ်တို့ ကြဉ်ရခြင်း၏ အကြောင်းကို ပြပါ။ .... ၂၉
၂၂။ အဗျာကတပဒ, ကေမူလယမက ပဋိလောမ၌ အဘယ့် ကြောင့် "အာမန္တာ"ဟု ဖြေပါသနည်း။ .... ၃၀
၂၃။ အဘယ့်ကြောင့် ကုသိုလ်စိတ္တဇရုပ်, အကုသိုလ်စိတ္တဇရုပ်တို့ကို "အဟေတုကံ အဗျာကတံ"၌ သွင်းကောက်ရပါသနည်း။ .... ၃၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | အဘယ့်ကြောင့် စိတ်, စေတသိက်, နိဗ္ဗာန်တို့ နာမ်မည်ကြပါသနည်း။ .... | ၃၂ |
| ၂၅။ | မူလယမက၌ အဘယ်အကျိုးငှာ နာမပဒကို ဟောပါသနည်း။ .... | ၃၂ |
| ၂၆။ | မဟာဝါရသရုပ်ကို အဓိပ္ပါယ်နှင့်တကွပြပါ။ .... | ၃၆ |
| ၂၇။ | အန္တရဝါရသရုပ်ကို အဓိပ္ပါယ်နှင့်တကွ ပြပါ။ .... | ၃၇ |
| ၂၈။ | ခန္ဓဒုဒ္ဒသစသော ဝါရ ၃-ပါး၏အဓိပ္ပာယ်ကို ရေးခဲ့ပါ။ .... | ၃၇ |
| ၂၉။ | နယဝါရသရုပ်ကို အဓိပ္ပာယ်နှင့်တကွပြပါ။ .... | ၃၈ |
| ၃၀။ | ရူပက္ခန္ဓ ၆-ဌာနကို ဖော်ပြပါ။ .... | ၄၇ |
| ၃၁။ | ပုဂ္ဂိုလ်အပြား ဝါကရေးကို တွက်ပြပါ။ .... | ၄၉ |
| ၃၂။ | ပုဂ္ဂိုလ် ၁၂-ယောက်ကို စုသာ စုတေ ပဋိသန္ဓေမနေသူစသည်ဖြင့် ခွဲပြပါ။ .... | ၅၁ |
| ၃၃။ | ခန္ဓယမိုက် ပဝတ္တိဝါရ၌ အဘယ့်ကြောင့် မဂ္ဂဋ္ဌာန်ကို မဟောပါသနည်း။ .... | ၅၃ |
| ၃၄။ | အဘယ်ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ၇၊ ၄ စည်းဟု ဆိုပါသနည်း။ .... | ၅၄ |
| ၃၅။ | ပစ္စဝေါကာရ စဝန္တ ဆိုရိုး၌ အဘယ့်ကြောင့် ၃၊၇၊၄ စည်းဟု အတိအကျ မဆိုပါသနည်း။ .... | ၆၀ |
| ၃၆။ | ဘူမိသိသ ၃-ဌာနကို ဖော်ပြပါ။ .... | ၇၄ |
| ၃၇။ | အရူ-ပရ် ပစ္စဝေါကာရ ဥပပဇ္ဇန္တအခိုက်၌ တိပုကိုကောက်၍ စဝန္တအခိုက်၌ အဘယ့်ကြောင့် မကောက်ပါသနည်း။ .... | ၇၄ |
| ၃၈။ | အသညသတ္တ ၄-ဌာနကို ဖော်ပြပါ။ .... | ၁၀၀ |
| ၃၉။ | ပရိညာဝါရ၌ ကာလဘေဒကို အဘယ်၏အစွမ်းဖြင့် ပိုင်းခြားပါသနည်း။ .... | ၁၀၉ |
| ၄၀။ | ထိုပရိညာဝါရ၌ ဟောသော ပုဂ္ဂိုလ်တို့ကို ဖော်ပြပါ။ .... | ၁၀၉ |
| ၄၁။ | ''ပရိဇာနာတိ... သိဆဲ''အရ အဘယ်ပုဂ္ဂိုလ်ကို ယူရပါမည်နည်း။ .... | ၁၁၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂။ | ပရိညာဝါရ၌ အဘယ့်ကြောင့် ဩကာသ-ပုဂ္ဂလောကာသ ဝါရတို့ကို မဟောပါသနည်း။ | .... ၁၁၀ |
| ၄၃။ | သုဒ္ဓါယတနဝါရ ပဒသောဓနဝါရတို့၌ပါသော ကာယ အရကို ကောက်ပြပါ။ | .... ၁၂၂ |
| ၄၄။ | အာယတနယမက ပဝတ္တိဝါရ၌ အဘယ့်ကြောင့် သဒ္ဒါ ယတနကို မဟောပါသနည်း။ | .... ၁၂၃ |
| ၄၅။ | သံသေဒဇ, ဩပပါတိကတို့၏ အဓိပ္ပာယ်နှင့် အထူးကို ရေးပါ။ | .... ၁၂၄ |
| ၄၆။ | ကာမ၌ ကာယချို့သူမရှိပါပဲ အဘယ့်ကြောင့် "သကာ ယကာနံ"ဟု ဟောပါသနည်း။ | .... ၁၄၇ |
| ၄၇။ | ကာမ-ဖြစ်ပြန် ကာမဆိုရိုးတွင် အဘယ့်ကြောင့် အနာဂါမ်ကို မကောက်ပါသနည်း။ | .... ၁၅၃ |
| ၄၈။ | ကာမ-ဖြစ်ပြန်,ရူပ-အရူပဆိုရိုးတွင် အဘယ့်ကြောင့် အရိယာကိုကို မကောက်ပါသနည်း။ | .... ၁၅၃ |
| ၄၉။ | အဘယ့်ကြောင့် အာယတနယမိုက်ပြီး ဓာတုယမိုက်ကို ဟောပါသနည်း။ | .... ၁၈၅ |
| ၅၀။ | အဘယ့်ကြောင့် ဓာတ်တဆယ့်ရှစ်ပါးသာ ဗုဒ္ဓမြတ်စွာ ဟောပါသနည်း။ | .... ၁၈၅ |
| ၅၁။ | ရူပဝိညာဏဓာတ် စသည်ဖြင့် မဟောပဲ အဘယ့်ကြောင့် စက္ခုဝိညာဏဓာတ်စသည်ဖြင့် ဟောပါသနည်း။ | .... ၁၈၅ |
| ၅၂။ | ဓာတုယမိုက် ပဝတ္တိဝါရ၌ အဘယ့်ကြောင့် ဆဝိညာဏ ဓာတ်ကို မဟောပါသနည်း။ | .... ၁၈၆ |
| ၅၃။ | ပဏ္ဏတ္တိဝါရ ဒုက္ခသစ္စာ ၇-ဌာနသရုပ်ကို ရေတွက်ပြပါ။ | .... ၁၉၃ |
| ၅၄။ | သစ္စယမိုက် ပဝတ္တိဝါရ၌ အဘယ့်ကြောင့် နိရောဓသစ္စာကို မဟောပါသနည်း။ | .... ၁၉၄ |
| ၅၅။ | ဒုက္ခ-သမုဒယ-မဂ္ဂသစ္စာတို့၏ ဖြစ်ရာကာလကို ပြပါ။ | .... ၁၉၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၆။ | သစ္စယမက ပဝတ္တိဝါရ၌ဟောသော ခဏ-ပုဂ္ဂလတို့ကို ပြပါ။ | .... ၁၉၄ |
| ၅၇။ | စတုဝေါကာရ ပဝတ္တိအခါ၌ အဘယ့်ကြောင့် ဝိရတီ အပ္ပမညာတို့ကို ကြဉ်ပါသနည်း။ | .... ၁၉၉ |
| ၅၈။ | ပုဂ္ဂလောကာသဝါရ၌ အဘယ့်ကြောင့် “နိရောဓသမာပန္နပုဂ္ဂိုလ်”ကို မဟောပါသနည်း။ | .... ၂၀၃ |
| ၅၉။ | အတိသမေတာဝီ, အနတိသမေတာဝီပုဂ္ဂိုလ်တို့ ဟူသည် အဘယ်နည်း။ | .... ၂၀၉ |
| ၆၀။ | အနတိသမေတာဝီ အစစ်-အတုဟူသည် အဘယ်ပုဂ္ဂိုလ်မျိုး ပါနည်း။ | .... ၂၁၀ |
| ၆၁။ | မုချဒုတိယစိတ်, တံသဒိသဒုတိယစိတ်တို့၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။ | .... ၂၁၂ |
| ၆၂။ | မုချဒုတိယစိတ်, တံသဒိသဒုတိယစိတ်တို့အရ မူလ-အနုဋီကာတို့ အလိုကျကောက်ပြပါ။ | .... ၂၁၂ |
| ၆၃။ | အဘယ့်ကြောင့် ဒုတိယစိတ်ကို သီးခြားဆိုပါသနည်း။ | .... ၂၁၃ |
| ၆၄။ | ခန္ဓပရိညာဝါရ, သစ္စပဝတ္တိဝါရတို့၌ပါသော “ယေ စ ပုထုဇ္ဇနာ”အရ အထူးကိုပြပါ။ | .... ၂၃၇ |
| ၆၅။ | သစ္စယမိုက် ပရိညာဝါရ၌ မဟောသော သစ္စာတို့ကို အကြောင်းနှင့်တကွ ပြပါ။ | .... ၂၄၆ |

# ယမကကဋ္ဌကာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကျမ်းဦးမှတ်ဖွယ်

**ယမက**။ ။အစုံဟူသော အနက်သဘောကြောင့် ယမကမည်၏။ ဥပမာ–ရေမိးအစုံ တန်ခိုးတော်ကို"ယမကပါဋိဟာရိယ"ဟုရှင်း၊ အင်ကြင်းပင်ပျိုအစုံကို "ယမကသာလာ"ဟုရှင်း ဆိုအပ်သကဲ့သို့တည်း။ [ကေနဋ္ဌေန ယမကန္တိ ယုဂဠတ္ထေန၊ယုဂဠဉှိ ယမကန္တိ ဝုစ္စတိ၊ ယမကပါဋိဟာရိယံ ယမကသာလာတိ အာဒီသု ဝိယ၊–ဋ္ဌ။]

**ယမကသုံးပါး**။ ။[ဤယမကသုံးပါး၏ အဓိပ္ပာယ်ကို ပါဠိတော်ထုတ်၍ ရှင်းပြမှသာ သိလွယ် မြင်လွယ်မည်ဖြစ်သောကြောင့် ပါဠိတော်ထုတ်၍ ရှင်းပြပါအံ့။]

### ကုသလပဒ, မူလနယ, မူလယမကပါဠိတော်

| အင်္ဂ | သန္နိဋ္ဌာန် | သံသယ |
|---|---|---|
| အနုလောမပုစ္ဆာ | ယေကေစိ ကုသလာ ဓမ္မာ | သဗ္ဗေ တေ ကုသလမူလာ၊ |
| ပဋိလောမပုစ္ဆာ | ယေ ဝါပန ကုသလမူလာ | သဗ္ဗေ တေ ဓမ္မာ ကုသလာ၊ |

**၁။ အတ္ထယမက**။ ။အနုလောမပုစ္ဆာ၌ "ယေ ကေစိ ကုသလာ ဓမ္မာ"ဟူသော သန္နိဋ္ဌာန်ပုဒ်အရ "ကုသိုလ်တရား"အနက်၊ ပဋိလောမပုစ္ဆာ၌"ယေ ဝါပန ကုသလမူလာ"ဟူသော သန္နိဋ္ဌာန်ပုဒ်အရ"ကုသိုလ်

မူလတရား''အနက်၊ ဤအနက်နှစ်ပါးအစုံကို ''အတ္ထယမက''ဟု ခေါ်သည်။ [ကုသလ ကုသလမူလသဒ္ဒါတာနံ ဒွိန္နံ အတ္ထာနံ ဝသေန အတ္ထယမကန္တိ ဝါ၊—ဋ္ဌ။]

တနည်း—အနုလောမပုစ္ဆာ၌ ''သဗ္ဗေ တေ ကုသလမူလာ''ဟူသော သံသယပုဒ်အရ ''ကုသိုလ်မူလတရား''အနက်၊ ပဋိလောမပုစ္ဆာ၌ ''သဗ္ဗေ တေ ဓမ္မာ ကုသလာ''ဟူသော သံသယပုဒ်အရ ''ကုသိုလ်တရား''အနက်၊ ဤအနက်နှစ်ပါး အစုံကိုလည်း ''အတ္ထယမက'' ဟု ခေါ်နိုင်ပါသည်။ ဤ၌ အတ္ထသဒ္ဒါသည် ဓမ္မဝါစက ဖလာဒိဝါစက မဟုတ်၊ ပါဠိအတ္ထဝါစကတည်း။ [အတ္ထသဒ္ဒေါ စေတ္ထ န ဓမ္မဝါစကော ဖလာဒိဝါစကော ဝါ၊ အထ ခေါ ပါဠိအတ္ထဝါစကော၊—ဋီကာ။]

**၂။ ဓမ္မယမက။** ။''ယေ ကေစိ ကုသလာ ဓမ္မာ''ဟူသော သန္နိဋ္ဌာန် အနုလောမပုစ္ဆာ ပါဠိဓမ္မ၊ ''ယေ ဝါ ပန ကုသလမူလာ''ဟူသော သန္နိဋ္ဌာန်ပဋိလောမပုစ္ဆာ ပါဠိဓမ္မ၊ ဤပါဠိဓမ္မနှစ်ပါးအစုံကို ''ဓမ္မယမက''ဟု ခေါ်ပါသည်။ [တေသညေဝ အတ္ထာနံ ဝသေန အနုလောမ ပဋိလောမတော ပဝတ္တပါဠိဓမ္မဝသေန ဓမ္မယမကန္တိ ဝါ၊—ဋ္ဌ။]

တနည်း—''သဗ္ဗေ တေ ကုသလမူလာ''ဟူသော သံသယအနုလောမပုစ္ဆာ ပါဠိဓမ္မ၊ ''သဗ္ဗေ တေ ဓမ္မာ ကုသလာ''ဟူသော သံသယပဋိလောမပုစ္ဆာ ပါဠိဓမ္မ၊ ဤပါဠိဓမ္မနှစ်ပါးအစုံကိုလည်း ''ဓမ္မယမက''ဟု ခေါ်နိုင်ပါသည်။

**၃။ ပုစ္ဆာယမက။** ။အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာအားဖြင့် ပုစ္ဆာနှစ်ပါး အစုံကို ''ပုစ္ဆာယမက''ဟု ခေါ်ပါသည်။ [အနုလောမ ပဋိလောမတော ပဝတ္တနပုစ္ဆာဝသေန ပုစ္ဆာယမကန္တိ ဝါ၊—ဋ္ဌ။]

[ဆောင်] နု-ဋိ ပုစ္ဆ, ဋ္ဌာန်-ယ-နက်စုံ၊ ပါဠိပဒ, ဓမ္မခေါ်တုံ၊
နု-ဋိလောမ, ပုစ္ဆတစုံ၊ ယမက, ဟောပြအဖုံဖုံ။

**ကျမ်းလည်းယမိုက် မည်ရထိုက်** ထိုအတ္တအစုံ ပါဠိဓမ္မအစုံ ပုစ္ဆာအစုံသည် မုချအားဖြင့် ယမကမည်၏။ ထိုယမကတို့၏အစွမ်းဖြင့် ဟောအပ်သောကြောင့် မူလ ခန္ဓစသော တကျမ်းတကျမ်းသည်လည်း ယမကမည်၏။ (အနက်တို့၏ ယမကအမည်ကို ပါဠိ၌ တင်စားသော ကာရဏူပစာရတည်း။) ထိုမူလ ခန္ဓစသော အစိတ်အစိတ်ကျမ်း၏ ယမကအမည်ကို အပေါင်းကျမ်း၌ တင်စား၍ ကေဒေသူပစာရအားဖြင့် အပေါင်းကျမ်းသည်လည်း ယမကမည်သည်ပင်။ [ယုဂဠသင်္ခါတာနံ ယမကာနံ ဝသေန ဒေသိတတ္တာ ဣမေသု ကေကံ ယမကံ နာမ၊ ဣမေသံ ပန ယမကာနံ သမူဟဘာဝတော သဗ္ဗမေ့တံ ပကရဏံ ယမကန္တိ ဝေဒိတဗ္ဗံ၊—ဋ္ဌ။]

**ယမိုက်ကျမ်းကို ဟောခြင်းအကြောင်း** ဓမ္မသင်္ဂဏီစသော ပါဠိတော်တို့၌ ထင်ရှားပြအပ်ပြီးကုန်သော ကုသိုလ်စသော တရားတို့၌ပင် ဓမ္မ, ပုဂ္ဂလ, သြကာသ အစရှိသော မှီရာရှိကုန်သော သန္နိဋ္ဌာန် သံသယတို့နှင့်စပ်၍ အထူးထူးသော အပြားအားဖြင့် ကျွမ်းကျင်စေခြင်းအကျိုးငှာ ယမိုက်ကျမ်းကို ဟောတော်မူပါသည်။ [ဓမ္မသင်္ဂဟာဒီသု ပကာသိတေသု ဓမ္မပုဂ္ဂလောကာသာဒိနိဿယာနံ သန္နိဋ္ဌာနသံသယာနံ ဝသေန နာနပ္ပကာရကောသလ္လတ္ထံ ယမကပ္ပကရဏံ အာရဒ္ဓံ၊—ဋီကာ။]

**ပဥှ။** ။"ဉာတုမိစ္ဆိတော ဟိ အတ္ထော ပဥှော"ဟူသော သုတ်မဟာဝါ မဟာနိဒ္ဒေသသုတ် ဋီကာအရ သိခြင်းငှာ အလိုရှိအပ်သော အနက်သည် မုချအားဖြင့် ပဥှမည်၏။ ထိုအနက်ကို မေးကြောင်းပါဠိရပ်သည်လည်း ကာရဏူပစာရအားဖြင့် ပဥှပင် မည်၏။ ခန္ဓယမကအနုဋီကာ၌ကား—"ပဥှောတိ စေတ္ထ ပုစ္ဆနဝသေန ပဝတ္တံ ဝစနံ ဝေဒိတဗ္ဗံ=ပဥှဟူသည် မေးခြင်း၏အစွမ်းဖြင့် ဖြစ်သော စကားရပ်တည်း"ဟု ဖွင့်သည်။ပဥှသဒ္ဒါ အဘိဓာန်၌ သုံးလိင်ရှိ၏၊ ဤ၌ အဋ္ဌကထာဖွင့်အတိုင်း ပုလ္လိင်ဖြင့် သုံးထားပါသည်။ အရကောက်၌ကား—ဣတ္ထိလိင်ဖြင့် ရှိသည်။(ပဥှော တီသု နုယောဂေ ဝါ စ,ပုစ္ဆာပျထ နိဒ္ဒသနံ၊— အဘိဓာန် ၁၁၅။)

**ပုရေပဉ္စ**။ ။အဖြေ၌ ပုဒ်တပုဒ်ဖြင့်သာ ယူအပ်သော ခန္ဓာ၏ ဖြစ်မှုကိုသော်ငင်း၊ ချုပ်မှုကိုသော်ငင်း ရအပ်သော ပဉှသည် ပုရေပဉှမည်၏။ ("သန္နိဋ္ဌာန် တဖက်အရသာ ရှိသော ပဉှ"ဟူလို။) ကောဋ္ဌာသတင်ရာ၌ "ပုရိမကောဋ္ဌာသနှင့် အရတူသော ပုရေပဉှာ"ဟု ဆိုသည်။ [ယာယ ပုစ္ဆာယ ဝိသဇ္ဇနေ ကေနေဝ ပဒေန ဂဟိတက္ခန္ဓဿ ဥပ္ပါဒေါ ဝါ နိရောဓော ဝါ လဗ္ဘတိ၊ အယံ ပုရေပဉှော နာမ၊—အဋ္ဌကထာ။] ဋီကာ၌ကား— "သန္နိဋ္ဌာနပဒသင်္ဂဟိတဿ ဝါ ခန္ဓဿ(သန္နိဋ္ဌာန်ပုဒ်အရ ခန္ဓာကို) အနုညာတဝသေန (ခွင့်ပြုသည်၏ အစွမ်းဖြင့်)ပုရေပဉှော ဝုတ္တောတိ ယုတ္တံ"ဟု ဖွင့်သည်။

**ပစ္ဆာပဉှ**။ ။သန္နိဋ္ဌာန် သံသယနှစ်ပုဒ်တို့ဖြင့် ယူအပ်သော ခန္ဓာတို့၏ဖြစ်မှုကိုသော်ငင်း၊ချုပ်မှုကိုသော်ငင်း ရအပ်သော(အရတူသော)ပဉှသည် ပစ္ဆာပဉှမည်၏။ ("သန္နိဋ္ဌာန်သံသယ နှစ်ဖက်အရ တရားသာ ရှိသော ပဉှ" ဟူလို။) ကောဋ္ဌာသတင်ရာ၌ "ပစ္ဆိမကောဋ္ဌာသနှင့် အရတူသောပစ္ဆာပဉှာ" ဟု ဆိုသည်။ [ယာယ ပန ပုစ္ဆာယ ဝိသဇ္ဇနေ ဒွီဟိပိ ပဒေဟိ ဂဟိတက္ခန္ဓာနံ ဥပ္ပါဒေါ ဝါ နိရောဓော ဝါ လဗ္ဘတိ၊အယံ ပစ္ဆာပဉှော နာမ၊—ဋ္ဌ။]

**ပရိပုဏ္ဏပဉှ**။ ။သန္နိဋ္ဌာန်ပုဒ်အရ ခန္ဓာနှင့် သန္နိဋ္ဌာန် သံသယ နှစ်ပုဒ်အရ ခန္ဓာတို့၏ ဖြစ်မှုကိုသော်ငင်း၊ ချုပ်မှုကိုသော်ငင်း ရအပ်သော (အရတူသော)ပဉှသည် ပရိပုဏ္ဏပဉှမည်၏။ ("တဖက်ရ နှစ်ဖက်ရနှစ်ပါးနှင့် ပြည့်စုံသောပဉှ"ဟူလို)ကောဋ္ဌာသတင်ရာ၌"ပုရိမကောဋ္ဌာသပစ္ဆိမကောဋ္ဌာသနှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသော ပရိပုဏ္ဏပဉှာ"ဟု ဆိုသည်။ [ယာယ ပန ပုစ္ဆာယ ဝိသဇ္ဇနေ ကေနပိ ပဒေန ဂဟိတက္ခန္ဓဿ ဒွီဟိပိ ပဒေဟိ ဂဟိတက္ခန္ဓာနံ ဥပ္ပါဒေါ ဝါ နိရောဓော ဝါ လဗ္ဘတိ၊ အယံ ပရိပုဏ္ဏပဉှော နာမ၊— ဋ္ဌ။]

**မောဃပဉှ**။ ။သန္နိဋ္ဌာန်ပုဒ်အရ မရှိ၍"နတ္ထိ"ဟု ပယ်အပ်သော ပဉှသည်ငင်း၊ သံသယအရ မရှိ၍ "နော"ဟု တားမြစ်အပ်သော ပဉှသည်ငင်း မောဃပဉှမည်၏။ ကောဋ္ဌာသတင်ရာ၌ "ပဋိသေဓ ပဋိက္ခေပ နှစ်ပါးတို့တွင် တပါးပါးကို ရသော ပဉှာ"ဟု ဆိုသည်။ ဤမောဃပဉှကို "တုစ္ဆပဉှ"ဟုလည်း ခေါ်ကြ၏။ [ယာယ ပန ပုစ္ဆာယ ဝိသဇ္ဇနေ ပဋိက္ခေပေါ ဝါ ပဋိသေဓော ဝါ လဗ္ဘတိ၊ အယံ မောဃပဉှော နာမ၊—ဋ္ဌ။]

**မှတ်ချက်။** ။အဖြေ ငါးပါးရှိ၍ ထိုအဖြေငါးပါးနှင့် ကိုက်ညီအောင် ဤ မောဃပဥ္စကို ပဌမမောဃပဉ္စ, ဒုတိယမောဃပဥ္စဟု ဆရာတို့ နှစ်မျိုး ခွဲကြသည်။ သန္နိဋ္ဌာန်ပုဒ်အရ မရှိလျှင် ပဌမမောဃပဥ္စ, သံသယပုဒ်အရ မရှိလျှင် ဒုတိယ မောဃပဥ္စဟု မှတ်ပါ။

[ဆောင်] ၁။ ဋ္ဌာန် တစ်ရ လှစ်ဟ ပဥ္စာတွေ့,
ပုဒ်မှာ ကောင်ဌာတူ ပုဒ်ရှေ၊
ဋ္ဌာန်-ယ-နှစ် ရလစ် ပဉ္စာတွေ့,
ပ သ္မိံမှာ ကောင်ဌာတူ ပဋ္ဌေ။
၂။ တစ်-နှစ်-ရ ပုဒ္ဓါ ပရိဖြေ,
ပုဒ်ရ-ပစ် စုံလစ် လက္ခဏော၊
ဋ္ဌာန်-ယ-ရှု တခု ရ ကင်းနေ,
မောဃပြ သေဓ ပဋိက္ခေ။

**ဝိသဇ္ဇန။** ။"ဝိသဇ္ဇီယတိ အတ္တော ဧတေန" အရ မေးအပ်သောအနက်ကို ဖြေဆိုကြောင်း ပါဠိရပ်သည် "ဝိသဇ္ဇန" မည်၏။ အနုဋီကာ၌ "ဝိသဇ္ဇနန္တိ ဝိဘဇနံ=ဝိသဇ္ဇနံဟူသည် အကျယ်ဝေဖန်ခြင်း" ဟု ဖွင့်သည်။ ဝိ+သဇ္ဇဓာတ်+ယု၊ အဋ္ဌကထာ၌ နပုံလိင်ဖြင့်ရှိ၍ ဋီကာ၌ နပုံလိင် ဣတ္ထိလိင် နှစ်မျိုးရှိသည်။ ယုပစ္စည်း ကရဏသာဓန၌ သက်သောကြောင့် နပုံလိင်သာ ဆရာတို့ နှစ်သက်တော်မူကြ၏။ အရကောက် စာအုပ်၌ ဣတ္ထိလိင်ဖြင့်ရှိသည်။ ဤကျမ်း၌ကား ဆရာတို့နှစ်သက်တော်မူသည့်အဋ္ဌကထာဖွင့်အတိုင်း နပုံလိင်ဖြင့် သုံးထားပါသည်။

**ပါဠိဂတိဝိသဇ္ဇန။** ။"နုပ္ပဇ္ဇတိ–မဖြစ်ဆဲလော" စသည်ဖြင့် မေးရာဝယ် ပဋိသေဓ န-အက္ခရာကိုပယ်ပြီး "နုပ္ပဇ္ဇတိ" ဟူသော ပုစ္ဆာ ပါဠိသို့လိုက်၍ "ဥပ္ပဇ္ဇတိ" စသည်ဖြင့် ဖြေခြင်းသည် "ပါဠိဂတိဝိသဇ္ဇန" မည်၏။ ("ပါဠိံ ဂစ္ဆတီတိ ပါဠိဂတိ၊ ပါဠိဂတိယာ အတ္ထာယ ဝိသဇ္ဇနံ ပါဠိဂတိဝိသဇ္ဇနံ" ဟုပြု။) ဤပါဠိဂတိ ဝိသဇ္ဇနကို ပုရေပဥ္စ၌ ရအပ်၏။ ပါဠိဂတိဝိဘင်းတည်း။ "ဥပ္ပဇ္ဇတျာဒိဝိဘင်း" ဟုလည်း ခေါ်သည်။ [ယံ ဝိသဇ္ဇနံ ပါဠိပဒမေဝ ဟုတွာ အတ္ထံ ဝိသဇ္ဇေတိ၊ ဣဒံ ပါဠိဂတိယာ ဝိသဇ္ဇနံ နာမ၊ တံ ပုရေပဉ္စေ လဗ္ဘတိ၊–ဋ္ဌ။

**ပဋိဝစနဝိသဇ္ဇန။** ။မေးအပ်သောအနက်ကို (သန္နိဋ္ဌာန်ပုဒ်၏အရကို) စကားတို့ပေးသောအားဖြင့်(စန်ခံသောအားဖြင့်)"အာမန္တာ= မှန်ပါ, အင်း, အိမ်း" ဟု ဖြေခြင်းသည် "ပဋိဝစနဝိသဇ္ဇန" မည်၏။ (ပဋိ-ဝစနေန အတ္ထာယ ဝိသဇ္ဇနံ ပဋိဝစနဝိသဇ္ဇနံဟုပြု။)ဤပဋိဝစနဝိသဇ္ဇနကို ပစ္စာပဉ္စ၌ ရအပ်၏။အာမန္တာ ဝိဘင်းတည်း။ [ယံ ပန ဝိသဇ္ဇနံ ပဋိဝစနဘာဝေန အတ္ထံ ဝိသဇ္ဇေတိ၊ ဣဒံ ပဋိဝစနဝိသဇ္ဇနံ နာမ၊ တံ ပစ္စာပဉ္စေ လဗ္ဘတိ၊—ဋ္ဌ။]

**သရူပဒဿနဝိသဇ္ဇန။** ။တဖက်ရ နှစ်ဖက်ရ သရုပ်ကိုထုတ်ပြ၍ ဖြေခြင်းသည် "သရူပဒဿန ဝိသဇ္ဇန" မည်၏။ (သရူပဒဿနေန အတ္ထာယ ဝိသဇ္ဇနံ ဟုပြု။) ဤသရူပဒဿန ဝိသဇ္ဇနကို ပရိပုဏ္ဏပဉ္စ၌ ရအပ်၏။ တဖက်ရ နှစ်ဖက်ရ ဝိဘင်းတည်း။ "ဝိဘင်းရှည်"ဟုလည်း ခေါ်ကြသည်။ [ယံ ဝိသဇ္ဇနံ သရူပေန ဒဿေတွာ အတ္ထံ ဝိသဇ္ဇေတိ၊ ဣဒံ သရူပဒဿနဝိသဇ္ဇနံ နာမ၊ တံ ပရိပုဏ္ဏပဉ္စေ လဗ္ဘတိ၊—ဋ္ဌ။]

**ပဋိက္ခေပဝိသဇ္ဇန။** ။သန္နိဋ္ဌာန်ပုဒ်နက်၏ မရှိခြင်းကြောင့် ထိုအနက်ကို ပယ်သောအားဖြင့် "နှတ္ထိ"ဟု ဖြေခြင်းသည် "ပဋိက္ခေပ ဝိသဇ္ဇန" မည်၏။ (ပဋိက္ခိပနံ ပဋိက္ခေပေါ၊ ပဋိက္ခေပေန အတ္ထာယ ဝိသဇ္ဇနံ ပဋိက္ခေပဝိသဇ္ဇနံဟု ပြု။) ဤပဋိက္ခေပဝိသဇ္ဇနကို ပဌမမောဃပဉ္စ၌ ရအပ်၏။ နှတ္ထိဝိဘင်းတည်း။ [ယံ ပန ဝိသဇ္ဇနံ တထာရူပဿ အတ္ထဿာဘာဝတော အတ္ထပဋိက္ခေပေန ပဉ္စံ ဝိသဇ္ဇေတိ၊ ဣဒံ ပဋိက္ခေပဝိသဇ္ဇနံ နာမ၊—ဋ္ဌ။]

**ပဋိသေဓဝိသဇ္ဇန။** ။သန္နိဋ္ဌာန်ပုဒ်အနက် ဖြစ်မှုနှင့် သံသယပုဒ်အနက်ချုပ်မှုကို တခုတည်းသော ခဏ၌ အတူတကွ မရနိုင်ခြင်းကြောင့် သံသယပုဒ်၏ အနက်ကို တားမြစ်သောအားဖြင့် "နော"ဟု ဖြေခြင်းသည် ပဋိသေဓ ဝိသဇ္ဇန မည်၏။ (ပဋိသေဓနံ ပဋိသေဓော၊ ပဋိသေဓေန အတ္ထာယ ဝိသဇ္ဇနံဟု ပြု။) ဤပဋိသေဓဝိသဇ္ဇနကို ဒုတိယမောဃပဉ္စ၌ ရအပ်၏။ နော ဝိဘင်းတည်း။[ယံ တထာရူပဿ ကောက္ခဏေ အလာဘတော အတ္ထပဋိသေဓနေန ပဉ္စံ ဝိသဇ္ဇေတိ၊ဣဒံ ပဋိသေဓဝိသဇ္ဇနံ နာမ၊ တံ မောဃပဉ္စေ လဗ္ဘတိ၊—ဋ္ဌ။]

[ဆောင်] ပါဠိဂတိ, ပဋိဝစနေ၊ သရုပ-စ,ဒဿနဖြေ၊
ပဋိက္ခေထည့်, ပဋိသေဓေ၊ အဖြေကား, မှတ်သား ငါးမျိုးပေ။

## ဝိဘင်း ၆-မျိုး ထုတ်ရာဌာန

"ဝိဘဇီယန္တိ ဧတေန ကုသလာဒယော ဓမ္မာ" အရ ကုသိုလ် အကုသိုလ် စသော တရားတို့ကို မူလ ကေမူလစသည်တို့ဖြင့် ခွဲခြားဖြေဆိုကြောင်း ပါဠိ ရပ်သည် ဝိဘင်္ဂ=(ဝိဘင်း) မည်၏။ ထိုဝိဘင်းသည် အာမန္တာ, တဖက်ရ, နှစ်ဖက်ရ, နတ္ထိ, ပါဠိဂတိ, နော, အားဖြင့် ၆-ပါးရှိ၏။

[ဆောင်] အာမန္တာထွက်, တဖက်ရမှန်၊ နှစ်ဖက်ရထည့်, နတ္ထိတဖန်၊
ပါဠိဂတိ နောဝိဘင်္ဂ၊ ဝိဘင်းမျိုး, ဟောရိုး ၍၆-တန်။

### ၁။ အာမန္တာ ဝိဘင်းထုတ်ရာဌာန

(က) သန္နိဋ္ဌာန်ပုဒ်အရနှင့် သံသယပုဒ်အရတို့ အလုံးစုံတူရာ၌ရင်း၊
(ခ) သန္နိဋ္ဌာန်ပုဒ်အရထက် သံသယပုဒ်အရက များရာ၌ရင်း "အာမန္တာ" ဝိဘင်းထုတ်ရသည်။

[ဆောင်] ဋ္ဌာန်-ယ-တူရာ, ယ-များရာ, အာမန္တာဟု ဖြေ။

### ၂-၃။ တဖက်ရ နှစ်ဖက်ရ ဝိဘင်းထုတ်ရာဌာန

(က) သန္နိဋ္ဌာန်ပုဒ်အရက များ၍ သံသယပုဒ်အရက နည်းရာ၌ရင်း၊
(ခ) သန္နိဋ္ဌာန်ပုဒ်အရနှင့် သံသယပုဒ်အရတို့ တချို့သာတူ၍ တချို့မတူရာ၌ ရင်း "တဖက်ရ နှစ်ဖက်ရဝိဘင်း=ဝိဘင်းရှည်" ထုတ်ရသည်။

[ဆောင်] ဋ္ဌာန်များ ယ-နဲ, ချို့တူကွဲ, ယူမြဲ ဝိဘင်းရှေ။

### ၄-၅။ နတ္ထိ ပါဠိဂတိ ဝိဘင်းထုတ်ရာဌာန

အနုလုံမှာဖြစ်စေ၊ပစ္စနိက်မှာဖြစ်စေ သန္နိဋ္ဌာန်ပုဒ်အရ မရှိရာ၌ "နတ္ထိဝိဘင်း" ထုတ်၍ ပစ္စနိက် သံသယပုဒ်အရ မရှိရာဝယ် "ပါဠိဂတိဝိဘင်း" ထုတ်ရသည်။

[ဆောင်] သန္နိဋ္ဌာန် ရ, မရှိက, မှတ်ကြ နတ္ထိပေ။
ပစ္စနိက, သံသယ, ကင်းကပါဠိဖြေ။

## ၆။ နော၀ိဘင်းထုတ်ရာဌာန

(က) အနုလုံ၀ယ် သန္နိဋ္ဌာန်ပုဒ်အရသာရှိ၍ သံသယပုဒ်အရ မရှိရာ၌ငင်း၊

(ခ) သန္နိဋ္ဌာန်ပုဒ်အရနှင့် သံသယပုဒ်အရတို့ လုံး၀မတူရာ၌ငင်း "နော" ဟု ၀ိဘင်းထုတ်ရသည်။

[**ဆောင်**] နုလုံ-သံယ, မရှိက, သိကြ နော တဖွေ။
ဋ္ဌာန်–ယ–နှစ်ဆူ, ရ မတူ, ထို့တူ နောဟု ဖြေ။

**၀ိဘင်းဖြောင့်-လိမ်။** ။တနည်းအားဖြင့် ၀ိဘင်းသည် အဖြောင့်, အလိမ်ဟု နှစ်မျိုးရှိသေး၏။ သို့သော် ဤ၀ိဘင်းအဖြောင့် အလိမ်သည် "အာမန္တာ" စသော ၀ိဘင်း၆-မျိုးမှသီးခြားမဟုတ်ပါ။ တဖက်ရ နှစ်ဖက်ရ ၀ိဘင်း (သရူပဒဿနဝိဘင်း) ကိုပင် အရာဌာနအားလျော်စွာ ပါဠိတော်ဟောပုံသို့ လိုက်၍ "၀ိဘင်းဖြောင့်, ၀ိဘင်းလိမ်" ဟု ရှေးဆရာတို့ အမည်ပေးခဲ့ကြသည်။

ရှင်းဦးအံ့–၀ိဘင်းထုတ်ရာ၌ တဖက်ရကို ရှေ့ထားထုတ်လျှင် ပုစ္ဆာနှင့် အဖြေတို့ တဖက်ရချင်း ရှေ့နောက်ညီသဖြင့် ထို၀ိဘင်းကို "၀ိဘင်းဖြောင့်" ဟု ခေါ်၍ ၀ိဘင်းထုတ်ရာ၌ နှစ်ဖက်ရကို ရှေ့ထားထုတ်လျှင်ကား ပုစ္ဆာနှင့် ရှေ့နောက် မညီသဖြင့် "၀ိဘင်းလိမ်=၀ိဘင်းကောက်" ဟု ခေါ်သည်။ (ပုံစံများကို နောက်၌ တွေ့ရအံ့။) မူလယမိုက် စိတ္တယမိုက်တို့၌သာ ဤ၀ိဘင်းလိမ်ကို တွေ့ရ၏။ အခြားယမိုက်တို့၌ မတွေ့ရ။ ၀ိဘင်းဖြောင့်ကိုကား ယမိုက်တိုင်းမှာ တွေ့နိုင်ပါသည်။

[**ဆောင်**] တဖက်ရကို, ရှေ့ထားဆို, သွင်းသို ၀ိဘင်းဖြောင့်။
နှစ်ဖက်ရကား, ရှေ့မှာထား, မှတ်သား ၀ိဘင်းကောက်။
သရူမှ ဆင်း, နှစ်ဆူကျင်း, ၀ိဘင်းဖြောင့် အကောက်။

**၀ိဘင်းဖြောင့်-လိမ် ထုတ်ရာဌာန။** ။၀ိဘင်းမထုတ်မီ ရှေးဦးစွာ တဖက်ရ နှစ်ဖက်ရ ခွဲရမည်။ ခွဲပြီးနောက် တဖက်ရနှင့် နှစ်ဖက်ရတို့ကို အရေအတွက် အနည်းအများနှိုင်းယှဉ်ကြည့်ပါ။ တဖက်ရက အရေအတွက်နည်းလျှင် တဖက်ရကို ရှေ့ထားထုတ်ရသည်။ (၀ိဘင်းဖြောင့်)၊

နှစ်ဖက်ရက အရေအတွက်နည်းလျှင်ကား နှစ်ဖက်ရကို ရှေ့ထားထုတ်ရသည်။ (ဝိဘင်းလိမ်)။ဥပမာ-တချို့ဒွန်သမာသ်စပ်ရာ၌ အက္ခရာနည်းသောပုဒ်ကို ရှေ့က ထားရသကဲ့သို့တည်း။ အရကောက်ရာ၌ကား ဝိဘင်းဖြောင့် ဖြစ်စေ၊ဝိဘင်းလိမ် ဖြစ်စေ တဖက်ရကို ရှေ့ထား၍ ကောက်ရပါသည်။

**အမေး ၄-ထွေနှင့် အဖြေ ၅-ဖြာ တွဲစပ်ရန်**
**ဝိသုဒ္ဓါရုံလင်္ကာ**

(က) သန္နိဋ္ဌာန, သံသယတို့, အရတူရာ, ရှေ့နည်းရာလည်း, ပစ္ဆာမည်ရှိ, ပဥ္စာသိလေ့၊ ပဋိဝစနာ, အာမန္တာဖြေ။

(ခ) ရှေ့မှာများဘိ, မတူရှိက, ပရိပုဏ္ဏ, သရူပ ဟု, ဒဿန ဖြေ, ဝိဘင်း ရှေ့တည်း။

(ဂ) ရှေ့မဲ့လေက, ပဋိက္ခေပ, မောဃ နတ္ထိ။

(ဃ) နောက် မရှိလည်း, ပဋိသိမ် နော, မေး မောဃော်ပင်။

(င) ထိုဘော တူညီ, ပစ္စနီမူ, ပုရေဟူ၏၊ ဖြေမူပါဠိ, ဂတိမည်ပေး, အမေးလေးထွေ, အဖြေငါးပါး, စပ်၍ထားသည်, ခြောက်ပါး ဝိဘင်း ကဗျာတည်း။

("ထိုဘောတူညီ ပစ္စနီမူ" ဟူသည် ပစ္စနိက် သံသယအရ မရှိရာ၌ဟု ဆိုလို၏။)

**ကောဋ္ဌာသနှင့် ဝိသဇ္ဇနတွဲပုံ**

"ပဋိဝိသော စ ကောဋ္ဌာသော, အံသော ဘာဂေါ ဓနံ တု သော" ဟူသော အဘိဓာန် (၄၇၅) ဂါထာအရ ကောဋ္ဌာသသဒ္ဒါသည် အဖို့အစုအနက်ကို ဟော၏။ ပုရိမကောဋ္ဌာသ=ရှေး၌ဖြစ်သော အဖို့အစု၊ ပစ္ဆိမ ကောဋ္ဌာသ= နောက်၌ဖြစ်သောအဖို့အစု၊ ဤကောဋ္ဌာသအမည်ကို ပုစ္ဆာ၌ မရအပ်။ ဝိသဇ္ဇန၌သာရအပ်၏။ မှန်၏—"ယေကေစိ ကုသလာဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာ"

ဟူသောအမေးကို "တီဏောဝ ကုသလမူလာနိ၊ အဝသေသာ ကုသလာ ဓမ္မာ န ကုသလမူလာ"ဟု ဖြေတော်မူသည်။

ဤအဖြေ၌ "တီဏောဝ ကုသလမူလာနိ"ကား ပုရိမကောဋ္ဌာသ၊ "အဝသေသာ ကုသလာဓမ္မာ န ကုသလမူလာ" ကား ပစ္ဆိမကောဋ္ဌာသတည်း။ ထိုတွင် ပုရိမကောဋ္ဌာသကို ပါဠိဂတိဝိသဇ္ဇန, ပဋိသေဓဝိသဇ္ဇနတို့၌ဍင်း၊ ပစ္ဆိမ ကောဋ္ဌာသကို ပဋိဝစနဝိသဇ္ဇန၌ဍင်း၊ ပုရိမ ပစ္ဆိမကောဋ္ဌာသနှစ်ပါးစုံကို သရူပ ဒဿန ဝိသဇ္ဇန, ပဋိက္ခေပဝိသဇ္ဇန၌ဍင်း ရအပ်ကုန်၏။

**[ဆောင်]** ပုရိ-ကောဋ္ဌာ, ပါဠိလာ, တဖြာပဋိသေ။
ပစ္ဆာမည့်ရှိ, ကောဋ္ဌာသိ, ပဋိဝစနေ။
နှစ်ပါးစုံပြ, သရူပ, ယှဉ်ကြ ပဋိက္ခေ။

**ကောဋ္ဌာသတင်**။ ။"ဤပဉ္စ၌ ဤဝိသဇ္ဇနကို ရအပ်၏" စသည်ဖြင့် ပဉ္စနှင့် ဝိသဇ္ဇနတို့ကို စိစစ်၍ တွဲစပ်ပြကြောင်း စကားရပ်ကို ယခုကာလ၌ "ကောဋ္ဌာသ တင်" ဟု ခေါ်ကြသည်။ ထိုစကားရပ်၌ ပါသော "ပုရိမကောဋ္ဌာသသို့ တင်တော်မူ၍" ဟူသော ဆိုရိုးစကားကို ထောက်၍ ဤသို့ခေါ်ဝေါ်ကြဟန်တူပါသည်။

**ဝိဘင်း လုံ-နိုက်**။ ။နောဝိဘင်းကို အနုလုံ၌သာ၊ နတ္ထိ, ပါဠိဂတိဝိဘင်းတို့ကို ပစ္စနိက်၌သာ ရအပ်၍ အာမန္တာဝိဘင်း တဖက်ရ နှစ်ဖက်ရ ဝိဘင်းတို့ကိုကား အနုလုံ ပစ္စနိက် ၂-ပါးလုံး၌ပင် ရအပ်ကုန်၏။ ဤကား ယေဘုယျသာတည်း။ အပ္ပကအားဖြင့်မူ စိတ္တယမိုက် ပစ္စနိက်၌ နောဝိဘင်းကို ဍင်း၊ အနုသယယမိုက်ဒွိမူလာဒိ အနုလုံ၌ နတ္ထိဝိဘင်းကိုဍင်း တွေ့ရပါသေးသည်။ အနုလုံ ပစ္စနိက်၌ ရထိုက်သောဝိဘင်းတို့ကို သိလျှင် ပဉ္စ ဝိသဇ္ဇနတို့ကိုလည်း သိနိုင်ပါပြီ။

**[ဆောင်]** ၁။ နောဝိဘင်းကား, သွင်းထား နုလုံ၊
နတ္ထိပါဠိ, ပစ္စနိက်၊
ကြွင်းသည့်သုံးခု, သုံးပြု နိက် လုံ၊
ဝိဘင်းများ, သွင်းထား နိက်နှင့် လုံ။

၂။ ပထမ်မော, မှတ်လော့နုလို၊
ပုရေ-ဒုမော, ရှုလော နိုက်ကြို၊
ပဋ္ဌာ-ပရိ, လာဘိ နိုက် လို၊
ပဥ္စာငါး, ခွဲထား နိုက်နှင့် လို။

၃။ ပဋ္ဌသေခ, ဖြေကြ နု လို၊
ပါဠိ-ပဋိက်, ပစ္စနိုက်ကြို၊
သရူ-ပဋိ, ယူဘိ နိုက်လို၊
အဖြေငါး, ခွဲထား နိုက်နှင့် လို။

ကျမ်းဦးမှတ်ဖွယ် ပြီးပါပြီ။

# ၁။ မူလယမက

## ဥဒ္ဒေသ

**ဆိုရိုးစစ်အကျဉ်း။** ။ယမံ ဥဒ္ဒေ, တိကေ ကုသံ၊
ဝါရံ ပဒ, နယ ယမံ၊
ပုစ္ဆာ အတ္ထ, မှတ်ကြဆယ်တန်၊
ဥဒ္ဒေတွက်, မိန့်မြွက်ဟောရိုးမှန်။

**ယမိုက်ဆယ်ကျမ်း။** ။မူ-ခန်-အာ-ဓာ,သစ်-သင်္ခါ, သချ်ာအစဉ်ပြ၊
နု-စိတ်-ဓမ္မာ, ဣန္ဒြိယာ, ဆယ်ဖြာယမက။

**ဝါရဆယ်ပါး။** ။မူလံ ဟေတု နိဒါနဉ္စ, သမ္ဘဝေါ ပဘဝေန စ။
သမုဋ္ဌာနာ-ဟာရာ-ရမ္မဏံ, ပစ္စယော သမုဒယေန စ။

[ဆောင်] ၁။ ယမိုက်မူလာ, ဥဒ္ဒေသာ, တဖြာ နိဒ္ဒေသ၊
၂။ တိက-ဒုကာ, မာတိကာ, တိကာ ရှေးဦးပြ၊
၃။ ကု-ဝေ-စစ္စာ, ဗာဝီသာ, ဦးစွာ ကုသလ၊
၄။ ကုံ-အကုံ-ဗျာ, နာမပါ, ပဒါလေးပါးပြ၊
၅။ မူလနယ, မူလမူလာ, မူလကာ, မူလာမူလက၊
၆။ မူလ-ဧကာ, အညပါ, သုံးဖြာ ယမက၊
၇။ အနုလောမာ, ပ္ပိလောမာ, ပုစ္ဆာနှစ်ပါးပြ၊
၈။ သန္နိဋ္ဌာနာ, သံသယာ, အတ္ထာ ထို့တူပြ။

**ဟောရိုးစစ်။** ။ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ယမိုက်ကျမ်းကို ဟောတော်မူ၏။ ထိုယမိုက်ကျမ်းသည်လည်း မူလယမက၊ ခန္ဓယမက၊ အာယတနယမက၊ ဓာတုယမက၊ သစ္စယမက၊ သင်္ခါရယမက၊ အနုသယယမက၊ စိတ္တယမက၊ ဓမ္မယမက၊ ဣန္ဒြိယယမကအားဖြင့် ဆယ်ပါး အပြားရှိ၏။ ထိုတွင်မူလယမကကို ရှေးဦးစွာဟောတော်မူ၏။ ဤသို့စသည်ဖြင့် ဆိုင်ရာ ဂါထာ သံပေါက် လင်္ကာတို့ကို ကြည့်၍ စစ်ကြပါလေ။ မခက်ပါ။

**ကထာဝတ္ထုပြီး ယမိုက်ဟော။** ။ကထာဝတ္ထုကျမ်းနှင့် ယမိုက်ကျမ်းတို့သည် အကြောင်းအကျိုး ဆက်စပ်နေသောကြောင့် ကထာဝတ္ထုကျမ်းပြီးလျှင် ယမိုက်ကျမ်းကို ဟောတော်မူပါသည်။ ခွဲဦးအံ့–ကုသိုလ်စသော တရားတို့၌ မှန်ကန်စွာယူသူသည်သာ သန္နိဋ္ဌာန် သံသယနှင့် စပ်သဖြင့် အမျိုးမျိုးသောနည်းတို့၌ ကျွမ်းကျင်လိမ်မာ၍ ပိုင်းခြားသိနိုင်၏။ အယူမမှန်သူကား မကျွမ်းကျင်နိုင်၊ မသိနိုင်ပါ။ဘုရားရှင်သည် ထိုမမှန်သော အယူကို ကထာဝတ္ထုကျမ်းဖြင့်ပင် ကင်းပျောက်စေတော်မူပြီးဖြစ်သောကြောင့် သန္နိဋ္ဌာန် သံသယနှင့် စပ်သဖြင့် အမျိုးမျိုးသော နည်းတို့၌ ကျွမ်းကျင်ခြင်း၊ ပိုင်းခြား၍သိခြင်းဟူသော အကျိုးများ ဖြစ်ပေါ်လာပါသည်။

**မူလယမကကို ရှေးဦးစွာဟော။** ။မူလယမိုက်၌ ဟောအပ်ပြီးသော ကုသိုလ်စသောတရားတို့ကိုပင် ခန္ဓာ၏အစွမ်းဖြင့် သိမ်းယူ၍ ဟောတော်မူလိုသောကြောင့် မူလယမကကို ရှေးဦးစွာ ဟောတော်မူပါသည်။ [မူလယမကေ ဒေသိတေယေဝ ကုသလာဒိဓမ္မေ ခန္ဓဝသေန သင်္ဂဏှိတွာ မူလယမကာနန္တရံ ဒေသိတဿ ခန္ဓယမကဿ ဝဏ္ဏနာ ဟောတိ၊–ဋ္ဌ။]

**မူလယမက။** ။လောဘ ဒေါသစသော မူလတို့နှင့်စပ်၍ အမေး အဖြေလုပ်ကာ ဟောတော်မူအပ်သော ယမကကို "မူလယမက"ဟု ခေါ်ပါသည်။ [မူလဝသေန ပုစ္ဆာဝိသဇ္ဇနံ ကတွာ ဒေသိတတ္တာ ဒသန္နံ တာဝ သဗ္ဗပဌမံ မူလယမကန္တိ ဝုတ္တံ၊–ဋ္ဌ။]

**ဥဒ္ဒေသကို ရှေးဦးစွာဟော။** ။"သမာသဝစနမုဒ္ဒေသော ဝိတ္ထာရဝစနန္နိဒ္ဒေသော"ဟူသော သဒ္ဒနီတိသုတ္တမာလာနှင့်အညီ အကျဉ်းပြဆိုခြင်းသည် ဥဒ္ဒေသ၊ အကျယ်ပြဆိုခြင်းသည် နိဒ္ဒေသမည်၏။ အကျဉ်းညွှန်ပြအပ်သောအစဉ်ဖြင့် အကျယ်ကို ညွှန်ပြရသောကြောင့် ဥဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူပါသည်။ [ဥဒ္ဒိဋ္ဌာနုက္ကမေန နိဒ္ဒိသိတဗ္ဗတ္တာ ဥဒ္ဒေသ–ဝါရော ပဌမော၊–ဋ္ဌ။]

**သန္နိဋ္ဌာန်ကို ရှေးဦးစွာဟော့။** ။အမြဲမှတ်အပ်သော အနက်ရှိသောကြောင့် သန္နိဋ္ဌာန်၊ ယုံမှားအပ်သော အနက်ရှိသော ကြောင့် သံသယမည်၏။ ထိုဘုံ ဘုရားရှင်အား သန္နိဋ္ဌာန်က ရှေးဦးစွာ ဖြစ်သောကြောင့် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူပါသည်။ [ဒေသေန္တောသာ ဘဂဝတော သန္နိဋ္ဌာနပုဗ္ဗကော သံသယောတိ ဒဿနတ္ထံ အယံ ပဒါနုက္ကမော ကတော၊—အနု။]

## ပုစ္ဆာပါဠိတော်နည်းပြဇယား

| ယမက | ပုစ္ဆာ | အတ္ထ | ကုသလပဒ မူလနယ |
|---|---|---|---|
| မူလယမက | နု | ၁။ ဌာန် | ယေ ကေစိ ကုသလာ ဓမ္မာ၊ |
| | | ၂။ ယ | သဗ္ဗေ တေ ကုသလမူလာ။ |
| | ပဋိ | ၁။ ဌာန် | ယေ ဝါ ပန ကုသလမူလာ၊ |
| | | ၂။ ယ | သဗ္ဗေ တေ ဓမ္မာ ကုသလာ။ |
| ဧကမူလယမက | နု | ၁။ ဌာန် | ယေ ကေစိ ကုသလာ ဓမ္မာ၊ |
| | | ၂။ ယ | သဗ္ဗေ တေ ကုသလမူလေန ဧကမူလာ။ |
| | ပဋိ | ၁။ ဌာန် | ယေ ဝါ ပန ကုသလမူလေန ဧကမူလာ၊ |
| | | ၂။ ယ | သဗ္ဗေ တေ ဓမ္မာ ကုသလာ။ |
| အညမညမူလယမက | နု | ၁။ ဌာန် | ယေ ကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ၊ |
| | | ၂။ ယ | သဗ္ဗေ တေ ကုသလမူလေန အညမညမူလာ။ |
| | ပဋိ | ၁။ ဌာန် | ယေ ဝါ ပန ကုသလမူလေန အညမညမူလာ၊ |
| | | ၂။ ယ | သဗ္ဗေ တေ ဓမ္မာ ကုသလာ။ |

**ပါဠိတော်လမ်းညွှန်။** ။ဤဇယားသည် ကုသလပဒ မူလနယ အတွက်သာ ဖြစ်ပါသည်။ ထိုထိုနယအားလျော်စွာ "မူလာ"၏ နေရာ၌ "မူလမူလာ" ဟူ၍၊ "မူလကာ" ဟူ၍၊ "မူလမူလကာ" ဟူ၍ ပြောင်းလဲထည့်၍ ကြွင်းနယတို့ကို ဆိုပါ။ "ကုသလ" နေရာ၌ "အကုသလ၊ အဗျာကတ၊ နာမ" သဒ္ဒါတို့ကို ထည့်၍ နောက်နောက်ပဒတို့ကိုလည်း ဆိုပြပါ၊ ဆိုစေပါ။

## အဓိကပုဒ် အနက်များ

၁။ ကုသလ — ကုသိုလ်မည်။

၂။ ကုသလမူလ — ကုသိုလ်ဟု ဆိုအပ်သော မူလမည်။

၃။ ဧကမူလ — တူသောမူလရှိ။

၄။ အညမညမူလ — တပါးသည် တပါး၏မူလမည်။

၅။ ကုသလမူလမူလ — ကုသိုလ်မူလဟုဆိုအပ်သော မူလမည်။

၆။ ကုသလမူလက — ကုသိုလ်ဟု ဆိုအပ်သောမူလရှိ။

၇။ ကုသလမူလမူလက — ကုသိုလ်မူလဟု ဆိုအပ်သော မူလရှိ။

**သင်္ချာတွက်နည်း။** ။"ရှေ့ကိုတည်ထား, နောက်နှင့်ပွား, လဒ်ကား လိုသင်္ချာ" အရ ရှေးရှေးသော ဝါရစသည်တို့၏ အရေအတွက်ကို တည်၍ နောက်နောက်သော ပဒစသည်တို့၏ အရေအတွက်ဖြင့် မြှောက်သော် လဒ်ကား မိမိတို့ သိလိုသော ပဒစသည်တို့၏ အရေအတွက် သင်္ချာ ဖြစ်၏။ ချဉ်းအံ့-ကုသလပဒမူလနယ၌ ယမက သုံးပါးရှိ၍ တပါးပါးမှာ ပုစ္ဆာ နှစ်ပါးစီ ရှိ၏။ ထို့ကြောင့် ရှေ့ယမကသင်္ချာကိုတည်ပြီး နောက်ပုစ္ဆာ သင်္ချာဖြင့် မြှောက်ပါ။ လဒ်ကား ပုစ္ဆာသင်္ချာပေါင်းတည်း။ (၃×၂=၆)။ ပုစ္ဆာ၏နောက်၌ အတ္ထရှိ၏။ သင်္ချာကား နှစ်။ ထို့ကြောင့် ရှေ့ပုစ္ဆာသင်္ချာကို တည်၍ နောက်အတ္ထသင်္ချာဖြင့် မြှောက်ပါ။ လဒ်ကား အတ္ထသင်္ချာပေါင်း ဖြစ်သည်။ (၆×၂=၁၂)။ အရကောက်၌လည်း "ဤသို့လျှင် မူလနယ၌ ယမက ၃-ပါး၊ ပုစ္ဆာ ၆-ပါး၊ အတ္ထ ၁၂-ပါး ဖြစ်သတည်း" ဟု တွက်ပြထားသည်။

မူလ မူလနယ စသည်တို့၌လည်း နည်းတူ သိပါ။ ကုသလပဒ၌ ရထိုက်သော သချာတို့ကို သိလိုရာ၌ကား ထိုကုသလပဒ၌ နယ ၄-ပါးရှိသဖြင့် ထို ၄-ပါး ကိုတည်ပြီး ယမက ၃-ပါး၊ ပုစ္ဆာ ၂-ပါး၊ အတ္ထ ၂-ပါးဖြင့် အဆင့်ဆင့် မြှောက်ပွားပါလျှင် လိုအပ်သောသချာ ထွက်လာပါလိမ့်မည်။ အရကောက် စာအုပ်၌လည်း "ဤသို့လျှင် ကုသလပဒ၌ နယ ၄-ပါး၊ ယမက ၁၂-ပါး၊ ပုစ္ဆာ ၂၄-ပါး၊အတ္ထ ၄၈-ပါး ဖြစ်သတည်း"ဟု တွက်ပြထားပါသည်။ အကု သလပဒစသည်တို့၌လည်း နည်းတူ။

## နိဒ္ဒေသဝါရ

**ဟောရိုးစဉ်။** ။နိဒ္ဒေတဝ, တိကကုသံ,
ဝါရံ ပဒ,နယ ယမံ၊
နှ ပုစ် သန္နိဋ္ဌ်, ပေါင်းကြိတ် ဆယ်တန်၊
နိဒ္ဒေတွက်, မိန့်မြွက် ဟောရိုးမှန်။

### အခြေခံအဓိပ္ပာယ်

**ဇယားခေါင်းစဉ်။** ။နိဒ္ဒေသအတွက် မိမိတို့ ရေးဆွဲကြမည့် ဇယားတို့၏ တည် ရာ(အခြေခံ)သည် ဥဒ္ဒေသပါဠိတော် ဖြစ်သည်။ မှန်၏။ ကုသလပဒဥဒ္ဒေသ၌ အစိကပုဒ်(၇)ပုဒ်ရှိသည်တွင် ကုသလမူလပုဒ်နှင့် သဘော အရကောက်တူသော ကုသလမူလမူလပုဒ်ကိုရင်း၊ ကုသလမူလကနှင့် သဘော အရကောက်တူသော ကုသလမူလမူလကပုဒ်ကိုရင်း ချန်ထားပြီး ကျန် ၅-ပုဒ် ကို ဇယားခေါင်းစဉ်း လုပ်ထားသည်၊ ဇယားကြည့်ပါ။ (အကုသလပဒစသည် တို့၌လည်း နည်းတူ။)

**တရားပုံ ပုံနည်း။** ။သဂ်ဟ၌ အလောဘ အဒေါသ အမောဟ ၃-ပါးကို ဟေ တု(ကုသိုလ်တို့၏ ဖြစ်ကြောင်း)ဟု ဆို၏။ ထိုက ဟေတု နှင့် ဤယမိုက်က မူလသည် တူ၏။ ဟေတု=မူလ(အကြောင်းတရား)ကြောင့် ဟေတုပစ္စယုပ္ပန္န=မူလီ(အကျိုး)တရားတို့ ဖြစ်လာကြသည်မှာ ဓမ္မတာတည်း။ ထို့ကြောင့် ကုသလပဒတရားစု(ကု-၂၁၊ စေ-၃၈၊ စိတ္တဇရုပ်)တို့ကို အကြောင်း

အကျိုး နာမ်ရုပ်အလိုက် ကုသလမူလ,ကြွင်းကုသလဓမ္မ, ကုသလသမုဋ္ဌာနရုပ ဟု ၃-မျိုး ခွဲရသည်။ အကုသလပဒ,စသည်တို့၌လည်း ရှေးဦးစွာ ဤကဲ့သို့ ၃-မျိုး ခွဲပါ။ နောက်မှ ပဒအားလျော်စွာ သင်္ဂဟနည်းပြီး ထပ်ဆင့်၍ ခွဲသင့်က ခွဲရပါဦးမည်။

**နာမည်ပေး။** ။ကုသလမူလတရားတို့သည် ကုသလ၊ ကုသလမူလ၊ ဧကမူလ၊ အညမညမူလ၊ ကုသလမူလကအားဖြင့် ငါးမည် ရကြ၏။ ရှုဦးအံ့-ကုသလမူလ ၃-ခု(အလောဘ အဒေါသ အမောဟ)တို့သည် "ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ"နှင့်အညီ အပြစ်မရှိခြင်း၊ ကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိသောကြောင့် ကုသလတို့ မည်၏။

ကုသိုလ်စိတ္တုပ္ပါဒ်တို့ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ကုသလမူလ လည်း မည်၏။

အလောဘကြောင့် ဉာဏသမ္ပယုတ် ကုသိုလ်စိတ္တုပ္ပါဒ်တို့ ဖြစ်ကြရာဝယ် ထိုစိတ္တုပ္ပါဒ်တွင် ပါဝင်သော အဒေါသနှင့်အမောဟတို့သည် အလောဘ ကြောင့်ချည်း ဖြစ်ကြရကား အလောဘတည်းဟူသော မူလအားဖြင့် တူကြ၏။ ထို့ကြောင့် အဒေါသနှင့် အမောဟတို့သည် ဧကမူလ(တူသောမူလ)ရှိကြသည်။ [အဒေါသကြောင့် ဖြစ်ကြရာ၌ အလောဘနှင့် အမောဟ, အမောဟကြောင့် ဖြစ်ကြရာ၌ အလောဘနှင့် အဒေါသတို့၏ ဧကမူလ ရှိကြပုံကိုလည်း သိပါ။]

ဆက်ဦးအံ့—အလောဘကြောင့် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်တို့ ဖြစ်ကြရာ ဝယ် ထိုအလောဘသည် ထိုစိတ္တုပ္ပါဒ်တွင် ပါဝင်သောအဒေါသနှင့် အမောဟ တို့၏ မူလဖြစ်သကဲ့သို့ ထို့အတူ အဒေါသ အမောဟတို့ကြောင့် ဖြစ်ကြရာ ၌လည်း အဒေါသသည် အလောဘနှင့် အမောဟတို့၏ မူလ, အမောဟသည် အလောဘနှင့် အဒေါသတို့၏ မူလလည်း ဖြစ်ပြန်၏။

ဤသို့လျှင် မူလတပါးသည် ကျန်မူလနှစ်ပါးတို့၏ မူလဖြစ်သောကြောင့် ကုသလမူလတရား (ကုသလမူ ၃-ခု) တို့သည် အညမညမူလ (တပါးသည် တပါး၏ မူလ) ဖြစ်၏။

ထို စိတ္တုပ္ပာဒ်တွင် ပါဝင်သော မူလအဖြစ်ဖြင့် မယှူအပ်သော မူလနှစ်ပါး သည် မူလအဖြစ်ဖြင့် ယှူအပ်သော ကုသလမူလတပါးကြောင့်ချည်း ဖြစ်ကြ ရကား ကုသလမူလက (ကုသိုလ်ဟုဆိုအပ်သော မူလ)လည်း ရှိကြ၏။ သဂြိုဟ် တဒုဘယ မိဿကနည်းကို သတိပြုပါ။

**မေးဖွယ်။** ။ဉာဏဝိပ္ပယုတ်စိတ္တုပ္ပာဒ်၌ အလောဘ အဒေါသ မူလနှစ်ပါးသာ ယှဉ်သဖြင့် တပါးကို မူလအဖြစ်ဖြင့်ယူသော် မူလအဖြစ်ဖြင့် မယူအပ်သော ကျန်တပါးသည် အဘယ်နည်းဖြင့် ဧကမူလဖြစ်နိုင်(တူသောမူလ ရှိနိုင်)ပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား—မူလနှစ်ပါးသာ ယှဉ်သည့် စိတ္တုပ္ပာဒ်တွင် ပါဝင်သော မူလအဖြစ်ဖြင့် မယူအပ်သော ကျန်မူလတပါးသည် အခြားသော စိတ်, စေတသိက်, စိတ္တဇရုပ်တို့နှင့် ဧကမူလ ဖြစ်နိုင်ပါသည် ဟူလို။ [အတ္ထိ စ ဒွိန္နံ မူလာနံ သမာနမူလတာ၊ တေသု ဟိ ဧကေကံ ဌတ ရိတရေန မူလေန တံမူလေဟိ အညေဟိ သမာနမူလန္တိ၊—မူလဋီကာ။]

[ကြွင်း ကုသလဓမ္မ၏ ကုသလစသော အမည်ရပုံ, ကုသလသမုဋ္ဌာနရုပ၏ ဧကမူလစသော အမည်ရပုံကိုလည်း နည်းမှီ သိပါ။]

### ၁။ ကုသလပဒ

| စဉ် | ကုသလပဒဘာရေးစု [ကု-၂၁၊ စေ-၃၈၊ စိတ္တဇရုပ်-၁၇] | ကု | မူလ | ဧက | အည | မူလက |
|---|---|---|---|---|---|---|
| က | ကုသလမူလ=ကုသလမူ-၃ | ။ | ။ | ။ | ။ | ။ |
| ခ | ကြွင်း ကုသလဓမ္မ=ကု-၂၁၊ စေ-၃၅ | ။ | × | ။ | × | ။ |
| ဂ | ကုသလသမုဋ္ဌာနရုပ=စိတ္တဇရုပ် | × | × | ။ | × | ။ |

**သင်္ကေတအကျယ်။** ။ဇယားခေါင်းစဉ်း၌ "ကု, မူလ, ဧက, အည, မူလက" ဟု အတိုကောက် ပြထားပါသည်။ ထိုတွင် "ကုဖြင့် ကုသလ၊ မူလဖြင့် ကုသလမူလ၊ ဧကဖြင့် ကုလလဧကမူလ၊ အညဖြင့် ကုသလ အညမညမူလ၊ မူလကဖြင့် ကုသလမူလက"ဟူသော အဓိပ္ပာယ်ကို ပြ၏။ (။)ပုဒ်မဖြင့်"ကုသလ"သည် မည်၏"ဟု ပြ၍(×)အမှတ်ဖြင့် "ကုသလစသည် မမည်"ဟု ပြသည်။

**သော့ချက်သုံးချက်။** ။ပဒတိုင်း ပဒတိုင်းမှာ ၁–ပဒတရားစု၊ ၂–တရားပုံနှင့် နာမည်ပေး၊ ၃–ဝိဘင်းနှင့် အရကောက်ဆိုရိုးဟု အဓိကသော့ချက် သုံးချက်စီ ရှိ၏။ နိဒ္ဒေသကို မဟောမီ ထိုသုံးချက်ကို ပိုင်နိုင်အောင် ကြိုးစားလေ့လာပါ။ ပိုင်လျှင် ပိုင်သလောက် ဝိဘင်းထုတ်ရာ အရကောက်ရာတို့၌ လျင်မြန်သွက်လက်ပါလိမ့်မည်။ နောက်နောက်ပဒတို့၌ ၃-အချက်ကိုသာ ပြပါမည်။ ၁-၂ အချက်တို့ကို ပြတော့မည် မဟုတ်ပါ။ ဇယားကြည့်၍ ဆိုပြပါ။ ဆိုစေပါ။

**၁။ ပဒတရားစု။** ။ဤကုသလပဒ၌ ကုသိုလ်စိတ် ကေ၀ီသ၊ စေတသိက် အဋ္ဌတိံသ၊ စိတ္တဇရုပ် သတ္တရသတို့ကို ဟောပါသည်။

**၂။ တရားပုံနှင့် နာမည်ပေး။** ။ထိုတရားစုတို့ကို က–ကုသလမူလ၊ ခ–ကြွင်းကုသလဓမ္မ၊ ဂ–ကုသလသမုဋ္ဌာနရူပဟု ဇယား၌ ပြထားသည့်အတိုင်း သုံးပုံ ပုံပါ။ ထိုတွင်—

(က) ကုသလမူလတရားသည် ကုသလလည်း မည်၏၊ ကုသလမူလလည်း မည်၏၊ ဧကမူလလည်း မည်၏၊ အညမညမူလလည်း မည်၏၊ ကုသလမူလကလည်း မည်၏ ဟုရင်း၊

(ခ) ကြွင်းကုသလဓမ္မသည် ကုသလလည်း မည်၏၊ ဧကမူလလည်း မည်၏၊ ကုသလမူလကလည်း မည်၏ ဟုရင်း၊

(ဂ) ကုသလသမုဋ္ဌာနရူပသည် ဧကမူလလည်း မည်၏၊ ကုသလမူလကလည်း မည်၏ဟုရင်း ဇယားပါ ပုဒ်မ(။)တို့ကို ကြည့်၍ ပို့ချသူများက ဆိုပြပါ။ တို့နောက် လေ့လာသူတို့ကို ဆိုစေပါ။

**၃။ ဝိဘင်းနှင့် အရကောက်ဆိုရိုး။** ။အထက်ပါ (က-ခ-ဂ) အမှတ်ပြတရားတို့တွင်—

(က) ကို မူလယမက၌—တီဏေဝ။
အညမည၌— မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ။ ဟု ဝိဘင်းထုတ်၍ "ကု-မူ ၃-ခု ရ၏" ဟု ကောက်ပါ။

(ခ) အဝသေသာ ကုသလာ ဓမ္မာ—[ကုသိုလ်စိတ် ၂၁၊ ကုသလမူ ၃-ခု ကြဉ်သော စေတသိက် ၃၅-ရ၏။]

(ဂ) ကုသလသမုဋ္ဌာနံ ရူပံ— [ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကု ၂၁၊ စေ—၃၈ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ် သတ္တရသ ရ၏။]

(က-ခ) ကုသလံ—[ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။]

(ခ-ဂ) အဝသေသာ ကုသလမူလသဟဇာတာ ဓမ္မာ—[ကုသိုလ်စိတ် ၂၁၊ ကု မူ ၃-ခုကြဉ်သော စေ-၃၅၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ။ပေ။စိတ္တဇရုပ် သတ္တရသ ရ၏။]

**ဝိသေသနပြု။** ။အရူပဘုံ၌ ရုပ်မရှိ၍ ရုပ်ကို မဖြစ်စေတတ်သောကြောင့် အရူပဘုံ၌ ဖြစ်သော ကုသိုလ်တို့ကို တားမြစ်ဖို့ရာ "ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ" ဟု ဝိသေသနပြု၍ အကုသိုလ် အဗျာကတတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့ကို တားမြစ်ဖို့ရာ "ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့သည်" ဟု ဝိသေသနပြုပါသည်။

**ယထာရဟ။** ။ကုသိုလ်နာမက္ခန္ဓာတို့သည် ကိုယ်နှုတ်အင်္ဂါ လှုပ်ရှားမှု မရှိရာအခါ၌ သုဒ္ဓဋ္ဌကကလာပ်ကို ဖြစ်စေကြ၏။ ကိုယ်အင်္ဂါ လှုပ်ရှားရာ အခါဝယ် ကာယဝိညတ္တိနဝကကလာပ်ကို ဖြစ်စေ၍ နှုတ်အင်္ဂါ လှုပ်ရှားရာ အခါမှာ ဝစီဝိညတ္တိနဝကကလာပ်ကို ဖြစ်စေ၏။ ခေါ်လေးပါးတို့ ညီညွတ်ရာ အခါ၌ လဟုတာဒေကာဒသကကလာပ်ကိုဖြစ်စေပြီး နှုတ်အင်္ဂါလည်းလှုပ်ရှား ဓာတ်လေးပါးလည်း ညီညွတ်ရာအခါဝယ် ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက ကလာပ်ကို ဖြစ်စေကြကုန်၏။ ဤသို့ထိုက်သလို ဆိုင်ရာကလာပ်များဖြစ်စေပုံကို သိစေလို၍ "ယထာရဟ ပြုအပ်သော" ဟု ဆိုသည်။

[ဆောင်] ကုသိုလ်မည်သာ, နာမ်ခန္ဓာကား, အင်္ဂါကိုယ်နှုတ်, ဝိညတ်ရုပ်တို့, မလှုပ်စေရာ, ချိန်အခါ၌, သုဒ္ဓါကလာပ်, ဖြစ်စေတတ်၏၊ တရုပ်

ကာယ, လှုပ်ကာလဝယ်, ကာယဝိညတ်, နဝက်တ်တဲ့၊ နှုတ်မြွတ် ဝစီ, ထုတ်အပ်ချိသော်, ဝစီဝိညတ်, နဝကတ်တည်း၊ လေးရပ် ဓာတ်တွေ့, ညီညွှတ်လေက, ဖြစ်စေလဟု, တာဒိရှုလော့၊ လှုပ်မှု ကာယ, ဓာတ်ညီမျှလျှင်, ကာယလဟု, တာဒိရှု၍, သိမှုနာမ, ဒွိဒါဒသတည်း၊ နှုတ်ကလည်းမည်, ဓာတ်လည်းညီသော်, ဝစီသဒ္ဒ, လဟုတဟု, အာဒိပြုကာ, ဋီကာရသာသည်, ယထာရဟပြုပုံတည်း။

**ကုသလမူလာနိ ထည့်ဟော။** ။"ကုသလမူလာနိ" ပုဒ်သည် အညံမညမူလ ယမကဝိသဇ္ဇနာ၌ ပါ၏။ "မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ" ၏ ဝိသေဿနတည်း။ မှန်၏— "မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ" ဟုသာ ဟောလျှင် ထို၌အရ အကုသလမူလတို့လည်း ဖြစ်နိုင်၏။ အဗျာကတမူလတို့လည်း ဖြစ်နိုင်၏။ ဤကုသလပဒ၌ကား "တကွဖြစ်သော မူလတို့ဟူသည် အကုသလမူလ, အဗျာကတမူလတို့ မဟုတ်ကြ၊ ကုသလမူလတို့သာတည်း" ဟု အထူးကိုပြခြင်း အကျိုးငှာ "ကုသလမူလာနိ" ကို ထည့်ဟောတော်မူသည်။ [ဣမိနာ ကုသလမူလာနီတိ ဝိသေသဒဿနတ္ထမိဒံ ဝုတ္တံ၊—ဋ္ဌ။]

**ကြိုတင်မှတ်ဖွယ်။** ။စံပြပုစ္ဆာများ မလေ့လာခင် ဝိဘင်းများရှေ့နောက် နေပုံနှင့် အရကောက်ပုံတို့ကို မှတ်ထားရမည်။ ဝိဘင်းထုတ်ရာဝယ် ကုသလပဒ၌ ကုသလပုဒ်က သဒ္ဒိဋ္ဌာန်ဖြစ်လျှင် ယုံမှားဖွယ်မရှိသောကြောင့် ကုသလမည်, မမည်ကို ဖြေတော်မမူ၊ သံသယဖြစ်မှသာ ဖြေတော်မူသည်။ တဖန်—တဖက်ရ နှစ်ဖက်ရ တရားနှစ်မျိုးတွင် အရေအတွက်နည်းသောတရားကို ရှေးဦးစွာ ဝိဘင်းထုတ်၍ များသောတရားကို နောက်မှထုတ်ရသည်။ သို့သော် အရကောက်ရာ၌ကား အရေအတွက် နည်းသည်ဖြစ်စေ များသည်ဖြစ်စေ တဖက်ရကို ရှေးဦးစွာကောက်၍ နှစ်ဖက်ရကို နောက်မှကောက်ရသည်။

**စံပြပုစ္ဆာ-၁။** [ဋ္ဌာန်]—ယေ ကေစိ ကုသလာ ဓမ္မာ၊
[ယ] —သဗ္ဗေ တေ ကုသလမူလာတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ "ကုသိုလ်မည်သော တရားတို့ ရှိကုန်၏" ဟု ဆိုသဖြင့် ဇယားအပေါ် ခေါင်းစည်း အကွက်တို့တွင် ကုသလအကွက်ကို ကြည့်ရမည်။ ထိုအကွက်မှာ ကုသလမူလ၊ ကြွင်း ကုသလ

ဓမ္မတို့နှင့် တည့်တည့်၌ပိုဒ်မ (။)ရှိ၏။ ထို့ကြောင့် ထိုတရားတို့သည်“ယေ ကေစိ ကုသလာ ဓမ္မာ” ဟူသော သန္နိဋ္ဌာန်ပုဒ်အရဖြစ်သည်။ ထိုတရားတို့ကို (√) ဤကဲ့သို့ ဝဲထိုး၍ သင်္ကေတပြထားပါ။ ထို့နောက်ထိုတရားတို့ကို “ကုသလ-မူလာ= ကုသလမူလ မည်ကုန်သလော” ဟူသော သံသယပုဒ်နှင့် ညီမညီ စိစစ်ကြည့်ရမည်၊ ထိုအခါ အပေါ်ခေါင်းစည်းမူလအကွက်ကိုကြည့်ပါ။

ကုသလမူလ တရားနှင့် တည့်တည့် မူလ အကွက်၌လည်း ပုဒ်မပင် ရှိသဖြင့် ကုသလမူလတရားသည် (သံသယပုဒ်နှင့်ညီ၏) နှစ်ဖက်ရ၊ ထို၏ဝဲသင်္ကေတ ပေါ်၌ (၂) ဂဏန်းရေးပါ ($\surd^{၂}$)၊ ကြွင်း ကုသလဓမ္မတရားနှင့် တည့်တည့် မူလအကွက်၌ ကြက်ခြေရှိသဖြင့် ထိုတရားသည် (သံသယ ပုဒ်နှင့်မညီ)တဖက်ရ၊ ထိုဝဲသင်္ကေတပေါ်၌ (၁) ဂဏန်းရေးထားပါ ($\surd^{၁}$) ဤသို့သင်္ကေတပြသဖြင့် တဖက်ရ နှစ်ဖက်ရ လွယ်ကူစွာ သိနိုင်ပါသည်။ ဤပုစ္ဆာ၌နှစ်ဖက်ရကိုရွေထား ထုတ်သည်။ ဝိဘင်းကောက် = ဝိဘင်းလိမ်တည်း။

**ဝိဘင်းပါဠိ—၂။** တီဏေဝ ကုသလမူလာနိ၊

၁။ အဝသေသာ ကုသလာ ဓမ္မာ, န ကုသလမူလာ။

**အရကောက်ပုံ။** ။“ယေ ကေစိ ကုသလာ ဓမ္မာ”ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား—ကုသိုလ်စိတ် ဧကဝီသ၊ ကုသလမူ ၃—ခုကြဉ်သော စေတသိက် ပဉ္စတိံသရ၏၊ကုသလမူ၃·ခုလည်းရ၏။ “သဗ္ဗေ တေ ကုသလမူလာ” ဟူသော သံသယပုဒ်၏ အရကား·ကုသလမူ ၃-ခုသာရ၏။ [နောက်နောက် ပုစ္ဆာများအရကောက်ရာ၌“သံသယကား နောက်သာရ၏” ဟု မှတ်သာဆိုပါ။]

**စံပြပုစ္ဆာ-၂။** ။[ဌာန်]—ယေ ဝါ ပန ကုသလမူလာ၊

[ယ] —သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။

**အဖြေရှာပုံ။** ။ဇယားခေါင်းစည်း မူလ အကွက်ကြည့်ပါ။ ထိုအကွက်၌ ကုသလမူလ တရားသည်သာ ပိုဒ်မရှိ၏။ ထို့ကြောင့် ထိုတရားသည် “ယေ ဝါ ပန ကုသလမူလာ”ဟူသော သန္နိဋ္ဌာန်အရဖြစ်၏။ “ကုသလာ” ဟူသော သံသယပုဒ်နှင့် ညီ မညီ အပေါ်ခေါင်းစည်း ကုသလအကွက်ကို

ကြည့်သော် ယိုအကွက်၌လည်း ထိုတရားနှင့် တည့်တည့်တွင် ပုဒ်မပင် ရှိသောကြောင့် သံသယပုဒ်နှင့်လည်းညီ၏။ တဖက်ရမရှိ၊ နှစ်ဖက်ရသာ ရှိ၏။ ထို့ကြောင့် "အာမန္တာ" ဟုဖြေတော်မူသည်။

**အရကောက်ပုံ။** ။"ယေ ဝါပန ကုသလမူလာ" ဟူသော သန္နိဋ္ဌာနပုဒ်၏အရကား- ကုသလမူ ၃ - ခု ရ၏။ "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟူသော သံသယပုဒ်၏အရလည်း ကုသလမူ ၃ ခု ရပ်းရ၏။ [နောက်၌ "သံသယလည်း ရပ်းရ၏။" ဟုသာ ဆိုပါ။]

**စံပြပုစ္ဆာ - ၃။** [ဋ္ဌာန်] = ယေ ဝါပန ကုသလမူလေန ဧကမူလာ၊
[ယ] = သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်၍ ရှေ့ပုစ္ဆာများနည်းမှီပြီး စိစစ်ပါ။ (ဂ) အမှတ်ပြ ကုသလာသမုဋ္ဌာန်ရုပ်က တဖက်ရ, (က) အမှတ်ပြ ကုသလမူလတရားနှင့် (ခ) အမှတ်ပြ ကြွင်းကုသလဓမ္မတို့က နှစ်ဖက်ရ ဖြစ်သည်ကို တွေ့ရပါလိမ့်မည်။ ဝိဘင်းနှင့်အရကောက် ဆိုရိုးကြည့်၍ အရကောက်ပါ။

**ဝိဘင်းပါဠိ--** ၁။ ကုသလသမုဋ္ဌာနံ ရူပံ ကုသလမူလေန ဧကမူလံ, န ကုသလံ။
၂။ ကုသလံ ကုသလမူလေန ဧကမူလဉ္စေဝ ကုသလဉ္စ။

**စံပြပုစ္ဆာ - ၄။** [ဋ္ဌာန်] = ယေ ဝါ ပန ကုသလမူလေန ဧကမူလာ ဓမ္မာ၊
[ယ] = သဗ္ဗေ တေ ကုသလမူလေန အညမညမူလာတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်၍ စိစစ်ပါ၊ (က) အမှတ်ပြတရားက နှစ်ဖက်ရ, (ခ - ဂ) အမှတ်ပြ တရားတို့က တဖက်ဖြစ်ရသည်ကို တွေ့ရပါလိမ့်မည်။

**ဝိဘင်းပါဠိ--** ၂။ မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ ဧကမူလာနိ စေဝ အညမညမူလာနိ စ။
၁။ အဝသေသာ ကုသလမူလသဟဇာတာ ဓမ္မာ ကုသလမူလေန ဧကမူလာ, န စ အညမညမူလာ။

**စံပြပုစ္ဆာ - ၅။** [ဌာန်] = ယေ ဝါ ပန ကုသလမူလကာ၊
[ယ] = သဗ္ဗေ တေ ဓမ္မာ ကုသလာ ‌ဘိ။

**အဖြေရှာပုံ။** ။ဇယားကြည့်၍ မိမိဘာသာအဖြေရှာပါ။ သဘောမပေါက်လျှင် စံပြပုစ္ဆာ(၁)အဖြေရှာပုံကို ပြန်ဖတ်ပါ။ သဘောပေါက်လာပါလိမ့်မည်။

**ဝိဘင်းပါဠိ—** ၁။ ကုသလသမုဋ္ဌာနံ ရူပံ ကုသလမူလကံ န, ကုသလံ၊
၂။ ကုသလံ ကုသလမူလကဉ္စေဝ ကုသလဉ္စ။

**အမှာ။** ။မူလမူလနယသည် မူလနယနှင့် ဝိဘင်းအရကောက် အကုန်တူ၏။ မူလသဒ္ဒါတခုထည့်၍ ဆိုရုံသာ ထူးသည်။ မူလကနယ၌ ကုသလမူလမည် မမည်ကို မမေးသည့်အတွက် မူလအကွက်ကို မကြည့်ရ၊ ကြွင်းလေးကွက်ကိုသာ ကြည့်ရမည်။ ပြထားသော စံပြပုစ္ဆာတို့ကို သဘောပေါက်အောင် ကြည့်၍ နှုတ်တက်အောင် ဖတ်ပါ။ သဘောပေါက်နှုတ်တက်လျှင် မူလယမိုက်ပိုင်ပါပြီ။ အကုသလပဒစသည်တို့၌ စံပြပုစ္ဆာပြတော့မည်မဟုတ်ပါ။

မေး။ ။အညမညယမက ပဋိလောမ၌ ကေမူလယမက အနုလောမကဲ့သို့ "ယေ ကေစိ ကုသလာ ဓမ္မာ" ဟု မဟောပဲ အဘယ့်ကြောင့် "ယေ ကေစိ ကုသလမူလေန ကေမူလာ ဓမ္မာ"ဟု ဟောပါသနည်း။

ဖြေ။ ။"ယေ ကေစိ ကုသလမူလေန ကေမူလာ ဓမ္မာ"ဟူသော ဝါကျဖြင့်လည်း "ယေ ကေစိ ကုသလာ ဓမ္မာ"ဟူသော ဝါကျ၏အနက်ပင် ဖြစ်သောကြောင့် "ယေ ကေစိ ကုသလမူလေန ကေမူလာ ဓမ္မာ"ဟု ဟောတော်မူပါသည်။

မေး။ ။အနုလောမ၏ဆန့်ကျင်ဘက် (ပြောင်းပြန်) သည် ပဋိလောမဖြစ်၏။ ထိုသို့ဖြစ်လျှင် အညမညယမက ပဋိလောမပုစ္ဆာနှင့် ရှေ့နောက်ညီအောင်(ပြောင်းပြန်ဖြစ်အောင်)"သဗ္ဗေ တေ ကုသလမူလေန ကေမူလာ"ဟု ဟောတော်မူပါတော့လော၊ အဘယ့်ကြောင့် "သဗ္ဗေ တေ ဓမ္မာ ကုသလာ"ဟု ဟောတော်မူပါသနည်း။

ဖြေ။ ။အတ္တဝိသေသာဘာဝတော–မည်သို့ဟောဟော အနက်အရကောက် အထူးမရှိသောကြောင့်''သဗ္ဗေ ဟေ ဓမ္မာ ကုသလာ'' ဟု ဟောတော်မူပါသည်။

**ဋီကာ။** ။ကေမူလအရက ကျယ်၍ အညမညမူလအရက ကျဉ်း၏၊ အကျဉ်းဖြစ်သော အညမညအဖြစ်ကို ဆုံးဖြတ်ပြီးလျှင် အကျယ်ဖြစ်သော ကေမူလအဖြစ်၌ ယုံမှားဖွယ်မရှိသောကြောင့် ''သဗ္ဗေ တေ ကုသလမူလေန ကေမူလာ'' ဟု မဟောပဲ အညမညအဖြစ်ကို ဆုံးဖြတ်ပြီးသော်လည်း ကိုယ်သိုယ်အဖြစ်၌ သံသယဖြစ်ခြင်းကြောင့်ရင်း၊ ကုသလသဒ္ဒါလိုက်လာခြင်းကြောင့်ရင်း ''သဗ္ဗေ တေ ဓမ္မာ ကုသလာ'' ဟု ဟောတော်မူပါသည်၊

**အာစရိယဝါဒ။** ။''သဗ္ဗေ တေ ကုသလမူလေန ကေမူလာ'' ဟု မေးမေး ''သဗ္ဗေ တေ ဓမ္မာ ကုသလာ'' ဟု မေးမေး၊ ကုသလမူ ၃-ခု သာရ၍ ''အာမန္တာ'' ချည်းပင် ဖြေရမည်ဖြစ်သဖြင့် ပိသဇ္ဇနာ အထူးမရှိသောကြောင့် ''သဗ္ဗေ တေ ဓမ္မာ ကုသလာ''ဟု ဟောတော်မူပါသည်။

**သာမညဘာဝံ သက္ကတာ။** ။(၁) လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ၊ ဤဟိတ်ခြောက်ပါးသည် မူလမည်၏။

(၂) သဟိတ်စိတ် ၈ကသတ္တတိ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ၆၆ ပညာသ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်သည် ကေမူလမည်၏။

(၃) မောဟမူဒွေး၌ မောဟကြဉ်သော ဟိတ်ခြောက်ပါးသည် အညမညမူလမည်၏။

**ကုသလပဒ ပြီး၏။**

## ၂။ အကုသလပဒ

| စဉ် | အကုသလပဒဘာရေးစု [အကု-၁၂၊ စေ-၂၇၊ စိတ္တဇရုပ်-၁၇] | အကု | မူလ | ကေ | အညာ | မူလက |
|---|---|---|---|---|---|---|
| က | အဟေတုကအကုသလမူလ= မောဒွေ့၌ မောဟ | ။ | ။ | × | × | × |
| ခ | သဟေတုကအကုသလမူလ=မောမူဒွေး၌ မောဟကြဉ် အကုမူ ၃-ခု | ။ | ။ | ။ | ။ | ။ |
| ဂ | ကြွင်းအကုသလဓမ္မ=အကု-၁၂၊စေ-၂၄ | ။ | × | ။ | × | ။ |
| ဃ | အကုသလသမုဋ္ဌာန်ရုပ=စိတ္တဇရုပ် | × | × | ။ | × | ။ |

### ဝိဘင်းနှင့် အရကောက်ဆိုရိုး

(က) အဟေတုကံ အကုသလံ—[မောဟမူဒွေး၌ မောဟရ၏။]

(ခ) မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ အကုသလမူလာနိ—[မောဟမူဒွေး၌ မောဟကြဉ်သော အကုသလမူ ၃-ခုရ၏။]

(ဂ) အဝသေသာ အကုသလာ ဓမ္မာ-[အကု-၁၂၊ အကုမူ ၃-ခု ကြဉ်သော စေ-၂၄-ရ၏။]

(ဃ) အကုသလသမုဋ္ဌာနံ ရူပံ- [ပဉ္စဒွါရာဝဇ္ဇန်း၌ ဖြစ်သောအခါ အကု ၁၂၊ စေ-၂၇ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ် သတ္တရသရ၏။]

(က—ခ) တီဏေဝ—[အကုသလမူ ၃-ခုရ၏။]

(ခ—ဂ) တဖက်ရ နာမ်တရား (အဟိတ် အကုသိုလ်) ဖြစ်လျှင်— သဟေတုကံ အကုသလံ။
တဖက်ရ ရုပ်တရားဖြစ်လျှင်— အကုသလံ့—[အကု ၁၂၊ မော ဒွေး၌ မောဟကြဉ် စေ-၂၇ ရ၏။]

(ဂ-ဃ) အဝသေသ၁ အကုသလမူလသဟဇာတ၁ ဓမ္မာ—[ဂ—ဃ ဆက်ကောက်ရိုးသာ။]

**အဟိတ် အကုသိုလ်ကေမူလမမည်။** ။မောဟမူဒွေး၌ မောဟသည် ဟိတ်မရှိသော အကုသိုလ်ဖြစ်၍ ကေမူလမမည်သောကြောင့် အကုသလပဒ ကေမူလယမက အနုလောမပုစ္ဆာ၌ ကုသလပဒကဲ့သို့ "အာမန္တာ" ဟု မဖြေပဲ "အဟေတုကံ အကုသလံ" စသည်ဖြင့် သရူပဒဿနဝိသဇ္ဇနာဖြင့် ဖြေတော်မူသည်။ ချဲ့ဦးအံ့–မောဟမူဒွေး၌ ပိတိကြည် အညာ– ၁၂၊ အကုသလသာဓာရဏ စေတသိက်– ၄ ခု တို့ ယှဉ်ကြ၏။ ထိုတွင်ဟိတ်သည် မောဟတပါးသာ ပါသဖြင့် ထိုအခိုက်၌ ထိုမောဟကို ဖြစ်စေတတ်သော အခြားဟိတ်မရှိသောကြောင့် အဟေတုကအကုသလမည်၏။ မိမိကို ဖြစ်စေတတ်သော ဟိတ် [မူလ] ရှိမှသာ မိမိနှင့်တကွ ဖြစ်ဖက်တရားတို့နှင့် ကေမူလ [တူသောမူလ] ရှိနိုင်မည်။ ဤမောဟမူဒွေး၌ မောဟကား သူ့ကိုဖြစ်စေတတ်သော မူလမရှိသည့်အတွက် ကေမူလလည်း မမည်နိုင်ပါ။ ထို့ကြောင့် ကုသလပဒကဲ့သို့ အာမန္တာ ဟု မဖြေပဲ အဟေတုကံ အကုသလံ စသည်ဖြင့် သရူပဒဿနဝိသဇ္ဇနာဖြင့် ဖြေတော်မူသည်။

**အကုသလပဒ ပြီး၏။**

## ၃။ **အဗျာကတပဒ**

| စဉ် | အဗျာကတပဒ တရားစု [ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိ] | ဗျာ | မူလ | ကေ | အညာ | မူလ က |
|---|---|---|---|---|---|---|
| က | အဗျာကတမူလ=ဗျာမူ ၃-ခု | ॥ | ॥ | ॥ | ॥ | ॥ |
| ခ | သဟိတ်အဗျာကတ=သဟိတ် ဝိ-၂၁၊ ကြိ-၁၇၊ စေ-၃၅၊ (စိတ္တဇရုပ်၊ ကမ္မဇရုပ်) | ॥ | × | ॥ | × | ॥ |
| ဂ | အဟိတ်အဗျာကတ= အဟိတ်-၁၈၊ စေ-၁၂၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်၊ နိဗ္ဗာန်။ | ॥ | × | × | + | + |

## ဝိဘင်းအရကောက်ဆိုရိုး

(က) မူလဉ္စ—တိကောဝ။
အညဉ်—မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိအဗျာကတမူလာနိ—[အဗျာကတမူ ၃ - ခုရ၏။]

(ခ) အဝသေသာ အဗျာကတမူလသဟဇာတာ ဓမ္မာ—[သဟိတ်ဝိပါက်- ၂၁၊ သဟိတ်ကြိယာ - ၁၇၊ ဗျာမူ ၃ - ခုကြဉ်စေ – ၃၅၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရှာဝိပါက် ၄ - ခု ရဟန္တာတို့၏ စုတိကြဉ်သော သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ရ၏။]

(ဂ) အဟေတုကံ အဗျာကတံ—[အဟိတ်စိတ် ၁၈၊ ဆန္ဒကြဉ်သော အညသမာန်းစေ - ၁၂၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေပဉ္စဝိညာဏ် ၁၀ - ကြဉ်သော ကုသိုလ် အကုသိုလ် အဟိတ်ဝိပါက် အဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေနှစ်ခုတို့နှင့် ယထာရဟအတူ ဥပါဒ်သော အဟိတ် ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်ရ၏။]

(က—ခ) သဟေတုကံ အဗျာကတံ—[သဟိတ်ဝိပါက်- ၂၁၊ သဟိတ် ကြိယာ ၁၇၊စေ-၃၈၊....ရုပ်ဆိုရိုးများ(ခ)အတိုင်းဆက်ဆိုပါ။]

## (ဂ—ခ) အဝသေသာ အဗျာကတာ ဓမ္မာ=[ဝိ·၃၆၊ ကြိ-၂၀၊ ဗျာမူ ၃·ခုကြည်သော စေ·၃၅၊ ရှပ်·၂ဂ၊ နိဗ္ဗာန်ရ၏။]

**အရူပဝိပါက်ကြည်။** ။အရူပဝိပါက်သည် အရူပဘုံ၌သာ ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စဘပ်၍ ဖြစ်၏၊ ထိုဘုံကား ရုပ်ကိုစက်ဆုပ်ခဲ့သော ဗြဟ္မာတို့၏ နေရာပေတည်း၊ သို့အတွက် ထိုဘုံ၀ယ် ရုပ်ဖြစ်စေဖွယ် မလိုသော ကြောင့် အရူပဝိပါက်များသည် ရုပ်ကိုမဖြစ်စေကြသဖြင့် ကြည်ရပါသည်။

[ဆောင်] ရုပ်ကိုရွံရှာ, မွန်ဗြဟ္မာတို့, နေရာဌာန, အရူပ၀ယ်,ရုပ်ဖြစ်ဖွယ်လျှင်း မလိုခြင်းကြောင့်, ယင်းဝိပါက်များ, ရုပ်မဖွား, မှတ်သားမြဲခိုင်ခိုင်။

**ရဟန္တာစုတိကြည်။** ။စက်ဘီးပမာ ချာချာလည်လျက် ကြောင်းကျိုးဆက်၍ ဖြစ်ပျက်နေသော ဝဋ်ဒုက္ခကို စည်ပင်စေတတ်သော ဝဋ်မြစ်သည် အဝိဇ္ဇာနှင့်တဏှာဖြစ်၏၊ ရဟန္တာတို့သည် ထိုဝဋ်မြစ်နှစ်ပါးကို အရဟတ္တမဂ်ဖြင့် ပယ်ဖြတ်ပြီးဖြစ်၍ဘဝသစ်၌ နောက်ထပ်ဖြစ်ဖွယ် မရှိတော့ သဖြင့် ရဟန္တာတို့၏ စုတိက ရုပ်ကိုမဖြစ်စေနိုင်သောကြောင့် ကြည်ရပါသည်။

[ဆောင်] အဝိဇ္ဇာနှင့်,တဏှာဝဋ်မြစ်, ပြတ်ပြီးဖြစ်၍,အသစ်နောက်ထပ်,ဖြစ်လတ် ဖို့လမ်း, မရှိခန်းသဖြင့်, ရဟန္တာထိုတို, စုတိဆို, ရုပ်ကိုမဖြစ်ခဲ။

**ဒွေပဉ္စဝိညာဉ်ကြည်။** ။စျာနင်မဂ္ဂင် ဟိတ်နှင့်မယှဉ်သည့်အတွက် စိတ်အင်္ဂါ အားနည်းသောကြောင့် ရုပ်ကို မဖြစ်စေနိုင်သဖြင့် ဒွေပဉ္စဝိညာဉ်တို့ကို ကြည်ရပါသည်။ ချဲ့ဦးအံ့—စိတ်အင်္ဂါအားကောင်း(ပြည့်စုံ) သော စိတ်သာ စိတ္တဇရုပ်ကို ဖြစ်စေနိုင်၏၊ စျာနင် မဂ္ဂင် ဟိတ်တို့ ယှဉ်မှုလည်း စိတ်အင်္ဂါပြည့်စုံ၍ အားကောင်းသည်၊ ဤဒွေပဉ္စဝိညာဉ်တို့သည် ထိုစျာနင် စသည်တို့ မယှဉ်သဖြင့် စိတ်အင်္ဂါမပြည့်စုံသောကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင် ပါ။ ဥပမာ—လက် ခြေ အင်္ဂါမပြည့်စုံသူသည် ထိုထိုကိစ္စကို အင်္ဂါပြည့်စုံသူများ လောက် မစွမ်းဆောင်နိုင်သကဲ့သို့တည်း။

[ဆောင်] စျာနင်မဂ္ဂင်, ဟိတ်မယှဉ်၍,စိတ် အင်္ဂါစု, အားနည်းမှုကြောင့်,ဆယ် ဝိညာဏ်, ရုပ်ဖြစ်ရန်, ကေန် မတတ်နိုင်။

မေး။ "ယေ ဝါ ပန အဗျာကတမူလေန ကေမူလာ၊ သဗ္ဗေ တေ ဓမ္မာ အဗျာကတာ" ဟူသော ကေမူလယမက ပဋိလောမ ပုစ္ဆာ၌ ကုသလပဒ စသည်တို့၌ကဲ့သို့ "ကုသလသမုဋ္ဌာနံ ရူပံ" ဟု သရူပဒဿနဝိသဇ္ဇနာဖြင့် မဖြေပဲ အဘယ့်ကြောင့် "အာမန္တာ" ဟု ပဋိဝစနဝိသဇ္ဇနာဖြင့် ဖြေတော်မူပါသနည်း။

ဖြေ။ ။"အဗျာကတာ ဓမ္မာ" ဟူသော တိကမာတိကာအရ ရုပ်မှန်သမျှ အဗျာကတချည်းဖြစ်ရကား ဝိပါက် ကြိယာနာမက္ခန္ဓာ တို့ကြောင့် ဖြစ်သော ရုပ်သည်လည်း အဗျာကတပင် ဖြစ်သောကြောင့် "အာမန္တာ"ဟုပဋိဝစနဝိသဇ္ဇနာဖြင့် ဖြေတော်မူပါသည်။

**အဟေတုကံ အဗျာကတံ၌သွင်း။** ။ကုသိုလ် အကုသိုလ် နာမက္ခန္ဓာတို့ ပြုအပ်သောစိတ္တဇရုပ်၌ ကုသိုလ်ဟိတ် အကုသိုလ်ဟိတ်သာရှိ၏။အဗျာကတဟိတ် မရှိ။ထိုကြောင့် ထိုစိတ္တဇရုပ်ကို "အဟေတုကံ အဗျာကတံ" ၌ သွင်းကောက်သည်။ [ယမိုက်အရကောက်၌ ဇနကဟိတ်, သမ္ပယောဂဟိတ် ၂-ပါးကို ရည်ရွယ်၍ စိတ္တဇရုပ်ကို သဟိတ်စိတ္တဇရုပ်, အဟိတ်စိတ္တဇရုပ်ဟု ၂—မျိုး ခွဲကောက်သည်။ သင်္ဂဟ၌ကား ရုပ်ဟူသမျှ သမ္ပယောဂဟိတ် မရှိသည်ကို ရည်ရွယ်၍ "သဗ္ဗဉ္စ ပနေတံ ရူပံ အဟေတုကံ"ဟု ဆိုသည်။]

**အဗျာကတပဒ ပြီး၏။**

## ၄။ နာမပဒ

| စဉ် | နာမပဒတရားစု [စိတ် ၈၉-ခု၊ စေ-၅၂၊ စိတ္တဇရုပ်၊ နိဗ္ဗာန်] | နာမ | မူလ | ကေ | အည | မူလက |
|---|---|---|---|---|---|---|
| က | အဟိတ်နာမမူ=မောဒွေး၌ မောဟ | ॥ | ॥ | × | × | × |
| ခ | သဟိတ်နာမမူ=မောဒွေး၌ မောဟကြဉ် နာမမူ ၉-ခု၊ | ॥ | ॥ | ॥ | ॥ | ॥ |
| ဂ | အဟိတ်နာမ်=အဟိတ်-၁၈၊ စေ-၁၂၊ နိ၊ | ॥ | × | × | × | × |
| ဃ | သဟိတ်နာမ်=သဟိတ်-၇၁၊ စေ-၄၆၊ | ॥ | × | ॥ | × | ॥ |
| င | နာမသမုဋ္ဌာန်ရုပ်=စိတ္တဇရုပ် | × | × | ॥ | × | ॥ |

## ဝိဘင်းနှင့် အရကောက်ဆိုရိုး

(ခ) မူလာနိ ယာနိ ကေတော ဥပ္ပဇ္ဇန္တိ နာမမူလာနိ—[မောဒွေး၌ မောဟ
ကြဉ်သော နာမမူ ၉–ခုရ၏။]

(င) နာမသမုဋ္ဌာနံ ရူပံ— [ပဉ္စဝေါကာရဘုံ၌ အခါဖြစ်သော အရူပဝိပါက်
၄–ခု၊ ရဟန္တာတို့၏စုတိကြဉ်သော ကုသိုလ် အကုသိုလ်
သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည်
ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်
ပဉ္စဝေါကာရပဋိသန္ဓေတေရသတို့နှင့် ယထာရဟအတူ
ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ရ၏။]

(က–ခ). နဝေ၀ နာမမူလာနိ—[နာမမူ ၉–ခုရ၏။]

(က–ဂ) အဟေတုကံ နာမံ—[အဟိတ်စိတ် ၁၈၊ ဆန္ဒကြဉ်သော အည–၁၂၊
မောဒွေး၌ မောဟ၊ နိဗ္ဗာန်ရ၏။]

(ခ–ဃ) တဖက်ရက (အဟိတ်နာမ်)ဖြစ်လျှင်—သဟေတုကံ နာမံ။ ။တဖက်
ရက(အဟိတ်ရုပ်)ဖြစ်လျှင်—နာမံ-[သဟိတ်စိတ်–၇၁၊ မောဒွေး၌
မောဟကြဉ်သော စေ–၅၂-ရ၏။

(ဂ–ဃ) အဝသေသာ နာမာ ဓမ္မာ—[စိတ် ၈၉၊ နာမမူ ၉–ခုကြဉ်သော
စေ ၄၆–မောဟ၊ နိဗ္ဗာန်ရ၏။]

(ဃ–င) အဝသေသာ နာမမူလသဟဇာတာ ဓမ္မာ—[သဟိတ်စိတ် ၇၁၊
နာမမူ ၉–ခုကြဉ်သော စေ ၄၆၊ ပဉ္စဝေါကာရဘုံ၌
ဖြစ်သောအခါ။ ပေ။ ကမ္မဇရုပ်ရ၏ဟု ကောက်ပါ။]

**နာမ, နာမမူလ။** ။စိတ်စေတသိက်တရားတို့သည် မိမိကလည်း အာရုံသို့ ညွတ်တတ်သောကြောင့်၎င်း၊ မိမိသို့လည်း အာရမဏိက တရားတို့ကို ညွတ်စေတတ်သောကြောင့်၎င်း နာမ်မည်၏။ နိဗ္ဗာန်သည်ကား အာရမဏိကဖြစ်သော မဂ်ဖိုလ်အစရှိသော စိတ်စေတသိက်တရားတို့ကို မိမိသို့ ညွတ်စေတတ်သောကြောင့် နာမ်မည်၏။ ကုသလမူ ၃ ခု၊ အကုသလမူ ၃ ခု၊ အဗျာကတမူ ၃ ခုကို နာမမူ ၉-ခုဟုဆိုသည်။ တရားကိုယ်အားဖြင့် ဟိတ် ၆-ပါးသာတည်း။

**ယမက၌သာ နာမပဒဟော။** ။ဓမ္မသင်္ဂဏီ ပါဠိတော်တိက မာတိကာကုသလတိက်ဝယ် နာမပဒကိုမဟောပဲ ဤမူလယမက၌ အဘယ်အကျိုးငှာ ဟောပါသနည်းဟု မေး။ အဖြေကား အလုံးစုံသော ကုသိုလ် အစရှိသော တရားတို့ကို သိမ်းယူခြင်းအကျိုးငှာ နာမပဒကို ဟောတော်မူပါသည် ဟူလို။[သဗ္ဗကုသလာဒိသင်္ဂဟတ္ထမေဝ စ နာမပဒဿ ဝုတ္တတ္တာ-မူလဋီကာ။]

**ကြွင်းတိက်ဒုက်လမ်းညွှန်။** ။အရကောက်စာအုပ်၌ ဝေဒနာတိက်, ဝိပါကတိက်, ဥပါဒိန္နတိက်, သံကိလိဋ္ဌတိက်, ဝိတက်တိက်, သနိဒဿနသပ္ပဋိဃတိက်နှင့် ဟေတုဂေါစ္ဆက, အာသဝဂေါစ္ဆကတို့ကို ပြသေး၏၊ မာတိကာပိုင်၌ ဤကုသလတိက်နိုင်လျှင် နားလည်နိုင်သောကြောင့်၎င်း၊ ကျမ်းကြီးလေးမည်စိုးသောကြောင့်၎င်း၊ ထိုတိက်ဒုက်တို့ကို မပြတော့ပါ၊ ဆိုင်ရာ တိက်ပုဒ် ဒုက်ပုဒ်တို့၏အရကိုကောက်၍ ထိုအရတွင်ပါသော မူလအရေအတွက်ကိုကြည့်ပြီး "တီဏေဝ ကုသလမူလာနိ" နေရာ၌ ပဉ္စေဝ သုခါယ ဝေဒနာယ သမ္ပယုတ္တမူလာနိ၊ ဒွေဝ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တမူလာနိ၊ ဒွါဒသေဝ နာမမူလာနိ၊ ဆဠေဝ ဝိပါကဓမ္မမူလာနိ" စသည်ဖြင့် ပြောင်းလဲထည့်၍ ဟောရုံသာ။

**မူလယမကပြီး၏။**

## ၂။ ခန္ဓယမက

### ၁။ ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ။

**ဆိုရိုးစစ်ကျဉ်း။** ။ပဏ္ဏ ဥဒ္ဒေ, ပရိဇ္ဇေထုတ်, ခန္ဓုဒ် ထဝါ, ပဒါနုလုံ,
ရှုကုန်ရှုပက်, နုသန့်ဆက်, ကိုးချက် ဟောရိုးဖြာ။

[အကျယ်] ၁။ ခန် ပဏ္ဏတ္တိ,ပဝတ္တိ, မှတ်ဘိ ပရိညာ။
၂။ ပဏ္ဏ ဥဒ္ဒေ, နိဒ္ဒေသေ, နှစ်ထွေ ခွဲစိတ်ဖြာ။
၃။ ဝါရဥဒ္ဒေ, ပရိစ္ဆေ, နုဒ္ဒေ ဝိဘာဂါ။
၄။ ခန္ဓုဒ္ဒေသ, နာမ ဝ, နယတနည်းလာ။
၅။ သင်္ချာ ခန္ဓုဒ်, သရုပ်ထုတ်, သမုတ် ဝဏ္ဏာ။
၆။ ပဒ မူလ, သုဒ္ဓခန္ဓ, မူလလေးနယာ။
၇။ အနုလုံစိတ်, ပစ္စနိက်, နှစ်စိတ်နယလာ။
၈။ ရုပက္ခန္ဓ, စသည်ပြ, ပဥ္စယမကာ။
၉။ အနု-ပဋိ, လေးမထည့်, နှစ်ရှိမေးပုစ္ဆာ။
၁၀။ သန္နိဋ္ဌာန, သံသယ, အတ္ထနှစ်မျိုးလာ။
၁၁။ ခန္ဓယမိုက်, ဆိုရိုး၌, သမိုက်စဉ်အလာ။

**ဆိုရိုးစစ်။** ။မူလယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ခန္ဓယမိုက်ကို ဟောတော်မူ၏။ ထိုခန္ဓယမိုက်သည်လည်း ပဏ္ဏတ္တိဝါရ ပဝတ္တိဝါရ ပရိညာဝါရအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ပဏ္ဏတ္တိဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပဏ္ဏတ္တိဝါရသည်လည်း ဥဒ္ဒေသ နိဒ္ဒေသ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဥဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဥဒ္ဒေသသည်လည်း ပရိစ္ဆေဒဝါရ, ပရိစ္ဆိန္နုဒ္ဒေသဝါရ, ဝိဘာဂဝါရအားဖြင့် သုံးပါးအပြားရှိ၏။ တနည်း—ခန္ဓုဒ္ဒေသ နာမဝဝတ္ထာန် နယဝါရအားဖြင့် သုံးပါးအပြားရှိ၏။ထိုသုံးပါးတို့တွင် ခန္ဓုဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား—"ပဥ္စက္ခန္ဓာ" ဟူသည်တည်း။ ထိုနောင် နာမဝဝတ္ထာန်ကို ဟောတော်မူ၏။ ဟောဟန်ကား "ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော" ဟူသည်တည်း။

ပဥ္စ၊ ငါးပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာဝင်း။ ဝေဒနာက္ခန္ဓော၊ ဝင်း။ သညာက္ခန္ဓော၊ ဝင်း။ သင်္ခါရက္ခန္ဓော၊ ဝင်း။ ဝိညာဏက္ခန္ဓော၊ ဝင်း။ ဣတိ ဣမေ၊ ဤသည်တို့တည်း။ တနည်းကား—ရူပက္ခန္ဓော၊ ဝင်း။ ပေ။ ဝိညာဏက္ခန္ဓော၊ ဝင်း။ ဣတိ၊ ဤသို့။ ပဥ္စ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ နာမဝဝတ္ထာန်ကို ဟော တော်မူသည်၏ အခြားမဲ့၌ နယဝါရကို ဟောတော်မူ၏။ ဤသို့စသည်ဖြင့် အကျယ်ဆောင်ပုဒ်များကို ကြည့်၍ စစ်လေ၊ အလေ့အလာများသောအခါ အကျဉ်းဆောင်ပုဒ်ဖြင့် ပြီးနိုင်ပါသည်။

## (က) ပဒသောဓနဝါရ (လုံ)

ပါဠိတော်—နု-ပုစ္ဆာ။ ။ရူပံ ရူပက္ခန္ဓော၊
ပ္ပိ-ပုစ္ဆာ။ ။ရူပက္ခန္ဓော ရူပံ။

**အမှာ။** ။"ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံ" တို့ကို နည်းမှီဟောပါ။ ပစ္စနိက်၌ "န ရူပံ" စသည်ဖြင့် "န" ထည့်ရုံသာ၊ နောက်နောက် ဝါရ ပစ္စနိက်တို့၌လည်း နည်းတူ။

## (ခ) ပဒသောဓနမူလစက္ကဝါရ (လုံ)

| [အနု=မူလ] | [ပဋိ=မူလီ=ယမက] |
|---|---|
| ပါဠိတော်—ရူပံ ရူပက္ခန္ဓော၊ | ခန္ဓာ ရူပက္ခန္ဓော။ |
| ဝေဒနာ ဝေဒနာက္ခန္ဓော၊ | ခန္ဓာ ဝေဒနာက္ခန္ဓော။ |
| သညာ သညာက္ခန္ဓော၊ | ခန္ဓာ သညာက္ခန္ဓော။ |
| သင်္ခါရာ သင်္ခါရက္ခန္ဓော၊ | ခန္ဓာ သင်္ခါရက္ခန္ဓော။ |
| ဝိညာဏံ ဝိညာဏက္ခန္ဓော၊ | ခန္ဓာ ဝိညာဏက္ခန္ဓော။ |

**အမှာ။** ။ဤပုံစံသည် ပဒသောဓနမူလစက္ကဝါရ တခုလုံးအတွက်ဖြစ်၍ မူလဖက်၌ဝင်း၊ မူလီဖက်၌ဝင်း ခန္ဓာငါးပါးလုံး ထည့်ထား၏။ ရူပက္ခန္ဓမူ အတွက်ဆိုလျှင် "ရူပံ ရူပက္ခန္ဓော၊ ခန္ဓာ ဝေဒနာက္ခန္ဓော" စသည်ဖြင့်ဆို၊ မူလ ရူပက္ခန္ဓာကို မူလီဖက်၌မထည့်ရ၊ ကျန်ခန္ဓာလေးပါးသာထည့်ရသည်။ သုဒ္ဓခန္ဓမူလ စက္ကဝါရ၌လည်း နည်းတူသိလေ။

## (ဂ) သုဒ္ဓခန္ဓဝါရ

ပါဠိတော်—ရူပံ ခန္ဓော၊ ခန္ဓာ ရူပံ။

**အမှာ။** ။ဤပုံစံနည်းမှီ၍ "ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံ" တို့ကို ထည့်ပြီးရွတ်ပါ။

## (ဃ) သုဒ္ဓခန္ဓမူလစက္ကဝါရ

| ပါဠိတော် | | | |
|---|---|---|---|
| ရူပံ | ခန္ဓော | ခန္ဓာ | ရူပံ |
| ဝေဒနာ | | | ဝေဒနာ |
| သညာ | | | သညာ |
| သင်္ခါရာ | | | သင်္ခါရာ |
| ဝိညာဏံ | | | ဝိညာဏံ |

**ခန္ဓာ ရူပံ အနက်။** ။ဘုရားရှင်သည် ခန္ဓယမိုက် ဥဒ္ဒေသဝါရ၌ သဒ္ဒါကို အမိက မထားပဲ အနက်ကို အမိကထားသောကြောင့် ရူပက္ခန္ဓာ, စသည်ကို ရည်ရွယ်၍ ရူပံ စသည်ဖြင့် ဟောတော်မူ၏။ နိဒ္ဒေသဝါရ၌လည်း ခန္ဓာ ရူပက္ခန္ဓော ဟု ဝေဖန်အပ်သောကြောင့် "ခန္ဓာ-ခန္ဓာမည်၏။ ရူပံ-ရူပက္ခန္ဓာ မည်သလော" ဟု အနက်ပေးရမည်။ ခန္ဓာ ဝေဒနာ စသည်၌လည်း နည်းတူ။[ခန္ဓာ ရူပန္တိအာဒီသု ခန္ဓာ ရူပက္ခန္ဓော၊ ခန္ဓာ ဝေဒနာက္ခန္ဓောတိ အတ္ထော ဂဟေတဗ္ဗော။ ကသ္မာ၊နိဒ္ဒေသဝါရေ ဧဝံ ဝိဘတ္တတ္တာ၊—ဋ္ဌ]

### နယ စသည် ရေတွက်ပုံလင်္ကာ

ပဒသောဓန, နုလောမဌ်, ဟောပြနယာ, ကောသာဘည်း၊ ယမှာ
ငါးသွယ်၊ပုစ္ဆာဆယ်နှင့်, နှစ်ဆယ်အဟ္ဟာ, နိုက်တူပြ၍, သုဒ္ဓခန်လည်း,
ထိုတူမှီးသော့၊ တနည်းမူသ စက်ဝါရဝယ်, ရှာခန္ဓာ, မူလမှာဌ်,
ယာမှာလေးဝ, ပုစ် အဌနှင့်, အတ္တဆယ့်ခြောက်, သင်္ချာရောက်၏၊
ထိုနောက်ဧဝမူ, သဥ် သင်မှုနှင့်, ဝိမုတ်ိုယည်း, ထိုတူမှီးလျက်, စုစည်း
ကာပ, သင်္ချာပြသော်, မူလစက်ကြုံ, အနုလုံဌ်, ရှိကုန်မူလ, ငါးဆူရ၍,
ယမကာမှာ, ဝီသသာတည်း၊ ပုစ္ဆာလေးဆယ်, စာရေးခြယ်လျက်,

ရှစ်ဆယ်အတ္ထ, နိက်တူရ၏၊ သုဒ္ဓခန္ဓက်, မူလစက်လည်း, ရေတွက်
သင်္ချာ, ညီမျှပါ၍, ခန္ဓာပဏ္ဏ, ဥဒ္ဒေသ၌, ဖြေကြပုစ္ဆာ, နှစ်ရာသာဟု,
လေးဖြာနယ, ရေးကာပြသည်, ကျနသေချာ သိရန်ကိုး။

## မဟာဝါရ ၃-ပါး

"ဝါရိယတိ ပရိစ္ဆိန္ဒိယတိ ဧတေနာတိ ဝါရော"နှင့်အညီ ပိုင်းခြားကြောင်း ပါဠိရပ်သည် ဝါရမည်၏။ ထိုဝါရသည် ပဏ္ဏတ္တိဝါရ,ပဝတ္တိဝါရ,ပရိညာဝါရ ဟု ၃-ပါး အပြားရှိ၏။

**ပဏ္ဏတ္တိဝါရ**။ ။ခန္ဓာတို့၏ အမည်ဟော သဒ္ဒါတို့ကို သုတ်သင်ခြင်း၏ အစွမ်းဖြင့် ဖြစ်သောဝါရသည် ပဏ္ဏတ္တိဝါရမည်၏။[ခန္ဓာနံ နာမာဘိဓာနသောဓနဝသေနေဝ ဂတတ္တာ ပဏ္ဏတ္တိဝါရောတိ ဝုစ္စတိ၊—ဋ္ဌ]

**ပဝတ္တိဝါရ**။ ။ပဏ္ဏတ္တိဝါရဖြင့် သုတ်သင်အပ်ပြီးသည်ဖြစ်၍ နာမည်ဟော သဒ္ဒါရှိကုန်သော ခန္ဓာတို့၏ ဖြစ်မှုချုပ်မှုနှင့် စပ်သဖြင့် ဖြစ်ပုံကို သုတ်သင်ရာဝါရသည် ပဝတ္တိဝါရမည်၏။ [ပဝတ္တိဝါရော ဧတေန သောဓိတနာမာဘိဓာနံ ခန္ဓာနံ ဥပ္ပါဒနိရောဓဝသေန ပဝတ္တိံ သောဓယမာနော ဂတော၊ တသ္မာ ပဝတ္တိဝါရောတိ ဝုစ္စတိ၊—ဋ္ဌ]

**ပရိညာဝါရ**။ ။ဥပ္ပါဒနိရောဓ အစဉ်အားဖြင့် ဖြစ်သော ခန္ဓာတို့ကို သုံးပါးသော ပရိညာတို့ဖြင့် ပိုင်းခြား၍ သိပုံကိုပြသော ဝါရသည် ပရိညာဝါရမည်၏။ [ပရိညာဝါရော လဒ္ဓိနာနုက္ကမေန ပဝတ္တာနံ ခန္ဓာနံ သင်္ခေပေနေဝ.တိဿော ပရိညာ ဒီပယမာနော ဂတော၊ တသ္မာ ပရိညာ-ဝါရောတိ ဝုစ္စတိ၊—ဋ္ဌ]

## အန္တရဝါရ ၃-ပါး

**ပရိစ္ဆေဒဝါရ**။ ။ပရိစ္ဆေဒဝါရ စသော ဝါရသုံးပါးကို အန္တရဝါရခေါ်၏။ ထိုတွင် "ခန္ဓာတို့သည် ငါးပါးသာ ရှိကုန်၏။ ထိုထက် အယုတ်အလွန်မရှိ" ဟု ခန္ဓာတို့၏ အရေအတွက်ကို ဂဏန်းဖြင့်ပိုင်းခြား၍ပြရာ

ဝါရသည် ပရိစ္ဆေဒဝါ ရမည်။ မှန်၏-အနုလောမယမက အဋ္ဌကထာ၌ "သတ္တ အနုလောမာတိ အယံ သတ္တောဂါ န တဘော ဥဒ္ဓံ, န ဟေဋ္ဌာတိ ဂဏနပရိစ္ဆေဒေန ပရိစ္ဆိန္နတ္တာ အနုလောမာနံ ဒေသိတတ္တာ ပရိစ္ဆေဒဝါရော နာမ" ဟု ဖွင့်သည်။

**ပရိစ္ဆိန္နုဒ္ဒေသဝါရ။** ။ပရိစ္ဆေဒဝါရဖြင့် ပိုင်းခြားအပ်ပြီးသော ခန္ဓာတို့၏ နာမည်မျှကို ထုတ်ပြရာဝါရသည် ပရိစ္ဆိန္နုဒ္ဒေသဝါရ မည်၏။ မှန်၏-ထိုအနုလောမယမက အဋ္ဌကထာ၌ပင် "ကာမရာဂါနုသယော။ ပေ။ အဝိဇ္ဇာနုသယောတိ အယံ ပရိစ္ဆေဒဝါရေန ပရိစ္ဆိန္နာနံ နာမမတ္တံ ဥဒ္ဒိသိတ္တာ 'ဣမေ နာမ တေ'တိ ဒေသိတတ္တာ ပရိစ္ဆိန္နုဒ္ဒေသဝါရော နာမ" ဟု ဖွင့်သည်။

**ဝိဘင်္ဂဝါရ။** ။ပဒသောဓနစသော လေးပါးသော နယတို့ဖြင့် ဝေဖန်၍ ပြအပ်ရာဝါရသည် ဝိဘင်္ဂဝါရမည်၏။

## ခန္ဓုဒ္ဒေသစသောဝါရ ၃-ပါး

**ခန္ဓုဒ္ဒေသ။** ။ခန္ဓ=ခန္ဓာတို့ကို(ခန္ဓာတို့၏အရေအတွက် သင်္ချာကို)+ဥဒ္ဒေသ= အကျဉ်းပြအပ်ရာဝါရ၊ ခန္ဓာတို့၏ အရေအတွက်သင်္ချာကို အကျဉ်းပြအပ်ရာဝါရသည် ခန္ဓုဒ္ဒေသဝါရမည်၏။

**နာမဝဝတ္ထာန်။** ။[နာမ+ဝိ+အဝ+ဌာန။နာမ=ခန္ဓာတို့၏ နာမည်တို့ကို+ ဝိ (ဝိသုံ)=အသီးအသီး (တမျိုးစီ တမျိုးစီ) +အဝ (အဝစ္ဆိန္ဒိတွာ)ပိုင်းခြား၍+ဌာန=တည်စေခြင်း] ခန္ဓာတို့၏နာမည်ကို တမျိုးစီ တမျိုးစီ ပိုင်းခြားသတ်မှတ်၍ တည်စေအပ်ရာဝါရသည် နာမဝဝတ္ထာန်မည်၏။

**နယဝါရ။** ။ပဒသောဓနစသော လေးပါးသောနည်းတို့ဖြင့် ဝေဖန်၍ ပြအပ်ရာဝါရသည် နယဝါရမည်၏။

## နယဝါရ ၄-ပါး

**ပဒသောဓနဝါရ**။ ။“နိယန္တိ ဧတေနာတိ နယော”နှင့်အညီ သိအပ်ကြောင်း ဖြစ်သော ပါဠိရှုပ်သည် နယမည်၏။ ထိုနယသည် ပဒသောဓနဝါရစသောအားဖြင့် ၄-ပါးရှိ၏။ ထိုတွင်“ရူပံ ရူပက္ခန္ဓော၊ ရူပက္ခန္ဓော ရူပံ”စသည်ဖြင့် ပုဒ်ကိုသာ သုတ်သင်ရာဝါရသည် ပဒသောဓနဝါရမည်၏။[ရူပံ ရူပက္ခန္ဓော, ရူပက္ခန္ဓော ရူပန္တိအာဒိနာ နယေန ပဒမေဝ သောဓေတွာ ဂတော ပဒသောဓနဝါရော နာမ၊—ဋ္ဌ။]

**ပဒသောဓနမူလစက္ကဝါရ**။ ။ပဒသောဓနဝါရ၌ ဟောအပ်ပြီးသော ခန္ဓာတို့ကိုပင် “ရူပံ ရူပက္ခန္ဓော၊ ခန္ဓာ ဝေဒနာက္ခန္ဓော”စသည်ဖြင့် ခန္ဓာတပါးတပါးကို မူတည်ပြီး လေးပါးလေးပါးကို မူလီသွတ်လျက် စက်ဖွဲ့၍ ပြရာဝါရသည် ပဒသောဓနမူလစက္ကဝါရမည်၏။ [တေသညေဝ ပဒသောဓနဝါရေ သောဓိတာနံ ခန္ဓာနံ ရူပံ ရူပက္ခန္ဓော, ခန္ဓာ ဝေဒနာက္ခန္ဓောတိအာဒိနာ နယေန ဧကေကခန္ဓမူလကာနိ စတ္တာရိ စတ္တာရိ စက္ကာနိ ဗန္ဓိတွာ ဂတော ပဒသောဓနမူလကာနံ စက္ကာနံ အတ္ထိတာယ ပဒသောဓနမူလစက္ကဝါရော နာမ၊—ဋ္ဌ။]

**သုဒ္ဓခန္ဓဝါရ**။ ။“ရူပံ ရူပက္ခန္ဓော”စသည်၌ ရူပက္ခန္ဓောစသည်တို့ကဲ့သို့ ရူပသဒ္ဒါ စသည်နှင့်မဖက် သက်သက်“ရူပံ ခန္ဓော၊ ခန္ဓာ ရူပံ” ဟု ခန္ဓာနှင့်စပ်၍ ပြအပ်ရာဝါရသည် သုဒ္ဓခန္ဓဝါရမည်၏။ [ရူပံ ခန္ဓော, ခန္ဓာ ရူပန္တိအာဒိနာ နယေန သုဒ္ဓခန္ဓဝသေနေဝ ဂတော သုဒ္ဓခန္ဓဝါရော နာမ—ဋ္ဌ။]

**သုဒ္ဓခန္ဓမူလစက္ကဝါရ**။ ။သုဒ္ဓခန္ဓာတို့ကိုပင် “ရူပံ ခန္ဓော၊ခန္ဓာ ဝေဒနာ”စသည်ဖြင့် ခန္ဓာတပါးတပါးကို မူတည်ပြီး လေးပါးလေးပါးကို မူလီသွတ်လျက် စက်ဖွဲ့၍ပြရာဝါရသည် သုဒ္ဓခန္ဓမူလစက္ကဝါရမည်၏။ [တေသညေဝ သုဒ္ဓခန္ဓာနံ ရူပံခန္ဓော, ခန္ဓာဝေဒနာတိအာဒိနာ နယေန ဧကေကခန္ဓမူလကာနိ စတ္တာရိ စတ္တာရိ စက္ကာနိ ဗန္ဓိတွာ ဂတော သုဒ္ဓခန္ဓမူလကာနံ စက္ကာနံ အတ္ထိတာယ သုဒ္ဓခန္ဓမူလစက္ကဝါရော နာမ—ဋ္ဌ။]

ဥဒ္ဒေသပြီး၏။

## ပဏ္ဏတ္တိဝါရနိဒ္ဒေသ

**စက်လှည့်နည်းအခြေခံ။** ။ဤနိဒ္ဒေသဝါရ၌ မိမိတို့ လေ့လာကြရမည့် ဇယားများ (စက်များ)၏ ဖြစ်ပေါ်လာရာသည် ဥဒ္ဒေသပါဠိတော်ဖြစ်သည်။ မှန်၏။ ထိုထိုဥဒ္ဒေသပါဠိတော်၌ အနုလောမမှာဖြစ်စေ ပဋိလောမမှာဖြစ်စေ စကားနှစ်ရပ်စီရှိ၏။ ထိုတွင် ရှေ့စကားကို သန္နိဋ္ဌာန်၊ နောက်စကားကိုသံသယဟု မှတ်ထားပါ။ ထို့နောက် ပဏ္ဏတ္တိဝါရနိဒ္ဒေသ၌ ဟောအပ်သော တရားပေါင်းချုပ်ကို အောက်ပါအတိုင်း လေးချက်စက်လှည့်ရမည်။

က။ သန္နိဋ္ဌာန်အရသာဟုတ်၍ သံသယအရမဟုတ်သော တရား၊
ခ။ သံသယအရသာဟုတ်၍ သန္နိဋ္ဌာန်အရမဟုတ်သော တရား၊
ဂ။ သန္နိဋ္ဌာန်သံသယ ၂ ပါးစုံဟုတ်သော တရား၊
ဃ။ သန္နိဋ္ဌာန်သံသယ ၂ ပါးစုံမဟုတ်သော တရား၊

**စက်လှည့်ပုံ၊** ။ပဒသောဓနဝါရ ရူပက္ခန္ဓယမက အနုလုံ အနုလောမ ဥဒ္ဒေသပါဠိတော်ကား “ရူပံ။ ရူပက္ခန္ဓော” တည်း။ ဤ၌ရူပံကားသန္နိဋ္ဌာန်၊ ရူပက္ခန္ဓောကား သံသယ။ ဤသန္နိဋ္ဌာန် သံသယစကားနှစ်ရပ်ကိုကြည့်၍ အောက်ဖော်ပြပါအတိုင်း စက်လှည့်ထားသည်—

က။ ရုပ်သာမည်၍ ရူပက္ခန္ဓာမမည်သော တရား၊
ခ။ ရူပက္ခန္ဓာသာမည်၍ ရုပ်မမည်သော တရား၊
ဂ။ ရုပ်ရော ရူပက္ခန္ဓာပါ ၂ ပါးစုံမည်သော တရား၊
ဃ။ ရုပ်ရော ရူပက္ခန္ဓာပါ ၂ ပါးစုံမမည်သော တရား၊

**အမှာ။** ။ဝေဒနာက္ခန္ဓယမကစသော နောက်နောက် ယမကတို့၌လည်း ဤနည်းမှီ၍ လှည့်ပါ။ သို့သော် ယမကတိုင်း လေးချက်လုံး အရကောက်ရှိသည်မဟုတ်၊ တချို့ယမက၌ ၃–ချက်၊ တချို့ယမက၌ ၂ ချက်သာရှိသည်။ မရှိသောအချက်၌ သင်္ကေတအက္ခရာ ပြမည်မဟုတ်ပါ။ အက္ခရာမပြလျှင် မရှိဟုမှတ်။ ဖော်ပြပါ ပုံစံစက်ကို နှုတ်တက်အောင် ဖတ်ထားပါ။ သို့မှသာ လက်တွေ့ဟောရာ၌ သွက်လက်ပါလိမ့်မည်။

**အသစ်အဆန်းမဟုတ်။** ။ဤစက်လှည့်နည်းသည် ယခုမှတွေ့ရသော နည်းသစ် နည်းဆန်း မဟုတ်ပါ။ သင်္ဂဟ၌—

၁။ ပကိဏ္ဏကေသု ပန ဝိတက္ကော တာဝ။ ပေ။ ဥပ္ပဇ္ဇတိ။

၂။ ဝိစာရော ပန။ပေ။ ဆသဋ္ဌိစိတ္တေသု ဟူသောပါဠိနှစ်ရပ်ကို ကြည့်လျက် ဝိတက်သာယှဉ်၍ ဝိစာရမယှဉ်နိုင်သောစိတ် စသည်ဖြင့် လေးချက်လှည့်သကဲ့သို့ လှည့်သောနည်း ဖြစ်ပါသည်။

**ပုံသေနည်း။** ။အလုပ်ကိစ္စတိုင်း၌ ပုံသေနည်း (ဖော်မြူလာ)သည် အဓိက ကဏ္ဍမှ ပါဝင်၏။ အရေးကြီး၏။ ပုံသေနည်းမရှိလျှင် အလုပ်ကိစ္စတိုင်းမှာ လွယ်ကူလျင်မြန်စွာ မပြီးစီးနိုင်ချေ၊ ပြီးသော်လည်း တိကျမှုမရှိနိုင်ပါ။ ထို့ကြောင့် လေးချက်စက်ဖြင့် တဖက်ရ နှစ်ဖက်ရ ပုံသေနည်းကို ပြဦးအံ့။

(က) အမှတ်တရားသည် အနုလုံ အနုလောမ, ပစ္စနိက် ပဋိလောမ တဖက်ရ ဖြစ်၏။

(ခ) အမှတ်တရားသည် အနုလုံ ပဋိလောမ, ပစ္စနိက် အနုလောမ တဖက်ရဖြစ်၏။

(ဂ) အမှတ်တရားသည် အနုလုံ အနုလောမ, ပဋိလောမနှစ်ဖက် ရဖြစ်၏။

(ဃ) အမှတ်တရားသည် ပစ္စနိက် အနုလောမ, ပဋိလောမနှစ်ဖက် ရဖြစ်၏။

[ဆောင်] ။ (က) နုလုံနုလော, နိက် ဋိလော, သိလောတဖက်ရ, က–ကြီးပြ။

(ခ) နုလုံ ဋိလော, နိက် နုလော, မှုလောတဖက်ရ, ခ-ခွေးပြ။

(ဂ) နုလုံ နုလော,ပဋိလော,၊ သိလောနှစ်ဖက်ရ, ဂ-ငယ်ပြ။

(ဃ) နိက်မှာ နုလော,ပဋိလော, သိလောနှစ်ဖက်ရ,ဃ-ကြီးပြ၊

**ဆိုရိုးစစ်။** ။နိဒ္ဒေ ပဒ, နုလုံပြလျက်, ရူပက် နုလော,
ပုစ် သံ နှော, သတ္တောဆိုရိုးစစ်။

**တရားပေါင်းချုပ်။** ။ဤပဏ္ဏတ္တိဝါရနိဒ္ဒေသ၌ ခန္ဓာ ၅-ပါးနှင့် နိဗ္ဗာန်ပညတ်တို့ကို ဟောသည်။ တနည်း—ပရမတ္ထတရားလေးပါးနှင့် ပညတ်ကို ဟောသည်။ ဤတရားပေါင်းချုပ်ကို စွဲမြဲစွာ မှတ်ထားပါ။ သို့မှသာ ဤတရားပေါင်းချုပ်ထဲမှ "မည်သည့်တရားက ရုပ်သာမည်၍ ရူပက္ခန္ဓာမမည်" စသည်ဖြင့် တိကျစွာ သိနိုင်ပါသည်။ သို့မဟုတ်လျှင် မိမိမှာ နွားမည်မျှရှိသည်ကို မသိသော နွားကျောင်းသားသည် နေဝင်ခါနီး နွားခြံသွင်းချိန်၌ နွားတွေ စုံသည် ပျောက်သည်ကို မသိသလို ဖြစ်တတ်ပါသည်။

## ၁။ ပဒသောဓနဝါရ

### ၁။ ရူပက္ခန္ဓယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ရူပံ | ရူပက္ခန္ဓော | |
| က | ယရုပ်ဝိ သာတရုပ် | ॥ | × | ပိယရူပံ သာတရူပံ |
| ဂ | ရူပက္ခန္ဓာ | ॥ | ॥ | ရူပက္ခန္ဓော |
| ဃ | ဝိမုတ် | × | × | ရူပဉ္စ ရူပက္ခန္ဓဉ္စ ထပေတွာ အဝသေသာ |

### အရကောက်ဆိုရိုးများ

(က) တဏှာ၏ အာရုံဖြစ်ထိုက်သော ချစ်အပ် သာယာအပ်သော လောကီစိတ် စေတသိက်၊ စေ-၅၂၊ (ရုပ်အဋ္ဌဝီသ) ဟု ဆိုအပ်သော (အပေါင်းဖြစ်သော) ပိယရုပ် သာတရုပ်ရ၏။

(ဂ) ရုပ္ပနလက္ခဏာရှိသော (အစိတ်ဖြစ်သော) ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ရူပက္ခန္ဓာရ၏။

(ဃ) လောကုတ္တရာစိတ် ၈ ခု၊ စေ-၃၆၊ နိဗ္ဗာန်၊ ပညတ်ရ၏။

**မှတ်ချက်။** ။ဤဝါရ၌ တဖက်ရကို ရှေ့ထားထုတ်သည်။ ဝိဘင်းဖြောင့်။ (က—ဂ) တရားတို့၌ အရကောက် နှစ်နည်းစီရှိ၏။ လက်သည်းကွင်းအတွင်းရှိ စကားရပ်တို့ကို ထည့်ကောက်က ပထမနည်း၊ ချန်လှပ်ကောက်က ဒုတိယနည်းတည်း။ ထိုနှစ်နည်းတွင် ရှေ့နည်းကိုပယ်၍ နောက်နည်းကိုသာ ဆရာစဉ်ဆက် ချီးပြုတော်မူကြသည်။

ဤဝါရ၌ (ခ) အမှတ်ပြ တရားမျိုးမရှိပါ။ ဘာ့ကြောင့်နည်း—ရူပက္ခန္ဓာမည်သော တရားသည် ရုပ်အဋ္ဌဝီသဖြစ်၍ ထိုတရားသည် ရုပ်လည်းမည်သော ကြောင့်တည်း။ နောက်၌လည်း ဤကဲ့သို့သော အရာဌာနဝယ် အရကြည့်၍ သဘာဝနှင့်ညှိပြီး ကြံစည်ကြပါကုန်။

**သတိပြုဖွယ်။** ။"န ရူပက္ခန္ဓော၊ န ရူပံ"ဟူသော ပစ္စနိက် ပဋိလောမပုစ္ဆာကို ဖြေရာဝယ် "ပိယရူပံ သာတရူပံ န ရူပက္ခန္ဓော ရူပံ" ဟု တဖက်ရကို ပုစ္ဆာအားလျော်စွာ ဖြေ၍ နှစ်ဖက်ရကို "ရူပဉ္စ ရူပက္ခန္ဓဉ္စ ထပေတွာ အဝသေသာ န စေဝ ရူပံ, န စ ရူပက္ခန္ဓော" ဟု ပုစ္ဆာ၏ ဆန့်ကျင်ဘက် ပဋိလောမအားဖြင့် ဖြေထားသည်ကို သတိပြုပါ။ သညာက္ခန္ဓ သင်္ခါရက္ခန္ဓ ယမကတို့၌လည်း နည်းတူသိလေ။

**စေဝနှင့်စ။** ။"စေဝနှင့်စ၊ ဓုဝ္ဗိယမှာ၊ ရှေ့မှာစေဝ၊ နောက်မှာစ၊ ဂါထာ ဟူက မမြဲကြ" ဟူသည်နှင့်အညီ ဤဝိဘင်းပါဠိများသည် ဓုဝ္ဗိယများဖြစ်၍ စေဝ ကို ရှေ့ပုဒ်နှင့်တွဲပြီး စ ကို နောက်ပုဒ်နှင့်တွဲရမည်။ထိုသို့ တွဲရာ၌ (န)မပါလျှင် "ရူပဉ္စေဝ ရူပက္ခန္ဓော စ "စသည်ဖြင့် တွဲသင့်သည့်ပုဒ်၏ နောက်ကနေ၍ (န)ပါလျှင် "န စေဝ ရူပံ, န စ ရူပက္ခန္ဓော"စသည်ဖြင့် တွဲသင့်သောပုဒ်၏ ရှေ့ကနေသည်။ ပဝတ္တိဝါရ၊ ပရိညာဝါရတို့၌ စေဝ မသုံးပါ။ စ ကိုသာ သုံးသည်။

## ၃။ သညာက္ခန္ဓယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | သညာ | သညာက္ခန္ဓော | |
| က | ဒိဋ္ဌိသညာ | ။ | × | ဒိဋ္ဌိသညာ |
| ဂ | သညာက္ခန္ဓာ | ။ | ။ | သညာက္ခန္ဓော |
| ဃ | ဝိမုတ် | × | × | သညဉ္စ သညာက္ခန္ဓဉ္စ ထပေတွာ အဝသေသာ |

(က) ဒိဋ္ဌိစေတသိက်ဟုဆိုအပ်သော သညာရ၏။
(ဂ) သဉ္ဇာနနလက္ခဏာရှိသော သညာက္ခန္ဓာ ရ၏။
(ဃ) ဒိဋ္ဌိသညာ သညာက္ခန္ဓာမှတပါး ခန္ဓာ ၄-ပါး၊ နိဗ္ဗာန်၊ ပညတ် ရ၏။

## ၄။ သင်္ခါရက္ခန္ဓယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | သင်္ခါရာ | သင်္ခါရက္ခန္ဓော | |
| က | သင်္ခါရ | ။ | × | သင်္ခါရက္ခန္ဓံ ထပေတွာ အဝသေသာ |
| ဂ | သင်္ခါရက္ခန္ဓာ | ။ | ။ | သင်္ခါရက္ခန္ဓော |
| ဃ | ဝိမုတ် | × | × | သင်္ခါရေ စ သင်္ခါရက္ခန္ဓဉ္စ ထပေတွာ အဝသေသာ |

(က) စိတ် ၈၉၊ ဝေဒနာ၊ သညာ၊ ရုပ် အဋ္ဌဝီသ ရ၏။
(ဂ) သင်္ခါရက္ခန္ဓာ ၅၀။
(ဃ) နိဗ္ဗာန်၊ ပညတ်။

## ဝေဒနာက္ခန္ဓယမကနှင့် ဝိညာဏက္ခန္ဓယမက

ဝေဒနာ အရလည်း ဝေဒနာ စေတသိက်၊ ဝေဒနာက္ခန္ဓာ အရလည်း ဝေဒနာစေတသိက်ပင်ဖြစ်၍ ဝေဒနာအရနှင့် ဝေဒနာက္ခန္ဓာအရတို့ တူကြ၏။ ထို့ကြောင့် ဝေဒနာက္ခန္ဓယမက၌ အနုလုံပစ္စနိက်'အာမန္တာ'ချည်းထုတ်။ အနုလုံ၌ "ဝေဒနာစေတသိက်ရ၏"ဟု၎င်း၊ ပစ္စနိက်၌ "ဝေဒနာက္ခန္ဓာမှတပါး ခန္ဓာ ၄-ပါး၊ နိဗ္ဗာန်၊ ပညတ်ရ၏"ဟု၎င်း ကောက်ပါ။ ဝိညာဏက္ခန္ဓယမက၌လည်း 'အာမန္တာ'ပင်။ အနုလုံ၌ 'ဝိညာဏက္ခန္ဓာ'ကောက်၍ ပစ္စနိက်မှာ ဝိညာဏက္ခန္ဓာမှတပါး ခန္ဓာ ၄-ပါး၊ နိဗ္ဗာန်၊ ပညတ်ကို ကောက်ပါ။

## ၂။ ပဒသောဓနမူလစက္ကဝါရ

ဤဝါရ၌လည်း (ခ) အချက်တရားမျိုးမရှိ၊ အရကောက်၍ သဘော စဉ်းစားကြည့်ပါ။ ဤဝါရအနုလောမသည် ပဒသောဓနဝါရ အနုလောမနှင့် တူသောကြောင့် ပဋိလောမအတွက်သာ ပြပါမည်။ ထိုသို့ပြရာ၌ ရူပက္ခန္ဓမူ ဝေဒနာက္ခန္ဓမူလီတခုသာ ပြပါအံ့။ ကျန်မူလီများ နည်းမှီ၍ဟောလေ။ ဤဝါရမှာ နှစ်ဖက်ရကိုရှေ့ထားထုတ်သည်။ ဝိဘင်းကောက်တည်း။ ပစ္စနိက်"အာမန္တာ" ချည်းထုတ်၍ နိဗ္ဗာန်၊ ပညတ်ကို ကောက်ပါ။

### ၁။ ရူပက္ခန္ဓမူ ဝေဒနာက္ခန္ဓမူလီ

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ခန္ဓာ | ဝေဒနာက္ခန္ဓော | |
| က | ဝေခန္ဓာမှတပါး ခန္ဓာ၄-ပါး | ။ | × | အဝသေသာ |
| ဂ | ဝေဒနာက္ခန္ဓာ | ။ | ။ | ဝေဒနာက္ခန္ဓော |
| ဃ | ခန္ဓဝိမုတ် (နိဗ္ဗာန်၊ ပညတ်) | × | × | အာမန္တာ |

## ၃။ သုဒ္ဓခန္ဓဝါရ

ဤဝါရ၌(က)အချက် တရားမျိုးမရှိ။ အဘယ့်ကြောင့်နည်း—ရုပ်မည်သောတရားဟူသမျှ ခန္ဓာမည် (ခန္ဓာဖွဲ့၍,ခန္ဓာ ၅-ပါးတွင် ပါဝင်)သောကြောင့်တည်း။ပဋိလောမသည် ပဒသောဓနမူလစက္ကဝါရပဋိလောမနှင့်တူသောကြောင့် အနုလောမအတွက်သာ ပြပါမည်။ ဤဝါရ၌ တဖက်ရကို မြွေသာ:ထုတ်သည်၊ ဝိဘင်းဖြောင့်တည်း။

### ၁။ ရူပက္ခန္ဓယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ရူပံ | ခန္ဓော | |
| ၁ | ရုပ်မှတပါး ခန္ဓာ | × | ။ | ရူပံ ထပေတွာ အဝသေသာ ခန္ဓာ |
| ဂ | ရုပ်ခန္ဓာ | ။ | ။ | အာမန္တာ |
| ဃ | ခန္ဓဝိမုတ်(နိ၊ပ) | × | × | ရူပဉ္စ ခန္ဓေ စ ထပေတွာ အဝသေသာ |

(ခ) လောကုတ္တရာစိတ် ဂ-ခု၊ စေ-၃၆ ရ၏။
(ဂ) တဏှာ၏ အာရုံဖြစ်ထိုက်သော ချစ်အပ် သာယာအပ်သော လောကီစိတ် ဂ၁၊ စေ-၅၂၊ ရုပ် ၂ဂ-ရ၏။

### ၂။ ဝေဒနာက္ခန္ဓယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ဝေဒနာ | ခန္ဓော | |
| ၁ | ဝေခန္ဓာမှတပါး ခန္ဓာ ၄-ပါး | × | ။ | ဝေဒနံ ထပေတွာ အဝသေသာ ခန္ဓာ |
| ဂ | ဝေဒနာက္ခန္ဓာ | ။ | ။ | အာမန္တာ |
| ဃ | ခန္ဓဝိမုတ် (နိ၊ပ) | × | × | ဝေဒနဉ္စ ခန္ဓေ စ ထပေတွာ အဝသေသာ |

## ၃။ သညာက္ခန္ဓယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | သညာ | ခန္ဓာ | |
| ခ | သဉ်ခန္ဓာမှတပါး ခန္ဓာ ၄-ပါး | × | ။ | သညံ ဌပေတွာ အဝသေသာ ခန္ဓာ |
| ဂ | သညာခန္ဓာ (ဒိဋ္ဌိသညာ သညာက္ခန္ဓာ) | ။ | ။ | အာမန္တာ |
| ဃ | ခန္ဓဝိမုတ် (နိ၊ပ) | × | × | သညဉ္စ ခန္ဓေ စ ဌပေတွာ အဝသေသာ |

## ၄။ သင်္ခါရက္ခန္ဓယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | သင်္ခါရာ | ခန္ဓာ | |
| ဂ | သင်္ခါရ (စိတ် ဂ၉၊ စေ-၅၊ ရုပ် ၂ဂ) | ။ | ။ | အာမန္တာ |
| ဃ | သင်္ခါရဝိမုတ် (နိ၊ပ) | × | × | အာမန္တာ |

## ၅။ ဝိညာဏက္ခန္ဓယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ဝိညာဏံ | ခန္ဓာ | |
| ခ | ဝိညာဏက္ခန္ဓာမှတပါး ခန္ဓာ ၄ ပါး | × | ။ | ဝိညာဏံ ဌပေတွာ အဝသေသာ ခန္ဓာ |
| ဂ | ဝိညာဏက္ခန္ဓာ | ။ | ။ | အာမန္တာ |
| ဃ | ခန္ဓဝိမုတ် (နိ၊ပ) | × | × | ဝိညာဏဉ္စ ခန္ဓေ စ ဌပေတွာ အဝသေသာ |

## ၄။ သုဒ္ဓခန္ဓမူလစက္ကဝါရ

ဤဝါရအနုလောမသည် သုဒ္ဓခန္ဓဝါရ အနုလောမနှင့်တူ၍ ပဋိလောမသည် ပဒသောဓနမူလစက္ကဝါရ ပဋိလောမနှင့် တူ၏။ ထို့ကြောင့် ဤဝါရ အတွက် ပြဘို့ရာ တာဝန်မရှိတော့ပါ၊ ရှေ့ဝါရများနိုင်လျှင် ဤဝါရလည်း ပိုင်ပါပြီ။

## ပဏ္ဏတ္တိဝါရ ဌာနအပြား

ဆ စတ္တာရိ ဆ ဆ စတု-ဌာနာနိ ကမတော သိယုံ။
ခန္ဓေသု ဣတိ ဆဗ္ဗီသ-ခန္ဓပဏ္ဏတ္တိဝါရကေ။

ဤဂါထာနှင့်အညီ ပဏ္ဏတ္တိဝါရ၌ သရူပဒဿနဝိဘင်းအဖြစ်ဖြင့် ထုတ်ရာ ဌာနသည် ရူပက္ခန္ဓ ၆-ဌာန, ဝေဒနာက္ခန္ဓ ၄-ဌာန, သညာက္ခန္ဓ ၆-ဌာန, သင်္ခါရက္ခန္ဓ ၆-ဌာန, ဝိညာဏက္ခန္ဓ ၄-ဌာနအားဖြင့် ၂၆-ပါး ရှိ၏။ ထိုတွင် ရူပက္ခန္ဓ ၆-ဌာနကား–

၁။ ပိယရူပံ သာတရူပံ၊
၂။ ရူပက္ခန္ဓော၊
၃။ ရူပက္ခန္ဓော ခန္ဓော စေဝ ရူပက္ခန္ဓော စ၊
၄။ အဝသေသာ ခန္ဓာ၊
၅။ ရူပံ ထပေတွာ၊
၆။ ရူပဉ္စ ခန္ဓေ စ ထပေတွာ တို့တည်း။

ကြွင်းဟာမကာဌာန။ ။သညာက္ခန္ဓ ၆-ဌာနရေတွက်ရာ၌ ပဌမဌာနကို "ဒိဋ္ဌိ သညာ" ဟုရင်း၊ သင်္ခါရက္ခန္ဓ ၆-ဌာန၌ ပဌမဌာနကို "သင်္ခါရက္ခန္ဓံ ထပေတွာ" ဟုရင်း ပြောင်းရိုးသာ။ အကြွင်း ဌာနများ တူ၏။ "ရူပက္ခန္ဓော, ရူပံ, ရူပဉ္စ" တို့နေရာဝယ် "သညာက္ခန္ဓော, သညံ, သညဉ္စ" ဟု ပြောင်းရဦးမည်ကိုလည်း သတိပြုပါ။ ရှေ့နှစ်ဌာနကို ပယ်လိုက်လျှင် ဝေဒနာက္ခန္ဓ ၄-ဌာန, ဝိညာဏက္ခန္ဓ ၄-ဌာန တို့ဖြစ်လာသည်။ ဤကျမ်း၌ ထိုထိုဝါရ အလိုက် တွေ့ခဲ့ရသည့်အတိုင်း ဌာနများကို ရှေ့နောက်စဉ်ထားပါသည်။ အရ ကောက်၌ကား- ဤသို့မဟုတ်ပါ။ ပဒသောဓနဝါရလာ (ဃ)အချက် ဝိဘင်း ပါဠိကို ဌာနအဖြစ်ဖြင့် မယူပါ။ သတိပြုလေ။

[ဆောင်] ပဏ္ဏဝါရ,နိဒ္ဒေသဉ္စ,ထုတ်ပြဌာနာ,ဆင့္ဂိသကို,သချာကျန, ရေကာ
ပြအံ့၊ ပိယရှုပံ,သာ (တ) ရှုပ်ကို,ဌာနံတချက်, နာမ်စွက်၍, ရှုပက္ခန္ဓာ,
တဌာန်ဟောလေ့၊ ရှုပက္ခန္ဓာ, ခန္ဓာ စေဝ, ပက္ခန္ဓာ စ,တဌာနတဲ့၊
ရှာကြတဖြာ, ဝသေသာကို, ခန္ဓာကူပြန်, တဆူဌာန်တည်း၊ ရှုပံ
ထပေတ္ဂာ,ဝိဘင်္ဂါကို,ယှဉ်ကာဖော်ပြ,တဌာနပင်၊ရှုပဥ္စနှင့်, ခန္ဓေ စပါ,
ထပေတ္ဂာလည်း,တခါတည်းဆက်, ဌာန်တချက်ဟု,နှစ်သက်ကြည်ဖြူ,
ပေါင်း၍ယူသော် ၆-ဆူဌာန, ရှုတွက်ရ၏၊ သညခြောက်မှာ, ဒိဋ္ဌ
သညာကို, ဦးစွာဌာန, လှယ်ရှံမျှတည်း၊ ခြောက်ဂသင်္ခါ, ဌာန်မှာ
လည်း, သင်္ခါရက္ခန္ဓံ, စတည့်ခံလှက်, ဆက်ရန်စင်စစ်, ပုဒ်ကိုစစ်၍,
ထပေတ္ဂာ, ဆက်ထည့်ကာဖြင့်, ဦးစွာဌာန, လှယ်ရှံမျှပင်, သေသ
ခန့်တွက်, ဌာန်လေးချက်မူ, နှစ်ချက်ရှေးကို, ဌာန်ပယ်ဆိုသည်။....။
သိလိုသူတို့ မှတ်ဖွယ်ကိုး။

**မှတ်ချက်**။ ။သရူပဒဿနဝိဘင်းကို ဌာနဟု ခေါ်၏။ ယခုစာအုပ်တို့ဝယ်— သုဒ္ဓသင်္ခါရဝါရ သင်္ခါရက္ခန္ဓယမက၌ "အာမန္တာ" ဝိဘင်းချည်း ရှိ၍ တချို့ရှေးစာအုပ်တို့၌ကား သရူပဒဿန ဝိဘင်းရှိသည်။ သရူပဒဿနဝိဘင်း ရှိသော ရှေးစာအုပ်များအရ ရေတွက်မှသာ သင်္ခါရက္ခန္ဓ ၆-ဌာနရ၍ ၂၆-ဌာန ရနိုင်ပါသည်။ "အာမန္တာ" ရှိသော ယခုစာအုပ်များအရ ရေတွက်လျှင်ကား သင်္ခါရက္ခန္ဓယမက ၆-ဌာနမရ, ၄-ဌာနသာ ရသောကြောင့် ၂၆-ဌာန မရနိုင်။ ၂၄-ဌာနသာ ရနိုင်ပါသည်။ ညောင်လေးပင်တောရကျောင်းတိုက်ဆရာတော် စီရင်အပ်သော သာရတ္ထမေဒိနီကျမ်း၌လည်း ၂၄-ဌာနသာ ရနိုင်ကြောင်း ပြ၍ အောက်ပါအတိုင်း ဂါထာပြင်ထားသည်ကို တွေ့ရပါသည်။

ဆ စတ္တာရိ ဆ စတ္တာရိ, စတ္တာရိ ကမတော သိယုံ။
ဌာနာနီတိ စတုဗ္ဗီသ, ခန္ဓပဏ္ဏတ္တိဝါရကေ။

**ပဏ္ဏတ္တိဝါရ ပြီး၏။**

## ၂။ ပဝတ္တိဝါရ

### အခြေခံမှတ်ဖွယ်

### ဘုံပုဂ္ဂိုလ်ရ သရုပ်ပြဇယား

| စဉ် | ပုဂ္ဂိုလ် ၁၂ / ဘုံ ၃၁ | | ဒု | သု | ဒွိ | တိ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | ပေါင်း | ပုဂ္ဂိုလ်အပြား ဂါကရားတွက်ပုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | အပါယ် | ၄ | ။ | | | | | | | | | | | | ၁ | ၄ × ၁ = ၄ |
| ၂ | လူ စာတုမဟာရာဇ် | ၂ | | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၁ | ၂ × ၁၁ = ၂၂ |
| ၃ | အထက်နတ်ပြည် | ၅ | | | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၀ | ၅ × ၁၀ = ၅၀ |
| ၄ | ဝေဟိုင် ရူပ | ၁၀ | | | | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၉ | ၁၀ × ၉ = ၉၀ |
| ၅ | အသညာ | ၁ | | ။ | | | | | | | | | | | ၁ | ၁ × ၁ = ၁ |
| ၆ | သုဒ္ဓါဝါသ | ၅ | | | | | | | | | | ။ | ။ | ။ | ၃ | ၅ × ၃ = ၁၅ |
| ၇ | အရူပ | ၄ | | | | ။ | | ။ | ။ | ။ | ။ | ။ | ။ | ။ | ၈ | ၄ × ၈ = ၃၂ |
| | ဘုံပေါင်း | ၃၁ | ၄ | ၃ | ၇ | ၂၁ | ၁၇ | ၂၁ | ၂၁ | ၂၁ | ၂၁ | ၂၆ | ၂၆ | ၂၆ | | ဂါကရား ၂၁၄ |

**အမှာ။** ။ဤ"ဘုံပုဂ္ဂိုလ်ရသရုပ်ပြဇယား"၏ အဓိပ္ပါယ်ကို နားလည်လွယ်စေရန် ပရမတ္ထသရုပဘေဒနီလာ, လက်ာဆောင်ပုဒ်ကို အခြေခံ၍ ရှင်းပြပါမည်။

[ဆောင်] အပါယ်ဒုဓ, လူနတ်စဋ္ဌ, ဒုးကော်ဒသ်, ထက်ငါးနတ်ဝယ်, အဟိတ်ပယ်လော့၊ ဆယ်ဘုံရူပ, တိဟိတ်ရအ၏၊ သညာသုသာ၊ ငါးသုဒ္ဓါမှာ, အရိယာခေါင်းဆုံ, သုံးယောက်စီရ၊ အရူပဝယ်, စမဂ်ပယ်သည် .... ရှစ်သွယ်တိဟိတ်မကြွင်းတည်း။

**ဘုံဖြင့်ပုဂ္ဂိုလ်မှတ်ပုံ။** ။ဖော်ပြပါဇယား၌ လက်ဝဲဖက်ရှိ ဘုံစဉ်ခေါင်းစည်းကို ကြည့်ပြီး အထက်တန်းပုဂ္ဂိုလ် ခေါင်းစည်းအောက်ရှိ (။)ပုဒ်မ သင်္ကေတကိုကြည့်လျက်၊

၁။ **အပါယ်ဒုရ**=အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တယောက်သာရ၏။

၂။ **လူနတ်စဉ့်ဒုပကော်ဒုသ်**—လူ့ဘုံ စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်မှတပါး ကျန် ၁၁–ယောက် ရ၏။

၃။ **ထက်ငါးနတ်ဝယ်, အဟိတ်ပယ်လော့** = အထက်နတ်ပြည် ငါးထပ်ဝယ် ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ်မှတပါး ကျန် ၁၀ ယောက် ရ၏။

၄။ **ဆယ်ဘုံရူပ, တိဟိတ်ရ၏** – ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ ၁၀-ဘုံ၌ တိဟိတ်ပုဂ္ဂိုလ် ၉–ယောက်ရ၏။

၅။ **သညသုသာ**—အသညသတ်ဘုံ၌ သုဂတိအဟိတ် တယောက်သာ ရ၏။

၆။ **ငါးသုဒ္ဓါမှာ အရိယာခေါင်ဆုံး သုံးယောက်ဝီရ**— သုဒ္ဓါဝါသ ၅-ဘုံ၌ အနာဂါမိ ဖလဋ္ဌာန် အရဟတ္တမဂ္ဂဋ္ဌာန် အရဟတ္တဖလဋ္ဌာန်ဟူသော အထက်ဆုံးအရိယာ သုံးယောက်စီရကြသည်။

၇။ **အရူပဝယ်။ မေ။ မကြွင်းတည်း** — အရူပဘုံ၌ တိဟိတ်ပုထုဇဉ် အဆုံး မဂ္ဂဋ္ဌာန် (သောတာပတ္တိမဂ္ဂဋ္ဌာန်)မှတပါး အရိယာ ၇-ယောက်အား ဖြင့် တိဟိတ်ပုဂ္ဂိုလ် ၈- ယောက်ရ၏။

**ပုဂ္ဂိုလ်ဖြင့် ဘုံမှတ်ပုံ။** ။ဖော်ပြပါဇယားဥပင် အထက်တန်းရှိ ပုဂ္ဂိုလ် ခေါင်းစည်းကိုကြည့်၍ လက်ဝဲဘက်ဘုံစဉ်ခေါင်းစည်း နှင့် တည့်တည့်ရှိ( ။ )ပုဒ်မသင်္ကေတကိုကြည့်လျက်—

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သည် အပါယ်လေးဘုံ၌သာ ဖြစ်၏။

၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်သည် လူ့ဘုံ,စတုမဟာရာဇ်ဘုံ, အသညသတ်ဘုံ တို့၌သာ ဖြစ်၏။

၃။ ဒွိဟိတ်ပုဂ္ဂိုလ်သည် ကာမသုဂတိ ၇- ဘုံ၌သာ ဖြစ်၏။

၄။ တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန် ၂, အလယ် မဂ္ဂဋ္ဌာန် ၂, ယောက် တို့သည် ကာမသုဂတိ ၇-ဘုံ, ဝေတိုင်ရူပ ၁၀-ဘုံ, အရူပ ၄-ဘုံတို့၌သာ ဖြစ်ကုန်၏။

၅။ သောတာပတ္တိမဂ္ဂဋ္ဌာန်သည် ကာမသုဂတိ ၇-ဘုံ, စေတုပ် ရူပ ၁၀-ဘုံ တို့၌သာ ဖြစ်၏။

၆။ အနာဂါမိဖလဋ္ဌာန် အရဟတ္တမဂ္ဂဋ္ဌာန် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်သည် ကာမသုဂတိ၇-ဘုံ အသညသတ်မှတပါး ရူပ ၁၅-ဘုံ အရူပ ၄-ဘုံ တို့၌သာ ဖြစ်ကုန်၏။

**ပုဂ္ဂိုလ်အပြား ဝါကရား။** ။ထိုထိုဘုံကိုတည်လျက် ထိုထိုဘုံ၌ ရထိုက်သော ပုဂ္ဂိုလ်အရေအတွက်ဖြင့် မြှောက်၍ ရလဒ်များကို ပေါင်းလျှင် ပုဂ္ဂိုလ်အပြား ဝါကရား (၂၁၄) ရသည်။ တွက်ပုံကို ဇယား၏ နောက်ဆုံးအကွက်မှာ ပြထားပါသည်။

## ပုဂ္ဂိုလ်ကို ပရိသန္ဓေ စုတိတို့ဖြင့် ခွဲဖန်ပုံ

[ဆောင်] သန္ဓေသာနေ, မစုံတကား, မရှိပြားတည့်၊ စုသာစုံတေ,သန်မနေမှာ, ဆုံးဖလဋ္ဌာ,တယောက်သာတည်း၊ နှစ်ပါးစုံရ,ပုဂ္ဂလကား,သေးပုထုဇ, ဖလအောက်သုံး, ပေါင်းရုံးသတ္တ, ခုနစ်ဝတည်း၊ နှစ်ပါးမရ, ထုတ်၍ ပြမူ,မဂ္ဂဋ္ဌလေး, ပုဂ္ဂိုလ်ရေးကို, မတွေးကြဘွယ်,လက်ချယ်သည် မှတ်ဖွယ်ဤတွင် အချုပ်တည်း။

၁။ ပရိသန္ဓေသာနေ၍ မစုတေသူမရှိပါ။

၂။ စုတေပြီးနောက် တဖန် ပရိသန္ဓေမနေသူကား အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တယောက်သာတည်း။ (သုဒ္ဓါဝါသ အနာဂါမ်သည် မိမိ ဖြစ်ခိုက်ဘုံ၌သာ ပရိသန္ဓေမနေပါ။ အထက်အထက်သုဒ္ဓါဝါသ ဘုံ၌ကား ပရိသန္ဓေနေသေးသည်။ ဤ၌ လုံးဝပရိသန္ဓေမနေသူကိုသာ ဆိုလိုပါသည်)

၃။ စုလည်း စုတေ ပရိသန္ဓေလည်းနေသူတို့ကား ပုထုဇဉ် ၄၊ အောက်, ဖလဋ္ဌာန် ၃-ယောက်အားဖြင့် ၇-ယောက်တည်း။

၄။ ပရိသန္ဓေလည်းမနေ,သေလည်းမသေသူတို့ကား မဂ္ဂဋ္ဌာန် ၄-ယောက် တည်း။

**မှတ်ချက်။** ။ပြအပ်ပြီးအခါပွာယ်တို့ကို အကျဉ်းချုပ်လိုက်လျှင် ဖော်ပြလတံ့အတိုင်း ဖြစ်သည်။

၁။ ပဉ္စဝေါကာရ ၂၆-ဘုံ၌ ပုဂ္ဂိုလ် ၁၂-ယောက်လုံး ရသည်။

၂။ စတုဝေါကာရ (အရူပ) ၄-ဘုံ၌ တိဟိတ်ပုထုဇဉ်, သောတာပတ္တိမဂ္ဂဋ္ဌာန်မှတပါးသော အရိယာ ၇-ယောက်အားဖြင့် တိဟိတ်ပုဂ္ဂိုလ် ၈-ယောက်ရသည်။

၃။ ဧကဝေါကာရ (အသညသတ်) ဘုံ၌ သုဂတိအဟိတ်တယောက်သာ ရသည်။

**ဉ-စ အရ ပုဂ္ဂလ။** [ဉ=ဉပပဇ္ဇန္တ။ စ=စဝန္တ။] ထိုထိုဘုံ၌ ရထိုက်သော ပုဂ္ဂိုလ်တို့တွင် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်များကို ပဝတ္တိဝါရ၌ မဟောသဖြင့် နုတ်ပါ။ ကျန်ပုဂ္ဂိုလ်တို့တွင် အနာဂတသဒ္ဒါ မပါသော ဝါရတို့၌ ဉပပဇ္ဇန္တအရ ထိုထိုဘုံ၌ ရထိုက်သော ပုဂ္ဂိုလ်တို့တွင် အရဟတ္တဖလဋ္ဌာန်မှ တပါးသော ပုဂ္ဂိုလ်များကို သာကောက်၍ စဝန္တအရ၌ အရဟတ္တဖလဋ္ဌာန်ပါ ထည့်ကောက်ပါ။ ခပ်သိမ်းသော ဉပပဇ္ဇန္တ၌ ပုထု ၄၊ အောက်ဖလဋ္ဌာန် ၃၊ စဝန္တ၌ပုထု ၄၊ ဖလဋ္ဌာန် ၄-ယောက်ကောက်လေ။ အနာဂတ သဒ္ဒါပါသော ဝါရတို့အတွက် ပုဂ္ဂိုလ်ကောက်ပုံကို အနာဂတဝါရရောက်မှ ပြပါအံ့။

**ဟော မဟော ခဏ ပုဂ္ဂလ။** ။ဤခန္ဓယမိုက်ပဝတ္တိဝါရ၌ ဉပ္ပါဒ်နှင့် နိရောဓတို့ကို ဉပါဒ်ခဏ ဘင်ခဏနှင့် စပ်၍သာ ဟောတော်မူ၏။ ပဝတ္တိအခါ၌ ဖြစ်ပျက်နေကြသော ရုပ်နာမ်တရားတို့၏ ဉပါဒ်ခဏ ဘင်ခဏနှင့်စပ်၍ ဟောတော်မူသည် မဟုတ်ပါ။ (ဉပါဒ်အရ ပဋိသန္ဓေအခါဝယ် ရုပ်နာမ်တို့၏ စ၍ဖြစ်မှုကိုယူ၍ ဘင်အရ စုတိအခါဝယ် ရုပ်နာမ်တို့၏ ချုပ်ပျက်မှုကို ယူပါ။ ပဋိသန္ဓေစိတ်၏ ဘင်ခဏနှင့် စုတိ၏ ဉပါဒ်ခဏကို ပဝတ္တိ၌ သွင်းသည်။)

ထို့ကြောင့် "ပုထု ဖလ, ၈-ယောက်မျှ, ဟောထ ပဝတ္တိ" နှင့်အညီ ပုဂ္ဂိုလ် ၁၂-ယောက်တွင် ပဋိသန္ဓေနေမှု စုတေမှုတခုခုရသော ပုထု ၄၊ ဖလဋ္ဌာန် ၄ အားဖြင့် ၈ ယောက်သာ ဟောတော်မူသည်။ မဂ္ဂဋ္ဌာန် ၄ ယောက်ကိုကား

ဟောတော်မမူပါ။ မှန်၏-မဂ္ဂသည် ကေစိတ္တက္ခဏကတ္တာ၊ မဂ်စိတ်က စိတ္တက္ခဏ တချက်သာရှိသောကြောင့် မဂ္ဂဋ္ဌာန်အဖြစ်ဖြင့် ပဋိသန္ဓေလည်းမနေ, သေလည်း မသေကြ၊ ထို့ကြောင့် စုတိပဋိသန္ဓေနှင့်စပ်၍ ဟောအပ်ရာ ဤပဝတ္တိဝါရ၌ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကို ဟောတော်မမူပါ။

**ဘုံ ၃-မျိုး။** ။"အနန္တစကြဝဠာ" ဟူသည့်အတိုင်း စကြဝဠာဘုံတို့သည် မရေမတွက်နိုင်အောင် များပြောင်၏။ ထိုသို့များပြောင်သော်လည်း ဖြစ်သောခန္ဓာအားဖြင့် သဘောတူရာပေါင်း၍ ခွဲခြားလျှင်—

၁။ ခန္ဓာ ၅-ပါး၏သာ ဖြစ်ရာဖြစ်သော ပဉ္စဝေါကာရဘုံ၊ (ကာမ ၁၁၊ အသညသတ်မှတပါးသော ရူပ ၁၅ဘုံ၊ ပေါင်း ၂၆ ဘုံ ရှိ၏။)

၂။ နာမ်ခန္ဓာ ၄ ပါး၏သာ ဖြစ်ရာဖြစ်သော စတုဝေါကာရဘုံ (အရူပ ၄ ဘုံ)

၃။ ရုပ်ခန္ဓာ ၏သာ ဖြစ်ရာဖြစ်သော ဧကဝေါကာရဘုံ(အသညသတ်ဘုံ) အားဖြင့် ၃ မျိုးသာရှိပါသည်။

**ပုဂ္ဂိုလ် ၃ မျိုး။** ။ပုဂ္ဂိုလ်သည်ကား ထိုဘုံထက်ပင် များသေး၏။ သို့သော် အသိဉာဏ်အဆင့်အတန်းအားဖြင့် ခွဲခြားလျှင် "ဒု—သု— ဒွိ—တိ, ယာအရိ ရှစ်,တကျိပ်နှစ်, မှတ်လစ်ပုဂ္ဂိုလ်ပြား" ဟူသည့်အတိုင်း ၁၂-ယောက်ရှိ၏။ ၎င်းကို တဖန် ရသော (ဖြစ်သော) ခန္ဓာအားဖြင့် သဘောတူရာပေါင်း၍ ခွဲခြားပြန်လျှင်—

၁။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သဖြင့် ခန္ဓာ ၅ ပါးလုံးရသော ပဉ္စဝေါကာရ ပုဂ္ဂိုလ်။ (ကာမပုဂ္ဂိုလ်များနှင့် အသညသတ်မှတပါးသော ရူပ ပုဂ္ဂိုလ်။)

၂။ စတုဝေါကာရဘုံ၌ဖြစ်သဖြင့် နာမ်ခန္ဓာ ၄ ပါးသာရသော စတု ဝေါကာရပုဂ္ဂိုလ် (အရူပပုဂ္ဂိုလ်။)

၃။ ဧကဝေါကာရဘုံ၌ဖြစ်သဖြင့် ရူပက္ခန္ဓာတပါးသာရသော ဧကဝေါ ကာရပုဂ္ဂိုလ် (အသညသတ်ပုဂ္ဂိုလ်) အားဖြင့် ၃–မျိုးသာရှိသည်။

**ပဉ္စဝေါကာရ။** ။ ဝေါကာရသဒ္ဒါသည်၊ "ဝေါကာရေ လာမကေ ခန္ဓေ" ဟူသော အဘိဓာန်(၁၁၂၇)လာအနက်တို့တွင် ဤနေရာ

ခန္ဓာဟူသော အနက်ကိုဟော၏၊ ကာမပုဂ္ဂိုလ်များနှင့် အသညသတ်မှတပါး သော ရူပဗြဟ္မာများကို "ပဉ္စဝေါကာရ ပုဂ္ဂိုလ်"ဟုခေါ်၏၊ (ပဉ္စ=ငါးပါး သော၊ ဝေါကာရ=ခန္ဓာ ရှိသောပုဂ္ဂိုလ်)၊ ချဲ့ဦးအံ့— "သေသာ ရူပါရူပ ပဋိသန္ဓိကာ"ဟူသော ဝိဘာဝိနီဋီကာဟာနှင့်အညီ ထိုပုဂ္ဂိုလ်တို့သည် ပဉ္စဝေါ ကာရ ပဋိသန္ဓေပန်ရသ (ကာမပဋိသန္ဓေ ၁၀၊ ရူပ ပဋိသန္ဓေ ၅ ) စေတသိက် ပဉ္စတိံသဟူသော နာမ်ပဋိသန္ဓေနှင့် ဂဗ္ဘသေယျကဖြစ်လျှင် ကမ္မဇကလာပ် ၃–စည်း၊ သံသေဒဇ ဩပပါတိက ဖြစ်လျှင် ၇ စည်း၊ ရူပဗြဟ္မာများဖြစ်လျှင် ၄ စည်း ဟူသော ရုပ်ပဋိသန္ဓေတို့ဖြင့် ပဋိသန္ဓေတည်နေကြ၍ ထိုရုပ်နာမ်တို့ ဖြင့်ပင် စုတေကြ၏။ ထိုတရားတို့ကို ခန္ဓာဖွဲ့သော် ၅ ပါးရသောကြောင့် ထိုပုဂ္ဂိုလ်များကို "ပဉ္စဝေါကာရ" ပုဂ္ဂိုလ်ဟုခေါ်သည်။ ဤအဓိပ္ပါယ်တို့ကို နားလည်စေရန်—

၁။ ဂဗ္ဘသေယျကသတ္တာနံ ပန,

၂။ ပဋိသန္ဓိယံ ပန။

၃။ ရူပလောကေ ပန စသော ရုပ်ပိုင်းလာ ဤပါဠိ ၃-ရပ်ကို ကျက် မှတ်၍ သဘောပေါက်အောင်ကြည့်ပါ။

[ဆောင်] ၁။ ဂဗ္ဘ သေယျက, ရည်ရွယ်က်, သုံးဝကမ္မဇာ၊
၂။ သံသေ-ဩပ, ခုနစ်ဝ, ရူပ လေးစည်းသာ။

**စတုဝေါကာရ**။ ။"အရူပါ အရူပပဋိသန္ဓိကာ" ဟူသော ဝိဘာဝိနီဋီကာ နှင့်အညီ အရူပဗြဟ္မာတို့သည် အရူပဝိပါက် ၄ ခု စေတသိက်တိံသ ဟူသော နာမ်တရားတို့ဖြင့်သာ ပဋိသန္ဓေ တည်နေကြ၍ ထိုနာမ်တရားတို့ဖြင့်ပင် စုတေကြ၏။ ထိုနာမ်တရားတို့ကို ခန္ဓာဖွဲ့သော် နာမ်ခန္ဓာ ၄-ပါးသာရသောကြောင့် အရူပဗြဟ္မာများကို "စတုဝေါကာရ" ပုဂ္ဂိုလ်ဟုခေါ်သည်။ (စတု = ၄-ပါးသော၊ ဝေါကာရ = ခန္ဓာရှိသော ပုဂ္ဂိုလ်။)

**ဧက ဝေါကာရ**။ ။"အသညသတ္တာနံ ပန ဇီဝိတနဝကမေဝ ပဋိသန္ဓိ ဘာဝေန ပတိဋ္ဌာတိ၊ တသ္မာ တေ ရူပပဋိသန္ဓိကာ နာမ"ဟူသော ဝိဘာဝိနီဋီကာဟာနှင့်အညီ အသညသတ် ဗြဟ္မာများသည် ဇီဝိတနဝက

ကလာပ်ဖြင့် ပဋိသန္ဓေတည်နေကြ၍ ထိုရုပ်ဖြင့်ပင် စုတေကြ၏။ ထိုကလာပ်ကို ခန္ဓာဖွဲ့သော် ရူပက္ခန္ဓာတပါးသာရသောကြောင့် အသညသတ်ဗြဟ္မာကို "ဧကဝေါကာရ" ပုဂ္ဂိုလ်ဟုခေါ်သည်။ (ဧက=တပါး သော၊ ဝေါကာရ=ခန္ဓာရှိသောပုဂ္ဂိုလ်)

**ဝိဘင်းနေပုံ။** ။ တဖက်ရချင်း၊ နှစ်ဖက်ချင်း၌၊ ဝိဘင်းတိုက်ကာ၊ ကြုံကြိုက်လာသော်၊ သမ္ဗာဒ္ဒါန၊ သာဓေရဏနှင့်၊ သုဒ္ဓပဉ္စာ၊ အရူပါဟု၊ သညာဘာဝ၊ စဉ်ကာပြလော့၊ ပဉ္စအရူ ၃-စတုလျှင်၊ အရူရှေးဟု၊ အလေးပြု၍၊ စတုဝေါကာ၊ ဝေါကာရတည်း၊ သုဒ္ဓါကြွင်းလည်း၊ ရတုဖြစ်သော်၊ ပဉ္စဝေါက၊ ယှဉ်ယောကြ၍၊ ခန္ဓာမိုက်၊ ထဲဖြိုက်၏၊ ယမိုက်အာခေ၊ ရောက်သောခါဝယ်၊ ဝေါကာပဉ္စ၊ ဝိဘင်းမှလျှင်၊ ကာမရူပါ၊ ခွဲယူပါမှ၊ ဌာနသတ္တ၊ တွေ့ကြုံရလိမ့်၊ သညာအရူ၊ အရူဘူလျှင်၊ အရူနောက်ပါး၊ သဉ်ရွှေသွား၏၊ တွေ့ငြားကာမ၊ ကြွင်းရူပနှင့်၊ သုဒ္ဓဝါသာ၊ တူကြရာဝယ်၊ ဝေါကာပဉ္စ၊ နှောကာပြလော့၊ သုဒ္ဓကြွင်းရူ၊ သဉ်ကြွင်းရူတို့၊ ချင်းတူ ၃-စ၊ ရတုကြသော်၊ ရူပစရာ၊ ထုတ်ပြကာဖြင့်၊ ရူပါရူပ၊ ရတုကြမှ၊ ရူပရူပါ၊ ဝစရာတဲ့၊ ကာမာကြွင်းရူ၊ အရူတူလျှင်၊ စတုပဉ္စဝေါကာရသည့် ... ဟောကြဝိဘင်းနေပုံတည်း။

**အောက်ရချင်း ။ပေ။ စဉ်ကာပြလော့။** ။ခန္ဓယမိုက် ပဝတ္တိဝါရ၌ တွေ့ရမည့် ဝိဘင်း တို့ သည် သမ္ဗဒ္ဒါနဝိဘင်း၊ သာဓေရဏဝိဘင်း၊ သုဒ္ဓါဝါသဝိဘင်း၊ ကြွင်းပဉ္စဝေါကာရဝိဘင်း၊ အရူပဝိဘင်း၊ အသညသတ် ဝိဘင်း ဟု ၆-မျိုးရှိ၏။ ဝိဘင်းတခုနှင့်တခု တဖက်ရချင်း နှစ်ဖက်ရချင်း အရာ၌ရာ၌ ဤအစဉ်အတိုင်း ရှေ့နောက်စဉ်၍ ထုတ်ပါ။ အရမတူရာ၌ တဖက်ရကိုရှေ့၊ နှစ်ဖက်ရကိုနောက်ထား၍ ထုတ်ပါ။ ပဝတ္တိဝါရ၌ ဝိဘင်း ခြောက်ချည်းတည်း။ "သစ္ဆေသံ ဥပပဇ္ဇန္တာနံ၊ သဗ္ဗေသံ စဝန္တာနံ" ကို သမ္ဗဒ္ဒါန ဝိဘင်းဟုရင်း၊ "ပဝတ္တိပဝတ္တာနံ၊ ပရိနိဗ္ဗန္တာနံ" ကို သာဓေရဏ ဝိဘင်းဟုရင်း ခေါ်သည်။

**ပဉ္စအရူ ။ပေ။ ဝေါကာရတည်း။** ။တချို့နေရာ၌ ပဉ္စဝေါကာရနှင့် အရူပတို့ ဥပပဇ္ဇန္တချင်း စဝန္တချင်း မိဿကချင်း အရတူတတ်၏။ ထိုသို့တူရာ၌ အရူပကို "စတုဝေါကာရ" ဟုပြောင်း၍ ရှေ့က

ထားရမည်။ ("စတုဝေါကာရံ-ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ" ဟုရင်း၊ "စတုဝေါကာရာ ပဉ္စဝေါကာရာ စဝန္တာနံ" ဟုရင်း "စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ" ဟုရင်း အရာဌာနအား လျော်စွာထုတ်ပါ ဟူလို)။

**သုဒ္ဓါကြွင်း ပဉ် ။ပေ။ ယှဉ် ဟောကြဟု။** ။တချို့နေရာ၌ သုဒ္ဓါဝါသနှင့် ကြွင်းပဉ္စဝေါကာရတို့ ဥပပဇ္ဇန္တချင်း စဝန္တချင်း မိဿကချင်း အရတူဘတ်၏။ ထိုသို့တူရာ၌ ပဉ္စဝေါကာရ ဟု ပေါင်း၍ထုတ်ရမည်၊ ("ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ" ဟုရင်း၊ "ပဉ္စဝေါကာရာ စဝန္တာနံ" ဟုရင်း ပဉ္စဝေါကာရာနံဟုရင်း အရာဌာနအားလျော်စွာ ထုတ်ပါ ဟူလို)။

**ယမိုက်အာစာ ။ပေ။ နောက်အရှုတည်း။** ။အထက်၌ ပြအပ်သော ခန္ဓယမိုက် ဝိဘင်း ၆-မျိုး၊ တွင်း ပဉ္စဝေါကာရ ဝိဘင်းကို ကာမ—ရူပ ဟု စွဲလျှင် ၇-မျိုးဖြစ်၏၊ ထို ၇-မျိုးကို အာယတနယမိုက် ပဝတ္တိဝါရ၌ တွေ့ရပါလိမ့်မည်၊ အာယတနယမိုက်၌ အသညသတ်နှင့် အရူပတို့ အရတူလျှင် အသညသတ်ကိုရှေ့, အရူပကို နောက်ထားရမည်။

**တွေ့ငြာကာမ ။ပေ။ ထုတ်ပြကာဖြင့်။** ။ ကာမနှင့်ကြွင်းရူပတို့အရတူရာ၌ရင်း ကာမ ကြွင်းရူပနှင့် သုဒ္ဓါဝါသတို့ အရတူရာ၌ရင်း၊ "ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ" စသည်ဖြင့် ပေါင်း၍ထုတ်ပါ၊ သုဒ္ဓါဝါသနှင့် ကြွင်းရူပတို့ အရတူရာ၌ရင်း ကြွင်းရူပနှင့် အသညသတ်တို့ အရတူရာ၌ရင်း သုဒ္ဓါဝါသ ကြွင်းရူပနှင့် အသညသတ်တို့ အရတူရာ၌ရင်း "ရူပါဝစရံ ဥပပဇ္ဇန္တာနံ, ရူပါဝစရာ စဝန္တာနံ, ရူပါဝစရာနံ" စသည်ဖြင့် အရာဌာန အားလျော်စွာကြည့်၍ ပေါင်းထုတ်ရမည်။

**ရူပါရူပ ။ပေ။ ဝစရာတွဲ။** ။ကြွင်းရူပနှင့် အရူပတို့အရတူရာ၌ရင်း သုဒ္ဓါဝါသ ကြွင်းရူပနှင့်အရူပတို့အရတူရာ၌ရင်း, သုဒ္ဓါဝါသ, ကြွင်းရူပ, အသညသတ်နှင့် အရူပတို့အရတူရာ၌ရင်း " ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇန္တာနံ, ရူပါဝစရာ အရူပါဝစရာ စဝန္တာနံ, ရူပါဝစရာနံ အရူပါဝစရာနံ" စသည်ဖြင့် ပေါင်းထုတ်ပါ။

**ကာမ ကြွင်းရှု ။ဥစ။ ဝေါကာရသည်။** ။ကာမ ကြွင်းရှုပနှင့် အရှုပတို့အရကာသော် "စတုဝေါကာရံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ, စတုဝေါကာရာ ပဉ္စဝေါကာရာ စဝန္တာနံ, စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ" စသည်ဖြင့် ထုတ်ပါလေ။

**ကာမကြွင်းရှု။ဥပ။ဝေါကာရသည်။** ။ကာမ ကြွင်းရှုပနှင့်အရှုပတို့အရတူသော် စတုဝေါကာရံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ စသည်ဖြင့် အနုဋ္ဌာနအားလျော်စွာ ပေါင်း၍ထုတ်ရမည်။

## ပုဂ္ဂလဂါရ (၆) ဝါရ

| စဉ် | ပုဂ္ဂလ | | | ပွန် | | ဩတ | | နှာ | |
|---|---|---|---|---|---|---|---|---|---|
| | | | | ဖြစ် | ချုပ် | ဖြစ် | ချုပ် | ဖြစ် | ချုပ် |
| ၁ | ပဉ္စ+ဖြစ်ပြန် ပုဂ္ဂိုလ် | (က) ပဉ္စဝေါကာရ | ဥ | ၅ | × | ၅ | ၅ | ၅ | ၅ |
| | | | စ | × | ၅ | ၅ | ၅ | ၅ | ၅ |
| | | (ခ) အရူပ | ဥ | ၄ | × | ၅ | ၅ | ၅ | ၅ |
| | | | စ | × | ၄ | ၅ | ၅ | ၅ | ၅ |
| | | (ဂ) အသညသတ္တ | ဥ | ၁ | × | ၅ | ၅ | ၅ | ၅ |
| | | | စ | × | ၁ | ၅ | ၅ | ၅ | ၅ |
| ၂ | အရူ+ပဉ္စ ပုဂ္ဂိုလ် | (က) ပဉ္စဝေါကာရ | ဥ | ၅ | × | ၅ | ၅ | ၄ | ၅ |
| | | | စ | × | ၅ | ၅ | ၅ | ၄ | ၄ |
| | | (ခ) အရူပ | ဥ | ၄ | × | ၅ | ၅ | ၄ | ၄ |
| | | | စ | × | ၄ | ၅ | ၅ | ၄ | ၄ |
| ၃ | ပဉ္စမဘာဝိက ပုဂ္ဂိုလ် | (က) ပဉ္စဝေါကာရ | ဥ | ၅ | × | ၅ | ၅ | × | ၅ |
| | | | စ | × | ၅ | ၅ | ၅ | × | × |
| | | (ခ) အရူပ | ဥ | ၄ | × | ၅ | ၅ | × | ၄ |
| | | | စ | × | ၄ | ၅ | ၅ | × | × |

**သင်္ကေတလမ်းညွှန်။** ။ဖော်ပြပါဇယား၌ **ပဥ**—ဖြစ်ပြီးနှင့် ဖြင့် ပဉ္စဝေါကာရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့ကိုရင်း၊ **အရူ ပရိ** ဖြင့် အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတံ့သော ပုဂ္ဂိုလ်တို့ကိုရင်း၊ ပစ္ဆိမဘဝိကဖြင့် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့ကိုရင်း ညွှန်ပြသည်၊ **ဥ** ဖြင့် ဥပပဇ္ဇန္တ ပုဂ္ဂိုလ်၊ **စ** ဖြင့် စဝန္တပုဂ္ဂိုလ်၊ **ပွန်** ဖြင့် ပစ္စုပ္ပန်၊ **တိတ်** ဖြင့် အတိတ်၊ **နာ** ဖြင့် အနာဂတ်ကို ညွှန်ပြ၍ သင်္ကေတတို့တွင် ၅-ဖြင့် ခန္ဓာ ၅-ပါး၊ ၄-ဖြင့် နာမက္ခန္ဓာ ၄-ပါး၊ ၁-ဖြင့် ရူပက္ခန္ဓာတပါးကို ဝါရအားလျော်စွာ ရသည်ကိုရင်း (×) ကြက်ခြေဖြင့် ခန္ဓာ ၅-ပါးလုံး မရသည်ကိုရင်း ညွှန်ပြပါသည်။

**လှော့လာနည်းလမ်းညွှန်။** ။ဖော်ပြထားသော ဇယားကို ကျောက်သင်ပုန်း၌ဖြစ်စေ၊ စာရေးရာဘော (ဘလက်ဘုတ်)၌ဖြစ်စေ ပုံတူကူးရေး၍ မိမိဟောလိုရာ ဝါရအကွက်၌ ဂဏန်းထည့်ပါ။ အကွက်တိုင်း မထည့်ပါနှင့်။ထည့်လျှင် မျက်စိရှုပ်သွားပါလိမ့်မည်။ ဤ၌ကား ပုဂ္ဂလ ၆-ဝါရ လုံးအတွက်ပုံစံပြဇယားဖြစ်၍ အကွက်တိုင်း ထည့်ထားပါသည်။ဥပမာ - ပစ္စုပ္ပန္န ဝါရကို ဟောမည်ဆိုလျှင် **ပွန် ဖြစ် ချုပ်** အကွက်၌သာ ထည့်ပါ။

**ဟောနည်းလမ်းညွှန်။** ။ဟောရာအခါ၌ သန္နိဋ္ဌာန်ပုဒ် အရဖြစ်သော ပုဂ္ဂိုလ်များကို(√)ဤကဲ့သို့ ဝဲထိုး၍သင်္ကေတ ပြထားပါ။ ထို့နောက် ထိုပုဂ္ဂိုလ်တို့ကို သံသယ(အမေး)နှင့် ညီ မညီ စိစစ်ကြည့်ပါ။ တချို့နေရာ၌ သန္နိဋ္ဌာန်အရ ပုဂ္ဂိုလ်အားလုံး သံသယနှင့် ညီနေသည်ကို တွေ့ရတတ်၏။ထိုအခါ "အာမန္တာ"ဟု ထုတ်ပါ။ တချို့နေရာ၌ အကုန်လုံး မညီသည်ကိုလည်း တွေ့ရတတ်သေး၏။ ထိုအခါ "နော"ဟု ထုတ်ပါ။ တချို့နေရာ၌ တချို့ကသာ ညီ၍ တချို့က မညီသည်ကိုတွေ့ရတတ်ပြန်၏။ ထိုသို့ ညီ မညီ ကွဲပြားရာဝယ် ညီသော ပုဂ္ဂိုလ်၏ (√)ဝဲသင်္ကေတပေါ်၌ ၂-ဂဏန်းရေးပါ။ မညီသောပုဂ္ဂိုလ်၏ (√) ဝဲသင်္ကေတပေါ်၌ ၁-ဂဏန်း ရေးပါ။ ဥပမာ—ဝဲတစ် (√¹)၊ ဝဲနှစ်(√²)။

ဝဲတစ်(√¹)ဖြင့် သန္နိဋ္ဌာန် တဖက်အရကို ညွှန်ပြ၍ ဝဲနှစ်(√²)ဖြင့် သန္နိဋ္ဌာန် သံသယ နှစ်ဖက်အရကို ညွှန်ပြ၏။ ထိုသို့ ညွှန်ပြသဖြင့် တဖက်ရ နှစ်ဖက်ရ ပေါ်လွင် ထင်ရှားသောကြောင့် ဝိဘင်းထုတ်ရာ၌ ရှင်းလင်းလွယ်ကူလှပါသည်။

ယမက တခုတခု၌ အနုလုံ ပစ္စနိက် ဥပ္ပါဒ နိရောဓ ဥပ္ပါဒနိရောဓ ဆက်ဟော ပါ။ ဥပ္ပါဒသတ်သတ် နိရောဓသတ်သတ် ခွဲမဟောပါနှင့်။ ခွဲဟောလျှင် အဆက်အစပ်ဝေးသဖြင့် လေ့လာသူတို့ သန္တာန်ဝယ် အသိဉာဏ် ရှုပ်ထွေးစေ တတ်ပါသည်။

## ၁။ ပစ္စုပ္ပန္နဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကို ဟောရာ၌ ဇယားနံပါတ်(၁) အကွက်ကို ကြည့်ရမည်။ ပွန် ဖြစ်–ချုပ် အကွက်တို့၌သာ သင်္ကေတ ထည့်ပါ။ ဤကဲ့သို့ တကွက်တည်းသာ ကြည့်၍ ဟောရမည့်ဝါရတို့၌ ပဋ္ဌ–ဖြစ် ပြန် စသောစကားကို သုံးရန်မလိုသေး။ နောက်ဝါရတို့၌လည်း ဤနည်းတူ မှတ်ပါ။ ဥပ္ပါဒဝါရ အနုလုံကို ဟောလျှင် ဖြစ်အကွက်၊ နိရောဓဝါရ အနုလုံ ကို ဟောလျှင် ချုပ်အကွက်၊ ဥပ္ပါဒနိရောဓဝါရ အနုလုံနှင့် ပစ္စနိက်တို့ကို ဟော လျှင် ဖြစ် - ချုပ် နှစ်ကွက်လုံးကြည့်ရမည်။ ဖြစ်ဆဲပုဂ္ဂိုလ်အား ချုပ်ဆဲ မရ၊ ချုပ်ဆဲပုဂ္ဂိုလ်အားလည်း ဖြစ်ဆဲ မရဟု စွဲမြဲစွာ မှတ်ထားပါ။

### ဇယားအဓိပ္ပာယ်

**(က) ပဥ္စဝေါကာရ။** ။ပဥ္စဝေါကာရ ဉ နှင့်တည့်တည့် ပွန် ဖြစ်အကွက် ၅ ချုပ်အကွက်တို့၌ (×)ကြက်ခြေ ရှိ၏။ ထိုသင်္ကေ တတို့ကို ကြည့်၍ "ပဥ္စဝေါကာရ ဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား ခန္ဓာ၅–ပါးလုံး ဖြစ်ဆဲ ချုပ်ဆဲ မဟုတ်"ဟု ဆိုပြပါ။ ဆိုစေပါ။ ၎င်း စ နှင့်တည့်တည့် ပွန် ဖြစ်အကွက် (×)ကြက်ခြေ ချုပ်အကွက်တို့၌ကား ၅-ရှိ၏။ ထိုသင်္ကေတများကို ကြည့်၍ လည်း "ပဥ္စဝေါကာရ စဝန္တပုဂ္ဂိုလ်တို့အား ခန္ဓာငါးပါးလုံးဖြစ်ဆဲ မဟုတ်၊ ချုပ်ဆဲ"ဟု ဆိုပြပါ။ ဆိုစေပါ။

**(ခ)အရူပ။** ။အရူပဉနှင့်တည့်တည့် ပွန်အကွက်၌ ၄-နှင့်(×)စနှင့် တည့်တည့် ၌(×)ကြက်ခြေနှင့် ၄-တို့ ရှိကြ၏။ ၎င်းတို့ကို ကြည့်၍ "အရူပ ဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား နာမ်ခန္ဓာ ၄-ပါးသာ ဖြစ်ဆဲ၊ ရူပက္ခန္ဓာဖြစ်ဆဲ မဟုတ်

ခန္ဓာ ၅-ပါးလုံး ချုပ်ဆဲမဟုတ်ဟုရင်း၊ အရူပစဝနပုဂ္ဂိုလ်တို့အား ခန္ဓာ ၅-ပါးလုံး ဖြစ်ဆဲ မဟုတ်၊ နာမ်ခန္ဓာ ၄-ပါးသာ ချုပ်ဆဲ၊ ရူပက္ခန္ဓာ ချုပ်ဆဲ မဟုတ်''ဟုရင်း ဆိုပြပါ။ ဆိုစေပါ။

(ဂ) အသညသတ္တ။ ။အသညသတ် ဥနှင့်တည့်တည့် ပွန်အကွက်၌ ၁-နှင့် (×)စနှင့်တည့်ဘည့်၌ (×)နှင့် ၁-တို့ ရှိကြ၍ ရင်းတို့ကို ကြည့်ပြီး"အသညသတ်ဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာသာ ဖြစ်ဆဲ၊ နာမ်ခန္ဓာ ၄-ပါးလုံး ဖြစ်ဆဲ မဟုတ်၊ ခန္ဓာ ၅-ပါးလုံး ချုပ်ဆဲ မဟုတ်ဟုရင်း အသညသတ် စဝန္တပုဂ္ဂိုလ်တို့အား ခန္ဓာ ၅-ပါးလုံး ဖြစ်ဆဲ မဟုတ်၊ ရူပက္ခန္ဓာသာ ချုပ်ဆဲ၊ နာမ်ခန္ဓာ ၄-ပါး ချုပ်ဆဲ မဟုတ်''ဟုရင်း ဆိုပြပါ။ ဆိုစေပါ။

## သုဒ္ဓဝါဘင်းနှင့် အရကောက်ဆိုရိုး

## က။ ပစ္စုပ္ပန္နဝါရ ၂-ချက်

၁။ ပစ္စုပ္ပန္နဝါရ, ဥ=ပစ္စုပ္ပန္နဝါရ၏ ဥပ္ပဇ္ဇန္တဝါရ်။

**ဆိုရိုး**—[ပစ္စုပ္ပန္နဝါရပုဂ္ဂိုလ်သဒ္ဒေ ပန္နရသ၊ စေ-ပဉ္စတိံသ၊ ကမ္မဇကလာပ် ၃ စည်း၊ ၇-စည်း၊ ၄-စည်းတို့၏ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပစ္စုပ္ပန္နဝါရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ် ၄-ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက် (တို့အား ပစ္စုပ္ပန္နဝါရ ၂၆-ဘုံ)ရ၏။]

၂။ ပစ္စုပ္ပန္နဝါရ—စ=ပစ္စုပ္ပန္နဝါရ၏ စဝန္တဝါရ်။

**ဆိုရိုး**—[ပစ္စုပ္ပန္နဝါရစုတိ ပန္နရသ၊ စေ-ပဉ္စတိံသ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ပစ္စုပ္ပန္နဝါရစဝန္တဖြစ်သော ပုထုဇဉ် ၄၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်(တို့အား ပစ္စုပ္ပန္နဝါရ ၂၆ - ဘုံ) ရ၏။]

**အမှာ။** ။ပဋိသန္ဓေနှင့်တကွ၌ ကမ္မဇရုပ်တို့ အတိအကျ ဖြစ်ကြ၍ စုတိနှင့်တကွ၌ အတိအကျ ချုပ်ကြသည် မဟုတ်ပါ။ ထို့ကြောင့် "အဆုံးစွန်သော ကမ္မဇရုပ်တို့၏''ဟု သာမညသာ ဆိုပါသည်။ ကွင်းအတွင်းရှိ ဘုံသတ်

စကားရပ်များသည် ပုဂ္ဂလောကာသဝါရအတွက် ဖြစ်ပါသည်။ ပုဂ္ဂလဝါရ ဖြစ်လျှင် ထိုစကားရပ်များကို ထည့်ဆိုရန် မလိုပါ။ ဖော်ပြပါ ဆိုရိုးတို့ကို သင်္ဂြိုဟ်နှင့် ညှိ၍ သဘောမိအောင် စဉ်းစားပြီး ရအောင် ကျက်ထားပါ။

## ခ။ အရူပ ၂-ချက်

၁။ အရူပ+ဥ=အရူပံ ဥပပဇ္ဇန္တာနံ။

ဆိုရိုး—[အရူပပဋိသန္ဓေ ၄-ခု၊ စေ-တိ ံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အရူပဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက် ၃-ယောက်(တို့အား အရူပ ၄-ဘုံ)ရ၏။]

၂။ အရူပ—စ=အရူပါ စဝန္တာနံ။

ဆိုရိုး—[အရူပစုတိ ၄-ခု၊ စေ-တိ ံသတို့၏ ဘင်ကွဏသမင်္ဂီဟုဆိုအပ်သော အရူပစဝန္တဖြစ်သော တိဟိတ်ပုထုဇဉ်၊ ဖလ-၄ (တို့အား အရူပ ၄-ဘုံ)ရ၏။]

## ဂ။ အသညသတ် ၂-ချက်

၁။ အသညသတ္တ—ဥ=အသညသတ္တံ ဥပပဇ္ဇန္တာနံ။

ဆိုရိုး—[အစစွာသော ဇီဝိတနဝကကလာပ်ရုပ်တို့၏ ဥပ္ပါ....သော အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်(တို့အား အသညသတ်ဘုံ) ရ၏။]

၂။ အသညသတ္တ—စ=အသညသတ္တာ စဝန္တာနံ။

ဆိုရိုး—[အဆုံးစွန်သော ဇီဝိတနဝကကလာပ်ရုပ်၏ ဘင်...သော အသညသတ် စဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်(တို့အား အသညသတ်ဘုံ) ရ၏၊]

## မိဿကဝိဘင်းနှင့် အဘူကောက်ဆိုရိုး

၁။ ပဋ္ဌဝေါကာရ-ဥနှင့် အရူပ-ဥတို့ တဖက်ရ အဖြစ်ဖြင့်ရင်း၊ နှစ်ဖက်ရ အဖြစ်ဖြင့်ရင်း တူလျှင် ပေါင်းသည်။ ၎င်းကို စတု-ပဋ္ဌ-မိဿက ဥပပဇ္ဇန္တဟု ခေါ်ပါ။ "စတုဝေါကာရံ ပဋ္ဌဝေါကာရံ ဥပပဇ္ဇန္တာနံ"ဟုထုတ်။

ဆိုရိုး—[ပဋိသန္ဓေစိတ် ကျေနဝိသ၊ စေ-ပဋ္ဌတိံသ၊ ကမ္မဇကလာပ် ၃-၇-၄-စည်းတို့၏ ဥပ္ပါ....သော စတုဝေါကာရ ပဋ္ဌဝေါကာရဥပပဇ္ဇန္တဖြစ်သော ပုထု-၄၊ အောက်ဖ-၃(တို့အား စတုဝေါကာရ ၄-ဘုံ၊ ပဋ္ဌဝေါကာရ ၂၆-ဘုံ) ရ၏။]

၂။ ပဋ္ဌဝေါကာရ-စနှင့် အရူပ-စတို့ အရတူလျှင်လည်း ပေါင်းသည်။ ၎င်းကို စတု-ပဋ္ဌ မိဿက စဝန္တ ဟု ခေါ်ပါ။ "စတုဝေါကာရာ ပဋ္ဌဝေါကာရာ စဝန္တာနံ" ဟု ထုတ်။

ဆိုရိုး—[စုတိစိတ် ၁၉၊စေ-၃၅၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ဘင် -သော စတု-ပဋ္ဌဝေါကာရစဝန္တ ဖြစ်သော ပုထု-၄၊ ဖလ-၄ (တို့အား စတုဝေါကာရ ၄-ဘုံ၊ ပဋ္ဌဝေါကာရ ၂၆-ဘုံ) ရ၏။]

၃။ ပဋ္ဌဝေါကာရ-ဥ၊ အရူပ-ဥ၊ အသညသတ်-ဥ တို့ အရတူလျှင် လည်း ပေါင်းသည်။ ၎င်းကို "ခပ်သိမ်းသော ဥပပဇ္ဇန္တ"ဟု ခေါ်ပါ။ "သဗ္ဗေသံ ဥပပဇ္ဇန္တာနံ" ဟု ထုတ်။

ဆိုရိုး—[ပဋိ-၁၉၊စေ-၃၅၊ ကမ္မဇကလာပ် ၃- ၇- ၄-စည်း၊အစစ္စာသော ဇီဝိတနက ကလာပ်ရုပ်တို့၏ ဥပ္ပါ—သော, ခပ်သိမ်းသော ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ် ၄, အောက်ဖလ ၃ (တို့အား စတု ၄-ဘုံ၊ ပဋ္ဌ ၂၆-ဘုံ၊ အသညသတ် ဘုံ) ရ၏။]

၄။ ပဋ္ဌဝေါကာရ-စ၊ အရူပ-စ၊ အသညသတ္တ-စ တို့ အရတူ လျှင်လည်း ပေါင်းသည်။ ၎င်းကို "ခပ်သိမ်းသော စဝန္တ" ဟု ခေါ်ပါ။ "သဗ္ဗေသံ စဝန္တာနံ" ဟု ထုတ်။

ဆိုရိုး—[စုတိ-၁၉, ဓေ--၃၅, အဆုံးစွန်သော ကမ္မဇရုပ် ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဘင်္ဂ—သော, ခပ်သိမ်းသော စဝနန္တဖြစ်သော ပုထု ၄၊ ဖလ ၄ (တို့အား စတု ၄-ဘုံ ပဉ္စ ၂၆-ဘုံ၊ အသညသတ်ဘုံ) ရ၏။

**စံပြပုစ္ဆာ**—၁။ ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊
တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတီတိ။

**အဖြေရှာပုံ။** ။ဤပုစ္ဆာသည် ဥပ္ပါဒဝါရ အနုလုံ ရူပက္ခန္ဓမူ ဝေဒနာက္ခန္ဓ မူလီ အနုလောမ ပုစ္ဆာဖြစ်၏။ ဤပုစ္ဆာ၌ "အကြင် ပုဂ္ဂိုလ်အား ရူပက္ခန္ဓာဖြစ်ဆဲ" ဟူသော သန္နိဋ္ဌာန်ပုဒ်အရ ရှာသော် ပဉ္စဝေါကာရ ဥနှင့် အသညသတ္တ ဥတို့ကို တွေ့ရ၏။ ဘာ့ကြောင့်နည်း—ထိုပဉ္စဝေါကာရ ဥနှင့် တည့်တည့်ပွန်ဖြစ်အကွက်၌ ၅, အသညသတ္တ ဥနှင့်တည့်တည့်ပွန်ဖြစ်အကွက်၌ ၁-ရှိ၏။ ထို ၅-နှင့် ၁-တို့တွင် ရူပက္ခန္ဓာ ပါဝင်သောကြောင့်တည်း။ ၄-၌ ရူပက္ခန္ဓာမပါသောကြောင့် အရူပ ဥကိုကား မရပါ။ ထို့ကြောင့် ပဉ္စဝေါကာရ ဥနှင့် အသညသတ္တ ဥတို့ကို (√)ဤကဲ့သို့ ဝဲထိုး၍ သင်္ကေတပြထားပါ (ဥ√)။

ထို့နောက် ထိုသင်္ကေတပြ ပုဂ္ဂိုလ်တို့ကို "ထိုပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ဖြစ်ဆဲလော့" ဟူသော သံသယအမေးနှင့် ညီ မညီ စိစစ်ကြည့်ရမည်။ ထိုအခါ ၅-၌ ဝေဒနာပါသဖြင့် ပဉ္စဝေါကာရ ဥသည် သံသယနှင့် ညီ၏။ ထို့ကြောင့် ပဉ္စဝေါကာရ ဥ၏နောက်ရှိ (√) ဝဲသင်္ကေတပေါ်၌ ၂—ဂဏန်းရေးပါ။ (ဥ√၂)၊ ၁—၌ ဝေဒနာမပါသဖြင့် အသညသတ္တ ဥသည် သံသယနှင့်မညီ၊ ထို့ကြောင့် အသညသတ္တ ဥ၏နောက်ရှိ (√) ဝဲသင်္ကေတပေါ်၌ ၁—ဂဏန်း ရေးပါ။(ဥ√၁)၊ ဤသို့ ဝဲတစ် (√၁) ဝဲနှစ် (√၂) သင်္ကေတတို့ကို ကြည့်ခြင်းအားဖြင့် အသညသတ္တ ဥသည် သန္နိဋ္ဌာန်တဖက်အရသာဖြစ်၍ ပဉ္စဝေါကာရ ဥ ကား သန္နိဋ္ဌာန် သံသယနှစ်ဖက်အရ ဖြစ်သည်ကို လွယ်ကူစွာ သိနိုင်ပါသည်။ အဓိပ္ပာယ်တခု ဖတ်ပြီးလျှင် ဇယားတကြိမ် ထပ်ကြည့်ပါ။

**ဝိဘင်းပါဠိ**— ၁။ အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊
နော စ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။

၂။ ပဋ္ဌေဝါကာရံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇတိ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇတိ။

**အနက်ပေးပုံ။** ။ယဿ၊အကြင်ပုဂ္ဂိုလ်အား။ရူပက္ခန္ဓော၊သည်။ဥပ္ပဇ္ဇတိ၊ဖြစ်ဆဲ။ တဿ-ထိုရူပက္ခန္ဓာ ဖြစ်ဆဲသောပုဂ္ဂိုလ်အား၊ ဝေဒနာက္ခန္ဓော၊ သည်၊ဥပ္ပဇ္ဇတိ-ဖြစ်ဆဲလော၊ဣတိ ပုစ္ဆာယံ-ဤသို့သော အမေးတော်သည်၊သတိ-ရှိလသော်၊ အသညသတ္တံ အသညသတ္တဘဝေ၊ အသညသတ်တို့၌၊ ဥပပဇ္ဇန္တာနံ၊ ပဋိသန္ဓေ နေဆဲဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ရူပက္ခန္ဓော၊သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ဆဲ။တေသံ၊တို့အား။ဝေဒနာက္ခန္ဓော၊သည်။နော စ ဥပ္ပဇ္ဇတိ၊ဖြစ်ဆဲ မဟုတ်။ ပဋ္ဌေဝါကာရံ ပဋ္ဌေဝါကာရဘဝေ၊ ပဋ္ဌေဝါကာရဘုံ၌။ ဥပပဇ္ဇန္တာနံ၊ ကုန်သော။ တေသံ၊ တို့အား။ ရူပက္ခန္ဓော စ၊ သည်၎င်း။ ဝေဒနာက္ခန္ဓော စ။ သည်၎င်း၊ ဥပ္ပဇ္ဇတိ-ဖြစ်ဆဲ။

ပစ္စနိက်—နုပ္ပဇ္ဇတိ၊ဖြစ်ဆဲမဟုတ်၊ နော စ နုပ္ပဇ္ဇတိ၊ ဖြစ်ဆဲ၊ ဤကား "နှစ်ခု ပဋိသေ, ခွဲပေဖရို, နက်ပေးဘိမူ, ပကတိနက်,ထွက်အောင်သမ္ဗန်မြဲ" ဟူသော နိယံနှင့်အညီ အနက်ပေးပုံတည်း။ တနည်းကား—"နုပ္ပဇ္ဇတိ၊ဖြစ်ဆဲမဟုတ်သည်။ နော၊ ပဟုတ်။ ဥပ္ပဇ္ဇတိ ဧဝ၊ ဖြစ်ဆဲဟုတ်သည်သာလျှင်တည်း"။ ဤကား— "မပေါင်းရောပဲ့, ခွဲ၍တဖန်,သမ္ဗန်ပါမူ, ကြိယာနောင်,ဧဝအောင်မြဲ"ဟူသော နိယံနှင့်အညီ အနက်ပေးပုံတည်း။

**အရကောက်ပုံ။** ။သန္နိဋ္ဌာန်ပုဒ်၏ အရကား—အစစ္စာသော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒ—သော အသညသတ် ဥပပဇ္ဇန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ပဋ္ဌေဝါကာရ ပဋိသန္ဓေ ပန္နရသ၊ စေ-ပဋ္ဌတိံသ၊ ကာမဇကလာပ် ၃-၇-၄ စည်းတို့၏ ဥပ္ပါဒ—သော ပဋ္ဌေဝါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထု-၄၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်လည်း ရ၏။ သံသယကား နောက်သာ ရ၏။

**အမှာ။** ။နောက်နောက် စံပြပုစ္ဆာတို့၌ အရကောက် ပြတော့မည်မဟုတ်ပါ။ ဤစံပြပုစ္ဆာ(၁)အရကောက်ပုံကို နည်းမှီ၍ ဝိဘင်းနှင့်အရကောက် ဆိုရိုးများကို ကြည့်ပြီးကောက်ပါ။ လွယ်ကူလှပါသည်။

**စံပြပုစ္ဆာ—၂။** ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊
တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတီတိ။

**အဖြေရှာပုံ။** ။ဤပုစ္ဆာ၌ "အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ ဖြစ်ဆဲမဟုတ်" ဟူသော သန္နိဋ္ဌာန်ပုဒ်အရ စ-သုံးလုံးနှင့် အရူပ-ဥတို့ ဖြစ်၏။ ဘာကြောင့်နည်း၊ စ-သုံးလုံးနှင့်တည့်တည့် ပွင့် ဖြစ်အကွက်၌(×)ကြက်ခြေ၊ အရူပ ဥနှင့် တည့်တည့် ပွင့် ဖြစ်အကွက်၌ ၄-ရှိ၏။ ထိုကြက်ခြေနှင့် ၄-ဂဏန်းတို့တွင် ရူပက္ခန္ဓာ မပါသောကြောင့်တည်း၊ ၎င်းတို့ကို (√) ဤကဲ့သို့ ဝဲထိုးသင်္ကေတ ပြထားပါ။

ဤနောက် ထိုပုဂ္ဂိုလ်တို့ကို "ထိုပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ မဖြစ်ဆဲလော" ဟူသော သံသယနှင့် ညီ မညီ စိစစ်ကြည့်ရမည်၊ (×) ကြက်ခြေ၌ ဝေဒနာက္ခန္ဓာ လည်း မပါသောကြောင့် စ-သုံးလုံးသည် ညီ၏၊ (နှစ်ဖက်ရ)၊ ၄-၌ ဝေဒနာက္ခန္ဓာ ပါသောကြောင့် အရူပ-ဥ ကား မညီ (တဖက်ရ)။

**ဝိဘင်္ဂပါဠိ—၁။** အရူပံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ နော စ တေသံ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတိ။

၂။ သဗ္ဗေသံ စဝန္တာနံ တေသံ ရူပက္ခန္ဓော စ နုပ္ပဇ္ဇတိ၊ ဝေဒနာက္ခန္ဓော စ နုပ္ပဇ္ဇတိ။

**စံပြပုစ္ဆာ—၃။** ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊
တဿ ဝေဒနာက္ခန္ဓော န နိရုဇ္ဈတီတိ။

**အဖြေရှာပုံ။** ။ဤပုစ္ဆာ၌ "အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ ဖြစ်ဆဲမဟုတ်" ဟူသော သန္နိဋ္ဌာန်ပုဒ်အရ စ-သုံးလုံးနှင့် အရူပ-ဥတို့ဖြစ်၏။ ဖြစ်ကြောင်းကို စံပြပုစ္ဆာ ၂-အတိုင်း သိပါ၊ ထို ဥ-စ တို့ကို (√) ဝဲထိုး၍ သင်္ကေတပြထားပါ။ ထိုပုဂ္ဂိုလ်တို့ကို "ထိုပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ချုပ်ဆဲ မဟုတ်လော" ဟူသော သံသယနှင့် ညီ မညီ စိစစ်ရမည်။

ပဉ္စဝေါကာရ-စနှင့် တည့်တည့် ပွင့် ချုပ်အကွက်၌ ၅၊ အရူပ-စနှင့်တည့်တည့် ပွင့် ချုပ်အကွက်၌ ၄-ရှိ၏။ ထို ၅-နှင့် ၄-တို့တွင် ဝေခန္ဓာပါသောကြောင့်

ဝေခန္ဓာချုပ်ဆဲဖြစ်သဖြင့် ထို စ ၂-လုံးသည် သံသယနှင့်မညီ။(တဖက်ရ)အရူပ ဉနှင့် တည့်တည့် ပွန်း ချုပ်အကွက်၌ (×) ကြက်ခြေ၊ အသည-ဉနှင့်တည့်တည့် ပွန်ချုပ်အကွက်၌ ၁-ရှိ၏။ ထိုကြက်ခြေနှင့် ၁-တို့တွင် ဝေခန္ဓာ မပါသော ကြောင့် ဝေခန္ဓာချုပ်ဆဲ မဟုတ်သဖြင့် ထိုဉနှင့် စသည် သံသယနှင့်ညီ၏ (နှစ်ဖက်ရ)။

**ဝိဘင်းပါဠိ—** ၁။ စတုဝေါကာရေ ပဉ္စဝေါကာရေ စဝန္တာနံ တေသံ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ နော စ တေသံ ဝေဒနာက္ခန္ဓော န နိရုဇ္ဈတိ။

၂။ အရူပံ ဥပပဇ္ဇန္တာနံ အသညသတ္တာ စဝန္တာနံ တေသံ ရူပက္ခန္ဓော စ နုပ္ပဇ္ဇတိ၊ ဝေဒနာက္ခန္ဓော စ န နိရုဇ္ဈတိ။

**အစ်ကောင်းပါစေ။** ။"အစကောင်းမှ အနှောင်းသေချာသည်"ဟု ဆိုရိုးစကားရှိ၏။ အစကောင်း၍ အနှောင်းသေချာစေရန် ပြထားအပ်သော စံပြပုစ္ဆာ သုံးပုဒ်ကို ဇယားနှင့် တိုက်ဆိုင်လျက် ညှိကြား ချက် အတိုင်း သဘောပေါက်အောင် လေ့လာပါ။ထပ်ကာထပ်ကာ လေ့လာပါ။ သမာဟိတော ယထာဘူတံ ပဇာနာတိ ပဿတိ=သမာဓိရှိသူသာ တိကျမှန်ကန်စွာပြင်နိုင်၏။ သမာဓိရှိရှိ လေ့လာပါ။ သဘောပေါက်လာပါလိမ့်မည်။ ပိုင်နိုင်စွာ တကြိမ်သိပြီးလျှင် ဤကိစ္စ ဤဝါရအတွက် နောက်ထပ်သိဖွယ် မလိုတော့ပါ။ ပါဠိတော်သွားပုံ နှုတ်တက်အောင် ပြထားသော စံပြပုစ္ဆာ သုံးပုဒ်ကို ဖတ်ပါ။ ထပ်ကာထပ်ကာဖတ်ပါ၊ ဖတ်ပါများလျှင် ညက်၏။ ပွတ်ပါများလျှင် ပြောင်၏။ မီးတောက်၏။ ရှင်းပါများလျှင် လင်း၏။ ဝီရိယသာ ပဓာနတည်း။ ဝီရိယရှိလျှင် ဟိတ္တတိုင်း ပြီးစီး၏။ [ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ—မြတ်ဗုဒ္ဓ။]

## ၂။ အတီတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကို ဟောရာ၌ နံပါတ်(၁) အကွက်ကိုပင် ကြည့်ရမည်။ ပဉ္စဝေါ-ဖြစ်ပြန် စသည်ကို မသုံးရကြောင်း ရှေး၌ ပြခဲ့ပြီ။ တိတ်-ဖြစ် ချုပ်အကွက်တို့၌ သင်္ကေတများ ထည့်ပါ။ ထိုထိုဘုံ၌

တည်ရှိကြသောပုဂ္ဂိုလ်တိုင်း အတိတ်ဘဝက ခန္ဓာ ၅-ပါးလုံး ဖြစ်ဖူးကြ, ချုပ် ဖူးကြသည်။ မဖြစ်ဖူး မချုပ်ဖူးသူမရှိ။ ထို့ကြောင့် ၅-ဂဏန်းချည်း ထည့် ရမည်။ အတီတပုဂ္ဂလဝါရတိုင်း အနုလုံ၌"အာမန္တာ"ချည်းထုတ်၍ "ခပ်သိမ်း သော ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထု ၄၊ ဖလ၄-ယောက်" ကောက်ပါ။ ပစ္စနိက် ၌ကား နတ္ထိချည်း ထုတ်လေ။

## ၃။ ပစ္စုပ္ပန္နာတီတဝါရ

[ဆရာအစဉ်အဆက် အတီတဝါရပြီးလျှင် အနာဂတဝါရကို ပို့ချရိုးဖြစ် ၏။ ပြီးမှ ပစ္စုပ္ပန္နာတီတဝါရကို ပို့ချကြသည်။ ဤကျမ်း၌ကား လေ့လာရာ၌ လွယ်ကူစေရန် ပစ္စုပ္ပန္နာတီတဝါရကို အလျင်ပြထား၏။ ပုဂ္ဂလောကာသဝါရ ၌လည်း ဤအတိုင်းပင် ပြထားပါသည်။]

**ဇယားသုံးညွှန်။** ။ဤဝါရဟောရာ၌လည်း နံပါတ် ၁ အကွက်ကိုပင် ကြည့်ရမည်။ ပွန် ဖြစ် ချုပ်၊ တိတ်ဖြစ် ချုပ်အကွက်တို့၌ သင်္ကေတများထည့်ပါ။ ထည့်ပြီးနောက် ဥပ္ပါဒဝါရကို ဟောလျှင် ပွန် ဖြစ် အကွက်နှင့် တိတ် ဖြစ်အကွက်, နိရောဓဝါရကို ဟောလျှင် ပွန် ချုပ်အကွက်နှင့် တိတ် ချုပ်အကွက်, ဥပ္ပါဒနိရောဓဝါရကို ဟောလျှင် ပွန် ဖြစ်အကွက်နှင့် တိတ် ချုပ်အကွက်တို့ကို တိုက်ဆိုင်ကြည့်ရှု၍ ဟောရပါမည်။

**ဇယားအဓိပ္ပာယ်။** ။ (က) ပဥ္စဝေါကာရ-ဥနှင့်တည့်တည့် ပွန် ဖြစ်အကွက်၌ ၅၊ ချုပ် အကွက်၌(×)တိတ် ဖြစ်, ချုပ်အကွက်တို့ ၅-ဂဏန်းတွေ့ရှိ၏။ ထိုသင်္ကေတများကို ကြည့်၍ ပဥ္စဝေါကာရဥပပဇ္ဇန္တ ပုဂ္ဂိုလ် တို့အား ခန္ဓာ ၅-ပါးလုံး ဖြစ်ဆဲ၊ ချုပ်ဆဲမရ၊ "ခန္ဓာ ၅-ပါးလုံး ဖြစ်ဖူး ချုပ် ဘူးရ၏" ဟုဆိုပြပါ။ ဆိုစေပါ။ ကြွင်းပုဂ္ဂိုလ်တို့ကိုလည်း သင်္ကေတများကို ကြည့်၍ ဆိုပြပါ။ ဆိုစေပါ။

**စံပြပုစ္ဆာ—၁။** ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊
တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ။

**အဖြေရှာပုံ။** ။ပုစ္ဆာ၌ သန္နိဋ္ဌာန်ပုဒ်အရ ပဉ္စဝေါကာရ-ဥနှင့် အသညသတ္တ-ဥ တို့ဖြစ်၏။ ၎င်းတို့ကို "ဝေဒနာက္ခန္ဓာဖြစ်ဖူးသလော" ဟူသော သံသယနှင့် ညီ မညီ ကြည့်ရမည်။ ၎င်းတို့နှင့် တည့်တည့် တိတ် ဖြစ်အကွက်၌ ၅-ဂဏန်း တွေချည်း ရှိသဖြင့် ထို ၅-ဂဏန်းတွင် ဝေဒနာက္ခန္ဓာ ပါဝင်သော ကြောင့် သံသယနှင့်ညီ၏။ ထို့ကြောင့် "အာမန္တာ" ဟု ဖြေသည်၊ ("အေးဖြစ် ဖူးတယ်" ဟူလို။)

**စံပြပုစ္ဆာ—၂။** ယဿ ဝါ ပန ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ။
တဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ။

**အဖြေရှာပုံ။** ။ဤ ပုစ္ဆာသန္နိဋ္ဌာန်ပုဒ်အရ ဥ-သုံးလုံး စ-သုံးလုံးရ၏။ ဘာကြောင့် နည်း—ထို ဥ,စတို့နှင့် တည့်တည့် တိတ် ဖြစ်အကွက်၌ ၅-ဂဏန်းတွေချည်း ရှိသဖြင့်ထို ၅-ဂဏန်းတို့တွင် ဝေ-ခန္ဓာ ပါဝင်သောကြောင့် တည်း။ "ထိုပုဂ္ဂိုလ်တို့အား ရူပက္ခန္ဓာ ဖြစ်ခဲ့လော" ဟူသော သံသယနှင့် ညီ မညီ ပွါး ဖြစ်အကွက်ရှိ သင်္ကေတတို့နှင့် တိုက်ကြည့်ရမည်။ ထိုပုဂ္ဂိုလ်တို့တွင် ပဉ္စဝေါကာရ-ဥနှင့် အသညသတ္တ-ဥတို့ ညီ၏။(နှစ်ဖက်ရ)၊ စ-သုံးလုံး(ခပ်သိမ်း သော စဝန္တ)နှင့် အရူပ-ဥတို့ကား မညီ၊(တဖက်ရ)၊[အကျယ်စိစစ်မပြတော့ပါ။ ပဋ္ဌမပုစ္ဆာ၌ရှင်းပြခဲ့သောစိစစ်ပုံကိုမှီပြီး သင်္ကေတတို့ကိုကြည့်၍ မိမိတို့ဘာသာ စိစစ်ပါ။ သဘောပေါက်လာပါလိမ့်မည်။]

**ဝိဘင်းပါဠိ—၁။** သဗ္ဗေသံ စဝန္တာနံ, အရူပံ ဥပပဇ္ဇန္တာနံ တေသံ။

၂။ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ,
အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ။

## ဝိဘင်းလမ်းညွှန်

၁။ သန္နိဋ္ဌာန်ခန္ဓာဖြစ်သူ (ချုပ်သူ)တိုင်း သံသယခန္ဓာဖြစ်ဘူး (ချုပ်ဘူး) ကြသောကြောင့် အနုလုံအနုလောမ၌ "အာမန္တာ"ချည်းထုတ်ပါ။

၂။ သန္နိဋ္ဌာန်ခန္ဓာဖြစ်ဘူး (ချုပ်ဘူး)သူတို့တွင် တချို့ကား သံသယခန္ဓာ ဖြစ်ဆဲမဟုတ်၊ တချို့သာဟုတ်၏။ ထို့ကြောင့် အနုလုံပဋိလောမ၌ တဖက်ရ နှစ်ဖက်ရဝိဘင်း (ဝိဘင်းရှည်)ထုတ်ပါ။

၃။ သန္နိဋ္ဌာန်ခန္ဓာဖြစ်ဆဲ (ချုပ်ဆဲ) မဟုတ်ကြသော်လည်း သံသယခန္ဓာကား ဖြစ်ဘူး(ချုပ်ဘူး)ကြ၏။ ထို့ကြောင့် ပစ္စနိက်အနုလောမ၌ ပါဠိဂတိဝိဘင်းထုတ်ပါ။ ["နုပ္ပဇ္ဇိတ္ထ,န နိရုဇ္ဈိတ္ထ"ဟူသော ကြိယာ၌ ပါသော ပဋိသေဓ(န) ကိုပယ်၍ "ဥပ္ပဇ္ဇိတ္ထ, နိရုဇ္ဈိတ္ထ"ဟု ပုစ္ဆာပါဠိသို့ လိုက်၍ဖြေသော ဝိဘင်းကို ပါဠိဂတိ ဝိဘင်းဟု ခေါ်၏။ ဥပ္ပဇ္ဇိတ္ထစသည်ဖြင့် ဖြေသောကြောင့် "ဥပ္ပဇ္ဇတျာဒိဝိဘင်း"ဟုလည်း ခေါ်ကြပါသည်။]

၄။ သန္နိဋ္ဌာန်ခန္ဓာမဖြစ်ဘူး (မချုပ်ဘူး) သူမရှိသောကြောင့်. ပစ္စနိက်ပဋိလောမ၌ "နတ္ထိ"ချည်းထုတ်ပါ။

[ဆောင်] ၊လုံနု-မန္တော, ဋိလော-ဝိရှည်,
နိက်-နုလာဘိ, ပါဠိ ဂတိ၊
နိက်-ဋိလောမ ဟောကြနတ္ထိ,
ပန်-တိခန္ဓာ, ဝါရေပုဂ္ဂလိ။

ပစ္စုပ္ပန္နာတီတဝါရပြီး၏။

## ဇယားအစီပွာယ်

## ၄။ အနာဂတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကိုဟောရာ၌ သုံးကွက်စလုံးကြည့်ပါ။ နာ ဖြစ်, ချုပ်ကွက်၌ သင်္ကေတထည့်ပြီး ထိုပုဂ္ဂိုလ်များကိုသာ သင်္ကေတတို့နှင့် တိုက်ဆိုင်ကြည့်ရှု၍ ဟောရပါမည်။

၁။ **ပဉ္စ–ဖြစ်ပြန်ပုဂ္ဂိုလ်။** ။နောက်ဘဝဝယ် ပဉ္စဝေါကာရ ၂၆–ဘုံတွင် တဘုံဘုံ၌ဖြစ်မည့်ပုဂ္ဂိုလ်ကို "ပဉ္စ-ဖြစ်ပြန်ပုဂ္ဂိုလ်" ဟု အတိုချုပ်ခေါ်ပါ၊ ထိုပုဂ္ဂိုလ်သည် ပဉ္စဝေါကာရ ဥပပဇ္ဇန္တ, စဝန္တ၊ အရူပ ဥပပဇ္ဇန္တ, စဝန္တ၊ အသညသတ္တ ဥပပဇ္ဇန္တ, စဝန္တ ဟု ၆–မျိုးရှိ၏။

ထိုပုဂ္ဂိုလ်တို့သည် လက်ရှိဘဝ (ပစ္စုပ္ပန်ဘဝ) တွင် ခန္ဓာအရ မတူကြသော်လည်း နောက်ဘဝ၌ကား ခန္ဓာ ၅-ပါးလုံး ရရာ ပဉ္စဝေါကာရဘုံမှာချည်း ဖြစ်ကြမည်ဖြစ်သောကြောင့် ခန္ဓာ ၅-ပါးလုံး ဖြစ်လတ္တံ့ ချုပ်လတ္တံ့ ရကြသည်။ ထိုကြောင့် ပဉ္စ-ဖြစ်ပြန် ပုဂ္ဂိုလ်တို့နှင့် တည့်တည့် နာ–ဖြစ်, ချုပ်အကွက်တို့၌ ၅-ဂဏန်း ထည့်ထားပါသည်၊ဇယားကြည့်ပါ။ "ပဉ္စဝေါကာရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား ခန္ဓာ ၅-ပါးလုံး ဖြစ်လတ္တံ့ ချုပ်လတ္တံ့" ဟု ဆိုပြပါ၊ ဆိုစေပါ။

၂။ **အရူ–ပရိပုဂ္ဂိုလ်။** ။နောင်ဘဝဝယ် အရူပ ၄–ဘုံတွင် တဘုံဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန်ပြုမည့် ပုဂ္ဂိုလ်ကို "အရူ–ပရိပုဂ္ဂိုလ်" ဟု အတိုချုပ်ခေါ်ပါ၊ ထိုပုဂ္ဂိုလ်တို့သည်ကား ပဉ္စဝေါကာရ ဥပပဇ္ဇန္တ, စဝန္တ၊ အရူပ ဥပပဇ္ဇန္တ, စဝန္တ ပုဂ္ဂိုလ်ဟု ၄-မျိုးသာရှိ၏။

ထိုတွင် ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်သည် ပဉ္စဝေါကာရဘုံ၌ ထပ်၍ မဖြစ်တော့ပဲ အရူပဘုံ၌သာဖြစ်၍ ပရိနိဗ္ဗာန်ပြုမည်ဖြစ်သောကြောင့် နာမက္ခန္ဓာ ၄-ပါးသာ ဖြစ်လတ္တံ့၊ ထိုပုဂ္ဂိုလ်သည် ပဉ္စဝေါကာရဘုံမှာပင် ချုပ် (စုတေ) ရဦးမည်ဖြစ်၍ ခန္ဓာ ၅-ပါးလုံး ချုပ်လတ္တံ့၊

ထို့ကြောင့် အရူ-ပရိ ပဥ္စဝေါကာရ ဥနှင့် တည့်တည့် နာ ဖြစ်အကွက်၌ ၄၊ ချုပ်အကွက်၌ ၅-ထည့်ထားပါသည်။ ဇယားကြည့်ပါ။ "အရူ ပရိ ပဥ္စဝေါကာရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်တို့အား နာမ်ခန္ဓာ ၄-ပါးသာ ဖြစ်လတံ့၊ ခန္ဓာ ၅-ပါးလုံး ချုပ်လတံ့" ဤသို့စသည်ဖြင့် အနာဂတ်အကွက်ရှိ ဂဏန်းများကို ကြည့်၍ နံပါတ် (၂) အကွက်ရှိ ပုဂ္ဂိုလ်များ ကုန်အောင် ဆိုပြပါ၊ဆိုစေပါ။

**ပုဂ္ဂိုလ် ၃-မျိုး။** ။အရူ-ပရိပုဂ္ဂိုလ်သည် ဇယား၌ ၄-မျိုးတွေ့ရ၏။ တွေ့ရသည့်အတိုင်း အခြေခံအဖြစ်ဖြင့် ပြထားသော်လည်း ခန္ဓယမိုက်၌ ဤအတိုင်း ဝိဘင်းထုတ်၍ အရကောက်မည် မဟုတ်ပါ။ အောက်ဖော်ပြပါအတိုင်း ၃-မျိုးကိုသာ အရာဌာနအားလျော်စွာ ပေါင်း၍ ဝိဘင်းထုတ် အရကောက်ပါလိမ့်မည်၊ (က) အရူ-ပရိမိဿက ဥပပဇ္ဇန္တ၊ (ခ) အရူပရိမိဿက စဝန္တ၊ (ဂ) အရူ-ပရိ မိဿက။

**(က) အရူ-ပရိမိဿက ဥပပဇ္ဇန္တ။** ။အရူ-ပရိ ပဥ္စဝေါကာရ ဥပပဇ္ဇန္တနှင့် အရူ-ပရိ အရူပ ဥပပဇ္ဇန္တတို့ တဖက်ရချင်း (သို့မဟုတ်) နှစ်ဖက်ရချင်းတူလျှင် ပေါင်းသည်၊ ၎င်းကို "အရူ-ပရိမိဿက ဥပပဇ္ဇန္တ" ဟု ခေါ်ပါ။

**(ခ) အရူ-ပရိ မိဿက စဝန္တ။** ။အရူ-ပရိ ပဥ္စဝေါကာရ စဝန္တနှင့် အရူ-ပရိ အရူပ စဝန္တတို့ အရတူလျှင်လည်း ပေါင်းသည်၊ ၎င်းကို "အရူ-ပရိမိဿက စဝန္တ" ဟု ခေါ်ပါ။

**(ဂ) အရူ-ပရိမိဿက။** ။အရူ-ပရိ ပဥ္စဝေါကာရ ဥ-စ နှင့် အရူ-ပရိ အရူပ ဥ-စတို့ အရတူလျှင်လည်း ပေါင်းသည်၊ ၎င်းကို "အရူ-ပရိမိဿက" ဟု ခေါ်ပါ။

**၃။ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။** ။[ပစ္ဆိမဘဝ=နောက်ဆုံးဘဝ + ဣက =ဖြစ်သူ] ယခုဘဝ၌ အရဟတ္တမဂ်ကို ရ၍ ဘဝပဋိသန္ဓေ ဇာတ် ပြတ်ပြီးဖြစ်သောကြောင့် သုံးဆယ့်တဘုံတွင် မည်သည့်ဘုံ၌မျှ မဖြစ်တော့သဖြင့် ယခုဘဝတည်းဟူသော နောက်ဆုံးဘဝ၌ဖြစ်သူကို "ပစ္ဆိမဘဝိက အစဉ်ပုဂ္ဂိုလ်" ဟု ခေါ်၏။

မိမိဖြစ်ဆဲ ဘုံဘဝ၌သာ ပြန်မဖြစ်ပဲ အခြားဘုံ၌ကား ဖြစ်ကြဦးမည့်ပုဂ္ဂိုလ်တို့ကို "ပစ္ဆိမဘဝိကအတု(မဖြစ်ပြန်ကောင်း)ပုဂ္ဂိုလ်"ဟု ခေါ်ပါသည်။ (ပုဂ္ဂလဝါရ၌ အစစ်သာ ဟော၍ အတု မဟော။ ပုဂ္ဂလောကာသဝါရ၌ကား စစ်-တု ၂-မျိုးလုံး ဟောသည်။)

**ပစ္ဆိမဘဝိက ၉-ယောက်။** ။ထိုပစ္ဆိမဘဝိကအစစ် ပုဂ္ဂိုလ်သည် ဇယား၌ကြည့်လျှင် ၄-ယောက်သာ ရှိသည်ဟု ထင်မှတ်စရာ ရှိ၏။ သို့သော် မဟုတ်ပါ။ အသီးအသီး ခွဲခြားစိတ်ဖြာလျှင် ပစ္ဆိမဘဝိက ပဉ္စဝေါကာရပုဂ္ဂိုလ် ၃၊ ပစ္ဆိမဘဝိက အရူပပုဂ္ဂိုလ် ၃၊ ပစ္ဆိမဘဝိက စတု-ပဉ္စမိဿက ပုဂ္ဂိုလ် ၃-အားဖြင့် ၉-ယောက် ရှိပါသည်။

ချဲ့ဦးအံ့—၁-ပစ္ဆိမဘဝိကပဉ္စဝေါကာရ ဥပပဇ္ဇန္တပုဂ္ဂိုလ်။ ၂-ပဉ္စဝေါကာရ ပရိနိဗ္ဗန္တပုဂ္ဂိုလ် (စဝန္တကို ဆိုလိုသည်)။ ၃-ပစ္ဆိမဘဝိကပဉ္စဝေါကာရမိဿက ပုဂ္ဂိုလ်အားဖြင့် ပစ္ဆိမဘဝိကပဉ္စဝေါကာရပုဂ္ဂိုလ် ၃-ယောက်၊ (ဥနှင့်စ အရ တူလျှင် ပေါင်း၍ မိဿကဟု ခေါ်သည်။ ဇယား၌ ဥပပဇ္ဇန္တနှင့် စဝန္တတို့ကို သာ တွေ့ရမည်။ မိဿကကို တွေ့ရမည် မဟုတ်ပါ။)

၁—ပစ္ဆိမဘဝိကအရူပဥပပဇ္ဇန္တ၊ ၂—အရူပပရိနိဗ္ဗန္တ၊ ၃—ပစ္ဆိမဘဝိက အရူပ မိဿကအားဖြင့် ပစ္ဆိမဘဝိက အရူပပုဂ္ဂိုလ် ၃-ယောက်။

၁—ပစ္ဆိမဘဝိက မိဿက ဥပပဇ္ဇန္တ (ပဉ္စဝေါကာရ-ဥနှင့် အရူပ-ဥကို ပေါင်းသည်။) ၂—မိဿကပရိနိဗ္ဗန္တ(ပဉ္စဝေါကာရ-စနှင့် အရူပ-စကို ပေါင်းသည်။ ၃—ပစ္ဆိမဘဝိကစတု-ပဉ္စမိဿက(ပဉ္စဝေါကာရ ဥ-စနှင့် အရူပ ဥ-စတို့ကိုပေါင်းသည်)အားဖြင့် ပစ္ဆိမဘဝိက-စတုပဉ္စမိဿက ၃-ယောက်။ ဤသို့လျှင် ပစ္ဆိမဘဝိကပုဂ္ဂိုလ် ၉-ယောက် ရှိပါသည်။

**ဘကော့်တလမ်းညွှန်။** ။ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေနေရန် ဘဝသစ် မရှိကြတော့သဖြင့် ခန္ဓာ ၅-ပါးလုံး မဖြစ်လတံ့။ ချုပ်လတံ့ကား ပဉ္စဝေါကာရဥပပဇ္ဇန္တ၌ ၅-ပါး၊ အရူပဥပပဇ္ဇန္တ၌ ၄-ပါး ရ၏။ ပရိနိဗ္ဗန္တပုဂ္ဂိုလ်တို့၌ကား ခန္ဓာ ၅-ပါးလုံး မဖြစ်လတံ့။ မချုပ်လတံ့။

ဤအဓိပ္ပါယ်ကို ရည်၍ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့နှင့်တည့်တည့် နာ-ဖြစ် အကွက် ၌(×)ကြက်ခြေ၊ ပဉ္စဝေါကာရဥနှင့်တည့်တည့် နာ-ချုပ်အကွက် ၅၊ အရူပ ဥနှင့်တည့်တည့် နာ-ချုပ်အကွက်၌ ၄-ထည့်ပြီးလျှင် စ-တို့နှင့်တည့်တည့် နာ-ချုပ် အကွက်၌ကား(×)ကြက်ခြေပြထားပါသည်။ သင်္ကေတတို့ကိုကြည့်၍ "ပစ္ဆိမ ဘဝိက ပဉ္စဝေါကာရဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား ခန္ဓာ ၅-ပါးလုံး မဖြစ်လတံ့။ ချုပ်လတံ့။ ပဉ္စဝေါကာရ ပရိနိဗ္ဗန္တ ပုဂ္ဂိုလ်တို့အား ခန္ဓာ ၅-ပါးလုံး မဖြစ် လတံ့။ မချုပ်လတံ့။ ပစ္ဆိမဘဝိက အရူပဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား ခန္ဓာ၅-ပါးလုံး မဖြစ်လတံ့။ နာမ်ခန္ဓာ ၄-ပါးသာ ချုပ်လတံ့။ အရူပပရိနိဗ္ဗန္တပုဂ္ဂိုလ် တို့အား ခန္ဓာ ၅-ပါးလုံး မဖြစ်လတံ့။ မချုပ်လတံ့."ဟု ဆိုပြပါ။ ဆိုစေပါ။

## ဝိဘင်းနှင့် အရကောက်ဆိုရိုး

**၁။ ပဉ္စ-ဖြစ်ပြန်ပုဂ္ဂိုလ်။** ။ဣတရေသံ တေသံ။

**ဆိုရိုး**—[ (က) ပဉ္စဝေါကာရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ပဉ္စဝေါ ကာရ ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထု ၄၊ အောက်ဖလ ၃။

(ခ-ဂ) အသညသတ် အရူပ ဥ-စ ဖြစ်သော သုဂတိအဟိတ်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ရ၏။ ]

**မှတ်ချက်** ။ ။နောက်ထပ် ပဋိသန္ဓေ မနေတော့သဖြင့်(က)ဆိုရိုး၌ ရဟန္တာ ကို မကောက်။ အောက်ဘုံသို့ ပြန်ဆင်းရိုး မရှိသဖြင့်(ခ-ဂ) ဆိုရိုး၌ အရူပအရိယာတို့ကို မကောက်ပါ။ အနာဂတဝါရ အနုလုံ နှစ်ဖက်ရဲ၌ "ဣတရေသံ တေသံ"ဟု အမြဲထုတ်။ ဇယားကြည့်၍ အရာဌာနအားလျော် စွာ ကောက်ပါ။

**၂။ အရူ-ပရိပုဂ္ဂိုလ်။** ။ယေ(စ)အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ။ ဤကား(ဂ)အရူ-ပရိမိဿကအတွက် ဖြစ်သည်။(က) အရူ-ပရိမိဿက ဥပပဇ္ဇန္တဖြစ်လျှင် "တေသံ" နောက်၌ "ဥပပဇ္ဇန္တာနံ တေသံ" ဟု ဆက်။ (ခ) အရူ-ပရိမိဿက စဝန္တဖြစ်လျှင် "စဝန္တာနံ တေသံ"ဟု ဆက် ပါ။ အရူ-ပရိဝိဘင်း၏ ရှေ့၌ အရတူ ဝိဘင်းတမျိုးရှိလျှင် "ယေ စ"ဟု(စ) ထည့်ရမည်။ မရှိလျှင် မထည့်ရပါ။

**ဆိုရိုး**:-[ (က) ကာမသုဂတိ ၇-ဘုံ၊ သုဘာကိဏှာတိုင်အောင်သော ရူပါဝစရ ၉-ဘုံမှ အောက်မဂ်ကို ရ၍ အရူပဘုံသို့ ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတံ့သော ပဥ္စဝေါကာရဥပပဇ္ဇန္တဖြစ်သော တိပုံ၊ ဥ-စ ဖြစ်သော အောက်ဖလ ၃၊

(ခ) အရူပဘုံအချင်းချင်းဖြစ်၍ ပရိ။ပေ။သော အရူပ ဥ-စဖြစ်သော အောက်ဖလ ၃ ရ၏။ ]

**အပါယ်ဘုံစသည်ကြဉ်**။ ။ဝေဟပ္ဖိုလ်ဘုံက အရိယာတို့သည် ထိုဘဝမှာ ပရိနိဗ္ဗာန် မစံနိုင်သေးလျှင် အခြားဘုံသို့ မပြောင်းကြ။ မိမိ ဖြစ်ဆဲဘုံ၌သာ ပရိနိဗ္ဗာန် မစံမချင်း ဖြစ်ကြရသည်။ သုဒ္ဓါဝါသ အနာဂါမ်သည်လည်း အရူပဘုံသို့ မပြောင်း။ အထက်အထက် သုဒ္ဓါဝါသဘုံသို့သာ ပြောင်း၍ အကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန် စံကြရမည်။ အပါယ်ဘုံနှင့် အသညသတ်ဘုံမှ ပုဂ္ဂိုလ်တို့သည်လည်း အရူပဘုံသို့ မဖြစ်နိုင်ကြပေ၊ ထို့ကြောင့် ပဥ္စဝေါကာရ ၂၆-ဘုံတွင် အပါယ်လေးဘုံနှင့် ဝေဟပ္ဖိုလ်ဘုံ သုဒ္ဓါဝါသ ၅-ဘုံတို့ကို ကြဉ်ရပါသည်။

**ဘူမိသီသ သုံးဌာန**။ ။ဦးထိပ်သဖွယ်ဖြစ်၍ မြင့်မြတ်သော ဘုံတို့သည် ဝေဟပ္ဖိုလ်၊ အကနိဋ္ဌ၊ နေဝသညာနာသညာယတနဘုံအားဖြင့် ၃-ပါး ရှိ၏။ ထိုတွင်—ဝေဟပ္ဖိုလ်ဘုံသည် အရိယာအဖြစ်သို့ ရောက်နိုင်သော ပုထုဇဉ်တို့၏ တည်ရာဘုံတို့တွင် အမြတ်ဆုံးဖြစ်သောကြောင့် ပုထုဇ္ဇနဘဝဂ် မည်၏။ အကနိဋ္ဌဘုံသည် အရိယာတို့၏သာ တည်နေရာဘုံတို့တွင် အမြတ်ဆုံးဖြစ်သောကြောင့် အရိယာဘဝဂ်မည်၏။ နေဝသညာနာသညာယတနဘုံသည် ၃၁--ဘုံတွင် အမြတ်ဆုံးဖြစ်သောကြောင့် သဗ္ဗဘဝဂ်မည်၏။

**တိဟိတ်မှတ်ဖွယ်**။ ။တိဟိတ်ပုထုဇဉ်သည် ပစ္ဆိမအခါဝယ် တရားအားထုတ်လျှင် တမဂ်တဖိုလ် ရနိုင်၏။ ရလျှင် အောက်ဖလဌာန် အဖြစ်ဖြင့် စုတေပြီး အရူပဘုံ၌ဖြစ်၍ ထိုဘုံဝယ် အရဟတ္တဖိုလ်ကို ရပြီကာ ပရိနိဗ္ဗာန် စံနိုင်၏။ ဤသို့ ပစ္ဆိမအခါဝယ် တမဂ်တဖိုလ်ရနိုင်သည့် အခွင့်အရေးကိုကြည့်၍ ပဥ္စဝေါကာရ ဥပပဇ္ဇန္တအခိုက်၌ တိဟိတ်ပုထုဇဉ်ကို ကောက်သည်။ စဝန္တ

အခိုက်၌ကား မကောက်ရပါ။ ဘာ့ကြောင့်နည်း—တိဟိတ်ပုထုဇဉ်အဖြစ်ဖြင့် အရူပဘုံ၌ ဖြစ်နိုင်သော်လည်း ထိုဘုံ၀ယ် ပရတောဃောသပစ္စည်း မရ၍ (သူတပါးထံမှ တရားတော်ကို မနာယူရ၍)မဂ်ဖိုလ် မရနိုင်သဖြင့် ပရိနိဗ္ဗာန် မစံနိုင်သောကြောင့်တည်း။

**လမ်းညွှန်။** ။အရူ-ပရိပစ္ဆိမဘဝိကာရစဝန္တနှင့် အရူပဉပပဇ္ဇန္တ စဝန္တတို့ အရ တူရာ၌ များရာသို့ လိုက်၍ "ယေ(စ)။ပေ။ပရိနိဗ္ဗာယိဿန္တိ၊ တေသံ စဝန္တာနံ တေသံ" ဟု ထုတ်ပါ။ အရကောက်ရာ၌ ပဉ္စဝေါကာရစဝန္တ ကို ဦးစွာ ခွဲကောက်ပြီးမှ အရူပကို ကောက်ရပါသည်။ ဖြစ်ပြန်ကောင်းပုဂ္ဂိုလ် များနှင့် အရူ-ပရိ ပစ္ဆိမဘဝိကတို့ အရတူလျှင် ထိုပုဂ္ဂိုလ်တို့ကို ဝိဘင်းသီးခြား မထုတ်။ "ဤတရေသံ တေသံ" ဟု ဖြစ်ပြန်ကောင်းအတိုင်း ထုတ်ပါ။

(၁—၂) အရတူလျှင် ပေါင်းထုတ်ပါ။ ။ဤတရေသံ တေသံ။ ။

ဆိုရိုး—[ပစ္ဆိမဘဝိကမှတပါး ခပ်သိမ်းသော ဥပပဇ္ဇန္တ ဖြစ်သော ပုထု ၄၊ အောက်ဖလ ၃ ရ၏။ နိရောဓဝါရ၌ "ပရိနိဗ္ဗန္တမှတပါး" ဟု ဆိုပါ။]

## ၃။ ပစ္ဆိမဘဝိကပုဂ္ဂိုလ်

[ဤပစ္ဆိမဘဝိကပုဂ္ဂိုလ် ၉—ယောက်အတွက် ဝိဘင်းနှင့် အရကောက်ကို တပေါင်းတည်း ပြမှသာ ကျက်မှတ်ရာ အခါ်ပွာယ်စဉ်းစားရာ၌ လွယ်ကူမည် ဖြစ်၍ တပေါင်းတည်း ပြပါမည်။]

### (က) ပဉ္စဝေါကာရ (၃)ယောက်

**၁။ ပစ္ဆိမဘဝိကပဉ္စဝေါကာရဉပပဇ္ဇန္တပုဂ္ဂိုလ်။** ။ပစ္ဆိမဘဝိကာနံ ပဉ္စဝေါ ကာရံ ဥပပဇ္ဇန္တာနံ တေသံ။

ဆိုရိုး[—ပဉ္စ ဝေါကာရ တိဟိတ်ပဋိသန္ဓေ ၉—ခု၊စေ—၃၅၊ ကမ္မဇကလာပ် ၃၊ ၇၊ ၄·စည်းတို့၏ ဥပ္ပါဒ်—သော ပစ္ဆိမဘဝိက ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော တိ ပု၊ အောက်ဖလ ၃။]

၂။ **ပဥ္စဝေါကာရ ပရိနိဗ္ဗုတ္တ ပုဂ္ဂိုလ်။** ။ပဉ္စဝေါကာရေ ပရိနိဗ္ဗုတ္တာနံ တေသံ။

ဆိုရိုး–[ပဉ္စဝေါကာရ တိဟိတ် စုတိ ၉-ခု၊ စေ–၃၅၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်-သော ပဉ္စဝေါကာရ ပရိနိဗ္ဗုတ္တဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။]

၃။ **ပစ္ဆိမဘဝိက ပဥ္စဝေါကာရ မိဿက ပုဂ္ဂိုလ်။** ။ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ။

ဆိုရိုး–[ပစ္ဆိမဘဝိက ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော တိပုဒ်အောက်ဖလ ၃၊ စဝန္တဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။]

## (ခ) အရူပ (၃)ယောက်

၁။ **ပစ္ဆိမဘဝိက အရူပ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်။** ။ပစ္ဆိမဘဝိကာနံ အရူပံ ဥပပဇ္ဇန္တာနံ တေသံ။

ဆိုရိုး–[အရူပပဋိသန္ဓေ ၄–ခု၊ စေ ၃၀–တို့၏ ဥပ္ပါ–သော ပစ္ဆိမဘဝိက အရူပ ဥပပဇ္ဇန္တဖြစ်သော အောက်ဖလ ၃။]

၂။ **အရူပ ပရိနိဗ္ဗုတ္တပုဂ္ဂိုလ်။** ။အရူပေ ပရိနိဗ္ဗုတ္တာနံ။ ။

ဆိုရိုး–[အရူပ စုတိ ၄-ခု၊ စေ ၃၀–တို့၏ ဘင်–သော အရူပ ပရိနိဗ္ဗုတ္တ ဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။]

၃။ **ပစ္ဆိမဘဝိက အရူပမိဿက ပုဂ္ဂိုလ်။** ။အရူပေ ပစ္ဆိမဘဝိကာနံ။ ။

ဆိုရိုး–[ပစ္ဆိမဘဝိက အရူပဥပပဇ္ဇန္တ ဖြစ်သော, အောက်ဖလ ၃၊ စဝန္တ ဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။]

## (ဂ) စတု–ပဥ္စမိဿက ၃–ယောက်

**၁။ ပစ္ဆိမဘဝိက ဥပပဇ္ဇန္တ ပုဂ္ဂိုလ်။** ။ပစ္ဆိမဘဝိကာနံ ဥပပဇ္ဇန္တာနံ။ ။

ဆိုရိုး–[တိဟိတ် ပဋိသန္ဓေ တေရသ၊ စေ–၃၅၊ ကမ္မဇကလာပ် ၃၊ ၇၊ ၄ စည်းတို့၏ ဥပ္ပါ–သော ပစ္ဆိမဘဝိကစတုဝေါကာရ ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော တိပု၊ အောက်ဖလ ၃။]

**၂။ ပရိနိဗ္ဗန္တပုဂ္ဂိုလ်။** ။ပရိနိဗ္ဗန္တာနံ။

ဆိုရိုး–[တိဟိတ် စုတိ တေရသ၊ စေ–၃၅၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်–သော စတု–ပဉ္စ ပရိနိဗ္ဗန္တ ဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။]

**၃။ ပစ္ဆိမဘဝိက မိဿက ပုဂ္ဂိုလ်။** ။ပစ္ဆိမဘဝိကာနံ။ ။

ဆိုရိုး–[ပစ္ဆိမဘဝိက စတု–ပဉ္စ ဥပပဇ္ဇန္တဖြစ်သော တိ ပု၊ အောက် ၃၊ ပဝတ္တ ဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။]

**စံပြပုစ္ဆာ–၁။** ယဿ ဝါ ပန ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတိ၊
တဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။"ယဿ ဝါ ပန ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတိ=အကြင်ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ဖြစ်လတံ့" ဟူသော သန္နိဋ္ဌာန်အရ ပဉ္စ–ဖြစ်ပြန် ပုဂ္ဂိုလ်နှင့် အရူ ပရိပုဂ္ဂိုလ်တို့ဖြစ်သည်။ ဘာ့ကြောင့်နည်း–ပဉ္စ–ဖြစ်ပြန် ပုဂ္ဂိုလ်တို့နှင့် တည့်တည့် နာ ဖြစ်အကွက်၌ ၅၊ အရူ ပရိပုဂ္ဂိုလ်နှင့် တည့်တည့် နာ ဖြစ်အကွက်၌ ၄–ဂဏန်းတို့ ရှိ၏။ ဇယားကြည့်ပါ။ ထို ၅–၄ တို့တွင် ဝေဒနာက္ခန္ဓာ ပါဝင်သောကြောင့်တည်း။ ထိုပုဂ္ဂိုလ်တို့ကို (√) ဝဲထိုးပြထားပါ။

ထို့နောက် ထိုပုဂ္ဂိုလ်တို့ကို "တဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိဿတိ=ထိုပုဂ္ဂိုလ်အား ရူပက္ခန္ဓာ ဖြစ်လတံ့လော" ဟူသော သံသယနှင့် ညီ မညီ စိစစ်ရမည်။ ၅–တွင် ရူ–ခန္ဓာ ပါဝင်သောကြောင့် ပဉ္စ–ဖြစ်ပြန် ပုဂ္ဂိုလ်တို့သည် ညီ၏၊ (နှစ်ဖက်ရ)။

ထိုပုဂ္ဂိုလ်တို့၏ ဝဲသကော်တပေါ်၌ ၂-ဂဏန်းရေးပါ။ ၄-တွင် ရှု-ခန္ဓာ မပါ သောကြောင့် အရူ-ပရိပုဂ္ဂိုလ်တို့ကား မညီ။ (တဖက်ရ၊ ထိုပုဂ္ဂိုလ်တို့၏ ဝဲသကော်တပေါ်၌ ၁-ဂဏန်းရေးထားပါ။ ဝိဘင်းနှင့် အရကောက် ဆိုရိုးကို ကြည့်၍ကောက်ပါ။)

**ဝိဘင်းပါဠိ—၅။** ယေ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ။

၂။ ဣတရေသံ တေသံ။

**စံပြပုစ္ဆာ—၂။** ယဿ ရူပက္ခန္ဓော နိရုဇ္ဈိဿတိ၊
တဿ ဝေဒနာက္ခန္ဓော နိရုဇ္ဈိဿတီတိ။

**အဖြေရှာပုံ။** ။ဤပုစ္ဆာ၌ သန္နိဋ္ဌာန်အရ ပဉ္စ—ဖြစ်ပြန် ပုဂ္ဂိုလ်များနှင့် အရူ-ပရိ ပဉ္စဝေါကာရ ဥပပဇ္ဇန္တပုဂ္ဂိုလ်၊ ပစ္ဆိမဘဝိက ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ဇယားကြည့်ပါ၊ ထိုပုဂ္ဂိုလ်တို့နှင့် တည့်တည့် နာ ချုပ်အကွက်၌ ၅—ကို တွေ့ရပါလိမ့်မည်။ ထို ၅-တွင် ဝေဒနာက္ခန္ဓာလည်း ပါဝင်သဖြင့် "ဝေဒနာက္ခန္ဓာ ချုပ်လတံ့လော" ဟူသော သံသယနှင့်လည်း ညီ၏။ "အာမန္တာ" ဟု ထုတ်ပါ။ ဤပုဂ္ဂိုလ်အားလုံး ပဉ္စဝေါကာရဘုံမှာချည်း ချုပ်ကြရမည်။

**အရကောက်ပုံ။** ။ပဉ္စဝေါကာရဘုံ၌ နောင်ချုပ်ပြန်ကောင်းသော ပဉ္စဝေါကာရဥ-စဖြစ်သော ပုထု ၄၊ အောက် ၃၊ အသညသတ် အရူပ ဥ-စ ဖြစ်သော သုဂတိအဟိတ်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ရ၏။

**စံပြပုစ္ဆာ—၃။** ယဿ ဝါ ပန ဝေဒနာက္ခန္ဓော နိရုဇ္ဈိဿတိ၊
တဿ ရူပက္ခန္ဓော နိရုဇ္ဈိဿတီတိ။

**အဖြေရှာပုံ။** ။ပဉ္စ-ဖြစ်ပြန်ပုဂ္ဂိုလ်များ၊ အရူပရိပုဂ္ဂိုလ်များ၊ ပစ္ဆိမဘဝိက ပဉ္စဝေါကာရဥပပဇ္ဇန္တ၊ အရူပဥပပဇ္ဇန္တပုဂ္ဂိုလ်များသည် ဝေခန္ဓာ ချုပ်လတံ့ဖြစ်၍ သန္နိဋ္ဌာန်ပုဒ်အရ ဖြစ်၏။ (ဇယားကြည့်ပါ။ ဤပုဂ္ဂိုလ်များနှင့် တည့်တည့် နာ-ချုပ်အကွက်၌ ၅, ၄-တို့ရှိသည်။)

ထိုပုဂ္ဂိုလ်တို့တွင် ပဌမ-ဖြစ်ပြန်ပုဂ္ဂိုလ်များနှင့် အရူ-ပရိ ပဌမဝေါကာရ ဥပပဇ္ဇန္တ, ပစ္ဆိမဘဝိက ပဌမဝေါကာရ ဥပပဇ္ဇန္တတို့သည် ရူပက္ခန္ဓာချုပ်လတံ့ဖြစ်၍ နှစ်ဖက်ရ၊ အရူ-ပရိ ပဌမဝေါကာရစဝန္တ, အရူပဥပပဇ္ဇန္တ စဝန္တနှင့် ပစ္ဆိမဘဝိက အရူပဥပပဇ္ဇန္တတို့ကား ရူပက္ခန္ဓာချုပ်လတံ့မဟုတ်၍ တဖက်ရ ဖြစ်ပါသည်။

**ဝိဘင်းပါဠိ—၁။** ပစ္ဆိမဘဝိကာနံ အရူပံ ဥပပဇ္ဇန္တာနံ, ယေ စ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ စဝန္တာနံ တေသံ။

၂။ ဣတရေသံ တေသံ။

## အရကောက်ပုံ

၁။ အရူ-ပဋိ ၄-ခု၊ စေ ၃ဝ-တို့၏ ဥပပ္ပာ—သော ပစ္ဆိမဘဝိက အရူပဥပပဇ္ဇန္တဖြစ်သော အောက်ဖလဋ္ဌာန် ၃။

ကာမသုဂတိ ၇-ဘုံ။ ပေ။ ပဌမဝေါကာရစဝန္တဖြစ်သော အောက် ၃၊ အရူပဘုံအချင်းချင်းဖြစ်၍။ ပေ။ အရူပ ဥပပဇ္ဇန္တ စဝန္တဖြစ်သော အောက် ၃-ရ၏။

၂။ "ပဌမဝေါကာရဘုံ၌ နောင်ချုပ်ပြန်ကောင်းသော"စသည်ဖြင့် စံပြပုစ္ဆာ (၂)အတိုင်း ကောက်ပါ။

**စံပြပုစ္ဆာ—၄။** ယဿ ဝါ ပန ဝေဒနာက္ခန္ဓော နိရုဇ္ဈိဿတိ၊ တဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ပဌမ-ဖြစ်ပြန် အရူ-ပရိပုဂ္ဂိုလ်များနှင့် ပစ္ဆိမဘဝိက ဥပပဇ္ဇန္တပုဂ္ဂိုလ်များသည် ဝေ—ခန္ဓာ ချုပ်လတံ့ဖြစ်၍ သန္နိဋ္ဌာန်အရ ဖြစ်၏။ ထိုတွင် ပဌမ-ဖြစ်ပြန်ပုဂ္ဂိုလ်များသည် ရူ-ခန္ဓာလည်း ဖြစ်လတံ့ဖြစ်၍ နှစ်ဖက်ရ၊ အရူ-ပရိ ပုဂ္ဂိုလ်များနှင့် ပစ္ဆိမဘဝိက ဥပပဇ္ဇန္တ ပုဂ္ဂိုလ်များကား ရူ—ခန္ဓာ ဖြစ်လတံ့မဟုတ်၍ တဖက်ရ ဖြစ်ပါသည်။

**ဝိဘင်းပါဠိ**—၁။ ပစ္ဆိမဘဝိကာနံ ဥပပဇ္ဇန္တာနံ, ယေ စ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ။

၂။ ဣတရေသံ တေသံ။

**အရကောက်ပုံ**

၁။ ပစ္ဆိမဘဝိက စတု-ပဉ္စ ဥပပဇ္ဇန္တဖြစ်သော တိ ပု၊ အောက် ၃၊ [ဤ၌ အကျဉ်းချုပ်၍ ကောက်ထား၏။ ဝိဘင်းနှင့် အရကောက် ဆိုရိုး အတိုင်း အကျယ်လည်း ကောက်နိုင်သည်။] ကာမသုဂတိ ၇-ဘုံ။ ပေ။ အရူပ ဥ—စ ဖြစ်သော အောက်ဖလဋ္ဌာန် ၃-ရ၏။

၂။ ပဉ္စဝေါကာရတို့၌ နောင်ဖြစ်ပြန်ကောင်းသော စတု—ပဉ္စ ဥ—စ ဖြစ်သော ပုထု ၄၊ အောက် ၃၊ အသညသတ် ဥ-စ ဖြစ်သော သုဂတိ အဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်လည်း ရ၏။

**မှတ်ချက်။** ။တဖက်ရ ပစ္ဆိမဘဝိက ဥပပဇ္ဇန္တကို ကောက်ရာ၌ "စတု·ပဉ္စ"ကို ပေါင်းကောက်ခဲ့၍ ထိုနှင့် ရှေ့နောက်ညီအောင် ပဉ္စ-ဖြစ်ပြန် ပုဂ္ဂိုလ်ကို ကောက်ရာ၌လည်း စတုနှင့် ပဉ္စကို ပေါင်းကောက်သည်။

အနာဂတဝါရ ပြီး၏။

## ၅။ ပစ္စုပ္ပန္နာနာဂတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကိုဟောရာ၌ သုံးကွက်စလုံးကြည့်ပါ။ ပွန်အကွက် နာအကွက်တို့၌ သင်္ကေတထည့်ရမည်။ ဥပ္ပါဒဝါရဟောလျှင် ဖြစ်အကွက်ချင်း နိရောဓဝါရဟောလျှင် ချုပ်အကွက်ချင်း ဥပ္ပါဒနိရောဓ ဟောလျှင် ပွန် ဖြစ်အကွက်နှင့် နာ ချုပ်အကွက်တို့ တိုက်ဆိုင်စဉ်းစားရမည်။

**ဇယာ အဓိပ္ပါယ်။** ။ပဥ္စ-ဖြစ်ပြန် ပဥ္စဝေါကာရ ဥ-နှင့် တည့်တည့် ပွန် ဖြစ် အကွက်၌ ၅၊ ချုပ်အကွက်၌ ကြက်ခြေ၊ နာ ဖြစ် ချုပ် အကွက်တို့၌ ၅-ရှိသည်။ ၎င်းတို့ကိုကြည့်၍ "ပဥ္စဝေါကာရဘုံ၌ နောင်ဖြစ်ပြန် ကောင်းသော ပဥ္စဝေါကာရ ဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား ခန္ဓာ ၅-ပါးလုံး ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်၊ ဖြစ်လတံ့၊ ချုပ်လတံ့" ဤသို့စသည်ဖြင့် ပွန်-နာအကွက်ရှိ သင်္ကေတတို့ကိုကြည့်၍ သုံးကွက်စလုံးရှိသော ပုဂ္ဂိုလ်များကုန်အောင် ဆိုပြပါ၊ ဆိုစေပါ။

**စံပြပုစ္ဆာ—၁။** ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊
တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ပဥ္စ-ဖြစ်ပြန် ပဥ္စဝေါကာရ ဥ-နှင့် အသညသတ္တ ဥ, အရူ-ပရိပဥ္စဝေါကာရ ဥ-နှင့် ပစ္ဆိမဘဝိက ပဥ္စဝေါကာရ ဥ-တို့သည် သန္နိဋ္ဌာန်အရ ဖြစ်၏။ (၎င်းတို့နှင့်တည့်တည့် ပွန် ဖြစ် အကွက်၌ ၅-ရှိသည်။) ထိုတွင် ရှေ့ပုဂ္ဂိုလ် ၃-ယောက်သည် ဝေခန္ဓာဖြစ်လတံ့ ဖြစ်၍ သံသယနှင့် ညီ၏၊ နှစ်ဖက်ရ။ (နာ ဖြစ်အကွက်၌ ၅, ၄ တို့ရှိသည်။ ပစ္ဆိမ ဘဝိက ပဥ္စဝေါကာရ ဥ-ကား မညီ၊ တဖက်ရ။ (နာ ဖြစ်အကွက်၌ ကြက်ခြေ ရှိသည်၊)

ဝိဘင်္ဂပါဠိ—၁။ ပစ္ဆိမဘဝိကာနံ ပဥ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ။
၂။ ယေ စ ရူပါဝစရံ ပဥ္စဝေါကာရံ ဥပပဇ္ဇန္တာနံ, အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ၊

## အရကောက်ပုံ

၁။ ပဋ္ဌဝေါကာရ တိဟိတ်ပဋိသန္ဓေ ၉-ခု။ပေ။ တိ ပု၊ အ-ဖ ၃-ရ၏။

၂။ ပစ္ဆိမဘဝိကမှတပါး ပဋ္ဌ ပဋိ ၁၅၊ စေ-၃၅ ။ ပေ။ ပဋ္ဌ ဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထု-၄၊ အ-ဖ—၃။ အစစ္စာ သော။ ပေ ။ သုဂတိအဟိတ်ပုသုဇ္ဇဉ် ပုဂ္ဂိုလ်လည်းရ၏။ သံသယ ကား နောက်သာရ၏။

**ဠတရေသံလမ်းညွှန်။** ။ ပစ္ဆိမဘဝိက ပဋ္ဌဝေါကာရ ဥ-က တဖက်ရဖြစ်၍ ပဋ္ဌ-ဖြစ်ပြန်, အရူ-ပရိပဋ္ဌဝေါကာရ ဥ-တို့က နှစ်ဖက် ရဖြစ်ရာ၌ နှစ်ဖက်ရဝယ် "ဠတရေသံ ပဋ္ဌဝေါကာရံ ဥပပဇ္ဇန္တာနံ"ဟု ဠတ ရေသံ ထည့်ရမည်။ "ပစ္ဆိမဘဝိကမှတပါး" ဟု ဝိသေသနပြု၍ ပဋ္ဌဖြစ်ပြန် ကောင်း ဆိုရိုးအတိုင်း ကောက်ပါ။ တဖက်ရက ပစ္ဆိမဘဝိက ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တ မဟုတ်ရာ၌ "ဠတရေသံ" ထည့်ရန်မလို၊ သုံးကွက်စလုံးရှိ ပဋ္ဌဝေါ ကာရ ဥ-တို့ အရတူကြရာ၌လည်း ထို့အတူတည်း။"ပဋ္ဌ—ပဋိ ၁၅ ။ ပေ။ ပုထု၄၊ အ-ဖ ၃"ကောက်။ အရူပအတွက်လည်း နည်းတူသိပါ။

**စံပြပုစ္ဆာ**--၂။ ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊
တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ စဝန္တအားလုံးနှင့် အရူပ ဥပပဇ္ဇန္တ တို့ သန္နိဋ္ဌာန်အရ ဖြစ်ပါသည်။ ထိုတွင် ပဋ္ဌ-ဖြစ်ပြန်, အရူ-ပရိ အကွက်ရှိ စဝန္တများနှင့် အရူပဥပပဇ္ဇန္တတို့သည် ဝေ-ခန္ဓာ ဖြစ်လတံ့ဖြစ်၍ "ဝေဒနာက္ခန္ဓာ မဖြစ်လတံ့လော"ဟူသော သံသယနှင့် မညီ။ တဖက်ရ၊ (၎င်း တို့နှင့် တည့်တည့် နာ-ဖြစ်အကွက်၌ ၅-၄-တို့ ရှိသည်)။ ပဋ္ဌဝေါကာရ ပရိနိဗ္ဗန္တ နှင့် ပစ္ဆိမဘဝိက အရူပ ဥ-စ တို့သည်ကား ဝေ-ခန္ဓာလည်း ဖြစ်လတံ့မဟုတ် ၍ သံသယနှင့် ညီ၏။ နှစ်ဖက်ရ၊ (၎င်းတို့နှင့်တည့်တည့် နာ-ဖြစ်အကွက်၌ ကြက်ခြေသာ ရှိသည်။)

**ဝိဘင်းပါဠိ**—၁။ သဗ္ဗေသံ စဝန္တာနံ, အရူပံ ဥပပဇ္ဇန္တာနံ တေသံ။
၂။ ပဋ္ဌဝေါကာရေ ပရိနိဗ္ဗန္တာနံ,အရူပေ ပစ္ဆိမဘဝိကာနံ တေသံ။

## အရကောက်ပုံ

၁။ စုတိစိတ် ၁၉။ ပေ။ ခပ်သိမ်းသော စဝန္တဖြစ်သော ပုထု ၄။ အ-ဖ ၃၊ ပစ္ဆိမဘဝိကမှတပါး အရူပဥပပဇ္ဇန္တဖြစ်သော တိ-ပု၊ အ-ဖ ၃ ရ၏။

၂။ ပဉ္စဝေါကာရ တိဟိတ်စုတိ ၉-ခု။ ပေ။ အရဟတ္တဖလသင်္ဃာန်ပုဂ္ဂိုလ်၊ ပစ္ဆိမဘဝိက အရူပ ဥပပဇ္ဇန္တဖြစ်သော အ-ဖ ၃၊ စဝန္တဖြစ်သော အရဟတ္တဖလသင်္ဃာန်ပုဂ္ဂိုလ်လည်း ရ၏။ သံသယကား နောက်သာ ရ၏။

**စံပြပုစ္ဆာ — ၃**။ ယဿ ရူပက္ခန္ဓော နိရုဇ္ဈတိ၊ တဿ ဝေဒနာက္ခန္ဓော နိရုဇ္ဈိဿ တီတိ။

**အဖြေရှာပုံ**။ ။ဇယားကြည့်ပြီး ရှေ့ပုစ္ဆာများ နည်းမှီကာ မိမိဘာသာ အဖြေရှာပါ။ ပဉ္စဝေါကာရပရိနိဗ္ဗန္တက တဖက်ရ၊ ကြွင်း ပဉ္စဝေါကာရ စဝန္တများနှင့် အသညသတ္တာ စဝန္တတို့က နှစ်ဖက်ရ ဖြစ်သည်။ လေ့လာသူတို့ဉာဏ်၌ ရှင်းလင်းစွာ ထင်လာပါလိမ့်မည်။

**ဝိဘင်းပါဠိ** — ၁။ ပဉ္စဝေါကာရေ ပရိနိဗ္ဗန္တာနံ တေသံ၊
၂။ ဣတရေသံ ပဉ္စဝေါကာရာ စဝန္တာနံ၊ အသညသတ္တာ စဝန္တာနံ တေသံ။

## အရကောက်ပုံ

၁။ ပဉ္စဝေါကာရ တိဟိတ်စုတိ ၉-ခု၊ စေ ၃၅။ ပေ။ ပဉ္စဝေါကာရပရိနိဗ္ဗန္တ ဖြစ်သော အရဟတ္တဖလသင်္ဃာန်ပုဂ္ဂိုလ် ရ၏။

၂။ ပရိနိဗ္ဗန္တမှတပါး ပဉ္စဝေါကာရစုတိ ၁၅၊ ပေ။ ပဉ္စဝေါကာရစဝန္တ ဖြစ်သော ပုထု ၄၊ အ-ဖ ၃၊ အဆုံးစွန်သော။ ပေ။ အသညသတ် စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်လည်း ရ၏။ သံသယ ကား နောက်သာ ရ၏။

ပစ္စုပ္ပန္နာနာဂတဝါရ ပြီး၏။

## ၆။ အတီတာနာဂတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကို ဟောရာ၌လည်း သုံးကွက်စလုံးကို ကြည့်ပါ။ တိတ်-နာ အကွက်တို့၌သာ သင်္ကေတ ထည့်ရပါမည်။

**ဇယားအဓိပ္ပာယ်။** ။ပဋိ-ဖြစ်ပြန် ပဋိဝေါကာရ ဥနှင့်တည့်တည့် တိတ်နာ ဖြစ်-ချုပ်အကွက်တို့၌ ၅-ဂဏန်းများ ရှိသည်။ ၎င်းတို့ကို ကြည့်၍ "ပဋိ-ဖြစ်ပြန် ပဋိဝေါကာရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်တို့အား ခန္ဓာ ၅-ပါးလုံး ဖြစ်ဖူး၊ ချုပ်ဖူး၊ ဖြစ်လတ္တံ့၊ ချုပ်လတ္တံ့ စသည်ဖြင့် ဆိုပြပါ။ ဆိုစေပါ။

**စံပြပုစ္ဆာ—၁။** ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊
တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ပဋိ-ဖြစ်ပြန် ပုဂ္ဂိုလ်များ၊ အရူ-ပရိ ပုဂ္ဂိုလ်များသည် ရူပက္ခန္ဓာလည်း ဖြစ်ဖူး၊ ဝေဒနာက္ခန္ဓာလည်း ဖြစ်လတ္တံ့ဖြစ်၍ နှစ်ဖက်ရ၊ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်များကား ရူပက္ခန္ဓာသာ ဖြစ်ဖူး၍ ဝေဒနာက္ခန္ဓာ ဖြစ်လတ္တံ့မဟုတ်သောကြောင့် တဖက်ရသာ ဖြစ်ပါသည်။

**ဝိဘင်းပါဠိ—၁။** ပစ္ဆိမဘဝိကာနံ တေသံ။
၂။ ဣတရေသံ တေသံ။

### အရကောက်ပုံ

၁။ ပစ္ဆိမဘဝိက စတု-ပဋိ ဥပပဇ္ဇန္တဖြစ်သော တိ-ပု၊ အ-ဖ ၃၊ စဝန္တဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။
၂။ ပစ္ဆိမဘဝိကမှတပါး ခပ်သိမ်းသော ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထု ၄၊ အ-ဖ ၃-လည်း ရ၏။ (နိရုဇ္ဈိတ္ထ၊ နိရုဇ္ဈိဿတိဟု မေးလျှင် "ပရိနိဗ္ဗန္တမှတပါး"ဟု ဝိသေသနပြုပါ။)

အတီတာနာဂတဝါရ ပြီး၏။

ပုဂ္ဂလ ၆-ဝါရ ပြီး၏။

## ၂။ ဩကာသဝါရ

| စဉ် | ဩကာသ (ဘုံ) | ပွန် | | တိတ် | | နာ | |
|---|---|---|---|---|---|---|---|
| | | ဖြစ် | ချုပ် | ဖြစ် | ချုပ် | ဖြစ် | ချုပ် |
| ၁ | ပဉ္စဝေါကာရ ၂၆-ဘုံ | ၅ | ၅ | ၅ | ၅ | ၅ | ၅ |
| ၂ | အရူပ ၄-ဘုံ | ၄ | ၄ | ၄ | ၄ | ၄ | ၄ |
| ၃ | အသညသတ် ဘုံ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |

## ၂။ ဩကာသဝါရ(၆)ဝါရ

### ဝိဘင်းနှင့် အရကောက်

၁။ ပဉ္စဝေါကာရေ တတ္ထ=ခန္ဓာ ၅-ပါး၏ ဖြစ်ရာဖြစ်သော ပဉ္စဝေါကာရ ၂၆—ဘုံ ရ၏။

၂။ အရူပေ တတ္ထ=နာမက္ခန္ဓာ ၄-ပါး၏သာ ဖြစ်ရာဖြစ်သော အရူပ ၄-ဘုံ ရ၏။

၃။ အသညသတ္တေ တတ္ထ=ရူပက္ခန္ဓာ၏သာ ဖြစ်ရာဖြစ်သော အသညသတ် ဘုံ ရ၏။

**၁-၂-ပေါင်းကောက်ပုံ။** ။နာမက္ခန္ဓာ ၄-ပါး၏သာ ဖြစ်ရာ ဖြစ်သော စတုဝေါကာရ ၄-ဘုံ၊ ခန္ဓာ ၅-ပါး၏ ဖြစ်ရာ ဖြစ်သော ပဉ္စဝေါကာရ ၂၆-ဘုံ ရ၏။

ဩကာသဝါရ ပြီး၏။

## ၃။ ပုဂ္ဂလောကာသ ၆-ဝါရ

| စဉ် | ပုဂ္ဂိုလ်-ဘုံ | | | ပွန် | | ဟိတ် | | နှာ | |
|---|---|---|---|---|---|---|---|---|---|
| | | | | ဖြစ် | ချုပ် | ဖြစ် | ချုပ် | ဖြစ် | ချုပ် |
| ၁ | ဖြစ်ပြန် ပုဂ္ဂိုလ်ဘုံ | (က) ပဉ္စဝေါကာရ | ဥ | ၅ | × | ၅ | ၅ | ၅ | ၅ |
| | | | ဓ | × | ၅ | ၅ | ၅ | ၅ | ၅ |
| | | (ခ) အရူပ | ဥ | ၄ | × | ၄ | ၄ | ၄ | ၄ |
| | | | ဓ | × | ၄ | ၄ | ၄ | ၄ | ၄ |
| | | (ဂ) အသညသတ္တ | ဥ | ၁ | × | ၁ | ၁ | ၁ | ၁ |
| | | | ဓ | × | ၁ | ၁ | ၁ | ၁ | ၁ |
| ၂ | ပစ္ဆိမ ပုဂ္ဂိုလ်ဘုံ | (က) သုဒ္ဓါဝါသ (မဖ်-တု) | ဥ | ၅ | × | × | × | × | ၅ |
| | | | ဓ | × | ၅ | × | × | × | × |
| | | (ခ) ကြွင်ပဉ္စ (မဖ်-တု) ဝေါကာရ | ဥ | ၅ | × | ၅ | ၅ | × | ၅ |
| | | | ဓ | × | ၅ | ၅ | ၅ | × | × |
| | | (ဂ) အရူပ (မဖ်-တု) | ဥ | ၄ | × | ၄ | ၄ | × | ၄ |
| | | | ဓ | × | ၄ | ၄ | ၄ | × | × |
| | | (ဃ) အသည (× ဟု) သတ္တ | ဥ | ၁ | × | ၁ | ၁ | × | ၁ |
| | | | ဓ | × | ၁ | ၁ | ၁ | × | × |

## ၁။ ပစ္စုပ္ပန္နဝါရ

**အမှာအထား။** ။ဤဝါရကို ဟောရာ၌ နံပါတ် (၁) အကွက်ကိုကြည့်ပါ၊ ပွန်အကွက်၌သာ သင်္ကေတ ထည့်ရမည်၊ ဤသို့ တကွက် တည်းကိုသာ ကြည့်၍ ဟောရသောဝါရတို့၌ "ဖြစ်ပြန်" ဟူသော စကား "ပစ္ဆိမဘဝိက" ဟူသော စကားများ သုံးရန်မလို၊ ထို့ကြောင့် ပဉ္စဝေါကာရ ပုဂ္ဂိုလ် ဘုံ၌ သုဒ္ဓါဝါသ ပါသည်ဟု မှတ်ပါ၊ ပုစ္ဆာ၌ "ယဿ ယတ္ထ" ဟု အနိယမ နှစ်ချက်ပါသောကြောင့် ဝိဘင်း၌ "တဿ တတ္ထ" ဟု နိယမနှစ်ချက် ထည့်ရပါသည်။ ဝိဘင်း အရကောက် ပစ္စုပ္ပန္နပုဂ္ဂလဝါရ၌ ပြခဲ့ပြီ။

## ၂။ အတီတဝါရ

ဤဝါရကို ဟောရာ၌ နံပါတ် (၂) အကွက်ကိုကြည့်ပါ၊ တိတ်ဖြစ်-ချုပ် အကွက်၌သာ သင်္ကေတထည့်ရပါမည်။ သုဒ္ဓါဝါသ ဥနှင့်စတို့ ခန္ဓာ ၅-ပါး မဖြစ်ဖူး, မချုပ်ဖူး ချင်းအားဖြင့် တူကြသောကြောင့် ပေါင်း၍"သုဒ္ဓါဝါသ မိဿကပုဂ္ဂိုလ် ဘုံ" ဟု အတိုချုပ်ခေါ်ပါ၊ ကြွင်း ပဋ္ဌပုဂ္ဂိုလ် ဘုံ စသည်တို့၌ လည်း နည်းတူ၊ အရမတူရာ၌ဥ, စ ခွဲရသည်။

**ပုဂ္ဂလောကာသ။** ။ပုဂ္ဂလောကာသဝါရ ဟူသည် ပုဂ္ဂလ (ပုဂ္ဂိုလ်) နှင့် ဩကာသ(ဘုံ) တို့ကို တွဲစပ်၍ ဟောရသော ဝါရတည်း။ ထိုတွင် ပုဂ္ဂိုလ်သည် ထိုထိုဘုံ၌ပြောင်း၍ဖြစ်တတ်သဖြင့် မတည်မြဲသောကြောင့် အဓိကမဟုတ်၊ ဘုံသာပြောင်း၍ မဖြစ်တတ်သဖြင့် တည်မြဲသောကြောင့် အဓိက ဖြစ်သည်၊ အတီတပုဂ္ဂလဝါရတုန်းက အဓိကဖြစ်သော ဘုံဖြင့် မသတ်မှတ် သောကြောင့် ပုဂ္ဂိုလ်တိုင်း ခန္ဓာ ၅-ပါးလုံး ဖြစ်ဖူး, ချုပ်ဖူးရကြ၏။ ဤ၌ကား အဓိကဖြစ်သော ဘုံဖြင့် သတ်မှတ်သောကြောင့် ထိုသို့ မရပါ၊မိမိဖြစ်ဆဲဘုံအား လျော်စွာ ဆိုင်ရာခန္ဓာတို့သာ ဖြစ်ဖူးကြ ချုပ်ဖူးကြပါသည်။

**သုဒ္ဓါဝါသပုဂ္ဂိုလ်ဘုံ။** ။သုဒ္ဓါဝါသာနံ တေသံ တတ္ထ ရူပက္ခန္ဓော စ နုပ္ပဇ္ဇိတ္ထ၊ ဝေဒနာက္ခန္ဓော စ နုပ္ပဇ္ဇိတ္ထာတိ ဧတေန သုဒ္ဓါဝါသဘူမိသု ကေဘူမိယမ္ပိ ဒုတိယာ ဥပပတ္တိ နာမ နတ္ထိတိ ဉာပိတံ ဟောတိ။ ....ဟူသော ခန္ဓယမက မူလဋီကာ စကားအရ သုဒ္ဓါဝါသ အနာဂါမ် ဗြဟ္မာတို့သည် သဒ္ဓါ စသော ဣန္ဒြေတို့ လွန်ကဲသူများ ဖြစ်ကြသောကြောင့် မိမိဖြစ်ခိုက် သုဒ္ဓါဝါသ ဘုံ၌ ထပ်၍မဖြစ်ကြတော့လို့ကြောင့် "ထိုဗြဟ္မာတို့သည် ထိုဘုံ၌ ခန္ဓာ ၅-ပါး လုံး မဖြစ်ဘူး၊ မချုပ်ဘူးကြ" ဟု မှတ်ပါ၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ "သုဒ္ဓါဝါသ, ပုဂ္ဂလ, မရဘူးနှစ်ဖြာ" ဟု ယမိုက်နိယံ၌ ဆိုသည်။

**ဇယားလမ်းညွှန်။** ။သုဒ္ဓါဝါသ ပုဂ္ဂိုလ်ဘုံနှင့်တည့်တည့် တိတ်—ဖြစ်—ချုပ် အကွက်၌ (×) ကြက်ခြေကို တွေ့ရလိမ့်မည်၊ ၎င်းကို ကြည့်၍ "သုဒ္ဓါဝါသ ဥပပဇ္ဇန္တ စဝန္တ (မိဿက) ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ဘုံ၌ ခန္ဓာ ၅-ပါးလုံး ဖြစ်ဖူး ချုပ်ဖူး မရ" ဟု ဆိုပြပါ၊ ဆိုစေပါ။

**ကြွင်း ပဋ္ဌပုဂ္ဂိုလ်ဘုံ။** ။ကြွင်း ပဋ္ဌ ပုဂ္ဂိုလ်ဘုံတို့နှင့် တည့်တည့် တိတ်ဖြစ် ချုပ် အကွက်၌ ၅-ဂဏန်းများ ရှိ၏။ ၎င်းတို့ကို ကြည့်၍ "ကြွင်း ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တ စဝန္တ (မိဿက) ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ကြဉ်သော ပဋ္ဌဝေါကာရ ၂၁-ဘုံ၌ ခန္ဓာ ၅-ပါးလုံး ဖြစ်ဖူး၊ ချုပ်ဖူး" ဟု ဆိုပြပါ၊ ဆိုစေပါ၊ ၄၊ ၁၊ သင်္ကေတတို့ကို ကြည့်၍ အရူပ, အသညသတ်, မိဿက ပုဂ္ဂိုလ် ဘုံတို့ကိုလည်း သိပါလေ။

## ဝိဘင်းနှင့် အရကောက်ဆိုရိုး

### (က) သုဒ္ဓါဝါသဆိုရိုး

**၁။ သုဒ္ဓါဝါသ ဥပပဇ္ဇန္တ ပုဂ္ဂိုလ် ဘုံ**—သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

**ဆိုရိုး**—[ရူပါဝစရ ပဋ္ဌမစျာန် ပဋိသန္ဓေတခု၊စေ-တိ'သ၊ကမ္မဇကလာပ် ၄-စည်း တို့၏ ဥပ္ပါ....သော သုဒ္ဓါဝါသ ဥပပဇ္ဇန္တ ဖြစ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅—ဘုံရ၏။ ("ဝေဟပ္ဖလာ အသညသတ္တာ သုဒ္ဓါဝါသာ စေတိ စတုတ္ထဇ္ဈာနဘူမိ" ဟူသော ဝိထိမုတ္တသင်္ဂဟ ဘူမိစတုက္ကစကားနှင့် "ပဋ္ဌမဇ္ဈာနဝိပါကံ စတုတ္ထဇ္ဈာနဘူမိယံ" ဟူသော ပဋိသန္ဓိစတုက္က စကားတို့ကို သတိပြုပါ။) ]

**(၂) သုဒ္ဓါဝါသ စဝန္တ (ပရိနိဗ္ဗန္တ) ပုဂ္ဂိုလ်ဘုံ**—သုဒ္ဓါဝါသေ ပရိနိဗ္ဗန္တာနံ တေသံ တတ္ထ။

**ဆိုရိုး**—[ရူပါဝစရ ပဋ္ဌမစျာန် စုတိတခု၊စေ-တိ'သ၊ အဆုံးစွန်သော ကမ္မဇရုပ် တို့၏ ဘင်... သော သုဒ္ဓါဝါသ ပရိနိဗ္ဗန္တ ဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅—ဘုံရ၏။]

**(၃) သုဒ္ဓါဝါသ မိဿက ပုဂ္ဂိုလ် ဘုံ**—သုဒ္ဓါဝါသာနံ တေသံ တတ္ထ။

**ဆိုရိုး**—[သုဒ္ဓါဝါသ ဥပပဇ္ဇန္တ စဝန္တဖြစ်သော အနာဂါမိ ဖလဋ္ဌာန်, အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅—ဘုံရ၏။ (ဤကား ယထာ လာဘနည်းတည်း) တနည်း—သုဒ္ဓါဝါသ ဥပပဇ္ဇန္တ ဖြစ်သော အနာဂါမိဖလဋ္ဌာန် စဝန္တဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား

သုဒ္ဓါဝါသ ၅-ဘုံရ၏။ (ဤကား ၃-စ ခွဲကောက်ပုံတည်း၊ ဤအတိုင်း
လည်း ကောက်နိုင်သည်။) ]

## (ခ) ကြွင်းပဥ္စဆိုရိုး

(ဥပပဇ္ဇန္တဝိဘင်းဆိုရိုးနှင့် စဝန္တဝိဘင်းဆိုရိုးများကို ပစ္စုပ္ပန္နပုဂ္ဂလဝါရ၌ ပြခဲ့ပြီး၊ ဤ၌ မိဿကဝိဘင်းနှင့် ဆိုရိုးများကိုသာ ပြပါတော့မည်။)

**၃။ ကြွင်း ပဥ္စမိဿကပုဂ္ဂိုလ် ဘုံ**—ပဉ္စဝေါကာရာနံ တေသံ တတ္ထ။

ဆိုရိုး—[ပဉ္စဝေါကာရဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ပုထု-၄၊ ဖလ-၄ တို့အား
သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ ၂၁-ဘုံ ရ၏။]

## (ဂ) အရူပဆိုရိုး

၃။ **အရူပမိဿကပုဂ္ဂိုလ် ဘုံ**—အရူပါနံ တေသံ တတ္ထ။

**ဆိုရိုး**—[အရူပဥပပဇ္ဇန္တ စဝန္တဖြစ်သော တိပုံ၊ ဖလ-၄ တို့အား အရူပ-၄ ဘုံ
ရ၏။]

## (ဃ) အသညသတ်ဆိုရိုး

၃။ **အသညသတ်မိဿကပုဂ္ဂိုလ် ဘုံ**—အသညသတ္တာနံ တေသံ တတ္ထ။

ဆိုရိုး—[အသညသတ်ဥ-စဖြစ်သော သုဂတိအဟိတ် ပုတုဇဉ်ပုဂ္ဂိုလ်တို့အား
အသညသတ်ဘုံရ၏။]

**စံပြပုစ္ဆာ**—၁။ ယဿ ယတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊
တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ကြွင်းပဉ္စမိဿက (ဥ-စ) ပုဂ္ဂိုလ်ဘုံနှင့်
တည့်တည့် တိတ် ဖြစ်အကွက်၌ ၅၊ အသညသတ္တမိဿက
ပုဂ္ဂိုလ်ဘုံနှင့် တည့်တည့် တိတ် ဖြစ်အကွက်၌ ၁-ရှိ၏။ ထို ၅ - ၁-တို့တွင်

ရူပက္ခန္ဓာပါသောကြောင့် ထိုပုဂ္ဂိုလ်ဘုံတို့သည် သန္နိဋ္ဌာန်အရဖြစ်၏။ ထိုတွင် ၅-၌ ဝေခန္ဓာလည်း ပါဝင်သောကြောင့် ကြွင်းပဉ္စမိဿက ပုဂ္ဂိုလ်ဘုံသည် "ဝေဒနာက္ခန္ဓာ ဖြစ်ဖူးသလော" ဟူသော သံသယနှင့်ညီ၏။ နှစ်ဖက်ရ၊ ၁-၌ ဝေခန္ဓာမပါသောကြောင့် အသညမိဿကပုဂ္ဂိုလ်ဘုံကား မညီ။တဖက်ရ၊ ဝိဘင်းနှင့် အရကောက်ဆိုရိုး၌ ပြခဲ့သည့်အတိုင်းကောက်ပါ၊ မခက်ပြီ။

**ဝိဘင်းပါဠိ—**၁။ အသညသတ္တာနံ တေသံ တတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊ နော စ တေသံ တတ္ထ ဝေဒနာ က္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊

၂။ ပဉ္စဝေါကာရာနံ တေသံ တတ္ထ ရူပက္ခန္ဓော စ ဥပပဇ္ဇိတ္ထ၊ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇိတ္ထ၊

**စံပြပုစ္ဆာ—**၂။ ယဿ ယတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ။ တဿ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထာတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ၊ သုဒ္ဓါဝါသ မိဿကပုဂ္ဂိုလ်ဘုံသည် ရူပက္ခန္ဓာလည်းမဖြစ်ဖူး၊ ဝေဒနာက္ခန္ဓာလည်း မဖြစ်ဖူးသောကြောင့် နှစ်ဖက်ရ၊ အရူပမိဿကပုဂ္ဂိုလ်ဘုံကား ရူပက္ခန္ဓာသာ မဖြစ်ဖူးပါ၊ ဝေဒနာက္ခန္ဓာကား ဖြစ်ပြီးသောကြောင့် တဖက်ရဖြစ်ပါသည်။

**ဝိဘင်းပါဠိ—**၁။ အရူပါနံ တေသံ တတ္ထ။

၂။ သုဒ္ဓါဝါသာနံ တေသံ တတ္ထ။

**အမှာ။** ။ထိုထိုဘုံအားလျော်စွာ ဆိုင်ရာခန္ဓာဖြစ်ဖူးရကြသော ပုဂ္ဂိုလ်ဘုံတို့၌ ချုပ်ဖူးလည်းရကြသောကြောင့် နိရောဓ၊ ဥပ္ပါဒနိရောဓဝါရတို့သည် ဥပ္ပါဒဝါရနှင့် တူကြသည်။

အတီတဝါရ ပြီး၏။

## ၃။ ပစ္စုပ္ပန္နာတီတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကိုဒေဟာရာ၌ နံပါတ် (၂) အကွက်ကို ကြည့်ပါ။ ပွန် တိတ်ဖြစ် ချုပ်အတွက်တို့၌သာ သင်္ကေတထည့်ရမည်။ ဥနှင့် စသည် ဆိုင်ရာခန္ဓာဖြစ်ဖူးကြ ချုပ်ဖူး တူကြသော်လည်း ပစ္စုပ္ပန်အနေအား ဖြင့်ကား မတူကြပါ။ မှန်၏၊ ဥ-ကား ဆိုင်ရာခန္ဓာ ဖြစ်ဆဲသာရ၍ ချုပ်ဆဲမရ၊ စ-ကား ချုပ်ဆဲသာရ၍ ဖြစ်ဆဲမရပါ။ထို့ကြောင့် ဥ-နှင့် စ-ခွဲ၍ စဉ်းစားရမည်။ ဝိဘင်းထုတ်ရမည်။ဥ-နှင့်စ-တို့ တဖက်ရချင်း၊ နှစ်ဖက်ရချင်းတူရာ၌ မိဿကဒွါန ဝိဘင်းထုတ်ရသည်။

သုဒ္ဓါဝါသ ဥ-နှင့်တည့်တည့် ပွန်ဖြစ်အကွက်၌ ၅၊ ချုပ်အကွက်၌ (×) ကြက်ခြေ၊ တိတ်ဖြစ်ချုပ်အကွက်တို့၌လည်း (×) ကြက်ခြေပင် ရှိ၏။ "သုဒ္ဓါ ဝါသဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသဘုံ၌ ခန္ဓာ ၅-ပါးလုံးဖြစ်ဆဲ၊ ချုပ်ဆဲ မရ၊ ဖြစ်ပြီး ချုပ်ပြီးလည်း မရ၊ စသည်ဖြင့် ထိုထိုပုဂ္ဂိုလ်ဘုံနှင့် တည့်တည့်ရှိ သင်္ကေတတို့ကို ကြည့်၍ဆိုပြပါ။ ဆိုစေပါ။

**စံပြပုစ္ဆာ** :—၁။ ယဿ ယတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊
တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ သုဒ္ဓါဝါသ ဥ-ကြွင်း ပဥ္စ ဥ-တို့နှင့်တည့်တည့် ပွန်ဖြစ်အကွက်၌ (၅) အသည ဥ၊နှင့်တည့်တည့်ပွန်ဖြစ်အကွက် ၌ (၁) ရှိ၏။ ထို(၅၊၁) တို့တွင် ရူပက္ခန္ဓာပါသောကြောင့် ထိုပုဂ္ဂိုလ်ဘုံတို့ သည် "ရူပက္ခန္ဓာဖြစ်ဆဲ" ဟူသော သန္နိဋ္ဌာန်အရဖြစ်၏။ ထိုတွင်သုဒ္ဓါဝါသ ဥ နှင့် အသည ဥ-တို့သည် "ဝေဒနာက္ခန္ဓာ ဖြစ်ဖူးသလော" ဟူသော သံသယနှင့် မညီ။ တဖက်ရ၊ ကြွင်းပဥ္စ ဥ-သည် ညီ၏၊ နှစ်ဖက်ရ။

ဘာ့ကြောင့်နည်း—ထိုပုဂ္ဂိုလ်တို့နှင့်တည့်တည့် တိတ် ဖြစ်အကွက်၌ (×) ကြက်ခြေနှင့် (၁) သာရှိ၍ ထိုကြက်ခြေနှင့် (၁) တို့တွင် ဝေဒနာက္ခန္ဓာမပါဝင် သောကြောင့်တည်း။ ကြွင်းပဥ္စ ဥ-နှင့်တည့်တည့် တိတ် ဖြစ်အကွက်၌ကား (၅)

ရှိသဖြင့် ထို(၅) တွင် ဝေဒနာက္ခန္ဓာ ပါဝင်သောကြောင့်တည်း။ အရကောက် ဆိုရိုးများ ရှေ့၌ ပြခဲ့ပြီးဖြစ်၍ ဤ၌မပြတော့ပါ။

**ဝိဘင်းပါဠိ —** ၁။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ, အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

၂။ (ဣတရေသံ) ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

**ဣတရေသံလမ်းညွှန်။** ။ဥပ္ပါဒဝါရ၌ သုဒ္ဓါဝါသ ဥ-က တဖက်ရတွင်ပါဝင်၍ ကြွင်းပဉ္စ ဥ-က နှစ်ဖက်ရဖြစ်ရာ၌ နှစ်ဖက်ရဖြစ်သော ကြွင်းပဉ္စ ဥ-ကို ဝိဘင်းထုတ်ရာဝယ် "ဣတရေသံ" ထည့်၍ "ဣတရေသံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ" ဟုထုတ်ပါ။ တဖက်ရထည်းမှာ သုဒ္ဓါဝါသ မပါလျှင် "ဣတရေသံ" ထည့်ရန် မလိုပါ။

**စံပြပုစ္ဆာ—**၂။ ယဿ ဝါ ပန ယတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ၊ ကြွင်း ပဉ္စဝေါကာရ ဥ-စ ပုဂ္ဂိုလ်ဘုံတို့နှင့် အရူပ ဥ-စပုဂ္ဂိုလ်ဘုံတို့သည် ဝေဒနာက္ခန္ဓာဖြစ်ဖူးကြ၍ သန္နိဋ္ဌာန် အရဖြစ်၏။ ထိုတွင်ကြွင်းပဉ္စဝေါကာရ ဥ-သည် ရူပက္ခန္ဓာလည်း ဖြစ်ဆဲဖြစ်၍ "ရူပက္ခန္ဓာဖြစ်ဆဲလော" ဟူသော သံသယနှင့်လည်းညီ၏၊နှစ်ဖက်ရ။ကြွင်းပုဂ္ဂိုလ် တို့ကား ရူပက္ခန္ဓာဖြစ်ဆဲမဟုတ်၍ သံသယနှင့်မညီ၊ တဖက်ရတည်း။

**ဝိဘင်းပါဠိ—** ၁။ ပဉ္စဝေါကာရာ စဝန္တာနံ, အရူပါနံ တေသံ တတ္ထ။

၂။ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

ပစ္စုပ္ပန္နာတီတဝါရပြီး၏။

## ယမိုက်နိယံများ

၁။ ဘုံသုံးဆယ့်တစ်, ပြန်မဖြစ်, အစစ်ပစ္ဆိမာ။
၂။ ဖြစ်ဆဲဘဝ, မဖြစ်က, မှတ်ကြအတုသာ။
၃။ အာပါယိက, စစ်မရ, သညာတို့တူသာ။
၄။ အကနိဋ္ဌ, တုမရ, ကင်းပဖြစ်ပြန်ပါ။
၅။ ဖြစ်လတံ့ကို, မရဆို, ပုဂ္ဂိုလ်ပစ္ဆိမာ။
၆။ ဖြစ်လတံ့ကို, မရဆို, ပုဂ္ဂိုလ်သုဒ္ဓါဝါ။
၇။ သုဒ္ဓါဝါသ, ဘူးမရ, ဖြစ်ပြန်ကောင်းလည်း မရပါ။
၈။ ဖြစ်ပြန် မဖြစ်ပြန်, ဤနှစ်တန်, ပယ်ချန်ရဟန္တာ။

## ၄။ အနာဂတဝါရ

**ဇယားရှုမှ် ညွှန်။** ။ဤဝါရကိုဖောချာ၌ (၁-၂) နှစ်ကွက်စလုံး ကြည့်ပါ။ နာ ဖြစ်-ချုပ်အကွက်တို့၌သာ သင်္ကေတ ထည့်ရပါမည်။

၁။ **ဖြစ်ပြန်**—မိမိတို့ဖြစ်ဆဲဘုံ၌ နောင်ပြန်ဖြစ်ကြဦးမည့် ပုဂ္ဂိုလ်များကို "ဖြစ် ပြန်ကောင်း ပုဂ္ဂိုလ်"ဟု ခေါ်၏။ ထို ပုဂ္ဂိုလ်တို့သည် "ပဉ္စဝေါကာရ, အရူပ, အသညသတ်" ဟု သုံးမျိုးရှိ၏။ (မိမိ ဖြစ်ခိုက်ဘုံ၌ ပြန်မဖြစ်သောကြောင့် ပဉ္စဝေါကာရ၌ သုဒ္ဓါဝါသ-မပါ)ထိုတွင် တမျိုးမျိုး၌ "ဥပပဇ္ဇန္တ, စဝန္တ, မိဿက"ဟု ၃ မျိုး ပြားပြန်၏။ ဇယား၌ "ဥ-စ" ၂-မျိုးသာ တွေ့ရလိမ့်မည်၊ "ဥ-စ" အရတူလျှင် မိဿက ဟုခေါ်သည်။

ဖြစ်ပြန်ကောင်း ပဉ္စ-ဝေါကာရမိဿက တို့နှင့်တည့်တည့် နာ ဖြစ် ချုပ် အကွက်တို့၌ ၅၊ အရူပမိဿကနှင့်တည့်တည့်၌ ၄၊ အသညသတ်နှင့်တည့်တည့်၌ ၁-ရှိ၏။ ၎င်းတို့ကိုကြည့်၍ "ဖြစ်ပြန်ကောင်း ပဉ္စဝေါကာရမိဿက ပုဂ္ဂိုလ်တို့အား မိမိဖြစ်ခိုက်ပဉ္စဝေါကာရဘုံ၌ ခန္ဓာ ၅-ပါးလုံးဖြစ်လတံ့ ချုပ်လတံ့" စသည်ဖြင့် ဆိုပြပါ၊ ဆိုစေပါ။

**ဆိုရိုးမှတ်ဖွယ်။** ။ဤ ဖြစ်ပြန်ကောင်း ဆိုရိုး၌ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ကို ၎င်း၊ သုဒ္ဓါဝါသ ၅-ဘုံကို၎င်း မကောက်ရ၊ ဘာကြောင့်နည်း—အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည် သုံးဆယ့်တဘုံတွင် မည်သည့်ဘုံ၌မျှ မဖြစ်ပြန်ကြသောကြောင့်၎င်း၊ သုဒ္ဓါဝါသအနာဂါမ်တို့သည် မိမိဖြစ်ဆဲ သုဒ္ဓါဝါသဘုံ၌ ထပ်၍ မဖြစ်ကြသောကြောင့်၎င်းတည်း။

ထို့ကြောင့် ယမိုက်နိယံ၌ "ဖြစ်ပြန် မဖြစ်ပြန်, ဤနှစ်တန်, ပယ်ချန် ရဟန္တာ"ဟု၎င်း၊ "သုဒ္ဓါဝါသ, ဘူးမရ,ဖြစ်ပြန်ကောင်းလည်း မရပါ"ဟု၎င်း ဆိုသည်။

**ပစ္ဆိမဘာဝိကအစစ်။** ။(ပစ္ဆိမဘာဝိကအစစ် အတုတို့၏အင်္ဂါပွာယ်ကို အနာဂတ ပုဂ္ဂလဝါရ၌ ရေးခဲ့ပြီ) ဤပစ္ဆိမဘာဝိကအစစ်ပုဂ္ဂိုလ်သည် "သုဒ္ဓါဝါသ, ကြွင်းပဉ္စဝေါကာရ, အရူပ"ဟု သုံးမျိုးရှိ၏။ ထိုတွင် တမျိုး တမျိုး၌လည်း "ဥပပဇ္ဇန္တ, ဝေနွ,ပြသက"ဟု သုံးမျိုးစီပင် ရှိပြန်၏။ ပစ္ဆိမဘာဝိက ပုဂ္ဂိုလ်ဘုံတို့၌ ခန္ဓာ ၅-ပါးလုံး မဖြစ်လတံ့။

ချုပ်လတံ့ကား—ပဉ္စဝေါကာရဥပပဇ္ဇန္တ၌ ၅-ပါး၊ အရူပဥပပဇ္ဇန္တ၌ ၄-ပါး ရကြသေးသည်။ ထို့ကြောင့် "ပစ္ဆိမဘာဝိက ပဉ္စဝေါကာရဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား ခန္ဓာ ၅-ပါးလုံး မဖြစ်လတံ့၊ ချုပ်လတံ့" စသည်ဖြင့် ဇယားပါ သင်္ကေတတို့ကို ကြည့်၍ ဆိုပြပါ၊ ဆိုစေပါ။

**အရကောက်မှတ်ဖွယ်။** ။ပစ္ဆိမဘာဝိကအစစ် ဥပပဇ္ဇန္တကို အရကောက်ရာ၌ ပဋိသန္ဓေအားဖြင့် တိဟိတ် ပဋိသန္ဓေစိတ်၊ စေတသိက်၊ ရုပ်တို့သာ ကောက်ရသည်။ အဟိတ်ဒွိဟိတ် ပဋိသန္ဓေစိတ်တို့ကို မကောက်ရ။ (စဝန္တ၌လည်း နည်းတူ၊ ပဋိသန္ဓေနေရာ၌ စုတိကြည့်ရုံသာ။)

ပုဂ္ဂိုလ်အားဖြင့် ပဉ္စဝေါကာရ ဥပပဇ္ဇန္တ၌ တိပု၊ အဖ ၃၊ အရူပဥပပဇ္ဇန္တ၌ အဖ ၃၊ ပရိနိဗ္ဗန္တ (စဝန္တ)၌ကား အရဟတ္တဖလဋ္ဌာန်ကိုသာ ကောက်ရသည်။ ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့ကို မကောက်ရပါ။

ဘုံအားဖြင့်ကား—စတုဝေါကာရ ၄-ဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂-ဘုံကိုသာ ကောက်ရသည်။ အပါယ် ၄-ဘုံ အသညသတ်ဘုံတို့ကို မကောက်ရ။ ဘာ့ကြောင့်နည်း—ထိုဘုံသို့၌ဆိုင်ရာပဋိသန္ဓေစိတ်တို့ဖြင့် ပဋိသန္ဓေ နေကြသော ထိုပုဂ္ဂိုလ်တို့သည် ထိုဘုံ ထိုဘဝ၌ မဂ်ဖိုလ်ကို ရနိုင်စွမ်းမရှိ၍ ပရိနိဗ္ဗာန် မပြုနိုင်သောကြောင့်တည်း။ ထို့ကြောင့် "အပါယိက,စစ်မရ,ဘာညတို့တူသာ"ဟု နိယာမ်၌ဆိုသည်။

**ပစ္ဆိမဘဝိကအတု**။ ။ဤပစ္ဆိမဘဝိကအတု (မဖြစ်ပြန်ကောင်း) သည်ကား—သုဒ္ဓါဝါသ, ကြွင်းပဉ္စဝေါကာရ, အရူပ, အသညသတ်ဟု ၄-မျိုးရှိ၏။ ထိုဘွင်—တမျိုးတမျိုး၌ အစစ်ကဲ့သို့ သုံးမျိုးစီပင် ရှိပြန်သည်။ ဤအတုအတွက် ဝိဘင်းသီးခြားမရှိ၊ အစစ်နှင့် မဖြစ်လတံ့ချင်း စသောအားဖြင့် တူလျှင် ထိုအစစ်ဝိဘင်း၌ပင် ပါဝင်ပြီးဟု မှတ်ပါ။ အရာဌာနကြည့်၍ ရသင့်သလို ကောက်ရပါမည်။

အရကောက်ရာ၌ ထိုထိုဘုံအားလျော်စွာ ရထိုက်သောပဋိသန္ဓေ (စုတိ) စိတ် အကုန်ထုတ်၊ အရဟတ္တဖလဌာန်ချန်၊ အကနိဋ္ဌဘုံ ကြဉ်ရမည်။ ဘာကြောင့် နည်း—အရဟတ္တဖလဌာန်သည်ရင်း၊ အကနိဋ္ဌ ဗြဟ္မာတို့သည်ရင်း ထိုဘုံ ထိုဘဝ၌ပင် ပရိနိဗ္ဗာန် စံဝင်ကြမည်ဖြစ်၍ နောက်ထပ် ပဋိသန္ဓေ နေတော့မည် မဟုတ်သောကြောင့်တည်း။

## (၁) ဖြစ်ပြန်

**အမှာ**။ ။ဤဖြစ်ပြန်ကောင်း ပုဂ္ဂိုလ် ဘုံတို့၏ သုဒ္ဓဝိဘင်းများကို ပစ္စုပ္ပန္နပုဂ္ဂလောကာသဝါရအတိုင်း ထုတ်၍ မိဿကဝိဘင်းများကိုကား အတီတပုဂ္ဂလောကာသဝါရအတိုင်း ထုတ်ပါ၊ ပဉ္စဝေါကာရ အရူပပုဂ္ဂိုလ်ဘုံတို့ကို အရကောက်ရာဝယ် ဥပ္ပါဒဝါရဖြစ်လျှင် "မိမိဖြစ်ခိုက်သော ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော"ဟုရင်း၊ အသညသတ် ပုဂ္ဂိုလ်ဘုံ၌ကား "အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော"ဟုရင်း ဆိုရိုးအစ၌ ဝိသေသန ထည့်ရပါမည်။

## (၂) ပစ္ဆိမဘဝိက(စစ်-တု)

### (က) သုဒ္ဓါဝါသသုံးချက်

ဤသုဒ္ဓါဝါသအတွက် ဝိဘင်းအရကောက်တို့ကို အတီတပုဂ္ဂလောကာသဝါရ၌ပြခဲ့ပြီ။ ကြွင်းပဉ္စဝေါကာရနှင့် အရတူလျှင် သုဒ္ဓါဝါသကို သီးခြားဝိဘင်းမထုတ်။ အရမကောက်ပါ။ ထို၌ပေါင်း၍ ထုတ်ကောက်ပါသည်။

### (ခ) ကြွင်းပဉ္စဝေါကာရ ၄-ချက်

၁။ **ပစ္ဆိမဘဝိကပဉ္စဝေါကာရ ပုဂ္ဂိုလ် ဘုံ**—ပစ္ဆိမဘဝိကာနံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

**ဆိုရိုး**—[ပဉ္စဝေါကာရတိဟိတ်ပဋိသန္ဓေ ၉-ခု၊စေ ပဉ္စတိံသ၊ ကမ္မဇကလာပ် ၃၊ ၇၊၄-စည်းတို့၏ ဥပ္ပါ...သော၊ ပစ္ဆိမဘဝိက ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သောတိပုံ၊ အောက် ဖလ ၃-ယောက်တို့အား အပါယ်ကြဉ်သော ပဉ္စ ၂၂-ဘုံ(ဤကားအစစ်)။ သုဒ္ဓါဝါသနှင့် အရတူရာ၌ ဘုံသတ်ပုံတည်း။ သုဒ္ဓါဝါသမပါ ပဉ္စဝေါကာရ သက်သက်သာရလျှင်ကား "ကာမသုဂတိ ၇-ဘုံကို၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံကို" သတ်ပါ။)

မိမိဖြစ်ခိုက်သောဘုံ၌နောင် မဖြစ်ပြန်ကောင်းသော ပဉ္စဝေါကာရ ပဋိသန္ဓေ ၁၅၊စေ ၃၅၊ ကမ္မဇကလာပ် ၃၊ ၇၊ ၄-စည်းတို့၏ ဥပ္ပါ—သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထု-၄။ အဖ ၃တို့အား အကနိဋ္ဌကြဉ်သော ပဉ္စ ၂၅-ဘုံရ၏။ (ဤကားအတု)။

၂။ **ပဉ္စဝေါကာရ မရိနိဗ္ဗန္တ ပုဂ္ဂိုလ် ဘုံ**—ပဉ္စဝေါကာရေ ပရိနိဗ္ဗန္တာနံ တေသံ တတ္ထ။

**ဆိုရိုး**—[ပဉ္စဝေါကာရတိဟိတ်စုတိ ၉-ခု၊ စေ ၃၅၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ဘင်....သော ပဉ္စဝေါကာရ ပရိနိဗ္ဗန္တဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား အပါယ်ကြဉ်သော ပဉ္စ ၂၂-ဘုံ (အစစ်)။

မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပဉ္စဝေါစုတိ ၁၅၊ စေ-၃၅၊ အဆုံးစွန်သော ကာမဇာရုပ်တို့၏ ဘင်…. သော ပဉ္စဝေါကာရစဝန္တဖြစ်သော ပုထု-၄၊ အဖ-၃တို့အား အကနိဋ္ဌကြဉ်သော ပဥ္စ ၂၅ဘုံရ၏။]

**၃။ ပစ္ဆိမဘဝိက ပဉ္စဝေါကာရမိဿကပုဂ္ဂိုလ် ဘုံ**—ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ တေသံ တတ္ထ။

ဆိုရိုး—[ပစ္ဆိမဘဝိကပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော တိ-ပု၊ အောက်ဖလ-၃၊ စဝန္တဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိ-၇ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ (အစစ်)၊

မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပဉ္စဝေါကာရ ဥ-စဖြစ်သောပုထု-၄၊ အဖ ၃-တို့အား အနိဋ္ဌကြဉ်သော ပဥ္စ ၂၅-ဘုံရ၏။ (အတု)၊]

## (ဂ) ပစ္ဆိမဘဝိကအရူပ ၃-ချက်

**၁။ ပစ္ဆိမဘဝိကအရူပဥပပဇ္ဇန္တပုဂ္ဂိုလ် ဘုံ**—ပစ္ဆိမဘဝိကာနံ အရူပံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

ဆိုရိုး—[အရူပပဋိသန္ဓေ ၄-ခု၊ စေ ၃၀-တို့၏ ဥပ္ပါ—သော ပစ္ဆိမဘဝိက အရူပ ဥပပဇ္ဇန္တ ဖြစ်သော အဖ-၃တို့အား အရူပ၄-ဘုံ(အစစ်)၊

မိမိ—သော အရူပဥပပဇ္ဇန္တဖြစ်သော တိပု၊ အဖ၃-တို့အား အရူပ၄-ဘုံရ၏။(အတု)၊]

**၂။ အရူပပရိနိဗ္ဗန္တပုဂ္ဂိုလ် ဘုံ။** ။အရူပေ ပရိနိဗ္ဗန္တာနံ တေသံ တတ္ထ။

ဆိုရိုး—[အရူပစုတိ-၄၊ စေ-၃၀—တို့၏ ဘင်—သော အရူပပရိနိဗ္ဗန္တဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား အရူပ၄-ဘုံ(အစစ်)၊

မိမိ—သော အရူပစဝန္တဖြစ်သော တိ-ပု၊ အဖ ၃—တို့အား အရူပ ၄-ဘုံ ရ၏။(အတု)]

၃။ **ပစ္ဆိမဘဝိက အရူပမိဿက ပုဂ္ဂိုလ် ဘုံ၊** ။အရူပေ ပစ္ဆိမဘဝိကာနံ တေသံ တတ္ထ။

ဆိုရိုး—[ပစ္ဆိမဘဝိက အရူပဥပပဇ္ဇန္တဖြစ်သော အဖ-၃၊ စဝန္တဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား အရူပ၄-ဘုံ (စစ်)၊ မိမိ—သော အရူပဥပဇ္ဇန္တ စဝန္တဖြစ်သော တိ-ပု၊ အဖ၃-တို့အား အရူပ၄—ဘုံရ၏။ (အတု)၊]

## (ဿ) အသညသတ် ၃-ချက်

(ဤအသညသတ်၌ ပစ္ဆိမဘဝိကအစစ်မရှိ၊ အတုသာရှိ၏။ ဝိဘင်း သီးခြားမထုတ်၊ ရသင့်သလိုထည့်သွင်းကောက်ပါ။ ရသင့်သော်လည်း ဖြင်ပြန် ကောင်း အသညသတ်နှင့် အရတူနေလျှင် သီးခြားမကောက်ပါ။)

ဆိုရိုး—[အသညသတ်ဘုံ၌ နေ့ဝင်မဖြစ်ပြန်ကောင်း အသညသတ်ဥပပဇ္ဇန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။] (စဝန္တနှင့် မိဿကပုဂ္ဂိုလ်ဘုံတို့ကိုလည်း နည်းမှီကောက်ပါ။)

## (င) စတု-ပဉ္စမိဿက ၃-ချက်

၁။ **စတု-ပဉ္စမိဿက ဥပပဇ္ဇန္တ ပုဂ္ဂိုလ် ဘုံ။** ။ပစ္ဆိမဘဝိကာနံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

ဆိုရိုး—[တိဟိတ်ပဋိသန္ဓေ တေရသ၊ စေ-၃၅၊ ကမ္မဇကလာပ်၃၊၇၊၄၊စည်းတို့၏ ဥပ္ပါ—သော ပစ္ဆိမဘဝိက စတု-ပဉ္စဥပပဇ္ဇန္တဖြစ်သော တိ-ပု၊ အဖ-၃ တို့အား စတု၄-ဘုံ၊ အပါယ်ကြဉ်သော ပဉ္စ ၂၂-ဘုံ(အစစ်)၊

မိမိ—ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပဋိ-၁၉၊ စေ-၃၅၊ ကမ္မဇကလာပ် ၃၊၇၊၄ စည်းတို့၏ ဥပ္ပါ—သော စတု ပဉ္စဥပပဇ္ဇန္တဖြစ်သော ပုထု—၄၊ အဖ-၃တို့အား စတု၄-ဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စ၂၅-ဘုံရ၏(တု)။]

၂။ **ပရိနိဗ္ဗန္တပုဂ္ဂိုလ်ဘုံ။** ။ပရိနိဗ္ဗန္တာနံ တေသံ တတ္ထ။

**ဆိုရိုး**—[တိဟိတ်စုတိစေတနာ၊ စေ-၃၅၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်—သော စတု·ပဉ္စ ပရိနိဗ္ဗန္တဖြစ်သော အရဟတ္တဖလသင်္ဂြိုဟ်ပုဂ္ဂိုလ်တို့အား စတု၄-ဘုံ၊ အပါယ်ကြဉ်သော ပဉ္စ ၂၂-ဘုံ(စစ်)၊

မိမိ—ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိ ၁၉၊ စေ-၃၅၊ အဆုံးစွန်သော ကမ္မဇရုပ် ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဘင်—သော ခပ်သိမ်းသော စဝန္တဖြစ်သော ပုထု ၄- အဖ ၃-တို့အား စတု ၄-ဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စ ၂၅-ဘုံ၊ အသညသတ်ဘုံလည်း ရ၏။] (အတုတွင် အသညသတ်မပါဝင်သင့်ရာ၌ ဇီဝိတနဝကကလာပ်ချုပ်နှုတ်၊ "စတု-ပဉ္စစဝန္တဖြစ်သော" ဟု ဆို။ အသညသတ်ဘုံ ပယ်လေ။)

၃။ **ပစ္ဆိမဘဝိကမိဿကပုဂ္ဂိုလ်ဘုံ။** ။ပစ္ဆိမဘဝိကာနံ တေသံ တတ္ထ။

**ဆိုရိုး**—[ပစ္ဆိမဘဝိက စတု-ပဉ္စဥပပဇ္ဇန္တဖြစ်သော တိ-ပု၊ အ-ဖ ၃၊ စဝန္တဖြစ်သော အရဟတ္တဖလသင်္ဂြိုဟ်ပုဂ္ဂိုလ်တို့အား စတု ၄ ဘုံ၊ အပါယ်ကြဉ်သော ပဉ္စ ၂၂ ဘုံ(စစ်)၊

မိမိ....၌ နောင်မဖြစ်ပြန်ကောင်းသော စတု—ပဉ္စ ဥ-စ ဖြစ်သော ပုထု ၄၊အ-ဖ ၃-တို့အား စတု ၄-ဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စ ၂၅-ဘုံ၊ အသညသတ်ဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော အသညသတ် ဥ-စ ဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ (တု)၊]

**မဖြစ်-မချုပ်လမ်းညွှန်။** ။အတုကိုအရကောက်ရာ၌ ဥပ္ပါဒ၊ ဥပ္ပါဒနိရောဓ ဝါရဖြစ်လျှင် "နောင် မဖြစ်ပြန်ကောင်းသော" ဟုရင်း၊ နိရောဓဝါရဖြစ်လျှင် "နောင် မချုပ်ပြန်ကောင်းသော"ဟုရင်း ဆိုပါ။ (၁)အကွက်နှင့် (၂)အကွက်တို့ ပေါင်းရာ၌ "ဥ"ချည်းသက်သက်၊ သို့မဟုတ် "စ"ချည်းသက်သက်ဖြစ်လျှင် ပစ္စုပ္ပန္နပုဂ္ဂလောကာသဝါရအတိုင်း ဝိဘင်းထုတ်၊ အရကောက်ပါ။ (၁)အကွက်က ဥ-စ နှစ်မျိုးလုံး ရ၍ (၂)အကွက်က ဥ-သာ ရလျှင်ကား အတီတပုဂ္ဂလောကာသဝါရအတိုင်းဝိဘင်းထုတ်၍ "နောင် ချုပ်ပြန်ကောင်းသော"ဟု ဝိသေသနပြု၍ပြီး ကောက်ရမည်။

**စံပြပုစ္ဆာ—၁။** ယဿ ယတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇိဿတိ၊
တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ဖြစ်ပြန်ကောင်း အသညသတ် မိဿက ပုဂ္ဂိုလ်ဘုံက တဖက်ရ၊ ဖြစ်ပြန်ကောင်း ပဉ္စဝေါကာရ မိဿ က ပုဂ္ဂိုလ်ဘုံက နှစ်ဖက်ရဖြစ်သည်ကို တွေ့ရပါလိမ့်မည်။

**ဝိဘင်္ဂ၊ပါဠိ—၁။** အသညသတ္တာနံ တေသံ တတ္ထ။
၂။ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။

### အရကောက်ပုံ

၁။ အသညသတ်ဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသည သတ်ဘုံ ရ၏။

၂။ မိမိ ဖြစ်ခိုက်သောဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထု ၄၊ အ-ဖ ၃-တို့အား သုဒ္ဓါဝါသ ကြဉ်သော ပဉ္စ—၂၅-ဘုံလည်း ရ၏။

**စံပြပုစ္ဆာ—၂။** ယဿ ယတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇိဿတိ၊
တဿ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ဖြစ်ပြန်ကောင်း အရူပ မိဿကပုဂ္ဂိုလ်ဘုံက တဖက်ရ၊ ပစ္ဆိမဘဝိကအကွက်ရှိ ပုဂ္ဂိုလ်ဘုံအားလုံးက နှစ်ဖက်ရ ဖြစ်၏။ အဘယ့်ကြောင့်နည်း—နာ ဖြစ်အကွက်၌ ဖြစ်ပြန် အရူပပုဂ္ဂိုလ်ဘုံနှင့် တည့်ဘည့်တွင် ၄-ချို၍ ထို ၄-တုပ်ဝေ ခန္ဓာ ပါဝင်သောကြောင့်၎င်း၊ ပစ္ဆိမဘဝိကပုဂ္ဂိုလ်အားလုံးနှင့်တည့်တည့်တွင် ကြက်ခြေရှိသောကြောင့်၎င်းတည်း။

**ဝိဘင်းပါဠိ**—၁။ အရူပါနံ တေသံ တတ္ထ။
၂။ ပစ္ဆိမဘဝိကာနံ တေသံ တတ္ထ။

## အရကောက်ပုံ

၁။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အရူပ ဥပပဇ္ဇန္တ စဝန္တဖြစ်သော တိပု၊ အဖ၃-တို့အား အရူပ၄-ဘုံရ၏။

၂။ နှစ်ဖက်ရကို အနာဂတဝါရ နာ(၉၉) ၌ ပြခဲ့ပြီး။

**စံပြပုစ္ဆာ—၃။** ယဿ ယတ္ထ ရူပက္ခန္ဓော နိရုဇ္ဈိဿတိ၊
တဿ တတ္ထ ဝေဒနာက္ခန္ဓော နိရုဇ္ဈိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ၊ ဖြစ်ပြန်ကောင်း အသညသတ်မိဿကပုဂ္ဂိုလ်ဘုံနှင့် ပစ္ဆိမဘဝိကအကွက်ရှိ အသညသတ် ဥပပဇ္ဇန္တပုဂ္ဂိုလ်ဘုံသည် တဖက်ရ၊ မှန်၏၊ ၎င်းတို့နှင့်တည့်တည့် နာ ချုပ်အကွက်၌ ၁-ဂဏန်းရှိ၍ ထိုဂဏန်းသည် ရူပက္ခန္ဓာသာ၊ ဝေခန္ဓာမဟုတ်ပါ။

ဖြစ်ပြန်ကောင်း ပဉ္စဝေါကာရမိဿက ပုဂ္ဂိုလ်ဘုံနှင့် ပစ္ဆိမဘဝိက အကွက်ရှိ သုဒ္ဓါဝါသ ဥပပဇ္ဇန္တ၊ ကြွင်းပဉ္စဝေါကာရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်ဘုံတို့သည် နှစ်ဖက်ရဖြစ်ပါသည်။မှန်၏၊ ၎င်းတို့နှင့်တည့်တည့် နာ ချုပ်အကွက်၌ ၅-ဂဏန်းရှိ၍ ထိုဂဏန်းတွင် ရူ-ဝေ ၂-ပါးစုံပါဝင်သည်။ (ဖြစ်ပြန်ကောင်း ပဉ္စဝေါကာရမိဿကနှင့် အရတူသောကြောင့် ပစ္ဆိမဘဝိက အကွက်ရှိ ၂-ဖက်ရပုဂ္ဂိုလ်များ ဝိဘင်းသီးခြားမထုတ်ပါ။)

**ဝိဘင်းပါဠိ**—၁။ အသညသတ္တာနံ တေသံ တတ္ထ။
၂။ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။

**အံရကောက်ပုံ**—၁။ အသညသတ်ဘုံ၌ နောင်ချုပ်ပြန်ကောင်းသော အသညသတ် ဥ-စဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။

၂။ မိမိ — နောင် ချုပ်ပြန်ကောင်းသော ပဉ္စဝေါကာရ ဥ-စဖြစ်သော ။ ပေ ။ တို့အား ပဉ္စ ၂၆-ဘုံလည်းရ၏။

**စံပြပုစ္ဆာ**—၄။ ယဿ ဝါ ပန ယတ္ထ ဝေဒနာက္ခန္ဓော နိရုဇ္ဈိဿတိ၊ တဿ တတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ**။ ။ဇယားကြည့်ပါ။ ဖြစ်ပြန်ကောင်း ပဉ္စဝေါကာရ ဥ-စ(မိဿက) ပုဂ္ဂိုလ်ဘုံသည် နှစ်ဖက်ရ၊ ဖြစ်ပြန်ကောင်း အရူပ(မိဿက) ပုဂ္ဂိုလ်ဘုံနှင့် ပစ္ဆိမအကွက်ရှိ သုဒ္ဓါဝါသ ဥပပဇ္ဇန္တ, ကြွင်း ပဉ္စဝေါကာရ ဥပပဇ္ဇန္တ, အရူပဥပပဇ္ဇန္တ ပုဂ္ဂိုလ်ဘုံတို့ကား တဖက်ရ ဖြစ်ပါသည်။ (ပစ္ဆိမဘဝိက အရူပဥပပဇ္ဇန္တကို ဖြစ်ပြန်ကောင်း အရူပမိဿကနှင့် တဖက်ရခြင်းတူ၍ ထို မိဿက၌ ပေါင်းသည်။)

**ဝိဘင်းပါဠိ**—၁။ ပစ္ဆိမဘဝိကာနံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ, အရူပါနံ တေသံ တတ္ထ။

၂။ ဣတရေသံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။

**အရကောက်ပုံ**

၁။ ပဉ္စ-တိဟိတ်ပဋိသန္ဓေ ၉-ခု။ ပေ။ အကနိဋ္ဌကြဉ်သော ပဉ္စ ၂၅ ဘုံ၊ မိမိ ...နောင် ချုပ်ပြန်ကောင်းသော အရူပ ဥ-စ ဖြစ်သော တိ-ပု အ ဖ-၃ တို့အား အရူပ ၄-ဘုံ ရ၏။

၂၊ မိမိ....နောင်ဖြစ်ပြန်ကောင်းသော ပဉ္စ ဥ-စ ဖြစ်သော ပုထု ၄၊ အ ဖ ၃ တို့အား သုဒ္ဓါကြဉ် ပဉ္စ ၂၁ ဘုံ ရ၏၊

**အနုလောက်ဦး(မ)ပို။** ။"အရူပါနံ" ၏ အရဖြစ်သော ဖြစ်ပြန်ကောင်း အရူပမိဿကနှင့် ပစ္ဆိမဘဝိက အရူပဥပပဇ္ဇန္တတို့သည် ထိုအရူပဘုံ၌ပင် ချုပ်လတံ့ဖြစ်၍ "မိမိ ဖြစ်ခိုက်သောဘုံ၌ နောင်ချုပ်ပြန်ကောင်းသော"ဟု ဆိုပါ။ အရကောက်၌ကား "မချုပ်ပြန်ကောင်းသော" ဟု ရှိ၏။ မ, ပိုနေဟန် တူသည်။ စဉ်းစားကြပါကုန်။

**စံပြပုစ္ဆာ—၅။** ယဿ ဝါ ပန ယတ္ထ သညာက္ခန္ဓော နိရုဇ္ဈိဿတိ၊
တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ သင်္ကေတများကို သတိပြုပါ။ ဖြစ်ပြန်ကောင်း ပဉ္စဝေါကာရ အရူပမိဿက ပုဂ္ဂိုလ်ဘုံတို့သည် သညာက္ခန္ဓာလည်း ချုပ်လတံ့, ဝေဒနာက္ခန္ဓာလည်း ဖြစ်လတံ့ဖြစ်၍ နှစ်ဖက်ရ၊ ပစ္ဆိမဘဝိက ပဉ္စဝေါကာရ ဥပပဇ္ဇန္တနှင့် အရူပဥပပဇ္ဇန္တတို့ကား သညာက္ခန္ဓာသာ ချုပ်လတံ့, ဝေဒနာက္ခန္ဓာ ဖြစ်လတံ့ မဟုတ်သောကြောင့် တဖက်ရ ဖြစ်ပါသည်။

**ဝိဘင်းပါဠိ—၁။** ပစ္ဆိမဘဝိကာနံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။
၂။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။

**အရကောက်ပုံ—၁။** ပစ္ဆိမဘဝိက ဥပပဇ္ဇန္တဖြစ်သော တိ-ပု၊ အောက်ဖလ-၃ တို့အား စတု ၄-ဘုံ၊ အပါယ်ကြဉ် ပဉ္စ ၂၂-ဘုံ (အစစ်) မိမိ—နောင်မဖြစ်ပြန်ကောင်းသော ပဋိ ၁၉။ ပေ။ စတု ပဉ္စ ဥပပဇ္ဇန္တဖြစ်သော ပုထု ၄၊ အ ဖ ၃ တို့အား စတု ၄၊ အကနိဋ္ဌကြဉ် ပဉ္စ ၂၅-ဘုံ ရ၏။
၂။ မိမိ....နောင်ဖြစ်ပြန်ကောင်းသော စတု-ပဉ္စ ဥ-စဖြစ်သော ပုထု ၄၊ အဖ ၃တို့အား စတု ၄ဘုံ၊ သုဒ္ဓါကြဉ် ပဉ္စ-၂၁ ဘုံလည်း ရ၏။

အနာဂတဝါရ ပြီး၏။

## ၅။ ပစ္စုပ္ပန္နာနာဂတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကို ဟောရာ၌ နှစ်ကွက်စလုံးကြည့်ပါ။ ပွန် နာ ဖြစ် ချုပ်အကွက်တို့၌သာ သင်္ကေတများ ထည့်ရမည်။ ဖြက်ပြန်ကောင်း ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်ဘုံတို့နှင့် တည့်ဘည့် ပွန် နာ ဖြစ် ချုပ်အကွက်တို့၌ရှိသော သင်္ကေတများကိုကြည့်၍ "ဖြစ်ပြန်ကောင်း ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်ဘုံတို့၌ ခန္ဓာ ၁၅-ပါးလုံး ဖြစ်ဆဲ၊ ချုပ်ဆဲ မဟုတ်၊ ဖြစ်လတံ့၊ ချုပ်လတံ့"ဟု ဆိုပြပါ။ ဆိုစေပါ။ ကြွင်းပုဂ္ဂိုလ်ဘုံတို့ကို လည်း နည်းမှီ၍ ဆိုပြပါ။ ဆိုစေပါ။

**စံပြပုစ္ဆာ—၁။** ယဿ ယတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊
တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ၊ သင်္ကေတများကို သတိပြုပါ၊ ဖြစ်ပြန်ကောင်း ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်ဘုံသည် ရူပက္ခန္ဓာ လည်းဖြစ်ဆဲ, 'ဝေဒနာက္ခန္ဓာလည်းဖြစ်လတံ့' ဖြစ်သောကြောင့် နှစ်ဖက်ရ၊ ဖြစ်ပြန်ကောင်း အသညသတ္တ ဥ၊ ပစ္ဆိမဘဝိကသုဒ္ဓါဝါသ, ကြွင်း ပဉ္စဝေါကာရ, အသညသတ္တ ဥ တို့သည် ရူပက္ခန္ဓာသာ ဖြစ်ဆဲဖြစ်၍ ဝေဒနာက္ခန္ဓာ ဖြစ်လတံ့မဖြစ်သောကြောင့် တဖက်ရဖြစ်ပါသည်။

**ဝိဘင်းပါဠိ—၁။** ပစ္ဆိမဘဝိကာနံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ, အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။
၂။ ဣတရေသံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

**အရကောက်ပုံ—၁။** ပစ္ဆိမဘဝိကပဉ္စဝေါကာရ ဥပပဇ္ဇန္တအရကို စာမျက်နှာ (၉၆)၌ရှင်း အသညသတ္တဥပပဇ္ဇန္တအရကို စာမျက်နှာ (၆၁)၌ရှင်း ပြခဲ့ပြီး၊
၂။ မိမိ—နောင်ဖြစ်ပြန်ကောင်းသော ပဉ္စ ပဋိ-၁၅၊ စေ၃၅၊ ကာမဇကလာပ်၃၊၇၊၄ စည်းတို့၏ ဥပ္ပါ—ခဏသော ပဉ္စ ဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထု ၄၊ အဖ ၃-တို့အား သုဒ္ဓါဝါသကြဉ်သော ပဉ္စ ၂၁-ဘုံလည်း ရ၏။

**စံပြပုစ္ဆာ—၂။** ယဿ ဝါ ပန ယတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတိ၊
တဿ တတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇတီတိ။

**ဝိဘင်းပါဠိ—**၁။ ပစ္ဆိမဘဝိကာနံ စဝန္တာနံ, အရူပါနံ တေသံ တတ္ထ။
၂။ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ, တေသံ တတ္ထ။

**အရကောက်ပုံ**

၁။ မိမိ—နောင်ဖြစ်ပြန်ကောင်းသော ပဉ္စ စုတိ-၁၅၊ စေ-၃၅။ ပေ။ ပုထု-၄၊ အဖ-၃ တို့အား သုဒ္ဓါကြဉ် ပဉ္စ ၂၁-ဘုံ၊
မိမိ—နောင်ဖြစ်ပြန်ကောင်သော အရူပ ဥ-စ ဖြစ်သော တိ-ပု အဖ-၃ တို့အား အရူပ ၄-ဘုံ ရ၏။

၂။ အရကို စံပြပုစ္ဆာ(၁) အတိုင်းကောက်ပါ။

**စံပြပုစ္ဆာ—၃။** ယဿ ယတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊
တဿ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ။

**ဝိဘင်းပါဠိ—**၁။ ပဉ္စဝေါကာရာ စဝန္တာနံ, အရူပါနံ တေသံ တတ္ထ။
၂။ ပဉ္စဝေါကာရေ ပရိနိဗ္ဗန္တာနံ, အရူပေ ပစ္ဆိမဘဝိကာနံ, အသညသတ္တာ စဝန္တာနံ တေသံ တတ္ထ။

**အရကောက်ပုံ**

၁။ အရကို စံပြပုစ္ဆာ (၂) အတိုင်း ကောက်ပါ။

၂။ "ပဉ္စဝေါကာရေ ပရိနိဗ္ဗန္တာနံ" အရကို နှာ (၇၆) ၌ရှင်း။
"အရူပေ ပစ္ဆိမဘဝိကာနံ" အရကို နှာ(၇၆) ၌ရှင်း။
"အသညသတ္တာ "စဝန္တာနံ" အရကို နှာ (၆၁) ၌ရှင်း ပြခဲ့ပြီ။

(ဖြစ်ပြန်ကောင်းအသညသတ်နှင့် ပစ္ဆိမဘဝိကအကျက်ရှိ အသညသတ်စဝန္တတို့ အရတူသောကြောင့် "အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော" ဟုရှင်း "မဖြစ်ပြန်ကောင်းသော" ဟုရှင်း ဝိသေသနထည့်ရန်မလို၊ မတူရာ၌ကား ထည့်ရပါမည်။)

ပစ္စုပ္ပန္နာနာဂတဝါရပြီး၏။

## ၆။ အတီတာနာဂတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကို ဟောရာ၌လည်း နှစ်ကွက်စလုံး ကြည့်ပါ။ တိ နှာ အကွက်တို့၌သာ သင်္ကေတများ ထည့်ရပါမည်။ မည်သည့်ပုဂ္ဂိုလ်ဘုံတို့၌ မည်သည့်ခန္ဓာများဖြစ်ဖူး, ချုပ်ဖူး, ဖြစ်လတံ့, ချုပ်လတံ့ ရသည်ကို သင်္ကေတများကြည့်၍ ရှေ့ဝါရများကို မှီပြီးဆိုပြပါ၊ ဆိုစေပါ။

**စံပြပုစ္ဆာ—**(၁) ယဿ ယတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊

တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ၊ ဖြစ်ပြန်ကောင်း ပဉ္စဝေါကာရ ဥ-စ ပုဂ္ဂိုလ်ဘုံသည် နှစ်ဖက်ရ၊ ဖြစ်ပြန်ကောင်း အသညသတ် ဥ-စ ပုဂ္ဂိုလ်ဘုံနှင့် ပစ္ဆိမဘဝိက, ကြွင်း ပဉ္စဝေါကာရ, အသညသတ္တ ဥ-စ ပုဂ္ဂိုလ်ဘုံတို့က တဖက်ရဖြစ်သည်ကို တွေ့ရပါလိမ့်မည်။

**ဝိဘင်းပါဠိ—**၁။ ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ, အသညသတ္တာနံ တေသံ တတ္ထ။

၂။ ဣတရေသံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။

**အရကောက်ပုံ—**၁။ ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ အရကို နှာ(၉၇)၌ရှင်း အသညသတ္တာနံအရကို နှာ(ဂ၉)၌ရှင်း ပြခဲ့ပြီ။

၂။ အရကို နှာ(၁၀၃) ၌ပြခဲ့ပြီ။

**စံပြပုစ္ဆာ**—၂။ ယဿ ယတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ။
တဿ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ။

**ဝိဘင်းပါဠိ**—၁။ အရူပါနံ တေသံ တတ္ထ။
၂။ သုဒ္ဓါဝါသာနံ, အရူပေ ပစ္ဆိမဘဝိကာနံ တေသံ တတ္ထ။

၁။ မိမိ—နောင်ဖြစ်ပြန်ကောင်းသော အရူပ ဥ-စ ဖြစ်သော တိ-ပု၊အဓ ၃ တို့အား အရူပ ၄-ဘုံရ၏။

၂။ "သုဒ္ဓါဝါသာနံ"အရကို နှာ(၈၈)၌ရှင်း "အရူပေ ပစ္ဆိမဘဝိကာနံ" အရကို နှာ(၉၈)၌ရှင်း ပြခဲ့ပြီ။

အတီတာနာဂတဝါရပြီး၏။

## ပဝတ္တိဝါရဌာန ၂၇-ပါး

၁။ အသညသတ္တံ အရူပံ, ပဉ္စဝေါကာရူပပဇ္ဇတံ၊ ၃။
အသညသတ္တေ အရူပေ, ပဉ္စဝေါကာရေ တတ္ထ စ၊ ၃။

၂။ သတ္တာနံ အရူပါနံ စ, ပဉ္စဝေါကာရနံပိ စ၊ ၃။
အသညသတ္တာ အရူပါ, စွတ္တာနံ ပဉ္စဝေါကာရာ၊ ၃။

၃။ အရူပေ ပဉ္စဝေါကာရေ, ပစ္ဆိမဘဝိကာနံ စ၊ ၂။
အရူပေ ပဉ္စဝေါကာရေ, ပရိနိဗ္ဗန္တာနံပိ စ၊ ၂။

၄။ ယေ စာရူပူပပဇ္ဇိတွာ, ပရိနိဗ္ဗာယိဿန္တိ စ၊ ၁။
သုဒ္ဓါဝါသံ ပဇ္ဇန္တာနံ, ဝါသေ ဝါသာန နိဗ္ဗုတံ။ ၄။

၅။ သဗ္ဗေသူပပဇ္ဇန္တာနံ, သဗ္ဗေသဉ္စ စဝန္တာနံ၊ ၂။
ပစ္ဆိမဘဝိကာနံ စ, ပရိနိဗ္ဗန္တာနံပိ စ။ ၂။

၆။ စတုပဉ္စဝေါကာရူပ, ပဇ္ဇန္တာနံ စဝန္တာနံ၊ ၂။
သတ္တဝီသတိ ဌာနာနိ, တတ္ထ တတ္ထေဝ လဗ္ဘရေ။ ၂၇။

**ရေတွက်ပုံ။** ။အသညသတ္တ (၄)ဌာန, အရူပ (၇)ဌာန, ပဉ္စဝေါကာရ (၆)ဌာန, သုဒ္ဓါဝါသ (၄)ဌာန, သဗ္ဗ (၂)ဌာန, သာဓာရဏ (၂)ဌာန, စတုဝေါကာရ ပဉ္စဝေါကာရ (၂)ဌာနအားဖြင့် ခန္ဓယမိုက် ပဝတ္တိဝါရ၌ ဟောအပ်ရာ ဌာနတို့သည် နှစ်ဆယ့်ခုနစ်ပါး ရှိ၏။ ထိုတွင် အသညသတ္တ(၄)ဌာနကား—၁။ အသညသတ္တံ ဥပပဇ္ဇန္တာနံ၊ ၂။ အသညသတ္တေ တတ္ထ၊ ၃။ အသညသတ္တာနံ၊ ၄။ အသညသတ္တာ စဝန္တာနံတို့တည်း။ ကြွင်းသောဌာနတို့ကိုလည်း ဂါထာကြည့်၍ ထုတ်ပါ။ မခက်ပြီ။

ပဝတ္တိဝါရပြီး၏။

# ၄။ ပရိညာဝါရ

**ဟောရာကာလ။** ။(ပရိ=ပိုင်းခြား၍ + ညာ=သိမှုကိစ္စ) "ပရိညာ=ခန္ဓာ ၅-ပါးကို ပိုင်းခြား၍ သိမှုကိစ္စ"ဟူသည် မဂ်ဉာဏ်သာ ဖြစ်၏။ ထိုမဂ်ဉာဏ်သည်လည်း ပစ္စုပ္ပန်အခါမှသာ ဖြစ်၏။ ပဋိသန္ဓေအခါ စုတိအခါတို့၌ မဖြစ်။ ထို့ကြောင့် ဤပရိညာဝါရ၌ ပစ္စုပ္ပန်သော ကာလကို ပဝတ္တိစိတ္တက္ခဏ၏အစွမ်းဖြင့်သာ ပိုင်းခြား၍ ဟောတော်မူ၏။ ပဝတ္တိဝါရ၌ ကဲ့သို့ ပဋိသန္ဓေ စုတိတို့၏အစွမ်းဖြင့် ဟောတော်မမူပါ။

**ဟောအပ်သောပုဂ္ဂိုလ်။** ။ဤ ပရိညာဝါရ၌ ပုထုဇဉ် အရိယာ ၈-ယောက် အားဖြင့် ၉-ယောက်သော ပုဂ္ဂိုလ်တို့ကို ဟော၏။ အနာဂတဝါရ ပါသော ဝါရတို့၌ ပုထုဇဉ်ကို "ဘဗ္ဗ--အဘဗ္ဗ"ဟု ခွဲ၍ ဟောသောကြောင့် ပုထုဇဉ် ၂၊ အရိယာ ၈-ယောက်အားဖြင့် ပုဂ္ဂိုလ် ၁၀-ယောက်ကို ဟောသည်ဟု မှတ်ပါ။ တနည်း—ယင်းဆယ်ယောက်တွင် အဘဗ္ဗပုဂ္ဂိုလ်၌ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်,ဤဘဝ၌ မဂ်မရသော တိဟိတ် ပုထုဇဉ်တို့ပါဝင်သောကြောင့် အများအားဖြင့် ပုထုဇဉ်-၄၊ အရိယာ ၈-ယောက် ပေါင်း ပုဂ္ဂိုလ် ၁၂-ယောက်လုံး ဟောသည်ဟု ယူနိုင်ပါသည်။ [ဧတ္ထ ပုထုဇ္ဇနော အဋ္ဌ စ အရိယာတိ နဝ ပုဂ္ဂလာ၊ တေသု ပုထုဇ္ဇနော ဘဗ္ဗာဘဗ္ဗဝသေန ဒွိဓာ၊—ခန္ဓယမက မူလဋီကာ။]

[ဆောင်] ။ဘဗ္ဗာ ဘဗ္ဗ, ပုထုဇ နှစ်,ရိယာရှစ်,ဟောလစ် ပရိညာ။

**ဘဗ္ဗ-အဘဗ္ဗ။** ။ဤပရိညာဝါရကို ထိုထိုဘဝအားဖြင့် ပိုင်းခြား၍ ဟောတော်မူသည် မဟုတ်။ ပဝတ္တိစိတ္တက္ခဏ၏အစွမ်းဖြင့် ပိုင်းခြား၍ ဟောတော်မူ၏။ ထို့ကြောင့် ဤဘဝ၌ အရဟတ္တမဂ်ကို ရထိုက်သော (ရနိုင်သော)ပုဂ္ဂိုလ်ကို "ဘဗ္ဗပုဂ္ဂိုလ်"ဟု ခေါ်၍ မရထိုက်သောပုဂ္ဂိုလ်ကို "အဘဗ္ဗပုဂ္ဂိုလ်"ဟု ခေါ်သည်။ မှန်၏—ဉာဏဝိဘင်းပါဠိတော် ပုဂ္ဂလပညတ် ပါဠိတော်တို့၌ ဈာန်မဂ်ဖိုလ်ကို ကာမြစ်တတ်သော ပဉ္စာနန္တရိယကံ စသည်တို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ဤဘဝ၌ မဂ်သို့မရောက်နိုင်သောကြောင့် "အဘဗ္ဗပုဂ္ဂိုလ်"ဟု ဟောတော်မူပါသည်။

[ဆောင်] ။ဤဘဝ၌, မဂ်မထိုက်, သမိုက်အဘဗ္ဗာ၊

**သိဆဲအရ ပုဂ္ဂလ။** ။ပရိညာ သဒ္ဒါသည် "အထွတ်အမြတ်"ဟူသော အနက်ကို ဟော၏။ ထိုကြောင့် သိမှုနှင့်စပ်၍ အထွတ်ဆုံး အမြတ်ဆုံးသို့ ရောက်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ကိုသာ "ပရိဇာနာတိ=ပိုင်းခြား၍ သိဆဲ"အရယူရပါသည်။(သိဆဲဟုဆိုလိုသည်) အောက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည် ပိုင်းခြား၍ သိဆဲကား ဟုတ်၏။ သို့သော် သိမှုနှင့်စပ်၍ အထွတ်ဆုံး အမြတ်ဆုံးသို့ မရောက်ကြသေးချေ။ ထို့ကြောင့် "ပရိဇာနာတိ"အရ အောက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်ကို မယူရပါ။ အဋ္ဌကထာ၌ "အနုလောမနယေ ပရိညာကိစ္စဿ မတ္ထကပတ္တံ အဂ္ဂမဂ္ဂသမင်္ဂိံ သန္ဓာယ အာမန္တာတိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ" ဟု မိန့်သည်။

**ပုဂ္ဂလဝါရသာ ဟော။** ။ဤပရိညာဝါရ၌ ပုဂ္ဂလဝါရတခုကိုသာ ဟောတော်မူ၏။ ဩကာသ, ပုဂ္ဂလောကာသဝါရတို့ကို ဟောတော်မမူပါ။ ဘာ့ကြောင့်နည်း—ဩကာသ, ပုဂ္ဂလောကာသဝါရတို့သည် ပုဂ္ဂလဝါရနှင့်အပြေတူသောကြောင့်တည်း။[သာဒိသဝိသဇ္ဇနတာယ ဩကာသပုဂ္ဂလောကာသဝါရာ နတ္ထိ၊—ဋ္ဌ။]

တနည်းကား—"ပရိညာ=ပိုင်းခြား၍ သိမှု"ဟူသည် ပုဂ္ဂိုလ်၌သာ ဖြစ်၏။ ဩကာသ၌မဖြစ်၊ ပုဂ္ဂိုလ်သာ ပိုင်းခြား၍ သိနိုင်၏။ ဩကာသကား ပိုင်းခြား၍ မသိနိုင်။ ထိုကြောင့် ပုဂ္ဂလဝါရသာဟော၍ ဩကာသဝါရကို ဟောတော်မမူ။ ထိုသို့ ဩကာသဝါရကို မဟောသောကြောင့်ပင် ပုဂ္ဂလောကာသဝါရကိုလည်း ဟောတော်မမူပါ။ [အထဝါ ပရိညာကိစ္စံ နာမ ပုဂ္ဂလဿေဝ ဟောတိ၊ နော ဩကာသဿ၊ ပုဂ္ဂလောဝ ဇာနာတိ သမတ္ထော၊ နော ဩကာသောတိ ပုဂ္ဂလဝါရော စေတ္ထ ဂဟိတော၊ န ဩကာသဝါရော၊ တဿ ပန အဂ္ဂဟိတတ္တာ တဒနန္တရော ပုဂ္ဂလောကာသဝါရော လဗ္ဘမာနောပိ န ဂဟိတော၊—ဋ္ဌ။]

**လမ်းညွှန်။** ။သုဒ္ဓဝါရများ၌ အနုလုံ,ပစ္စနိက် "အာမန္တာ"ချည်း ထုတ်၍ ဖြေသွားကြည့်ပြီး ရသင့်သလိုကောက်ပါ။ မိဿကဝါရအနုလုံ၌ "နော" ဝိဘင်း၊ ပစ္စနိက်၌ "တဖက်ရနှစ်ဖက်ရ ဝိဘင်း" ထုတ်ပါ။

ကတ္တားပုဒ်က ဗဟုဝုစ်ဖြစ်ဆိုလျှင် ပစ္စုပ္ပန်ကေဝစ်ကြိယာ၊ "န ပရိဇာနာတိ"ကို "န ပရိဇာနန္တိ"ဟုပြောင်း၍ အနာဂတ်ကေဝစ်ကြိယာ "န ပရိဇာနိဿတိ"ကို "န ပရိဇာနိဿန္တိ"ဟု ဗဟုဝုစ်ပြောင်းပါ။ အတိတ်ကြိယာ၌ကား ပြောင်းရန် မလိုပါ။

[ဆောင်] ၁။ ပရိညာမှ, ဝါသုဒ္ဓ,ထုတ်ကြ "အာမန္တာ"။
၂။ မိဿာတစုံ, အနုလုံ, ရှုကုန် "နော"ဝိသာ၊
၃။ ပစ္စနိကေ, ဝိဘင်း ရှေ့,သွင်း ဖြေ အမြဲသာ။

| စဉ် | ပုဂ္ဂလ | ပစ္စုပ္ပန် | အတိတ် | အနာဂတ် |
|---|---|---|---|---|
| | | သိဆဲ | သိဘူးပြီး | သိလတံ့ |
| ၁ | အရဟတ္တမဂ္ဂဋ္ဌာန် (အဂ္ဂမဂ္ဂသမင်္ဂီ) | ॥ | × | × |
| ၂ | အရဟတ္တဖလဋ္ဌာန် (အရဟာ) | × | ॥ | × |
| ၃ | ကျွတ်ပု၊ အမ-၃၊ အဖ-၃ (ယေ မဂ္ဂံ ပဋိလဘိဿန္တိ၊ တေ) | × | × | ॥ |
| ၄ | မကျွတ်ထိုက်သော ပုထုဇဉ် (ယေ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ၊ တေ) | × | × | × |

ပေါင်း၍ဝိဘင်းထုတ်အရကောက်ပုံ

(က) ၁-၄။ အဂ္ဂမဂ္ဂသမင်္ဂီ ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ၊တေ။ [မကျွတ်ထိုက်သော ပုထုဇဉ်, အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ရ၏။]

(ခ) ၂-၄။ အရဟာ, ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ၊ တေ။ [မကျွတ်ထိုက်သော ပုထုဇဉ်, အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။

(ဂ) ၃-၄။ အဂ္ဂမဂ္ဂသမင်္ဂိဉ္စ, အရဟန္တဉ္စ ထပေတွာ အဝသေသာ ပုဂ္ဂလာ၊ [ပုထုဇဉ်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် ကြဉ်သော အရိယာ ပုဂ္ဂိုလ် ၆-ယောက်ရ၏။]

(ဃ) ၁-၂-၄။ [မကျွတ်ထိုက်သောပုထုဇဉ်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏]

(င) ၁-၃-၄။ [ပုထုဇဉ်, အရဟတ္တဖလဋ္ဌာန် ကြဉ်သော, အရိယာပုဂ္ဂိုလ် ၇-ယောက်ရ၏။]

(စ) ၂-၃-၄။ [ပုထုဇဉ်, အရဟတ္တမဂ္ဂဋ္ဌာန်ကြဉ်သော အရိယာပုဂ္ဂိုလ် ၇-ယောက်ရ၏။]

ပရိညာဝါရ ပြီး၏။

ခန္ဓာယမိုက်ပြီးပါပြီ။

# ၃။ အာယတနယမက

## ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ

**ဟောရိ စစ်။** ။ပဏ္ဏဥဒ္ဒေ့ ပရိဌေနှင့်၊ တထေ့အာယာ၊ နုဒ္ဒေသာဟု၊ ပဒါ–နုလုံ ရှုကုန်စက္ခာ၊ နုသန်လာ၊ ၉-ဖြာဟောရိုးစစ်။

**အာယတနုဒ္ဒေသ။** ။စက္ခာယတနံ၊ သောတာယတနံ၊ ဃာနာယတနံ၊ ဇိဝှါယတနံ၊ ကာယာယတနံ၊ ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ၊ မနာယတနံ၊ ဓမ္မာယတနံ။

**လမ်းညွှန်။** ။ခန္ဓယမိုက်ကိုမှီ၍ ဟောရိုးစစ်ပါ၊ "စက္ခု စက္ခာယတနံ" စသည်ဖြင့် ပဏ္ဏတ္တိဝါရ ပါဠိတော်ကိုဟောလေ၊ အာယတန ၁၂-ပါး ရှိသဖြင့် ပဒသောဓနဝါရ သုဒ္ဓါယတနဝါရတို့၌ အနုလုံ ၁၂-ယမက၊ ပစ္စနိက် ၁၂-ယမကစီရှိ၏။ အာယတန ၁၂-ပါးတွင် တပါးကို မူလအဖြစ်ဖြင့်ယူ၍ ကျန် ၁၁–ပါးကို မူလီအဖြစ်ဖြင့်ထည့်ပြီးဟောသောကြောင့် မူလတပါးတပါး၌ မူလီတဆဲ့တပါးစီရှိ၏။ ယင်းကြောင့် ပဒသောဓန မူလစက္ကဝါရ အနုလုံ၌ မူလ ၁၂-ပါး၊ မူလီယမက တရာ့သုံးဆဲ့နှစ်ပါးရှိသည်။ (မူလ ၁၂×မူလီ ၁၁=၁၃၂ ယမက) ပုစ္ဆာ အတ္ထတို့မခက်ပြီ၊ နှစ်ဖြင့်မြှောက်ရိုးသာ။ ပစ္စနိက်လည်းနည်းတူ၊ သုဒ္ဓါယတနမူလစက္ကဝါရလည်း ပဒသောဓနမူလစက္ကာဝါရနှင့်တူ၏။

## ပဏ္ဏတ္တိဝါရ နိဒ္ဒေသ

**[ဆောင်]**။ ။နိဒ္ဒေတဖြာ၊ ပဒါ နုလုံ၊ ရှုကုန်စက္ခာ၊ နု ပုစ္ဆာ၊ သန်ပါဟောရိုးစစ်။

**အမှာ။** ။ဆိုရိုးစစ်ပခက်ပါ၊ ကျက်မှတ်ရာ၌ လွယ်ကူစေရန်အတွက် ဝိဘင်း အသွားတူသော ယမကတို့ကို တကန့်စီ တကန့်စီ ရွှေနောက်စဉ်၍ ပြထားပါသည်။ ထိုသို့ပြရာမှာလည်း ခန္ဓယမိုက်ဝယ် ပြအပ်ခဲ့သည့် လေး

ချက်စက်လှည့်နည်းအရပင် ဇယားတို့၌ ဂဏန်းအစဉ် ထည့်ထားပါသည်။ ဂဏန်းမထည့်သောအချက် အရကောက်မရှိဟု မှတ်ပါ။

**ဟောအပ်သောတရား**။ ။ဤပဏ္ဏတ္တိဝါရနိဒ္ဒေသ၌ အာယတန ၁၂-ပါး နှင့် ပညတ်ကိုဟောသည်။ တနည်း-ပရမတ္ထတရား လေးပါးနှင့် ပညတ်ကိုဟောသည်။ ဤပဒသောဓနဝါရ၌ (၂) နံပါတ်အချက် အရကောက်မရှိသဖြင့် နံပါတ်စဉ်မှာ ၂-ဂဏန်းမထည့်ပါ။

## (က) ပဒသောဓနဝါရ

### ၁။ စက္ခာယတန ယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | စက္ခု | စက္ခာယတနံ | |
| ၁ | ဒိဗ္ဗစက္ခု, ပညာစက္ခု | ။ | × | ဒိဗ္ဗစက္ခု ပညာစက္ခု |
| ၃ | စက္ခာယတန | ။ | ။ | စက္ခာယတနံ |
| ၄ | စက္ခုဝိမုတ် | × | × | စက္ခုံ စ စက္ခာယတနဉ္စ ထပေတွာ အဝသေသံ |

၁။ ဒိဗ္ဗစက္ခုဟုဆိုအပ်သော ဒုတိယဝိဇ္ဇာဉာဏ်,

ပညာစက္ခုဟုဆိုအပ်သော တတိယဝိဇ္ဇာဉာဏ် ရ၏။

၄။ စက္ခု ၃-ပါးမှတပါး အာယတန ၁၁-ပါး, ပညတ်ရ၏။

**အဝသေသော အဝသေသံ**။ ။"ထပေတွာ"ကြိယာဖြင့် ထုတ်ရာဝယ် တဖက်ရ၌ စက္ခုစသော ဆိုင်ရာသဒ္ဒါ၏ လိင်သို့လိုက်၍ "အဝသေသော"ဟုရင်း "အဝသေသံ"ဟုရင်း ထုတ်ပါ။ (ကာယာယတနံ ထပေတွာ အဝသေသော ကာယော၊ ရူပါယတနံ ထပေတွာ အဝသေသံ ရူပံ-စသည်။) နှစ်ဖက်ရ၌ကား အာယတနသဒ္ဒါ၏ လိင်သို့လိုက်ပြီး "အဝသေသံ"ဟုသာ ထုတ်ရမည်။

## ၂။ သောတာယတနယမက

| စဉ် | တရားပုံ | ပုဂ္ဂလဝါရ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | သောတံ | သောတာ-နံ | |
| ၁ | ဒိဗ္ဗသောတ<br>တဏှာသောတ | ။ | × | ဒိဗ္ဗသောတံ<br>တဏှာသောတံ |
| ၃ | သောတာယတန | ။ | ။ | သောတာယတနံ |
| ၄ | သောတဝိမုတ် | × | × | သောတဥ္စ<br>သောတာယတနဉ္စ<br>ဌပေတွာ အဝသေသံ |

၁။ ဒိဗ္ဗသောတဟုဆိုအပ်သော အဘိညာဉ်,
တဏှာ သောတ ဟုဆိုအပ်သော လောဘစေတသိက်ရ၏။

၄။ သောတ ၃-ပါးမှတပါး အာယတန ၁၁-ပါး, ပညတ်ရ၏။

## ၃။ ဂန္ဓာယတနယမက

| စဉ် | တရားပုံ | ပုဂ္ဂလဝါရ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ဂန္ဓော | ဂန္ဓာယတနံ | |
| ၁ | သီလဂန္ဓ သမာဓိဂန္ဓ<br>ပညာဂန္ဓ | ။ | × | သီလဂန္ဓော<br>သမာဓိဂန္ဓော<br>ပညာဂန္ဓော |
| ၃ | ဂန္ဓာယတန | ။ | ။ | ဂန္ဓာယတနံ |
| ၄ | ဂန္ဓဝိမုတ် | × | × | ဂန္ဓဥ္စ ဂန္ဓာယတနဉ္စ<br>ဌပေတွာ အဝသေသံ |

၁။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟုဆိုအပ်သော သီလဂန္ဓ၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဟု ဆိုအပ်သော သမာဓိ ဂန္ဓ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဟုဆိုအပ်သော ပညာဂန္ဓရ၏။

၄။ ဂန္ဓ ၄-ပါးမှတပါး အာယတန ၁၁-ပါး, ပညတ်ရ၏။

## ၄။ ရသာယတနယမက

| စဉ် | တရားပုံ | ပုဒ္ဓာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ရသော | ရသာယတနံ | |
| ၁ | အတ္တရသ ဓမ္မရသ ဝိမုတ္တိရသ | ။ | × | အတ္တရသော ဓမ္မရသော ဝိမုတ္တိရသော |
| ၃ | ရသာယတန | ။ | ။ | ရသာယတနံ |
| ၄ | ရသဝိမုတ် | × | × | ရသဥ္စ ရသာယတနဥ္စ ထပေတွာ အဝသေသံ |

၁။ ဖိုလ်လေးခု စိတ္တုပ္ပါဒ်ဟုဆိုအပ်သော အတ္တရသ,
မဂ်လေးခု စိတ္တုပ္ပါဒ်ဟုဆိုအပ်သော ဓမ္မရသ,
နိဗ္ဗာန်ဟုဆိုအပ်သော ဝိမုတ္တိရသ ရ၏။

တနည်း။ ။ကုသိုလ်အကုသိုလ်အစရှိသော ပရမတ္ထဓမ္မဟုဆိုအပ်သော အတ္ထရသ,

ကုသလာ ဓမ္မာ အကုသလာ ဓမ္မာအစရှိသော ဝစီဘေဒ သဒ္ဒဟု ဆိုအပ်သော ဓမ္မရသ,

နိဗ္ဗာန်ဟု ဆိုအပ်သော ဝိမုတ္တိရသရ၏။

၄။ ရသ ၄-ပါးမှတပါး အာယတန ၁၁-ပါး, ပညတ်ရ၏။

## ၅။ ကာယာယတနယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ ကာယော | ပုစ္ဆာပါဠိ ကာယာယတနံ | ဝိဘင်းပါဠိ |
|---|---|---|---|---|
| ၁ | ကာယ | ။ | × | ကာယာယတနံ ထပေတွာ အဝသေသော |
| ၃ | ကာယာယတန | ။ | ။ | ကာယာယတနံ |
| ၄ | ကာယဝိမုတ် | × | × | ကာယဉ္စ ကာယာယတနဉ္စ ထပေတွာ အဝသေသံ |

၁။ စိတ်-၈၉, စေ-၅၂, နိဗ္ဗာန်ဟုဆိုအပ်သော နာမကာယ၊ ကာယာယတနမှတပါး ရုပ်သတ္တဝီသဟု ဆိုအပ်သော ရူပကာယ၊ ဆင်အပေါင်း မြင်းအပေါင်းအစရှိသော ပညတ္တိကာယ ရ၏။

၄။ တွင်းလိုက်အစရှိသော အစိတ်အစိတ်သော ကေဒေသ ပညတ်ရ၏။

## ၆။ ရူပါယတနယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ ရူပံ | ပုစ္ဆာပါဠိ ရူပါယတနံ | ဝိဘင်းပါဠိ |
|---|---|---|---|---|
| ၁ | ရူပ | ။ | × | ရူပါယတနံ ထပေတွာ အဝသေသံ |
| ၃ | ရူပါယတန | ။ | ။ | ရူပါယတနံ |
| ၄ | ရူပဝိမုတ် | × | × | ရူပဉ္စ ရူပါယတနဉ္စ ထပေတွာ အဝသေသံ |

၁။ တရား၏အာရုံဖြစ်ထိုက်သော ချစ်အပ် သာယာအပ်သော လောကီ စိတ်–၈၃၊ စေ–၅၂၊ ရူပါယတနမှတပါး ရုပ်-၂၇ ရ၏။

၄။ လောကုတ္တရာ စိတ် ၈-ခု စေ-၃၆ နိဗ္ဗာန် ပညတ်ရ၏။

## ၇။ ဓမ္မာယတနယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ဓမ္မော | ဓမ္မာယတနံ | |
| ၁ | ဓမ္မ | ॥ | × | ဓမ္မာယတနံထ ပေတွာ အဝသေသော |
| ၃ | ဓမ္မာယတန | ॥ | ॥ | ဓမ္မာယတနံ |
| ၄ | ဓမ္မဝိမုတ် | × | × | ဓမ္မဥ္စ ဓမ္မာယတနဉ္စ အဝသေသံ ထပေတွာ |

၁။ ဓမ္မာယတနမှတပါး စိတ်-၈၉, ဩဠာရိကရုပ်-၁၂-ဟု ဆိုအပ်သော ပရမတ္ထဓမ္မ၊ အပေါင်းဖြစ်သော ပညတ္တိဓမ္မရ၏။

၄။ တွင်းလိုဏ်အစရှိသော အစိတ်အစိတ်သော ကေဒေသပညတ်ရ၏။

**ဃာနာဒိပဥ္စယမက။** ။ဃာနာယတနယမက၌ အနုလုံပစ္စနိက် "အာမန္တာ" ချည်း ထုတ်၍ အနုလုံ၌ "ဃာနာယတနံရ၏"ဟု ၎င်း၊ ပစ္စနိက်၌–"ဃာနာယတနမှတပါး အာယတန ၁၁-ပါး ပညတ်ရ၏"ဟု ၎င်း ကောက်ပါ။ ဇိဝှာ, သဒ္ဒ, ဖောဋ္ဌဗ္ဗ, မနာယတနတို့၌လည်း "အာမန္တာ" ချည်းပင်ထုတ်၍ နည်းမှီကောက်လေ။

[ဆောင်] ၁။ ဃာ-ဇိ-သဒ္ဒါ, ဖောဋ္ဌ-မနာ, ငါးဖြာပြားမရှိ၊
၂။ လုံနိက်နှစ်ဖြာ, အာမန္တာ, မှန်စွာထုတ်လေဘိ၊
၃။ ဃာနာယတန,ရ၏မျှ, ကောက်ကြနလေ့ာမိ၊
၄။ မှ အာဆယ့်တစ်, ပညတ်ဖြစ်, ကောက်လစ်ပစ္စနိ၊
၅။ အကြွင်းလေးဖြာ, ယမကာ, မှီကာကောက်လေဘိ။

## (ခ) ပဒသောဓနဲ မူလစက္ကဝါရ

**လမ်းညွှန်။** ။ဤဝါရအနုလောမသည် ပဒသောဓနဝါရ အနုလောမနှင့်တူ၏။ ထို့ကြောင့် ပဋိလောမအတွက်သာ ပြပါအံ့။ ထိုအတွက်လည်း စက္ခုမူ သောတမူလီတခုသာ နမူနာအဖြစ်ဖြင့် ပြပါမည်။ (၂)နံပါတ်တရားမရှိ၊ နှစ်ဖက်ရကို ရှေ့ထား ထုတ်ပါ။ ဝိဘင်းလိမ် ဝိဘင်းကောက်တည်း။

### စက္ခုမူ သောတမူလီ

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | အာယတနာ | သောတာယတနံ | |
| ၁ | သောတာယတနမှတပါး အာယတန ၁၁ပါး | ။ | × | အဂ္ဂသေသာ |
| ၃ | သောတာယတန | ။ | ။ | သောတာယတနံ |
| ၄ | ပညတ် | × | × | အာမန္တာ |

**အမှာ။** ။ဃာနမူလီစသည်။ ၁။ ဃာနာယတနမှတပါး,
အာယတန-၁၁-ပါး၊
၃။ ဃာနာယတန၊
၄။ ပညတ်၊

ဤသို့စသည်ဖြင့် တရားပုံ ပုံ၍ ဟောကြပါလေ၊ "သောတာယတနံ" နေရာ၌ "ဃာနာယတနံ"စသည်ဖြင့် ပြောင်း၍ ဝိဘင်းထုတ်ရုံသာ ထူးပါသည်။

## (ဂ) သုဒ္ဓါယတနဝါရ

**လမ်းညွှန်။** ။ဤဝါရပဋိလောမသည် ပဒသောဓနဝါရပဋိလောမနှင့် တူ၏။ ထို့ကြောင့် အနုလောမအတွက်သာ ပြပါအံ့။ (၁) နံပါတ်တရားမရှိပါ။ တဖက်ရကို ရှေ့ထား ထုတ်သည်၊ ဝိဘင်းဖြောင့်။

ပဒသောဓနဝါရ၌ ပြအပ်သောတရားပုံတို့တွင် ၁-နှင့် ၃-ကိုပေါင်း၍တပုံ၊ ထို၌ ၄-နံပါတ်တရားပုံကို ပညတ်ကတပုံ၊ ကြွင်းတရားစုက တပုံအားဖြင့် ၂-ပုံ ခွဲ၍ ပုံထားသည်၊ သတိပြုပါ။

၁။ စက္ခာယတနယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | စက္ခု | အာယတနံ | |
| ၂ | စက္ခု ၃-ပါးမှ တပါး အာယတန ၁၁ ပါး | × | ။ | စက္ခုံ ထပေတွာ အဝသေသာ အာယတနာ |
| ၃ | စက္ခု ၃-ပါး | ။ | ။ | အာမန္တာ |
| ၄ | ပညတ် | × | × | စက္ခုဉ္စ အာယတနဉ္စ ထပေတွာ အဝသေသာ |

**သောတ, ဂန္ဓ, ရသ။** ။စက္ခု ၃-ပါး နေရာဝယ် သောတာယတနယမက၌ သောတ ၃-ပါး၊ ဂန္ဓာယတနယမက၌ ဂန္ဓ ၄-ပါး ရသာယတနယမက၌ရသ ၄-ပါးဟု ပြောင်းထည့်ဆိုပါ။ ဝိဘင်းထုတ်ရာ၌လည်း "စက္ခုံ ထပေတွာ, စက္ခုဉ္စ အာယတနဉ္စ ထပေတွာ" တို့နေရာဝယ် "သောတံ, သောတဉ္စ, ဂန္ဓံ, ဂန္ဓဉ္စ, ရသံ, ရသဉ္စ" ဟု ပြောင်းရှုသာ ထူး၏။

၅။ ကာယာယတနယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ကာယော | အာယတနံ | |
| ၃ | အာယတနလိုက်သော စိတ်-၈၉ စေ-၅၂ နိဗ္ဗာန်ဟုဆိုအပ်သော နာမကာယ ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ရုပကာယ၊ | ။ | ။ | အာမန္တာ |
| ၄ | ပညတ် | × | × | အာမန္တာ |

## ၆။ ရူပါယတန ယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ရူပံ | အာယတနံ | |
| ၂ | ကုဘ်စိတ်-၈၊ စေ-၃၆ နိဗ္ဗာန် | × | ။ | ရူပံ ထပေတွာ အဝ သေသာ အာယတနာ |
| ၃ | တဖျော၏အာရုံ။ ပေ။ ကိစိတ်-၈၁၊စေ-၅၂ ရုပ်-၂၈ | ။ | ။ | အာမန္တာ |
| ၄ | ပညတ် | × | × | ရူပဥ္စ အာယတနဥ္စ ထပေတွာ |

## ၇။ ဓမ္မာယတနယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ဓမ္မော | အာယတနံ | |
| ၃ | ပရမတ္ထဓမ္မ | ။ | ။ | အာမန္တာ |
| ၄ | ပညတ် | × | × | အာမန္တာ |

**ဃာနာဒိမူဠယမက။** ။ဃာနာယတနယမက၌ ၂။ ဃာနာယတနမှတပါး အာ ၁၁-ပါး, ၄။ ဃာနာယတန, ၄။ ပညတ် ဟု သုံးပုံ ပုံပြီး စက္ခာယတနယမကနည်းမှီ၍ ဟောပါ။ "ဃာနံ ဃာနဥ္စ"ဟု ပြောင်း၍ ဝိဘင်းထုတ်ရမည်။ ဇိဝှာ, သဒ္ဒ, ဖောဋ္ဌဗ္ဗ, မနတို့ကိုလည်း ဃာနအတိုင်း ဟောလေ။

**ကာယနှင့် ဓမ္မအရ။** ။သဒ္ဒါယတနဝါရ အနုလုံ၌ အာယတနထိုက်သော ပရမတ္ထတရား သက်သက်ကိုသာ ဟောသောကြောင့် ကာယနှင့်ဓမ္မတို့အရ ပရမတ္ထတရားသက်သက်ကိုသာ ကောက်ရသည်။ ပညတ်ကို မကောက်ရ။ ပဒသောဓနဝါရ၌ကား ဆင်အပေါင်း, မြင်းအပေါင်း အစရှိသော ပညတ္တိကာယလည်း ကာယနှင့် ဓမ္မတို့အရ ကောက်နိုင်ပါသည်။

## (ဿ) သဒ္ဒါယတန မူလစက္ကဝါရ

ဤဝါရအနုလောမသည် သဒ္ဒါယတနဝါရ အနုလောမနှင့်တူ၍ ပဋိလောမသည် ပဒသောဓနမူလစက္ကဝါရပဋိလောမနှင့် တူ၏။ ထို့ကြောင့် ဤဝါရအတွက် ပြဘိုရန် တာဝန်မရှိတော့ပါ။ ရှေ့ဝါရများနိုင်လျှင် ဤဝါရလည်း ပိုင်ပါပြီ။

ပဏ္ဏတ္တိဝါရ ပြီး၏။

## ၂။ ပဝတ္တိဝါရ

### အခြေခံအစ်ပွာယ်

### ပဝတ္တိဝါရ၌ သဒ္ဒါယတနကို မဟော

သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏဉ္စောပပတ္တိယံ။
န လဗ္ဘန္တိ ပဝတ္တေ တု၊ န ကိဉ္စိပိ န လဗ္ဘတိ။

ဟူသော ရူပပဝတ္တိက္ကမလာ ဤဂါထာနှင့်အညီ သဒ္ဒါယတနကို ပဋိသန္ဓေအခါ၌ မရအပ်။ ထို့ကြောင့် ပဋိသန္ဓေ ဧတိစိတ်နှင့်စပ်၍ ဟောအပ်ရာ ဤပဝတ္တိဝါရ၌ သဒ္ဒါယတနကို မဟောပါ။ ကြွင်း အာယတန တဆယ့်တပါးကိုသာ ဟောတော်မူသည်။ [သဒ္ဒါယတနဿ ပဋိသမ္ဘိက္ခဏေ အနုပ္ပတ္တိတော တေန သဒ္ဓိံ ယမကဿ ဝိသဇ္ဇနမေဝ နတ္ထိ-ဋ္ဌ။]

ချုပ်ဦးအံ့—သဒ္ဒေါ စိတ္တော-တုဇော=သဒ္ဒသည် စိတ် ဥတု အကြောင်း နှစ်ပါးတို့ကြောင့် ဖြစ်၏။ ထိုတွင် စိတ်အရဲ ပဋိသန္ဓေစိတ်သည် ဘဝသစ်၌ ရောက်သစ်စဖြစ်၍ မှီရာဝတ္ထု၏ အားနည်းမှုကြောင့် ပဋိသန္ဓေ၏ ဥပါဒ်ခဏဝယ် သဒ္ဒရုပ်ကို မဖြစ်စေနိုင်။ ပဋိသန္ဓေစိတ်နှင့် အတူဥပါဒ်သော ဥတုသည်လည်း ဋ္ဌီသို့ရောက်မှသာ ဥတုဇသဒ္ဒရုပ်ကို ဖြစ်စေနိုင်၏။ ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ကား မဖြစ်စေနိုင်သေးပါ။

ထိုသို့ ပဋိသန္ဓေစိတ်သည်၎င်း၊ ထိုပဋိသန္ဓေစိတ်နှင့် အတူဥပါဒ်သော ဥတုသည်၎င်း ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ သဒ္ဒရုပ်ကို မဖြစ်စေနိုင်သောကြောင့် ပဋိသန္ဓေ၏ ဥပါဒ်ခဏမှာ သဒ္ဒရုပ်ကို မရပါချေ။

**ဝိကလ။** ။ဝိကလသဒ္ဒါသည်"ချို့"ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် တိုထိုဘုံ၌ ရထိုက်သော အာယတနတို့ အပြည့်အစုံ မရသော ပုဂ္ဂိုလ်တို့ကို "ဝိကလ" ဟု ခေါ်ပါ။ ထိုသို့ ရထိုက်လျက် မရခြင်း(ချို့ခြင်း) သည် အဟိတ်ဝိပါက်ဖြင့် ပဋိသန္ဓေနေသူတို့၌သာ ဖြစ်၏။ သဟိတ်ဝိပါက်ဖြင့်

ပဋိသန္ဓေနေကြသော ပုညဝန္တပုဂ္ဂိုလ်တို့ဌကား မဖြစ်ချေ။ ထို့ကြောင့် "ဝိကလပုဂ္ဂိုလ်တို့" ဟူသည် အဟိတ်ဝိပါက်ဖြင့် ပဋိသန္ဓေနေကြသော ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သာတည်း။ ဘုံအားဖြင့် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သည် အပါယ်လေးဘုံ၌ ဖြစ်၍ သုဂတိအဟိတ်ပုဂ္ဂိုလ်ကားလူ့ဘုံ စတုမဟာရာဇ်ဘုံ၌ဖြစ်သည်။ အဆည်သတ် သုဂတိအဟိတ်ပုဂ္ဂိုလ်ကို "ဝိကလ" ဟုမဆိုလိုပါ။

## ပထမဝိကလ

### (အပါယ် သြပပါတိကပုဂ္ဂိုလ်)

(က) အကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ။ပေ။အယမေကာ ပါယပဋိသန္ဓိ နာမ။

(ခ) ပဋိသန္ဓိယံ ပန ။ပေ။ဥက္ကဋ္ဌဝသေန။

(ဂ) သြမကဝသေန ပန။ပေ။ကလာပဟာနိ ဝေဒိတဗ္ဗာ။

**သံသေဒဇနှင့် သြပပါတိက။** ။ရေပုပ် ငါးပုပ် ပဒုမ္မာကြာပန်းစသော ငြိကပ်တွယ်တာရာအရပ်၌ ဖြစ်သော (ပဋိသန္ဓေနေသော)ပိုးလောက်စသော သတ္တဝါမျိုးကို သံသေဒဇ၊ ဘဝဟောင်းမှ ခုန်လွှားခဲ့၍ ဘဝသစ်၌ ဘွားကနဲ ကျလာသကဲ့သို့ ခန္ဓာကိုယ် အထင်အရှား ဖြစ်သူကို သြပပါတိက (ဥပပတ်ပဋိသန္ဓေနေသော)သတ္တဝါဟု ခေါ်၏။ ထိုတွင် သံသေဒဇသတ္တဝါတို့သည် ငယ်ငယ်နှောင်းနှောင်းကလေးမှ တဖြေးဖြေး ကြီးရ၏။ သြပပါတိကသတ္တဝါတို့ကား တခါတည်း ကြီးကြီးမားမား အထင်အရှား ဖြစ်လာသည်။

အထက်ဖော်ပြပါ(က-ခ)ပါဠိများအရ အပါယ် သြပပါတိကသတ္တဝါတို့ သန္တာန်၌ ပဋိသန္ဓေအခိုက်ဝယ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ၊ ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အလွန်ဆုံးအပိုင်းအခြားအားဖြင့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဘာဝ၊ ဝတ္ထုအားဖြင့် ကမ္မဇကလာပ် ၇-စည်းတို့ ဖြစ်ကြသည်ဟု သိရ၏။ ထို စိတ် စေတသိက် ကမ္မဇကလာပ်တို့ကို အာယတနယမက ဒေသနာတော်နှင့် ကိုက်ညီအောင်

အာယတနဖွဲ့သော် သဒ္ဒါယတနမှတပါး အခြားသော အာယတန ၁၁–ပါး သာ ရ၏။ သဒ္ဒါယတန မရချေ။ (အာယတန ဖွဲ့ကြည့်ပါ။)

(ဂ)ပါဠိအရ အကုသိုလ်ကံက နှောင့်ယှက်လျှင် ထိုကလာပ် ၇-စည်း တွင် "စက္ခု၊ သောတ၊ ဃာန၊ ဘာဝဒသကကလာပ်တို့ ရံခါချို့တတ်၏" ဟု သိရပြန်သည်။ ထိုကြောင့် စက္ခုဒသကကလာပ် ချို့သဖြင့် စက္ခာယတနချို့၊ သောတဒသကကလာပ် ချို့သဖြင့် သောတာယတနချို့၊ ဃာနဒသကကလာပ် ချို့သဖြင့် ဃာနာယတန ချို့သည်။

ဘာဝဒသကကလာပ် ချို့သည့်အတွက်ကား ဓမ္မာယတန မချို့ပါ။ ဘာ့ကြောင့်နည်း—ဘာဝရုပ်မှတပါး ဓမ္မာယတနဖြစ်သော ရုပ်တွေ စက္ခုဒသက စသော ကလာပ်တို့တွင် ပါဝင်နေသေးသောကြောင့်တည်း။

"ကာမဓာတုယံ ပန အဃာနကော ဩပပါတိကော နာမ နတ္ထိ=ကာမ ဓာတ်၌ ဥပပတ်ပဋိသန္ဓေနေသော ပုဂ္ဂိုလ်မှန်သမျှ ဃာနာယတန မချို့ကောင်း" ဟု အဋ္ဌကထာ ဖွင့်၏။ သင်္ဂဟ၌ကား သံသေဒဇပဋိသန္ဓေနေသူတို့ကို ရည်ရွယ်၍ ရထိုက်သလိုယူရသော(ယထာလာဘယောဇနာ)နည်းအားဖြင့် ဃာနာယတနပါ ထည့်၍ ပြထားသည်။ ထို့ကြောင့် ထိုနည်းအရ ယူသော်– အပါယ် ဩပပါတိက ဥပပဇ္ဇန္တပုဂ္ဂိုလ်အား စက္ခာယတန သောတာယတနတို့ ရံခါချို့၏ (မဖြစ်)။ ရံခါ-ချို့ (ဖြစ်၏)ဟု ကြွင်းအာယတန ၉-ပါးတို့ အမြဲဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။ ဤအဓိပ္ပာယ်ကို အသဲစွဲအောင် မှတ်ထားပါ။

**ဩပပါတိက ၄–မျိုး။** ။အပါယ်ဩပပါတိက ဥပပဇ္ဇန္တပုဂ္ဂိုလ်၌ "စက္ခု သောတတို့ ရံခါချို့၍ ရံခါမချို့" ဟု ဆိုသဖြင့် ထို စက္ခု သောတနှင့်စပ်၍ အပါယ် ဩပပါတိက ဥပပဇ္ဇန္တပုဂ္ဂိုလ်သည် ဖော်ပြပါ အတိုင်း လေးမျိုးရှိ၏။ ဤလေးမျိုးကိုပင် ပစ္စုပ္ပန္နပုဂ္ဂလဝါရ၌ နမူနာပုံစံ ဝိဘင်းဇယားအဖြစ်ဖြင့် ပြထားပါသည်။

(က) သစက္ခုက အသောတက (စက္ခုမချို့၊ သောတချို့သူ)
(ခ) အစက္ခုက သသောတက (စက္ခုကားချို့၊ သောတမချို့သူ)
(ဂ) သစက္ခုက သသောတက (စက္ခုသောတ နှစ်ပါးစုံ မချို့သူ)
(ဃ) အစက္ခုက အသောတက (စက္ခုသောတ ၂-ပါးစုံ ချို့သူ)

## ဒုတိယဝိကလ

### (သံသေဒဇ ဂဗ္ဘသေယျကပုဂ္ဂိုလ်)

**၁။ သံသေဒဇ။** ။ဤဒုတိယဝိကလပုဂ္ဂိုလ်သည် သံသေဒဇ၊ ဂဗ္ဘသေယျက ဟု ၂-မျိုးရှိ၏။ သံသေဒဇပုဂ္ဂိုလ်ကို အပါယ်ဩပပါတိကနည်းတူ သိပါ။ ဤဝိကလသံသေဒဇအရ လူ့ဘုံ စတုမဟာရာဇ်ဘုံ၌ ဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်လည်း ရသည်။ ဤပုဂ္ဂိုလ်တို့အား အထက်၌ ပြခဲ့သည့်အတိုင်း စက္ခု၊ သောတ၊ ဃာနတို့ ချိုကောင်းသည်။ ကြွင်းအာယတန ဂ-ပါးတို့ မချိုကောင်း(အမြဲရသည်)။

**၂။ ဂဗ္ဘသေယျက။** ။"ကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ ပန။ပေ။ ပဋိသန္ဓိဘာဝဂ်စုတိငသေန ပဝတ္တတိ" ဟူသော ဝိထိမုတ္တသင်္ဂဟ ပဋိသန္ဓိစတုက္က၌ "ဇစ္စန္ဓာဒီနံ"ဖြင့် ဝိကလကို ပြ၏။ အာဒိအရ ဇစ္စဗဓိရ ဇစ္စဃာနကတို့ကို ယူပါ။ ထို့ကြောင့် ယင်းကုသလဝိပါက်ဖြင့် ပဋိသန္ဓေနေသော ဂဗ္ဘသေယျကတို့မှာလည်း စက္ခု၊ သောတ၊ ဃာနတို့ ချိုကောင်းသည်၊ ကြွင်းအာယတန ဂ-ပါးတို့ မချိုကောင်းချေ။

## တတိယဝိကလ

### (မဖြစ်မီ ငုတေလတံ့သော ဂဗ္ဘသေယျကပုဂ္ဂိုလ်)

(က) အကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ။ပေ။ပဋိသန္ဓိ နာမ။

(ခ) ကုသလဝိပါကောပေက္ခာသဟဂတန္တီရဏံ။ပေ။ ပဝတ္တတိ။(ပဋိသန္ဓိစတုက္က)

(ဂ) ဂဗ္ဘသေယျကသတ္တာနံ ပန။ ပေ။ တတ္ထာပိ ဘာဝဒသကံ ကဒါစိပိ န လဗ္ဘတိ။

(ဃ) တတော ပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ။ (ရူပပဝတ္တိက္ကမ)

(အမိဝမ်း၌ ကိန်းအောင်း၍ ပဋိသန္ဓေနေရသူကို "ဂဗ္ဘသေယျကသတ္တဝါ" ဟုခေါ်၏။ ထိုသတ္တဝါသည် "အဏ္ဍဇ = ငှက်စသောသတ္တဝါတို့ကဲ့သို့ ဥခွံ၌ဖြစ်ရသူ၊ ဇလာဗုဇ = လူစသူတို့ကဲ့သို့ သူငယ်အိမ် သားအိမ်၌ဖြစ်ရသူ" ဟုနှစ်မျိုးရှိ၏။ သံသေဒဇ၊ ဩပပါတိက၊ အဏ္ဍဇ၊ ဇလာဗုဇ၊ ဤလေးမျိုးကို ယောနိ (အမျိုးဇာတ်) ၄-ပါးဟု ဆိုသည်။ ပဋိသန္ဓေ ၃-မျိုးဟုရာ၌ အဏ္ဍဇ၊ ဇလာဗုဇ ဟု မခွဲပဲ ဂဗ္ဘသေယျကဟု သာမညသာ သုံးသည်။

အထက်ဖော်ပြပါ (က-ခ-ဂ) ပါဠိများအရ "မဖြစ်မီ စုတေလတံ့သော ဂဗ္ဘသေယျက သတ္တဝါတို့သန္တာန်၌ ပဋိသန္ဓေအခိုက်ဝယ် ဥပေက္ခာသန္တီရဏ ၂၊ ဆန္ဒပီတိဝီရိယကြဉ်သော အည-၁၀၊ ကာယ၊ ဘာဝ၊ ဝတ္ထုဒသကကလာပ် အားဖြင့် ကမ္မဇကလာပ် ၃-စည်းတို့ ဖြစ်ကုန်၏" ဟု သိရသည်။ ၎င်းတို့ကို အာယတနဖွဲ့ပါ။ ကာယ, ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, မန, ဓမ္မအားဖြင့် ၇-ပါးရ၏။ ဤ ၇-ပါးသည် ဂဗ္ဘသေယျကသတ္တဝါတို့သန္တာန်၌ ပဋိသန္ဓေအခိုက်ဝယ် အမြဲရသည်။

ထို့နောက် (ဃ) ပါဠိအရ ပဝတ္တိအခါ၌ စက္ခု, သောတ, ဃာန, ဇိဝှါတို့ တသတ္တာဟစီခြားလျက် အစဉ်အတိုင်း ဖြစ်ကြသည်ဟု သိရ၏။ (ဋီကာကျော်၌ သတ္တမသတ္တာဟ ၄၉-ရက်မြောက်၊ အနုဋီကာ၌ ဧကာဒသမသတ္တာဟ ၇၇-ရက်မြောက်မှစ၍ "ပဝတ္တိ" ဟုဆိုသည်။ ဋီကာကျော် ကမ္မနေအဖွင့်၌ ရှုပါ။) ထို့ကြောင့် ဂဗ္ဘသေယျက သတ္တဝါတို့သန္တာန်၌ ဒုတိယ စက္ခုဖြစ်၍ တတိယ သောတ၊ စတုတ္ထ ဃာန၊ ပဥ္စမ ဇိဝှါတို့ အစဉ်အတိုင်းဖြစ်ကြသည်ဟု မှတ်ခဲ့ပါ။ (ပဋိသန္ဓေ၏ ဌီမှစ၍ စုတိ၏ဥပါဒ်တိုင်အောင်သောကာလသည် ပဝတ္တိ၌ ပါဝင်၏)

ပိုး, လေ, ကံဟူသော အကြောင်းသုံးမျိုးတွင် တမျိုးမျိုးကနှောင့်ယှက် ဖျက်ဆီးလျှင် စက္ခုမဖြစ်ခင် စုတေနိုင်၏။ ဤပုဂ္ဂိုလ်မျိုးကို စက္ခုသောတ ၂-ပါးစုံ ဖြစ်ခွင့်မရသည့်အတွက် "အစက္ခုက အသောတက" ဟု ခေါ်သည်။ စက္ခုဖြစ်ပြီး သောတမဖြစ်ခင်မှာလည်း စုတေနိုင်၏။ ဤပုဂ္ဂိုလ်မျိုးကိုကား စက္ခုသာဖြစ်ခွင့်ရ၍ သောတဖြစ်ခွင့်မရသည့်အတွက် "သစက္ခုက အသောတက" ဟု ခေါ်သည်။ စက္ခုသောတ ၂-ပါးစုံဖြစ်ပြီး ဃာန, ဇိဝှါတို့

မဖြစ်ခင်မှာလည်း စုတေနိုင်၏။ ဤပုဂ္ဂိုလ်မျိုးကို ၂-ပါးစုံ ဖြစ်ခွင့်ရသည့်အတွက် "သစက္ခုက သသောတက" ဟု ခေါ်သည်။ ဤဒုတိယဝိကလပုဂ္ဂိုလ်၌ စက္ခု မဖြစ်ပဲ သောတသာဖြစ်သော "အစက္ခုက သသောတက" ပုဂ္ဂိုလ်မျိုးမရှိဟုမှတ်ပါ၊ ဃာနဇိဝှါမူလ်တို့၌လည်း နည်းတူသိလေ။

ပြအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်သုံးမျိုးကို "ဝိကလပုဂ္ဂိုလ်" ဟုခေါ်၏။ မျက်စိစွေစောင်း လက်မောင်းတိုရှည် သူတို့သည် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေတတ်သကဲ့သို့ ဤဝိကလပုဂ္ဂိုလ်တို့သည်လည်း အာယတနယမိုက်ကို လေ့လာသူတို့အား ဉာဏ်ကစားရာ၌ အသုပ်ချေးစေတတ်သည်၊ သတိပြုပါ။

## ဝိကလဘုံသတ်

### ၁။ ပဌမဝိကလ (အပါယ်ဩပပါတိကပုဂ္ဂိုလ်)

ပထမဝိကလ အပါယ်ဩပပါတိက ပုဂ္ဂိုလ်တို့သည် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ နေကြ၏။ ထိုပဋိသန္ဓေ စိတ်သည်သည်း အပါယ်လေးဘုံ၌သာ ပဋိသန္ဓေကျိုးပေး၏။ ထို့ကြောင့် ပထမဝိကလ အပါယ်ဩပပါတိကအတွက် "အပါယ်ဩပပါတိက ဥပပဇ္ဇန္တ (စဝန္တ) ဖြစ်သော ဒုဂ္ဂတိ အဟိတ် ပုထုဇဉ်တို့အား အပါယ်လေးဘုံ" ဟု ဘုံသတ်ရမည်။

### ၂။ ဒုတိယဝိကလ (သံသေဒဇ ဂဗ္ဘသေယျကပုဂ္ဂိုလ်)

[ဆောင်] (က) ဘုမ္မစိုးဖြတ်, ကြွင်းနတ်နိဇ္ဈာ, ငရဲရှာ, တစ်သာဥပပတ်။
(ခ) အကြွင်းဂတိ, လေးယောနိ, ရဘိပုံသေမှတ်။

အထက်ပါလင်္ကာအရ ဒုတိယဝိကလ သံသေဒဇ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့သည် ဘုမ္မဇိုင်းနတ်, နိဇ္ဈာမတဏှိကပြိတ္တာ ငရဲကြဉ်သော အပါယ်သုံးဘုံ, လူ့ဘုံတို့၌ ဖြစ်ကြ၏။ ထိုတွင် ဘုမ္မဇိုဝ်းနတ်အဖြစ်ဖြင့် ဖြစ်ရာ၌ရင်း လူ့ဘုံဝယ် ဖြစ်ကြရာ၌ရင်း ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကြ၏။ အပါယ်သုံးဘုံဝယ် ဖြစ်ရာအခါ၌ကား အကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်ဖြင့် ပဋိသန္ဓေ နေကြသည်။

ထို့ကြောင့် ဒုတိယဝိကလအတွက်— သံသေဒဇ, ဂဗ္ဘသေယျက ဥပပဇ္ဇန္တ (စဝန္တ)ဖြစ်သော ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား နိရယကြဉ်သော အပါယ်သုံးဘုံ, မနုဿဘုံ, ဘုမ္မဿိတဝိနိပါတိက အသုရာဟု ဆိုအပ်သော စတုမဟာရာဇ်ဘုံအားဖြင့် ကာမာဝစရငါးဘုံရ၏”ဟု ဘုံသတ်ရမည်။ (နိဗ္ဗာမတဏှိုကပြိတ္တာ ကြဉ်သော်လည်း အရေအတွက် မလျော့၍ အပါယ်သုံးဘုံဟုဆိုသည်။ ဘုမ္မဇိုဝ်းနတ်သည် စတုမဟာရာဇ်ဘုံ၌ ပါဝင်၏။ တတိယဝိကလအတွက် ပုဂ္ဂိုလ်ဘုံတို့ကို ဒုတိယဝိကလအတိုင်း မှတ်ပါ။)

## ၁။ ကာမ (အဝိကလ)ပုဂ္ဂိုလ်

ပြအပ်ပြီးသော ကာမဝိကလပုဂ္ဂိုလ်တို့မှ အခြားသော ကာမပုဂ္ဂိုလ်များကို “ကာမအဝိကလပုဂ္ဂိုလ်”ဟုခေါ်၏၊ ဤပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအခိုက်၌ အဟိတ် ဥပေက္ခာသန္တီရဏ ၂-ခု မဟာဝိပါက်စိတ် ၈-ခုတွင် တခုခု၊ စေတသိက် ၃၃၊ ကာယ ဘာဝ ဝတ္ထုဟုဆိုအပ်သော ကမ္မဇကလာပ် ၃-စည်းတို့ ဖြစ်ကုန်၏။ ဤကာမပုဂ္ဂိုလ်တို့၌ အဝိကလဖြစ်သည့်အတွက် ဣန္ဒြေအပြည့်အစုံဖြစ်ကြသော ကြောင့် အာယတန အကုန်လုံးရကြသည်။ ထို့ကြောင့် “ကာမအဝိလက (ပြည့်စုံကာမ) ဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား အာယတန ၁၁-ပါးလုံး ဖြစ်ဆဲ”ဟု မှတ်ပါ။ (ရှေ့ဝိကလအခဏ်း၌ ပြအပ်ခဲ့သော ပုဂ္ဂိုလ်တို့သည် မချိုလျှင် ကာမ အဝိကလ၌ ပါဝင်သည်။)

## ၂။ ရူပပုဂ္ဂိုလ်

(က) ပဌမဇ္ဈာနဝိပါကံ။ ပေ။ ပဉ္စမဇ္ဈာနဝိပါကံ စတုတ္ထဇ္ဈာနဘူမိယံ။

(ခ) ရူပလောကေ ပန။ ပေ။ ပဝတ္တိယံ စိတ္တောတုသမုဋ္ဌာနာ စ လဗ္ဘန္တိ။

ဖော်ပြပါသင်္ဂဟပါဠိများအရ အသညသတ်မှတပါးသော ရူပဗြဟ္မာတို့ သန္တာန်၌ ပဋိသန္ဓေအခိုက်ဝယ် ရူပဝိပါက်၅-ခုတွင်တခုခု၊ စေ-၃၅၊စက္ခုဒသက, သောတဒသက, ဝတ္ထုဒသကကလာပ်နှင့် ဇီဝိတနဝကကလာပ် ပေါင်း ကမ္မဇ ကလာပ်လေးစည်းတို့ ရအပ်ကုန်၏ဟု သိရသည်။ ထိုစိတ်စေတသိက်နှင့် ကမ္မဇ

ကလာပ်တို့ကို အာယတနဖွဲ့ကြည့်ပါ။ စက္ခု, သောတ, ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, မန, ဓမ္မအားဖြင့် ၈-ပါးရသည်ဟု ထင်မှတ်တတ်၏။ မဟုတ်ပါ။

စက္ခု, သောတ, ရူပ, မန, ဓမ္မဟု ၅-ပါးသာ ရသည်။ ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာယတနတို့ မရပါ။ အဘယ့်ကြောင့်နည်း—ရူပဗြဟ္မာတို့သန္တာန်၌ ဂန္ဓာရုံစသည်တို့၏ အာရမ္မဏိကဓမ္မဖြစ်သော ဃာနဝိညာဉ် စသည်တို့မဖြစ်ကြ၍ ထိုဂန္ဓာရုံ စသည်တို့က ဃာနဝိညာဉ် စသည်တို့၏ အာရုံအဖြစ်သို့ မရောက်နိုင်ကြသဖြင့် ဂန္ဓာရုံစသည်တို့ကို ဂန္ဓာယတနစသည် မဖွဲ့ရသောကြောင့်တည်း။ ထို့ကြောင့် အသညသတ်မှတပါးသော ရူပဗြဟ္မာတို့သန္တာန်၌ စက်,သော, မနော, ရူ, ဓမ် အမြဲရ၏။ ကြွင်း ၆-ပါး အမြဲမရဟု မှတ်ပါ။ (ဂန္ဓာရုံစသည်တို့ကို ဂန္ဓာယတန စသည် မဖွဲ့ရသော်လည်း ဓမ္မသဘာဝကို မလွန်ဆန်နိုင်သောကြောင့် ဓမ္မာယတန ဓမ္မဓာတ်ဖွဲ့ရသည်။)

## ၄။ အသညသတ်ပုဂ္ဂိုလ်

"အသညသတ္တာနံ ပန ဇီဝိတနဝကမေဝ" ဟူသော သင်္ဂြိုဟ်ပါဠိအရ အသညသတ်ဗြဟ္မာတို့သန္တာန်၌ ပဋိသန္ဓေအခိုက်ဝယ် ဇီဝိတနဝကကလာပ်ရုပ်သာ ဖြစ်ကြောင်း သိရ၏။ ထိုကလာပ်ကို အာယတနဖွဲ့ကြည့်ပါ။ ရူပ, ဓမ္မသာ ရ၏။ ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာယတနတို့မဖွဲ့ရကြောင်းကို ရှေး၌ပြခဲ့ပြီ။ ထို့ကြောင့် "အသညသတ်ဗြဟ္မာတို့အား ရူပ, ဓမ္မသာ အမြဲရ၏။ ကြွင်း ၉-ပါးအမြဲမရ"ဟု မှတ်ပါ။

## ၅။ အရူပပုဂ္ဂိုလ်

"ပဌမာရုပ္ပါဒိဝိပါကာနိ ပဌမာရုပ္ပါဒိဘူမီသု ယထာက္ကမံ ပဋိသန္ဓိဘဝစုတိဝသေန ပဝတ္တန္တိ၊ ဣမာ စတဿော အရူပပဋိသန္ဓိယော နာမ" ဟူသော သင်္ဂြိုဟ်ပါဠိအရ အရူပဗြဟ္မာတို့သန္တာန်၌ ပဋိသန္ဓေအခိုက်ဝယ် ထိုထို အရူပဘုံအားလျော်စွာ အရူပဝိပါက် ၄-ခုတွင် တခုခု၊ စေတသိက် ၃၀-တို့ဖြစ်ကုန်၏ဟု သိရသည်။ ထိုစိတ်စေတသိက်တို့ကို အာယတနဖွဲ့ကြည့်ပါ။ မန, ဓမ္မသာရသည်။ ထို့ကြောင့် "အရူပဗြဟ္မာတို့အား မန, ဓမ္မအမြဲရ၏။ ကြွင်း ၉-ပါး အမြဲမရ" ဟု မှတ်ပါ။

## နမူနာ ဧလေးချက်စက်ပုံစံ

(က) သစက္ခုက အသောတက

(ခ) အစက္ခုက သသောတက

(ဂ) သစက္ခုက သသောတက

(ဃ) အစက္ခုက အသောတက

## (ပ) တေးထပ်ဆောင်ပုဒ်

ဝိနှစ်ဖြာ, စက္ခာသော, ယှက်ကာယောလေးလီ၊
ချက်မှာပြောရေးစီခဲသံ, လေးလီနှောင်ကုန်မြဲ၊
တခုချင်းဝိဘင်းမှာကွယ်, ရှိရင်းသာ နာမစုံစွဲ။
အရကောက်ဖို့မူရာ, ယှိုတူသာပုံနဲ့၊
ချိုမူမှာ က-ဂတွဲရင်လ, သ-အဘဲတူရာ၊
ထိုသည့်အာ, မည်နာမကိုလ, ကြည်သာပြထုတ်ပြမှန်စွာ။
ကျန်သမျှယူတွဲရာမှာ, တူဘဲသာလျှိုမှတ်တော့၊
ချိုအပ်တဲ့အာပုဂ်စုံရာ, ရှာထုတ်ကုန်ပါ၊
ဝိသေသကူပဟုမှာ, မူအရသာမှတ်ကြတော့လေး။

## အဓိပ္ပာယ်ရှင်းလင်းချက်

၁။ ("စက္ခုသောတ ဃာန, ဇိဝှာတို့ကို ဝိကလာယတန၊ ကြွင်း(၇)ပါးကို အဝိကလာယတန" ဟု ရှေးဦးစွာ မှတ်ထားပါ)။ မူလလည်း ဝိကလာယတန၊ မူလီလည်း ဝိကလာယတန ဖြစ်ကြရာ၌ရင်း စက္ခု,သောတတွင် တပါးပါးကို မူလထား၍ ကာယ စသောလေးပါးတွင် တပါးပါးကို မူလီအဖြစ်ဖြင့် ရောယှက်ရာ၌ရင်းပြထားအပ်သောပုံစံအတိုင်းလေးချက်စလုံးရှိ၏၊ (ကာယ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗကို တေးထပ်၌ ယှက်ကာယောလေးလီ ဟု ဆိုသည်။)

၂။ က,အချက်, ခ,အချက် စသည်ဖြင့် တချက်စီခွဲ၍ ဝိဘင်းထုတ်ရာ အရကောက်ရာ၌ မူလ-မူလီ အာယတန ၂-ပါး၏ နာမည်ကို ဖော်၍ထုတ် ရမည်။

၃။ တချို့နေရာ၌ ကနှင့်ဂ အချက်တို့ အရတူတတ်၏။ ထိုသို့တူရာဝယ် မူလမူလီအာယတန တို့တွင် သ-သချင်း အ-အချင်း (သစက္ခု က သစက္ခုကချင်း အစက္ခုက အစက္ခုကချင်း စသည်။)တူသောအာယတန၏ နာမည်ကိုဖော်၍ ဝိဘင်းထုတ် အရကောက်ပါ။ ကနှင့်ဃ, ခနှင့်ဂ, ခနှင့်ဃ တို့ တူရာ၌လည်း နည်းတူ မှတ်လေ။

## (ဒ) တေးထပ်ဆောင်ပုဒ်

မူလမှာ ဃာနာ-ဇိ, ကာယာဒိ မူလီ၊
ဖြာဖြာရှိ ရှေးမူတည်, မြေးရူပီ-မန၊
က-အချက် ပ-ဖျက်ကာသာ, ရချက်မှာ သုံးထွေဟုပြ။
ခ-အချက် အာ-နှစ်ဆူကွယ်, ဂ-ငယ်မူ မူလ၊
ဃ-ကြီးမူ မူလီမျှသာပ, ယူစိကြနာမာ၊
ရူ-တည်ကာ ဂန္ဓာမြေးရင်လ, ကျန်တာရေး ခ-ခွေးပယ်ခွါ။
က-အရေး အာ-ဒွေးလာသည်, ဂ-လေးမှာ လီပြတ့်၊
ဃ-ကြီးကျ မူလ-အာ, ယူကြနာမာ၊
မူ-လီ-ရ ချကောက်ပါလျှင်, ရကောက်မှာ ခက်ဘူးကွဲလေး။

## အခိပ္ပါယ်ရှင်းလင်းချက်

၁။ မူလက် ဃာနနှင့် ဇိဝှါတို့တွင် တပါးပါး၊ မူလီက ကာယ, ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗတို့တွင် အပါးပါးဖြစ်လျှင်ငင်း ရှေးရှေးအာယတနကား မူလ, ရူပနှင့် မနတို့တွင် တပါးပါးက မူလီဖြစ်လျှင်ငင်း က-အချက်မရှိ၊ ကြွင်း ၃-ချက်

သာရှိသည်၊ ဝိဘင်းထုတ်ရာ၌ ခ-အချက်ဝယ် မူလ မူလီနှစ်ပါးစုံ၏ နာမည်ကိုဖော်၍ရပင်း ဂ-ငယ်အချက်မှာ မူလအာယတန၊ ဃ—ကြီးအချက်မှာ မူလီအာယတနကို ဖော်၍ရင်း ဆိုရသည်။

၂။ ရူပက-မူ၊ ဂန္ဓ-ရသ-ဖောဋ္ဌဗ္ဗတို့တွင် တပါးပါးက မူလီဖြစ်လျှင် ခ-အချက်မရှိ၊ ကြွင်း ၃-ချက်သာရှိသည်၊ ဝိဘင်းထုတ်ရာ၌ က—အချက်မှာ မူလ—မူလီ အာယတန နှစ်ပါးစုံကိုရင်း ဂ-ငယ်အချက်ဝယ် မူလီအာယတန၊ ဃ-ကြီး အချက်၌ မူလအာယတနကိုရင်း ဖော်၍ ဆိုရသည်။

## (တ) တေးထပ်ဆောင်ပုဒ်

ရူပ-အာ တည်ထားလို့၊ မှိုငြားစို့မနာ၊
စီထားဘို့ချက်လေးဖြာတွင်၊ ဖျက်ပေးပါနောက်ဆုံး၊
ချက်ရွေး-က မူလီအာကို၊ ယူစီကာထုတ်ပြလေအုံး။
ခ-အချက်မူလကွယ်၊ ယူပြဘွယ်တန္နုန်း၊
မူ၊ဂ- ငယ် ဝယ်သုံးဘို့၊ ခြယ်မှုန်းစို့ဒွေး-အာ၊
ရွေးတည်ကာ ခ—ချမှီးရင်လ၊ က—ဃကြီး ပ-ပြီးဟောပါ။
လှလှကြီး မူတည်အာ-ကို၊ ယူစီပါ ဝိဘင်းတဲ့၊
အတိလင်း ရှင်းပြခဲ့တယ်၊ ပျင်းကြွန့်ကွယ်၊
ဝင်းပတဲ့ ခူစံကြယ်လို့၊ မြူဆံနှယ်ကွာဘူးကွဲလေး။

### အစိပ္ပါယ်ရှင်းလင်းချက်

၁။ ရူပမူ မနမူလီ၌ ဃကြီးအချက်မရှိ၊ ကြွင်း ၃-ချက်သာရှိသည်၊ဝိဘင်း ထုတ်ရာ၌ က—အချက်မှာမူလီ၊ ခ-အချက်၌မူလ၊ ဂ—ငယ်အချက်ဝယ် မူလ-မူလီ အာနှစ်လီကို ဖော်ဆိုရပါသည်။ [ဤကား ပါဠိတော်နှင့်အညီတည်း၊ အရ ကောက်၌ကား က—ခ-အချက်တို့မှာလည်း မူလမူလီနှစ်ပါးစုံ၏ နာမည်ကို ဖော်၍ ဝိဘင်းထုတ်သည်၊]

၂။ ရှေးရှေး အာယတနကား မူလ,ဓမ္မာယတနက မူလီဖြစ်လျှင် က-ဃ အချက်များ မရှိကြ၊ ခ-ဂ နှစ်ချက်သာရှိသည်၊ ပုဂ္ဂိုလ်အားလုံး၌ ဓမ္မာယတန ရသောကြောင့် ဓမ္မာယတနကိုဖော်၍ ဝိဘင်းမထုတ်ရ၊ မူလအာယတန ကိုသာဖော်၍ ဝိဘင်းထုတ်ရသည်။

အကျက်ပါအဓိပ္ပါယ်ကို ဇယားဖြင့်ပြပါအံ့

| စဉ် | မူလအာယတန | မူလီအာယတန | ရသောအချက် | | | |
|---|---|---|---|---|---|---|
| | | | က | ခ | ဂ | ဃ |
| ၁ | ဝိကလာယတန | ဝိကလာယတန | ॥ | ॥ | ॥ | ॥ |
| ၂ | စက္ခု,သောတ | ကာယ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ | ॥ | ॥ | ॥ | ॥ |
| ၃ | ဃာန,ဇိဝှါ | ကာယ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ | | ॥ | ॥ | ॥ |
| ၄ | ရှေးရှေးအာယတန | ရူပ,မန | | ॥ | ॥ | ॥ |
| ၅ | ရူပ | ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ | ॥ | [illegible] | ॥ | ॥ |
| ၆ | ရူပ | မန | ॥ | ॥ | ॥ | |
| ၇ | ရှေးရှေးအာယတန | ဓမ္မ | | ॥ | ॥ | |

(က) ပုဂ္ဂလဝါရ

၁။ ပစ္စုပ္ပန္နဝါရ

စက္ခုမူ သောတမူလီ

နမူနာဝိဘင်း ပုံစံဇယား

| | | | | |
|---|---|---|---|---|
| က | စက္ခုသက | အသောတက | ဥ | ၈ |
| ခ | အစက္ခုက | သသောတက | ဥ | ၈ |
| ဂ | သစက္ခုက | သသောတက | ဥ | ၈ |
| ဃ | အစက္ခုက | အသောတက | ဥ | ၈ |

## အရကောက် ပုဂ္ဂိုလ်ပြဇယား

| | | | | |
|---|---|---|---|---|
| ဝိကလ | ပ | ပါယ်ဩပပါတိ,ဒုဟိတ်,ချိဘိစက်-သော-တာ၊ (၉) | ဉ | ၀ |
| | ဒု | သံသေဝဇ္ဇ,ဒု-သုပြ,ချိထစက်-သော-ဃာ၊ (ဂ) | ဉ | ၀ |
| | တ | မဖြန်မိစု, ဝဇ္ဇရူ, ဒု-သု-ဗိဓါပါ၊ (၇) | ဉ | ၀ |
| အဝိကလ | ၁ | ကာမဥ-စ,အာယကုန်ဆံ၊ (×) | ဉ | ၀ |
| | ၂ | ရူပ စက် သော,မနော-ရူ-ဓမ်၊ (၆) | ဉ | ၀ |
| | ၃ | အသညသတ်, မှတ်အပ်ရူ-ဓမ်၊ (၉) | ဉ | ၀ |
| | ၄ | အရူလေး, မှတ်ရေး မန-ဓမ်၊ (၉) | ဉ | ၀ |

**လက်ာဦးမြဲ ရု-မှရ။** ။အရကောက်ပုဂ္ဂိုလ်ပြ လက်ာဦး ဝိကလပုဂ္ဂိုလ်များအတွက် ချို့ကောင်းသော အာယတနတို့ကို ဖော်ပြ၍ အမြဲဖြစ်သော အာယတနတို့ကို မပြပါ။ ထိုအာယတနတို့ကို သင်္ချာမျှ ပြထားပါသည်။ ထို့ကြောင့် ဝိကလပုဂ္ဂိုလ်တို့၌ ဖော်ပြသော အာယတနတို့ ဖြစ်, မဖြစ် နှစ်မျိုး ရှိ၍ မပြသော အာယတနတို့ကား အမြဲရတာမျိုးသာ ရှိသည်။ အဝိကလပုဂ္ဂိုလ်များ၌ အမြဲဖြစ်သော အာယတနတို့ကို နာမည်ဖော်ပြပြီး လုံးဝမဖြစ်သော အာယတနတို့ကို နာမည်ဖော်မပြပါ။ သင်္ချာမျှ ပြထားပါသည်။ ဉပပဇ္ဇန္တ၌ ဖြစ်ဆဲ၊ ၀ဝန္တ၌ ချုပ်ဆဲဟု ဆိုလိုပါသည်။ နိရောဓဝါရ၌ ချုပ်၊ မချုပ်၊ အမြဲ ချုပ်၊ အမြဲမချုပ်ဟု ဆိုရှိသာ။

[ဆောင်] ၁။ ဝိကလမှာ,ဖော်ပြ-အာ, ရပါ ဖြစ်-မဖြစ်၊
၂။ ဖော်မပြ-အာ, အမြဲ့ဖြဲ့, မှတ်ပါအမြဲဖြစ်၊
၃။ အဝိကလာ, ပုဂ္ဂိုလ်မှာ, ပြတာအမြဲဖြစ်၊
၄။ ဖော်မပြ-အာ, အမြဲ့ဖြဲ့, မှတ်ပါမြဲမဖြစ်။

### ဇယားအဓိပ္ပာယ်

ပ။ အပါယ်ဩပပါတိက ဉပပဇ္ဇန္တဖြစ်သော ဒုဟိတ်အဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား စက္ခုနှင့် သောတ ရခါဖြစ်၍ ရခါမဖြစ်။ ကြွင်းအာယတန ၉-ပါး အမြဲဖြစ်၏။

ဒ။ သံသေဒဇ ဂဗ္ဘသေယျက ဥပပတ္တိန္နဖြစ်သော ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား စက္ခု၊ သောတ၊ ဃာနတို့ ရံခါဖြစ်၍ ရံခါမဖြစ်။ ကြွင်း ၈-ပါး အမြဲဖြစ်၏။

တ။ မဖြစ်မီ စုခတလတံ့သော ဂဗ္ဘသေယျက ဥပပတ္တိန္နဖြစ်သော ဒုသုပုထုဇဉ်ပုဂ္ဂိုလ်တို့အား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာတို့ ရံခါဖြစ်၍ ရံခါမဖြစ်။ ကြွင်း ၇ ပါးတို့ အမြဲဖြစ်၏။ (ဤတတိယဝိကလ၌ ရှေ့အာယတန မဖြစ်လျှင် အောက်အာယတနလည်း အမြဲမဖြစ်တော့ပါ။ ထို့ကြောင့် ဤတတိယဝိကလကို ဤစက္ခုမူ-သောတမူလီ (ခ)ဝိဘင်း အချက်၌ မရပါ။)

၁။ ကာမဥပပတ္တိန္နပုဂ္ဂိုလ်တို့အား အာယတန ၁၁-ပါးလုံး အမြဲဖြစ်၏။

၂။ ရူပဥပပတ္တိန္နပုဂ္ဂိုလ်တို့အား စက္ခု၊ သောတ၊ ရူပ၊ မန၊ ဓမ္မတို့သာ အမြဲဖြစ်ကုန်၏။ ကြွင်းအာယတနများ အမြဲမဖြစ်။

၃။ အသညသတ်ဥပပတ္တိန္နပုဂ္ဂိုလ်တို့အား ရူပနှင့် ဓမ္မသာ အမြဲဖြစ်၏။ ကြွင်း ၉-ပါး အမြဲမဖြစ်။

၄။ အရူပ ဥပပတ္တိန္နပုဂ္ဂိုလ်တို့အား မနနှင့် ဓမ္မသာ အမြဲဖြစ်၏။ ကြွင်း ၉-ပါး အမြဲမဖြစ်။ (နိရောဓဝါရ၌ စဝန္တဟု ပြောင်း၍ "ချုပ်"ဟု ဆိုပါ။

## သင်းချုပ်ပုံ

(က) အချက်ဖြစ်သော သစက္ခုက အသောတက ဥပပတ္တိန္န၌ ဝိကလ ဥပပတ္တိ ၃-ယောက်သာ ကောက်ပါ။ (ထိုဝိကလ၌ စက္ခုသာ ဖြစ်၍ သောတမဖြစ်သောပုဂ္ဂိုလ်မျိုး ရှိ၏။ ထိုပုဂ္ဂိုလ်ကို ကောက်သည်။)

(ခ) အချက်ဖြစ်သော အစက္ခုက သသောတက ဥပပတ္တိန္န၌ ပ-ဒုဝိကလ ဥပပတ္တိ နှစ်ယောက်ကိုသာ ကောက်ပါ။ (ထိုဝိကလပုဂ္ဂိုလ်တို့သည် စက္ခုမဖြစ်ဘဲ သောတသာ ဖြစ်သောပုဂ္ဂိုလ် ရှိနိုင်၏။)

(ဂ) အချက်ဖြစ်သော သစက္ခုက သသောတက ဥပပတ္တိန္န၌ ဝိကလ ၃-ယောက်၊ အဝိကလကာမဥပပတ္တိန္နနှင့် ရူပဥပပတ္တိန္နတို့ကို ကောက်ပါ။ (ဝိကလပုဂ္ဂိုလ်တို့တည် တရံတခါ၌ စက္ခု သောတ ၂-ပါးစုံ မချို၊

ဖြစ်တတ်၏။ ထိုသို့ ၂-ပါးစုံဖြစ်လျှင် အဝိကလကာမ၌ ပေါင်းသည်။ ခွဲမကောက်ပါ။)

(ဃ) အချက်ဖြစ်သော အစက္ခုက အသောတက ဥပပဇ္ဇန္တ၌ ဝိကလဥပပဇ္ဇန္တ ၃-ယောက်နှင့် အသညသတ် အရူပဥပပဇ္ဇန္တတို့ကို ကောက်ပါ။ (ဝိကလ ၃-ယောက်သည် တခါတရံ ၂-ပါးစုံ ချို့တတ်သည်။)

**အမှာ။** ။ဤနမူနာ ဝိဘင်းပုံဇယားကို ကြည့်၍အခြားသော မူလမူလီတို့ကိုလည်း စက်လှည့်ပါ။ ပြီးလျှင် ဤ သွင်းချပုံကို မှီ၍ မည်သည့်အချက်၌မည်သည့်ပုဂ္ဂိုလ်များ ရ မရကိုဆရာများက သွင်းချပြပါ။လေ့လာသူတို့ကိုယ်တိုင်ကလည်း သွင်းချကြည့်ပါ။ သွင်းချမှု ပိုင်လျှင် အရကောက် နိုင်ကြပါပြီ။ မည်သည့်မူလ မူလီ၌ မည်သည့်အချက်များ ရ မရကို ပဝတ္တိဝါရ အခြေခံအဓိပ္ပာယ်၌ ပြခဲ့ပြီ။

## ဝိဘင်းထုတ်ပုံ

(က) ဥ=သစက္ခုတာနံ အသောတကာနံ (ဥပပဇ္ဇန္တာနံ စဝန္တာနံ)
(ခ) ဥ=အစက္ခုကာနံ သသောတကာနံ ( ။ ။ )
(ဂ) ဥ=သစက္ခုကာနံ သသောတကာနံ ( ။ ။ )
(ဃ) ဥ=အစက္ခုကာနံ အသောတကာနံ ( ။ ။ )

**ဝိဘင်းလမ်းညွှန်။** ။ဤကား နမူနာဝိဘင်းပုံစံပါအတိုင်း ပြအပ်သော ဝိဘင်းထုတ်ပုံတည်း။ လက်တွေ့ဟောရာ၌ သန္နိဋ္ဌာန် အာယတနကို ရှေ့ထား၍ ထုတ်ရသည်။ ဥပမာ—(က)အချက် သစက္ခုက အသောတက ဥပပဇ္ဇန္တကိုပင် ဥပ္ပါဒဝါရ စက္ခုမူ သောတမူလီ အနုလုံ အနုလောမ၌ စက္ခုက သန္နိဋ္ဌာန်ဖြစ်သောကြောင့် စက္ခုကိုရှေ့ထားပြီး "သစက္ခုကာနံ အသောတကာနံ ဥပပဇ္ဇန္တာနံ တေသံ"ဟုထုတ်၏။ပစ္စနိက်ပဋိလောမ၌ကား သောတက သန္နိဋ္ဌာန် ဖြစ်သောကြောင့် သောတကိုရှေ့ထားပြီး "အသောတကာနံ သစက္ခု

ကာနံ ဥပပဇ္ဇန္တာနံ တေသံ''ဟု ထုတ်သည်၊ (ခ၊ဂ၊ဃ) အချက်တို့၌လည်း ဤနည်းအတိုင်းမှတ်ပါ။နိဝ္ရောဓ၀ ါရ၌''စဝန္တာနံ''ဟု ပြောင်းထည့်ရမည်။

## ဝိကလအဖိုးမျှား

**ပ–ဝိကလ။** ။(စက္ခာယတန) သာဖြစ်၍(သောတာယတန )မဖြစ်ကောင်း အပါယ်သြပပါတ်ိုက ဥပပဇ္ဇန္တဖြစ်သော ဒုဂ္ဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ် (တို့အားအပါယ်၄-ဘုံ)။

**ဒု–ဝိကလ။** (စက္ခာယတန)သာဖြစ်၍(သောတာယတန)မဖြစ်ကောင်းသော သံသေဒဇ ဂဗ္ဘသေယျက ဥပပဇ္ဇန္တဖြစ်သော ဒုဂ္ဂတိအဟိတ် သုဂတိ အဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား (နိရယကြဉ်သော အပါယ်၃-ဘုံ၊ မနုဿဘုံ၊ ဘုမ္မဿိတဝိနိပါတိက အသုရာဟု ဆိုအပ်သော စတုမဟာရာဇ်ဘုံအားဖြင့် ကာမာဝစရ ၅-ဘုံ)။

**တ–ဝိကလ** ။(စက္ခာယတန) သာဖြစ်၍ (သောတာယတန) မဖြစ်မီစုတေလတံ့သော ဂဗ္ဘသေယျက ဥပပဇ္ဇန္တဖြစ်သော ဒု–သု(တို့အား နိရယ ကြဉ်သော။ ပေ။ ကာမာဝစရ၅-ဘုံ)။

**အရကောက်လမ်းညွှန်။** ။အထက်ပါဆိုရိုးဝယ် ကွင်း အတွင်းရှိ စက္ခုသောတ တို့နေရာ၌ ထိုထိုမူလ မူလီအားလျော်စွာ ဝိကလာယတန တို့ကို ပြောင်းထည့်ရမည်၊ အဝိကလာယတန တို့ကိုကား မထည့်ရပါ၊ ပ-ဒုတွဲ ကောက်ရာ၌ ပ-ရှေ့က ဝိသေသန ပါပြီးဖြစ်၍ ဒု-ရှေ့က ဝိသေသန ထည့်ဖွယ် မလို၊ ''ဤပုဂ္ဂိုလ်တို့အား အပါယ် ၄-ဘုံ။ ပေ။ စတုမဟာရာဇ်ဘုံ အားဖြင့် ကာမာဝစရ ၆-ဘုံရ၌''ဟု ပုဂ္ဂလောကာသဝါရ၌ ဘုံသတ်ပါ၊ ဒု-တတွဲရာ၌ ဖော်ပြပါအတိုင်းပင်ဆို၍ ''ဤပုဂ္ဂိုလ်တို့အား နိရယကြဉ်သောအပါယ် ၃-ဘုံ။ ပေ။ စတုမဟာရာဇ်ဘုံအားဖြင့် ကာမာဝစရ ၅-ဘုံရ၌'' ဟုသတ်၊ ဝိကလ သုံးယောက်လုံးရရာ၌ ရှေးဦးစွာ ပ-နှင့် ဒုကို တွဲကောက်လျက် နောက်မှ တကို ဆက်ကောက်ပြီး '' ကာမာဝစရ ၆-ဘုံ '' ဟု ဘုံသတ်ပါ။ ဤကား လုံ–နိက်တဖက်ရ အတွက်တည်း။

ပစ္စနိက်၌ ၂-ဖက်ရ၌ကား ယင်းဝိကလ ပုဂ္ဂိုလ်တို့ စက္ခု-သောတမူလ မူလီနှစ်မျိုးလုံး၌ကောင်းသောကြောင့် ပ-ဒု ဝိကလ၌ "စက္ခာယတန သော တာယတန ၂-ပါး မဖြစ်ကောင်းသော"ဟုရှင်း၊ တ-ဝိကလ၌ "စက္ခာယ တန သောတာယတန ၂-ပါးမဖြစ်မီ စုတေလတံ့သော"ဟုရှင်း ဝိသေသနပြု။ နောက်နောက် ဝိကလာယတနမူလမူလီတို့မှာလည်း ဤနည်း အတိုင်းမှတ်၊ နိရောဓဝါရ၌ "ချုပ်"ဟုဆိုပါ။

**ဝိသေသနမှတ်ချက်။** ။ဝိကလ ကာမပုဂ္ဂိုလ် အဝိကလ ကာမပုဂ္ဂိုလ် တို့ကို အရကောက်ရာ၌ ဝိကလာယတန မူလ မူလီဖြစ်လျှင်နှစ်ပါးစုံဖြင့် ဝိကလာယတနမူ၊ အဝိကလာယတနမူလီဖြစ်လျှင် ဝိကလာယတနဖြင့် ဝိသေသနပြု၍ ဆိုပါ၊သို့သော် အရကောက်၌ကားတချို့ အဝိကလယတနမူလီဝယ် ဝိသေသနပြု၍ တချို့၌မပြုပဲ ကောက်ထားသည်ကို တွေ့ရ၏။အဝိကလာယကနမူလမူလီ၌ ဝိကလပုဂ္ဂိုလ်များ မဟောသောကြောင့် အရကောက်ရာ၌ ဝိသေသနမပြုရ၊ မည်သည့်မူလမူလီမဆို ရူပါဝစရ အသည သတ္တ အရူပ တို့ကို အရကောက်၌ကား ဝိသေသန ပြုဖွယ်မလိုပါ။

## အဝိကလ ဆိုရိုးများ

**ကာမဆိုးရိုး။** — ။(စက္ခာယတန ဃာနာယတန ၂-ပါး)ဖြစ်ကောင်း သော ကာမပဋိသန္ဓေ ၁၀၊ စေ-၃၃၊ ကမ္မဇကလာပ် ၃၊၇၊စည်းတို့၏ ဥပ္ပါ...သော သစက္ခုက သဃာနက ကာမာဝစရဥပပတ္တိဖြစ်သောပုထု၄၊အာဖ-၂(တို့အား ကာမ ၁၁ဘုံ)ရ၏။

**ရူပဆိုရိုး။** — ။ရူပါဝစရ ပဋိသန္ဓေ ၅၊ စေ-၃၅၊ ကမ္မဇကလာပ်-၄ စည်းတို့၏ ဥပ္ပါ....သော ရူပါဝစရဥပပတ္တိဖြစ်သော တိပုံ၊ အဖ-၃ (တို့အား အသညသတ် ကြဉ်သော ရူပ-၁၅ဘုံ)ရ၏။

**အသညသတ်ဆိုရိုး။**
**အရူပဆိုရိုး။** ] ခန္ဓာယမိုက်၌ ပြခဲ့ပြီ။

**ကာမ-ရူပပေါင်းဆိုရိုး။** ။(စက္ခာယတန သောတာယတန) ၂-ပါးဖြစ်ကောင်းသော ပဥ္စဝေါကာရပဋိသန္ဓေ ၁၅၊ စေ-၃၅၊ ကမ္မဇကလာပ်၃၊၇၊၄၊စည်းတို့၏ဥပ္ပါ....သော သစက္ခုက သသောတက ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထု၄၊အဖ ၃ (တို့အား ပဥ္စဝေါကာရ ၂၆-ဘုံ)ရ၏။

**ရူပ–အသညပေါင်းဆိုရိုး။** ။ရူပါဝစရပဋိသန္ဓေ ၅၊ စေ-၃၅၊ ကမ္မဇကလာပ် ၄-စည်း, အစစ္စာသော ဇီဝိတနဝကလာပ်ရုပ် တို့၏ ဥပ္ပါ.... သော ရူပါဝစရ ဥပပဇ္ဇန္တဖြစ်သော သုဂတိ အဟိတ်, တိဟိတ် ပုထုဇဉ်၊ အဖ-၃ (တို့အား ရူပ ၁၆ ဘုံ) ရ၏။

**ရူပ-အရူပပေါင်းဆိုရိုး။** ။မဟာဂ္ဂုတ် ပဋိသန္ဓေ ၉၊ စေ-၃၅၊ ကမ္မဇကလာပ် ၄-စည်းတို့၏ ဥပ္ပါ....သော ရူပါဝစရ အရူပါဝစရ ဥပပဇ္ဇန္တဖြစ်သော တိပု၊ အဖ ၃ (တို့အား အသညသတ် ကြဉ်သော ရူပ ၁၅ဘုံ၊ အရူပဘုံ ၄-ဘုံ) ရ၏။

**ရူပ-အသည—အရူပပေါင်းဆိုရိုး။** ။မဟာဂ္ဂုတ်ပဋိသန္ဓေ ၉၊ စေ-၃၅၊ ကမ္မဇကလာပ် ၄–စည်း, အစစ္စာသော ဇီဝိတနဝကကလာပ် ရုပ်တို့၏ ဥပ္ပါ....သော ရူပါဝစရ အရူပါဝစရ ဥပပဇ္ဇန္တဖြစ်သော သုတိ၊ အဖ-၃ (တို့အား ရူပ ၁၆-ဘုံ၊ အရူပ ၄-ဘုံ) ရ၏။

**ကာမ—ရူပ—အသညပေါင်းဆိုရိုး။** ။ပဉ္စဝေါကာရ ပဋိ–၁၅၊ စေ - ၃၅၊ ကမ္မဇကလာပ် ၃၊ ၇၊ ၄စည်း, အစစ္စာသော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါ....သော ပဉ္စဝေါကာရ,

အသညသတ် ဥပပဇ္ဇန္တဖြစ်သော ပုထု ၄၊ အဖ-၃ (တို့အား ပဉ္စ ၂၆ဘုံ၊ အသညသတ်ဘုံ)ရ၏။

**ကာမ-ရူပ—အရူပပေါင်းဆိုရိုး။** ။ပဋိ ၁၉၊ စေ—၃၅၊ ကမ္မဇကလာပ် ၃၊ ၇၊၄၊ စည်းတို့၏ ဥပ္ပါ....သော စတု-ပဉ္စ ဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထု ၄၊ အဖ ၃ (တို့အား စတု ၄-ဘုံ ပဉ္စ-၂၆ ဘုံ)ရ၏။

ခပ်သိမ်းသောဥပပဇ္ဇန္တဆိုရိုး ] တို့ကို ခန္ဓာယမိုက်၌ပြပြီး။
ခပ်သိမ်းသော စဝန္တဆိုရိုး ]

**ဒေသနာရှုနည်း။** ။မနာယတန၌ထို၏ပရိယာယ်ဖြစ်သော စိတ္တသဒ္ဒါဖြင့် ပြောင်းလွှဲ၍ "သစိတ္တကာနံ အစိတ္တကာနံ"ဟူရင်း၊ ကြွင်းသော အာယတနတို့၌ကား မိမိ၏ပင်ကိုယ်နာမည်ဖြင့်ပင် "သစက္ခုကာနံ အစက္ခုကာနံ"ဟုရင်း ဒေသနာတင်၍ ဟောတော်မူသည်။

**စံပြပုစ္ဆာ—၁။** ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊
တဿ သောတာယတနံ ဥပ္ပဇ္ဇတီတိ။

**အဖြေရှာပုံ။** ။ဝိဘင်းဇယားကြည့်ပါ။ သန္နိဋ္ဌာန်ပုဒ်အရ က—ဂအချက် ဖြစ်သော သစက္ခုက ဥပပဇ္ဇန္တတို့ဖြစ်၏။ ထိုတွင် က-အချက် သစက္ခုက ဥပပဇ္ဇန္တသည် အသောတကဖြစ်၍ သောတဖြစ်ဆဲ မဟုတ်သောကြောင့် "သောတာယတနဖြစ်ဆဲလော"ဟူသော သံသယနှင့်မညီ။ (တဖက်ရ)။ ဂ-အချက်ဖြစ်သော သစက္ခုက ဥပပဇ္ဇန္တကား သသောတကဖြစ်၍ သောတာယတနလည်းဖြစ်ဆဲရသောကြောင့် သံသယနှင့်လည်း ညီ၏။ (နှစ်ဖက်ရ)။

**ဝိဘင်းပါဠိ—၁။** သစက္ခုကာနံ အသောတကာနံ ဥပပဇ္ဇန္တာနံ တေသံ။
၂။ သစက္ခုကာနံ သသောတကာနံ ဥပပဇ္ဇန္တာနံ တေသံ။

**၁။ အရေးကောက်ပုံ။** ။စက္ခာယတနသာ ဖြစ်၍ သောတာယတန မဖြစ်ကောင်းသော အပါယ်ဩပပါတိက ဥပပဇ္ဇန္တ ဖြစ်သော ဒုဂ္ဂတိအဟိတ်, ပုထုဇဉ်ပုဂ္ဂိုလ်၊(ပ–ဝိကလ)၊ သ်သောဒဇ ဂဗ္ဘသေယျက ဥပပဇ္ဇန္တဖြစ်သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ပုထုဇဉ်ပုဂ္ဂိုလ်၊ (ဒု–ဝိကလ)၊ စက္ခာယတနသာဖြစ်၍ သောတာယတနမဖြစ်မီ စုတေလတံ့သော ဂဗ္ဘသေယျက ဥပပဇ္ဇန္တဖြစ်သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ (တ–ဝိကလ)။

**၂။** စက္ခာယတန သောတာယတန ၂-ပါး ဖြစ်ကောင်းသော ပဉ္စဝေါကာရ ပဋိ ၁၅၊ စေ-၃၅၊ ကမ္ဘဇကလာပ် ၃၊၇၊၄ စည်းတို့၏ ဥပ္ပါ....သော သစက္ခုက သသောတက ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထု ၄၊ အဖ-၃ ရ၏။

**စံပြပုစ္ဆာ–၂။** ယဿ စက္ခာယတနံ နုပ္ပဇ္ဇတိ၊

တဿ သောတာယတနံ နုပ္ပဇ္ဇတီတိ။

**အဖြေရှာပုံ။** ။ဝိဘင်းဇယားကြည့်ပါ။ "စက္ခာယတနမဖြစ်ဆဲ" ဟူသော သန္နိဋ္ဌာန်ပုဒ်အရ စ-လေးလုံး (ခပ်သိမ်းသော စဝန္တ)နှင့် ခ–ဃအချက်ဖြစ်သော အစက္ခုကဥပပဇ္ဇန္တတို့ဖြစ်၏။ ထိုတွင် ခ-အချက် အစက္ခုက ဥပပဇ္ဇန္တသည် သသောတက ဖြစ်သောကြောင့် သောတာယတန မဖြစ်ဆဲလော ဟူသော သံသယနှင့်မညီ။ (တဖက်ရ)။ စ-လေးလုံးနှင့် ဃ–အချက် အစက္ခုကဥပပဇ္ဇန္တတို့ကား ညီ၏။ (နှစ်ဖက်ရ)။

**ဝိသဇ္ဇနာ ပါဠိ–၁။** အစက္ခုကာနံ သသောတကာနံ ဥပပဇ္ဇန္တာနံ တေသံ၊

။ သဗ္ဗေသံ စဝန္တာနံ အစက္ခုကာနံ အသောတကာနံ ဥပပဇ္ဇန္တာနံ တေသံ

**၁။ တဖက်ရ** ပ-ဒုဝိကလတို့ကိုကောက်။ (သောတာယတနသာဖြစ်၍ စက္ခာယတနမဖြစ်ကောင်းသောဟု ဝိသေသနပြု)။

၂။ နှစ်ဖက်ရတွင်—"သဗ္ဗေသံ စဝန္တာနံ" အရကို ခန္ဓယမိုက်အတိုင်းကောက်။ အစက္ခုက အသောတက ဥပပဇ္ဇန္တတို့ကိုကောက်။ (ပဒုဝိကလကို "စက္ခာယတန သောတာယတန ၂-ပါး မဖြစ်ကောင်းသော"ဟု ဝိသေသနပြု၍ တ-ဝိကလကို "စက္ခာယတန သောတာယတန ၂-ပါး မဖြစ်မီ စုတေလတံ့သော"ဟု ဝိသေသနပြုပါ။ အသညတ် အရူပတို့ကို ခန္ဓယမိုက် အတိုင်းကောက်လေ။)

**သဗ္ဗဝိဘင်း။** လေးချက်ရသောမူလမူလီတို့၌ ဥ-လေးလုံးရလျှင်(အရတူလျှင်) "သဗ္ဗေသံ ဥပပဇ္ဇန္တာနံ" ဟုရင်း၊ စ-လေးလုံးရလျှင်(အရတူလျှင်) "သဗ္ဗေသံစဝန္တာနံ"ဟုရင်း ထုတ်၍ ခန္ဓယမိုက်အတိုင်း ကောက်ပါ၊ သုံးချက်နှစ်ချက်သာရသော မူလမူလီတို့၌လည်း ဤသဘောပင်တည်း။

**စံပြပုစ္ဆာ။**— ၃။ ယဿ စက္ခာယတနံ နုပ္ပဇ္ဇတိ၊ တဿ သောတာယတနံ န နိရုဇ္ဈတီတိ။

**အဖြေရှာပုံ။** ။ဝိဘင်းဇယားကြည့်ပါ။ "စက္ခာတာတနမဖြစ်ဆဲ" ဟူသောသန္နိဋ္ဌာန်အရ "ခပ်သိမ်းသော စဝန္တ"၊(စ-လေးလုံး)နှင့်ခ-ဃအချက် ဖြစ်သောအစက္ခုက ဥပပဇ္ဇန္တ နှစ်ခုတို့ဖြစ်၏။ ထိုတွင် စ-လေးလုံးမှ ခ-ဂ အချက်စ-တို့သည် သသောတက စ-ဖြစ်၍ သောတချုပ်ဆဲ ဖြစ်သောကြောင့် "သောတာယတနမချုပ်ဆဲ"ဟူသော သံသယနှင့် မညီ၊(တဖက်ရ)။ ဂနှင့် ဃ အချက် စ-တို့သည် အသောတကဖြစ်၍ သောတချုပ်ဆဲ မဟုတ်သောကြောင့် ၎င်း၊ အစက္ခုက ဥပပဇ္ဇန္တ ၂-ခုတို့ကား ဖြစ်ဆဲခဏ၌ ချုပ်မှု လုံးဝမရှိသော ကြောင့်၎င်း သံသယနှင့်ညီ၏ (နှစ်ဖက်ရ)။

**ဝိဘင်းပါဠိ။**- ၁။ သသောတကာနံ စဝန္တာနံ တေသံ။

၂။ အစက္ခုကာနံ ဥပပဇ္ဇန္တာနံ, အသောတကာနံ စဝန္တာနံ တေသံ။

## အရကောက်များ

၁။ **တဖက်ရ—** ပဋ္ဌဝေါကာရစုတိပဋိသန္ဓိရသ။ပေ။သဝေါတကပဥ္စဝေါကာရ စဝနုပ္ပဋ္ဌဖြစ်သော ပုထု ၄၊ ဖလ ၄ ရ၏။

၂။ **နှစ်ဖက်ရ—** စက္ခာယတန မဖြစ်ကောင်းသော အပါယ်ဩပပါတိက ဥပပဇ္ဇန္တဖြစ်သော ဒု-ပုဂ္ဂိုလ် (ပ-ဝိကာလ) သံသေဒဇ ဂဗ္ဘသေယျကဥပပဇ္ဇန္တဖြစ်သော ဒု-သုပုဂ္ဂိုလ်(ဒု-ဝိကာလ) စက္ခာယတန မဖြစ်မီ စုတေလတံ့သော ဂဗ္ဘသေယျက ဥပပဇ္ဇန္တဖြစ်သော ဒုသုပုဂ္ဂိုလ် (တ-ဝိကာလ)အသညသတ် အရူပ ဥပပဇ္ဇန္တဖြစ်သော သုဒ္ဓိ၊ အဖ ၃ ချုံးကောက်သည်)။ သောတာယတန မချုပ်ကောင်းသော အပါယ် ဩပပါတိက စဝန္တဖြစ်သော ဒု-ပုဂ္ဂိုလ် (ပ-ဝိကာလ) သံသေဇဇ ဂဗ္ဘသေယျက စဝန္တဖြစ်သော ဒုသုပုဂ္ဂိုလ် (ဒု-ဝိကာလ) သောတာယတန မချုပ်မီစုတေလတံ့သော ဂဗ္ဘသေယျက စဝန္တဖြစ်သောဒု-သုပုဂ္ဂိုလ်(တ-ဝိကာလ) အသညသတ် အရူပစဝန္တ ဖြစ်သော သုဒ္ဓိ၊ဖလ၄ ရ၏။

**ရှေ့နောက်နေပုံ။** ။တချို့ ဥပပဇ္ဇန္တနှင့် တချို့စဝန္တတို့ တဖက်ရချင်း နှစ်ဖက်ရချင်း တူကြရာ၌ ဥပ္ပါဒကြိယာက သန္နိဋ္ဌာန်ဖြစ်လျှင် ဥပပဇ္ဇန္တကို ရှေ့ထား၍ နိရောဓကြိယာက သန္နိဋ္ဌာန်ဖြစ်လျှင် စဝန္တကိုရှေ့ထားရမည်။

**စံပြပုစ္ဆာ—၄။** ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊
တဿ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ၊

**အဖြေရှာပုံ။** ။ဤပုစ္ဆာကား စက္ခုမူ ဃာနမူလိဖြစ်၍ နမူနာ ဝိဘင်းပုံစံ ဇယားဝယ် သောတနေရာ၌ ဃာနပြောင်းထည့်၍ စဉ်းစားပါ။ က-ဂအချက် သစက္ခုက ဥပပဇ္ဇန္တတို့သည် "စက္ခာယတနဖြစ်ဆဲ" ဟူသော သန္နိဋ္ဌာန်ပုဒ်အရဖြစ်၏။ ထိုတွင် က-အချက် သစက္ခုက ဥပပဇ္ဇန္တသည် အဃာနကဖြစ်၍ ဃာနဖြစ်ဆဲမရသောကြောင့် "ဃာနာယတနဖြစ်ဆဲလော"

ဟူသော သံသယနှင့်မညီ။ (တဖက်ရ)။ ဂ-အချက် သစက္ခုက ဥပပဇ္ဇန္တကား သဃာနက ဖြစ်၍ ဃာနလည်း ဖြစ်ဆဲရသောကြောင့် သံသယနှင့်ညီ၏။ (နှစ်ဖက်ရ)။

**ဝိဘင်းပါဠိ—**၁။ သစက္ခုကာနံ အဃာနကာနံ ဥပပဇ္ဇန္တာနံ တေသံ။

၂။ သစက္ခုကာနံ သဃာနကာနံ ဥပပဇ္ဇန္တာနံ တေသံ။

**၁။ အရကောက်။** ။''စက္ခာယတနသာဖြစ်၍ ဃာနာယတန မဖြစ်ကောင်းသော''ဟု ဝိသေသနပြု၍ ပ-ဒုဝိကလ ဥပပဇ္ဇန္တနှင့် ရူပ ဥပပဇ္ဇန္တကို ကောက်။

**၂။ အနုကို။** ။ကာမဆိုရိုးအတိုင်း ကောက်ပါ။

**စံပြပုစ္ဆာ—**၅။ ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ တဿ ကာယာယတနံ ဥပ္ပဇ္ဇတီတိ။

**အဖြေရှာပုံ။** ။ဤပုစ္ဆာကား စက္ခုမူ ကာယမူလီဖြစ်၍ နမူနာ ပုံစံဇယား၌ သောတနေရာဝယ် ကာယ ပြောင်းထည့်ပြီး စဉ်းစားပါ။ က-အချက် ဥပပဇ္ဇန္တက တဖက်ရ၊ ဂ-အချက် ဥပပဇ္ဇန္တကား နှစ်ဖက်ရဖြစ်သည်ကို တွေ့ရပါလိမ့်မည်။ ရှေ့ပုစ္ဆာများနည်းမှီ၍ ဝိဘင်းထုတ်လေ။

တဖက်ရ-ရူပါဝစရဥပပဇ္ဇန္တကိုကောက်။ နှစ်ဖက်ရ-စက္ခာယတန ဖြစ်ကောင်းသော ကာမပဋိသန္ဓေ-၁၀။ပေ။၇-စည်းတို့၏ ဥပ္ပါ....သော သစက္ခုက သကာယက ကာမာဝစရ ဥပပဇ္ဇန္တဖြစ်သော ပုထု-၄၊ အဖ-၂ကို ကောက်ပါ။

**မှတ်ချက်။** ။စက္ခုက ဝိကလာယတန, ကာယကား အဝိကလာယတနတည်း။ အထက်ပါနှစ်ဖက်ရ ဆိုရိုးအစ၌ ''စက္ခာယတန ဖြစ်ကောင်းသော''ဟု ဝိကလာယတနဖြစ်သော စက္ခုဖြင့်သာ ဝိသေသန ပြု၏။ အဝိကလာယတနဖြစ်သော ကာယဖြင့် ဝိသေသနမပြုပါ။ နောက်ပိုင်း၌ကား ''သစက္ခုကာနံ, သကာယကာနံ ဥပပဇ္ဇန္တာနံ'' ဟူသော ပါဠိတော်နှင့်အညီ

“သစက္ခုက သကာယက ကာမာဝစရ ဥပပဇ္ဇန္တ”ဖြစ်သောဟု စက္ခုကာယ ၂-ပါးစုံဖြင့် ဝိသေသနပြုသည်။

**ရှေ့နောက်ညီသင့်။** ။အရကောက်စာအုပ်တို့ဝယ် စက္ခုမူ ရူပမူလီ အနုလုံ နှစ်ဖက်ရဆိုရိုးအစ၌ “စက္ခာယတန ဖြစ်ကောင်းသော ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ”စသည်ဖြင့်“စက္ခာယတန ဖြစ်ကောင်းသော” ဟူသော ဝိသေသနပါ၍အဆုံးနား၌“ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော”ဟုသာ ရှိ၏။ သစက္ခုကသဒ္ဒါမပါ။ မနမူလီ နှစ်ဖက်ရဆိုရိုးအစ၌ကား “စက္ခာယတန ဖြစ်ကောင်းသော”ဟူသော ဝိသေသနမပါပဲ ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသ ဟု စတည်ပြီး“သစက္ခုက ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော”ဟု အဆုံးနားမှာ သစက္ခုကသဒ္ဒါ ပါနေပြန်၏။ ဤစကားနှစ်ရပ်ကို ထောက်လျှင် ရှေ့ရော နောက်ပါ ဝိသေသနပါသင့်မည် ထင်၏။ သို့မှသာ ရှေ့နောက် စကားနှစ်ရပ် ညီပေမည်။

**စံပြပုစ္ဆာ—၆။** ယဿ ဃာနာယတနံ ဥပ္ပဇ္ဇတိ။
တဿ ဇိဝှါယတနံ ဥပ္ပဇ္ဇတီတိ။

**အဖြေရှာပုံ။** ။ဤပုစ္ဆာသည် ဃာနမူ ဇိဝှါမူလီဖြစ်၍ နမူနာပုံစံဇယားဝယ် စက္ခုနေရာ၌ ဃာန, သောတနေရာ၌ ဇိဝှါ ပြောင်းထည့်၍ စဉ်းစားရမည်၊ စဉ်းစားကြည့်ပါ၊ အောက်ပါအတိုင်း တဖက်ရ နှစ်ဖက်ရ တွေ့ရပါလိမ့်မည်။

**ဝိဘင်းပါဠိ—** ၁။ သဃာနကာနံ အဇိဝှကာနံ ဥပပဇ္ဇန္တာနံ တေသံ။
၂။ သဃာနကာနံ သဇိဝှကာနံ ဥပပဇ္ဇန္တာနံ တေသံ။

**အရကောက်များ**

၁။ **တဖက်ရ**-ဃာနာယတနသာဖြစ်၍ ဇိဝှါယတနမဖြစ်မီ စုတေလတံ့သော ဂဗ္ဘသေယျက ဥပပဇ္ဇန္တဖြစ်သော ဒု-သု ပုဂ္ဂိုလ် (ပ-ဒု ဝိကလ တို့ကိုကား ဇိဝှါအမြဲဖြစ်၍ မကောက်ရပါ)။

၂။ နှစ်ဖက်ရ—ဃာနာယတန ဇိဝှါယတန ၂-ပါးဖြစ်ကောင်းသော ကာမ
ပဋိသန္ဓေ ၁၀။ပေ။သဃာနက သဇိဝှက ကာမာဝစရ ဥပပဇ္ဇန္တ
ဖြစ်သော ပုထု ၄၊ အဖ ၂။

**ဝါဒကွဲ။** ။ဤစံပြပုစ္ဆာ ၆-၌ အရကောက် ဆရာတော်သည် ဋီကာကျော်
"ကမေန" အဖွင့်အရ တတိယဝိကလရှိ၏ဟု ယူဆပြီး ဝိဘင်း
ရှည်ထုတ်သည်၊ မူလဋီကာဆရာကား "အာမန္တာ"ဟု ထုတ်သည်။အကျယ်ကို
မူလဋီကာ, အနုဋီကာတို့၌ ရှုပါ။

**စံပြပုစ္ဆာ—၇။** ယဿ ဝါ ပန ကာယာယတနံ ဥပ္ပဇ္ဇတိ။
တဿ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ။

**ဝိဘင်းပါဋ္ဌိ—** ၁။ သကာယကာနံ အဃာနကာနံ ဥပပဇ္ဇန္တာနံ တေသံ။
၂။ သဃာနကာနံ ဥပပဇ္ဇန္တာနံ တေသံ။

၁။ **ဆိုရိုး—** [ဃာနာယတန မဖြစ်ကောင်းသော သံသေဒဇ,ဂဗ္ဘသေယျက
ဥပပဇ္ဇန္တဖြစ်သော ဒု-သု ပုထုဇဉ်ပုဂ္ဂိုလ်။
ဃာနာယတနမဖြစ်မီ စုတေလတံ့သော ဂဗ္ဘသေယျက
ဥပပဇ္ဇန္တဖြစ်သော ဒု-သု ပုထုဇဉ်ပုဂ္ဂိုလ်။]

၂။ **ဆိုရိုး—**[ဃာနာယတန ဖြစ်ကောင်းသော ကာမပဋိ- ၁၀၊ စေ-၃၃၊
ကမ္ဗဇကလာပ် ၁၊၇၊တို့၏ ဥပ္ပါဒ်သော သဃာနက ကာမာ
ဝစရ ဥပပဇ္ဇန္တဖြစ်သော ပုထု ၄၊ အဖ ၂။]

**ဝိသေသနစိစစ်ချက်။** ။ဤဿနမူ ကာယမူလီဝယ် (က) အချက် မရှိ၊(ခ)အ
ချက်ကိုဝိဘင်းထုတ်ရာ၌"အဃာနကာနံ သကာယကာနံ"
ဟု ၂-ပါးစုံဖြင့် ဝိသေသနပြုရသည်၊ ဘာ့ကြောင့်နည်း။ ထို (ခ)အချက်ကို
"အဃာနကာနံ"ဟုသာ ဟောယျှင် ရူပနှင့် အရူပတို့ ပါဝင်လာ၏။ ထိုရူပ
အရူပတို့ကို စင်စေလို၍ ကာမ၌ကာယချို့သူမရှိသော်လည်း "အဃာနကာနံ"

ဟူသာ မဟောပဲ ကာယသဒ္ဒါထည့်၍ "အဃာနကာနံ သကာယကာနံ" ဟု ဟောတော်မူသည်။

တဖန်"သကာယကာနံ"ဟူသာ ဟောလျှင်လည်း ဒု-ပိကလနှင့်ကာမတို့ ပါဝင်လာပြန်၏၊ထိုမလိုအပ်သော ပုဂ္ဂိုလ်များ မပါဝင်လာစေရန်"သကာယကာနံ"ဟူသာ မဟောပဲ ဃာနသဒ္ဒါထည့်၍ "အဃာနကာနံသကာယကာနံ" ဟု ဟောတော်မူသည်။

ဃာနဖြစ်သည့် ပုဂ္ဂိုလ်တိုင်း ကာယလည်း အမြဲ ဖြစ်သောကြောင့် "သဃာနကာနံ" ဟု ဟောလျှင်ပင် လိုအပ်သောအဓိပ္ပာယ်ပြီးသဖြင့် (ဂ)အချက်၌ "သဃာနကာနံ" ဟူသာ ဟောတော်မူ၏။ (ဃ) အချက်မှာကား ကာယမဖြစ်လျှင် ဃာနလည်းမဖြစ်သောကြောင့် "အကာယကာနံ" ဟူသာ ဟောတော်မူသည်။

## ပုဂ္ဂလောကာသဝါရ

**လမ်းညွှန်း။** ။ဤဝါရ၌ ဝိဘင်းနှင့်အရကောက်တို့ ပုဂ္ဂလဝါရနှင့် တူကြ၏၊ ကာမ, ရူပ, အသညသတ်, အရူပဘုံ သတ်ပုံကို ခန္ဓယမိုက်၌ရှင်း ဤယမိုက်ဝိဘင်းနှင့် အရကောက် ဆိုရိုး၌ရှင်း ပြခဲ့ပြီ။ ထို့ကြောင့် ဝိကလသုံးယောက် ဘုံသတ်ပုံကိုသာ ပြပါအံ့။

၁။ ဝိကလ ၃-ယောက်ကို ပေါင်းလျက်ရှင်း ပ-ဒု တွဲလျက်ရှင်း ဘုံသတ်ခွင့်ကြုံရာ၌ ပုဂ္ဂလဝါရအတိုင်းဆို၍"ဤပုဂ္ဂိုလ်တို့အား အပါယ် ၄-ဘုံ၊ မနုဿဘုံ၊ ဘုမ္မဿိတဝိနိပါတိက အသုရာဟုဆိုအပ်သော စတုမဟာရာဇ်ဘုံအားဖြင့် ကာမာဝစရ ၆-ဘုံရ၏"ဟု သတ်ပါ။

၂။ ဒု—တ ပေါင်း၍ ဘုံသတ်ခွင့်ကြုံရာ၌ကား "ဤပုဂ္ဂိုလ်တို့အား နိရယကြဉ်သော အပါယ်ဘုံ။ ပေ။ အသုရာဟုဆိုအပ်သော ကာမာဝစရ ၅-ဘုံရ၏"ဟုဆိုပါ။ ခွဲ၍ ဘုံသတ်ခွင့်ကြုံရာဝယ် "ဤပုဂ္ဂိုလ်"ဟူသော စကားကို ထည့်ရန်မလိုပါ။

[ဆောင်] ၁။ ပါယ်ပြပါတ, သံ-ဂတ္တ, ဂတ္တမဖြစ်နီ၊
၂။ အပါယ်လေးဝ, မနုဿ, ဘုမ္မ-သုရာပြည်၊
၃။ သုံးယောက်တွဲလျက်, ပ-ဒု-ယှက်, မှတ်ချက်ဘုံ ၆-လီ။
၄။ ဒု-တ ခွဲလျက်, ယှဉ်တွဲခက်, ကြဉ်ဖျက်နိရယီ။
၅။ ဝိကာလသုံး, ဘုံသတ်ထုံး, လုံးလုံးမခက်ပြီ။

ပစ္စုပ္ပန္နဝါရပြီး၏။

## ၂။ အတီတဝါရ

ပုဂ္ဂိုလ်တိုင်း အာယတန ၁၁-ပါးလုံး ဖြစ်ဖူးကြ ချုပ်ဖူးကြ၏။ ထိုကြောင့် အနုလုံ၌ ''အာမန္တာ''ချည်း ထုတ်၍ ''ခပ်သိမ်းသော ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇ္ဇ၊ ဖလဋ္ဌာန် ၄ယောက်ကောက်ပါ။ပစ္စနိက် '' နတ္ထိ''ချည်း ထုတ်လေ။

## ၃။ ပစ္စုပ္ပန္နာတီတဝါရ

လမ်းညွှန်။ ။ပုဂ္ဂိုလ်တိုင်းမှာအာယတန ၁၁-ပါးလုံး ဖြစ်ဖူးကြ ချုပ်ဖူးကြ၍ မူလ်အာယတနအမြဲဖြစ်ဖူး ချုပ်ဖူးရ၏။ထို့ကြောင့် ဤဝါရ၌ပစ္စုပ္ပန္နဝယ် ပြအပ်ခဲ့သော လေးချက်စက်တွင် မူလ် အ-အချက်တို့မရှိ၊ မူလ သ-အနှစ်ချက်သာရှိသည်။ ထိုအချက်တို့နောက်က (၁၁)သင်္ကေတပြထားပါ၊ မူလ အာယတနဖြစ်ဆဲ (သို့မဟုတ်၊ ချုပ်ဆဲ) ရ-မရကို ပစ္စုပ္ပန္နဝါရအတိုင်း သိပါ။ မူလအာယတန၏ နာမည်ကိုသာ ဖော်၍ ဝိဘင်းထုတ်ပြီး ပစ္စုပ္ပန္နဝါရမှီး၍ ကောက်လေ။

စံပြပုစ္ဆာ—၁။ ။ယဿ ဝါ ပန သောတာယတနံ ဥပ္ပဇ္ဇိတ္ထ၊
တဿ စက္ခာယတနံ ဥပ္ပဇ္ဇတီတိ။

ပစ္စုပ္ပန္နဝါရဝိဘင်းဇယားကြည့်ပါ၊ စ-နှစ်လုံးနှင့်အစကျူက ဥပပဇ္ဇန္တံ့သည် တဖက်ရ၊ သစကျူက ဥပပဇ္ဇန္တသည် နှစ်ဖက်ရဖြစ်သည်ကို တွေ့ရပါလိမ့်မည်။ စဉ်းစား၍ အရကောက်ပါ၊ မခက်ပြီ။

**ဝိဘင်းပါဠိ။—** ၁။ သဗ္ဗေသံ စဝန္တာနံ,အစကျူကာနံ ဥပပဇ္ဇန္တာနံ တေသံ။

၂။ သစကျူကာနံ ဥပပဇ္ဇန္တာနံ တေသံ။

**စုံပြပုစ္ဆာ—** ၂။ ယဿ ဝါ ပန မမ္မာယတနံ ဥပ္ပဇ္ဇိတ္ထ၊
တဿ ဃာန-ယတနံ ဥပ္ပဇ္ဇတီတိ။

**ဝိဘင်းပါဠိ—** ၁။ သဗ္ဗေသံ စဝန္တာနံ, အဃာနကာနံ ဥပပဇ္ဇန္တာနံ တေသံ။

၂။ သဃာနကာနံ ဥပပဇ္ဇန္တာနံ တေသံ။

**ဝိဘင်းအချုပ်။** ။ဤပစ္စုပ္ပန္နာတီတဝါရဝယ် အနုလုံ အနုလောမ၌ "အာမန္တာ"၊ ပဋိလောမ၌"တဖက်ရ-နှစ်ဖက်ရ" ဝိဘင်း၊ ပစ္စနိက်အနုလောမ၌ "ပါဠိဂတိ"၊ ပဋိလောမ၌"နတ္ထိ" ဝိဘင်းအမြဲထုတ်ပါ။ ချဉ်းအံ့-ဥပ္ပါဒဝါရဝယ်"တဖက်ရ" ဝိဘင်းထုတ်ရာ၌ စကျူမူ သောတမူလီမှာ ခပ်သိမ်းသောစဝန္တနှင့် အစကျူက ဥပပဇ္ဇန္တတို့ကို တဖက်ရ၊ သစကျူက ဥပပဇ္ဇန္တကို နှစ်ဖက်ရအဖြစ်ဖြင့် ထုဘ်ရပါသည်။ ကြွင်း မူလ-မူလီတို့ကိုလည်း နည်းမှီ၍ ထုတ်ကြပါလေ။

ပစ္စုပ္ပန္နာတီတဝါရ ပြီး၏။

| စဉ် | ပုဂ္ဂိုလ် | | | | ပုန် | | တိ | | ဉာ | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | ဖြစ် | ချုပ် | ဖြစ် | ချုပ် | ဖြစ် | ချုပ် |
| ၁ | ကာမ - ဖြစ်ပြန် ပုဂ္ဂိုလ် | (က) ကာမာဝစရ | သ | ဥ | ၁၁ | × | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | | | စ | × | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | | အ | ဥ | ၁၀ | × | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | | | စ | × | ၁၀ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | (ခ) ရူပါဝစရ | | ဥ | ၅ | × | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | | | စ | × | ၅ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | (ဂ) အသညသတ္တ | | ဥ | ၂ | × | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | | | စ | × | ၂ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | (ဃ) အရူပ | | ဥ | ၂ | × | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | | | စ | × | ၂ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| ၂ | ရူပ - ပရိ ပုဂ္ဂိုလ် | (က) ကာမာဝစရ | | ဥ | ၁၁ | × | ၁၁ | ၁၁ | ၅ | ၁၁ |
| | | | | စ | × | ၁၁ | ၁၁ | ၁၁ | ၅ | ၅ |
| | | (ခ) ရူပါဝစရ | | ဥ | ၅ | × | ၁၁ | ၁၁ | ၅ | ၅ |
| | | | | စ | × | ၅ | ၁၁ | ၁၁ | ၅ | ၅ |
| ၃ | အရူ - ပရိ ပုဂ္ဂိုလ် | (က) ကာမာဝစရ | | ဥ | ၁၁ | × | ၁၁ | ၁၁ | ၂ | ၁၁ |
| | | | | စ | × | ၁၁ | ၁၁ | ၁၁ | ၂ | ၂ |
| | | (ခ) ရူပါဝစရ | | ဥ | ၅ | × | ၁၁ | ၁၁ | ၂ | ၅ |
| | | | | စ | × | ၅ | ၁၁ | ၁၁ | ၂ | ၂ |
| | | (ဂ) အရူပ | | ဥ | ၂ | × | ၁၁ | ၁၁ | ၂ | ၂ |
| | | | | စ | × | ၂ | ၁၁ | ၁၁ | ၂ | ၂ |
| ၄ | ပစ္ဆိမ ပုဂ္ဂိုလ် | (က) ကာမာဝစရ | | ဥ | ၁၁ | × | ၁၁ | ၁၁ | × | ၁၁ |
| | | | | စ | × | ၁၁ | ၁၁ | ၁၁ | × | × |
| | | (ခ) ရူပါဝစရ | | ဥ | ၅ | × | ၁၁ | ၁၁ | × | ၅ |
| | | | | စ | × | ၅ | ၁၁ | ၁၁ | × | × |
| | | (ဂ) အရူပ | | ဥ | ၂ | × | ၁၁ | ၁၁ | × | ၂ |
| | | | | စ | × | ၂ | ၁၁ | ၁၁ | × | × |

## အနုလောမဂတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကိုဟောရာ၌ လေးကွက်စလုံးကို ကြည့်ပါ။ နာ ဖြစ်-ချုပ်အကွက်တို့၌ သင်္ကေတထည့်ရမည်။ ထည့်ပုံကို ခန္ဓယမိုက်နည်းမှီသိပါ။ သင်္ကေတတို့တွင် ၁၁-ဖြင့် အာ-၁၁ ပါး၊ ၅-ဖြင့် စက် သော,မနော,ရူ,ဓမ်၊ ၂-ဖြင့် မနနှင့်ဓမ္မတို့ ဖြစ်လတံ့ ချုပ်လတံ့ရသည်ဟု ညွှန် ပြ၍ ကြက်ခြေဖြင့် မရှိသည့် အာယတနမှ မရသည်ကို ညွှန်ပြသည်။ ဤအနာ ဂတဝါရ၌ အစက္ခုကစသော ဝိကလပုဂ္ဂိုလ်များမရှိ။ ထို့ကြောင့် အစက္ခုက, သစက္ခုကဟု ခွဲရန်မလို။ ဇယား၌ ခွဲပြထားသည်ကား ပစ္စုပ္ပန္နာနာဂတဝါရ အတွက် ရည်ရွယ်ပါသည်။

## ဇယားမှတ်ပုံ

၁။ ကာမဖြစ်ပြန်ကောင်း ပုဂ္ဂိုလ်တို့အား အာယတန ၁၁-ပါးလုံးဖြစ်လတံ့၊ ချုပ်လတံ့။

၂။ ရူပ-ပရိ(ရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတံ့သော) ပုဂ္ဂိုလ်တို့တွင် ကာမ ဥပပဇ္ဇန္တပုဂ္ဂိုလ်အား စက်,သော,မနော,ရူ,ဓမ်ဖြစ်လတံ့၊ ၁၁-ပါးလုံး ချုပ်လတံ့။ (ဤဘဝ၌ ချုပ်ရဦးမည်ကို သတိပြုပါ။) ကာမစဝန္တနှင့် ရူပဥပပဇ္ဇန္တ စဝန္တပုဂ္ဂိုလ်တို့အား၊ စက်, သော, မနော, ရူ, ဓမ်သာ ဖြစ်လတံ့၊ ချုပ်လတံ့။

၃။ အရူ-ပရိ(အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတံ့သော)ပုဂ္ဂိုလ်တို့တွင် ကာမဥ အားမန ဓမ္မသာဖြစ်လတံ့။ ၁၁-ပါးလုံးချုပ်လတံ့။ စဝန္တအား မန ဓမ္မ သာ ဖြစ်လတံ့၊ ချုပ်လတံ့၊ ရူပ-ဥအား မန ဓမ္မသာဖြစ်လေလတံ့၊ စက်,သော,မနော,ရူ,ဓမ်,ချုပ်လတံ့၊ရူပ စ အား မန ဓမ္မသာချုပ်လတံ့၊ အရူပ ဥ-စ တို့အား မန ဓမ္မသာဖြစ်လတံ့၊ ချုပ်လတံ့။

၄။ ပစ္ဆိမဘဝိက ဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား ၁၁-ပါးလုံး မဖြစ်လတံ့၊ ချုပ်လတံ့ ကား ကာမ ဥ-၌ ၁၁ ပါး၊ ရူပ ဥ-၌ ၅-ပါး၊ အရူပ ဥ၌ ၂-ပါး ရသည်။

ပရိနိဗ္ဗာန္ဒပုဂ္ဂိုလ်တို့အား ၁၁-ပါးလုံး မဖြစ်လတံ့၊ မချုပ်လတံ့ (အဓိပ္ပာယ် တခုဖတ်ပြီးလျှင် ဇယား ကြိမ်ပြန်ကြည့်ပါ။)

**အနာဂါမ်နှင့်ကာမ။** ။အနာဂါမ်သည် ဝိပဿနာယာနိကဖြစ်၍ ဈာန်မရပါသော်လည်း သမာဓိ အားကောင်းသောကြောင့် စုတေခါနီး၌ ဧကန်မုချ ဈာန်သမာပတ်တို့ကိုရ၏၊ ထိုသို့ရသည့်အတွက် စုတေသောအခါ ထိုဈာန်သမာပတ်တို့၏ အကျိုးပေးရာ ရူပ အရူပဘုံ၌သာ ဖြစ်ရသည်။ ထိုကြောင့် ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ကာမာဝစရဆိုရိုးတွင် အနာဂါမ်ကိုကြည့်၍ ပုထုဇဉ် ၄၊ အဖ-၂-ယောက်သာ ကောက်ရသည်။

ဆက်ဦးအံ့.... "ဗြဟ္မလောကဂတာ ဟေဋ္ဌာ, အရိယာ နောပပဇ္ဇရေ" အရ ဗြဟ္မာဘုံမှ အရိယာတို့သည်လည်း အောက်အောက်ဘုံတို့၌ မဖြစ်ကြ။ ထို့ကြောင့် ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ရူပါဝစရ, အရူပါဝစရဆိုရိုးတွင် ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ကိုကြည့်၍ သုဂတိအဟိတ်, တိဟိတ်ပုထုဇဉ်တို့ကိုသာ ကောက်သည်။

**ဣတရေသံ နေရာမှန်။** ။အနာဂတဝါရ၌ အနုလုံ နှစ်ဖက်ရကို "ဣတရေသံ တေသံ" ဟု အမြဲထုတ်ပါ။ အရကောက်ရာဝယ် ဃာနာဒိသ အာယတနတို့ မူလမူလီ တခုခုဖြစ်ရာ၌ ကာမဖြစ်ပြန်ကောင်း ပုဂ္ဂိုလ်ကိုကောက်။ (အာဒိဖြင့် ဇိဝှါ, ကာယ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့ကိုယူ)။ ဃာနာဒိဆမှတပါးသော အာယတနတို့တွင် မနမှတပါးသော အာယတနတို့ မူလမူလီ တခုခုဖြစ်ရာ၌ကား ပဉ္စဝေါကာရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့ကို ကောက်ပါ။

**ရူပ-ပရိပုဂ္ဂိုလ်။** ။ရူပ-ပရိပုဂ္ဂိုလ်သည် (က) ကာမာဝစရပုဂ္ဂိုလ်၊ (ခ) ရူပါဝစရပုဂ္ဂိုလ်၊ (ဂ) မိဿက (ကာ-ရူပေါင်းသော) ပုဂ္ဂိုလ်ဟု ၃-မျိုးရှိ၏။ ထိုတွင် ကာမာဝစရပုဂ္ဂိုလ်သည်လည်း (၁) ဥပပဇ္ဇန္တ၊ (၂) စဝန္တ၊ (၃) မိဿက (ဥ-စ အရတူ၍ ပေါင်းသော)ပုဂ္ဂိုလ်ဟု ၃-မျိုး

ရှိပြန်၏။ ရူပါဝစရပုဂ္ဂိုလ်နှင့် မိဿကပုဂ္ဂိုလ်တို့လည်း ၃-မျိုးစီပင်တည်း။ ထို့ကြောင့် ရူပ-ပရိပုဂ္ဂိုလ်တို့ကို အစိတ်အစိတ် ခွဲစိတ်ဝေဖန်သော် ၉-မျိုး ရှိသည်။ သို့သော် ဇယားကြည့်လျှင် မျက်မြင်အားဖြင့် ၄-မျိုးသာ တွေ့ရပါ လိမ့်မည်။ ဇယားနှင့် တိုက်ဆိုင်၍ သဘောပေါက်အောင် ကြည့်ကြပါကုန်။ ထို ၉-မျိုးတွင် ဤဝါရ၌ မိဿကပုဂ္ဂိုလ် ၃-ယောက်သာ တွေ့ရပါမည်။

**လမ်းညွှန်။** ။ဇယားတွင် ရူပ-ပရိအကွက်၌ ကာမာဝစရ ဥ-စ, ရူပါဝစရ ဥ-စဟု ဥ-နှစ်လုံး, စ-နှစ်လုံးစီ ရှိ၏။ အနုလုံ တဖက်ရ၌ဖြစ်စေ ပစ္စနိက်၌ဖြစ်စေ ကာမာဝစရ-ဥကို ရပါက မိဿက ဥပပဇ္ဇန္တအတိုင်း ဝိဘင်း ထုတ်၊ ထိုအကွက်ရှိ ကာမာဝစရ-စနှင့် ရူပါဝစရ ဥ-စတို့အရတူရာ၌ များရာသို့ (စ–သို့)လိုက်၍ မိဿက စဝန္တအတိုင်းထုတ်ပြီး ရသင့်သလိုကောက်ပါ။ အရူပ- ပရိ ပုဂ္ဂိုလ်တို့ကိုလည်း နည်းမှီသိလေ။

ကာမ ဖြစ်ပြန်ကောင်းအကွက်ရှိ ပုဂ္ဂိုလ်များနှင့် ရူပ-ပရိ ပုဂ္ဂိုလ်အားလုံးတို့ အရတူလျှင် "ဣတရေသံ တေသံ"ဟုထုတ်၍ ပဠမဝေါကာရဘုံ၌ နောင် ဖြစ် (ချုပ်) ပြန်ကောင်းသော စသည်ဖြင့် ခန္ဓယမိုက်အတိုင်းကောက်ပါ။

ရူပ-ပရိ, အရူပ-ပရိ ပစ္ဆိမအကွက်တို့ရှိ ကာမ-ရူပဥပပဇ္ဇန္တတို့သည် ကာမ ဖြစ်ပြန်အကွက်ရှိ ပုဂ္ဂိုလ်တို့နှင့် အရတူလျှင်လည်း "ဣတရေသံ တေသံ"ဟု ထုတ်၍ ပဉ္စဝေါကာရဘုံ၌ နောင်ဖြစ် (ချုပ်)ပြန်ကောင်းသော စသည်ဖြင့် ခန္ဓယမိုက်အတိုင်းပင် ကောက်ရမည်။ အောက် ၃-ကွက်ရှိ ကာမဥပပဇ္ဇန္တများ နှင့် ကာမဖြစ်ပြန်အကွက်ရှိ ပုဂ္ဂိုလ်တို့ အရတူရာ၌ "ဣတရေသံ တေသံ"ဟု ပင်ထုတ်၍"ကာမာဝစရဘုံ၌ နောင်ဖြစ်(ချုပ်) ပြန်ကောင်းသော"စသည်ဖြင့် အရာဌာနကြည့်၍ ကောက်ပါ။

**၃။ အရူ-ပရိပုဂ္ဂိုလ်။** ။ဤအရူ-ပရိပုဂ္ဂိုလ်များအတွက် ဝိဘင်းထုတ်ပုံ အရ ကောက်ပုံကို ခန္ဓယမိုက်၌ ပြခဲ့ပြီ။ ထို၌ အရူ-ပရိ ပုဂ္ဂိုလ်နှင့်တည့်တည့်အကွက်တွင် ဥ-နှစ်လုံး စ-နှစ်လုံးသာ ရှိ၏။ ထို ဥ-နှစ်လုံး (သို့မဟုတ် စ-နှစ်လုံး) လုံးရမှ ဝိဘင်းထုတ်သည်။ တလုံးတည်းသာ ရလျှင်

ကား ဝိဘင်းသီးခြားမထုတ်။ အရသာကောက်သည်။ ဤ၌ကား ထိုသို့မဟုတ်၊ တလုံးရ-၍၊ နှစ်လုံးရ-ရ၊ သုံးလုံးစလုံးရ-ရ ထုတ်သည်။ အရကောက်ရာဝယ် ခန္ဓယမိုက်ဆိုရိုးထဲမှ အရာဌာနအားလျော်စွာ ယူသင့်တာယူ၍ နုတ်သင့်တာ နုတ်ရမည်။ ရူပ-ပရိနှင့် အရူ-ပရိတို့အရတူလျှင် "ယေ(စ) ရူပါဝစရံ အရူပါ ဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ"စသည်ဖြင့် ပေါင်းထုတ်ပါ။

၄။ **ပစ္ဆိမ—ပုဂ္ဂိုလ်။** ။ဤပစ္ဆိမဘဝိက ပုဂ္ဂိုလ်သည် (က) ကာမာဝစရ၊ (ခ) ရူပါဝစရ၊ (ဂ) အရူပါဝစရဟု အကျဉ်းအား ဖြင့်၃-မျိုးရှိ၏။ ထိုတွင် ကာမာဝစရပုဂ္ဂိုလ်သည် (၁)ဥပပဇ္ဇန္တ၊ (၂) ပရိနိဗ္ဗန္တ၊ (၃) မိဿကဟု ၃-မျိုးရှိပြန်၏။ ရူပါဝစရပုဂ္ဂိုလ်လည်း ၃-မျိုးပင်တည်း။ ကာမနှင့်ရူပ အရတူက ပေါင်း၍ ပဉ္စဝေါကာရဟု သုံး၏။ ထိုပဉ္စဝေါကာရ ၃-မျိုး, အရူပ ၃-မျိုး, သာဓာရဏ(ပဉ္စဝေါကာရနှင့် အရူပတို့ အရတူသော) ပုဂ္ဂိုလ်၃ မျိုးအားဖြင့် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်အကျယ် ၁၅-မျိုးရှိသည်ဟု မှတ် ထားပါ။ သို့သော်—ဇယားတွင် ၆-မျိုးသာ တွေ့ရပါလိမ့်မည်။ ဇယားနှင့် တိုက်ဆိုင်ကြည့်ပါ။ နောက် ၉-မျိုး၏ ဝိဘင်းထုတ်ပုံ, အရကောက်ပုံကို ခန္ဓယမိုက်၌ ပြခဲ့ပြီ။ ဤ၌ ရှေ့ ၆-မျိုး၏ ဝိဘင်းထုတ်ပုံ အရကောက်ပုံကိုသာ ပြပါမည်။

## ဝိဘင်းနှင့် အရကောက်ဆိုရိုး

[အရူ-ပရိပုဂ္ဂိုလ်နှင့် ပစ္ဆိမဘဝိက အရူပပုဂ္ဂိုလ်တို့၏ ဆိုရိုးကို ခန္ဓယမိုက် အနာဂတပုဂ္ဂလဝါရ၌ ပြခဲ့ပြီ။]

၁။ **ကာမဖြစ်ပြန်။** ။ဣတရေသံ တေသံ။

**ဆိုရိုး—**[ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ကာမာဝစရ ဥ-စ **မြ**စ်သော ပုထု ၄၊ အ ဖ ၂၊ ရူပါဝစရ အရူပါဝစရ ဥ-စဖြစ် သော သု၊ တိ ရ၏။]

## ၂။ ရူပ–ပရိ မိဿကပုဂ္ဂိုလ် ၃ မျိုး

၁။ ရူပ—ပရိ မိဿက ၁။ ။ယေ ရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ ဥပပဇ္ဇန္တာနံ တေသံ။

ဆိုရိုး—[ကာမသုဂတိ ၇-ဘုံမှ ရူပါဝစရဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတံ့သော ကာမာဝစရ ဥပပဇ္ဇန္တဖြစ်သော တိပု၊ အဖ ၂၊ ရူပါဝစရဘုံအချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန်ပြုလတံ့သော ရူပါဝစရ ဥ-စ ဖြစ်သော တိပု၊ အဖ ၃-ရ၏။]

၂။ ရူပ—ပရိ မိဿက ၈။ ။"တေသံ စဝန္တာနံ တေသံ"ဟု ပြောင်း ဆိုပါ။

ဆိုရိုး—[ကာမသုဂတိ ၇-ဘုံမှ။ပေ။ကာမာဝစရ စဝန္တဖြစ်သော တိပု၊ အဖ- ၃၊ ရူပါဝစရဘုံအချင်းချင်းဖြစ်၍။ပေ။ တိပု၊ အဖ-၃ရ၏။]

၃။ ရူပ-ပရိ မိဿက။ ။"ယေ(စ)ရူပါဝစရံ။ပေ။တေသံ"ဟူသာ ဆိုပါ။

ဆိုရိုး—[ကာမသုဂတိ ၇-ဘုံမှ။ပေ။ကာမာဝစရ ဥ-စ ဖြစ်သော တိပု၊ အဖ-၃၊ ရူပါဝစရဘုံအချင်းချင်းဖြစ်၍။ပေ။ရူပါဝစရ ဥ-စ ဖြစ်သော တိပု၊ အဖ-၃-ရ၏။]

## ပစ္ဆိမဘဝိက ကာမာဝစရပုဂ္ဂိုလ် ၃-မျိုး

က။ ပစ္ဆိမဘဝိက ကာမာဝစရဥပပဇ္ဇန္တပုဂ္ဂိုလ်။ ။ပစ္ဆိမဘဝိကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ။

ဆိုရိုး—[ကာမတိဟိတ်ပဋိသန္ဓေ ၄-ခု၊ စေ-ခု၃၊ ကမ္မဇကလာပ် ၃၊၇ စည်းတို့၏ ဥပ္ပါ....သော ပစ္ဆိမဘဝိက ကာမာဝစရ ဥပပဇ္ဇန္တဖြစ်သော တိပု၊ အဖ-၂ ရ၏။

**ခ။ ကာမာဝစရပရိနိဗ္ဗန္တပုဂ္ဂိုလ်။** ။ကာမာဝစရေ ပရိနိဗ္ဗန္တာနံ။

ဆိုရိုး—[ကာမတိဟိတ်စုတိ ၄-ခု၊ စေ-၃၃၊ အဆုံးစွန်သော ဇမ္မဇရုပ်တို့၏ ဘင်...သော ကာမာဝစရ ပရိနိဗ္ဗန္တဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ် ရ၏။]

**ဂ။ ပစ္ဆိမဘဝိက ကာမာဝစရမိဿကပုဂ္ဂိုလ်။** ။ကာမာဝစရေ ပစ္ဆိမဘဝိကာနံ။

ဆိုရိုး—[ပစ္ဆိမဘဝိက ကာမာဝစရ ဥပပဇ္ဇန္တဖြစ်သော တိပု၊ အဝ-၂၊ စဝန္တဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။]

**ပစ္ဆိမဘဝိက ရူပါဝစရပုဂ္ဂိုလ် ၃ မျိုး**

**က။ ပစ္ဆိမဘဝိကရူပါဝစရဥပပဇ္ဇန္တပုဂ္ဂိုလ်။** ။ပစ္ဆိမဘဝိကာနံ ရူပါဝစရံ ဥပပဇ္ဇန္တာနံ။

ဆိုရိုး—[ရူပါဝစရပဋိသန္ဓေ ၅-ခု၊ စေ-၃၅၊ ကမ္မဇကလာပ် ၄-စည်းတို့၏ ဥပ္ပါ....သော ပစ္ဆိမဘဝိကရူပါဝစရ ဥပပဇ္ဇန္တဖြစ်သော တိပု၊ အဝ-၃ရ၏။]

**ခ။ ရူပါဝစရပရိနိဗ္ဗန္တပုဂ္ဂိုလ်။** ။ရူပါဝစရေ ပရိနိဗ္ဗန္တာနံ။

ဆိုရိုး—[ရူပါဝစရစုတိ ၅-ခု၊ စေ ၃၅၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်—သော ရူပါဝစရ ပရိနိဗ္ဗန္တဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ် ရ၏။]

**ဂ။ ပစ္ဆိမဘဝိက ရူပါဝစရမိဿကပုဂ္ဂိုလ်။** ။ ရူပါဝစရေ ပစ္ဆိမဘဝိကာနံ။

ဆိုရိုး—[ပစ္ဆိမဘဝိက ရူပါဝစရ ဥပပဇ္ဇန္တဖြစ်သော တိပု၊ အဝ-၃၊ စဝန္တဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။]

**၁-၂-၃-အာ႓ကက်တို ပေါင်းပုံ။** ။ဣတရေသံ တေသံ။

**ဆိုရိုး**—[ပစ္ဆိမဘဝိကမှုတပါး ခပ်သိမ်းသော ဥ—စ ဖြစ်သော ပုထု ၄၊ အ ဖ-၃—ရ၏။ (၄-အကွက်ရှိ ပစ္ဆိမဘဝိက ဥပပဇ္ဇန္တပုဂ္ဂိုလ်တို့ပါ ရလျှင် "ပရိနိဗ္ဗန္တမှုတပါး"ဟု ပြောင်းဆိုပါ။)

**စံပြပုစ္ဆာ**—၁။ ယဿ စက္ခာယတနံ ဥပ္ပဇ္ဇိဿတိ၊
တဿ ဃာနာယတနံ ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ရူပ-ပရိပုဂ္ဂိုလ်များသည် စက္ခာယတနသာ ဖြစ်လတံ့ဖြစ်၍ ဃာနာယတန ဖြစ်သတံ့မဟုတ်သောကြောင့် တဖက်ရ၊ ကာမ ဖြစ်ပြန်ကောင်းပုဂ္ဂိုလ်တို့သည်ကား စက္ခု ဃာန ၂-ပါးလုံး ဖြစ်လတံ့ဖြစ်၍ နှစ်ဖက်ရတည်း။ အရကောက် လွယ်ပြီ။ ဝိဘင်းနှင့် အရကောက် ဆိုရိုး၌ ပြခဲ့သည့်အတိုင်း ကောက်ပါ။

**ဝိဘင်းပါဠိ**—၁။ ယေ ရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ။
၂။ ဣတရေသံ တေသံ။

**စံပြပုစ္ဆာ**—၂။ ယဿ ဝါ ပန မနာယတနံ ဥပ္ပဇ္ဇိဿတိ၊
တဿ ဃာနာယတနံ ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ရူပ-ပရိ ပုဂ္ဂိုလ်များနှင့် အရူ-ပရိပုဂ္ဂိုလ်တို့သည် မနာယတနသာ ဖြစ်လတံ့ဖြစ်ပြီး ဃာနာယတန ဖြစ်လတံ့မဟုတ်၍ တဖက်ရ၊ ကာမဖြစ်ပြန်ကောင်း ပုဂ္ဂိုလ်များကား ၂-ပါး စုံ ဖြစ်လတံ့ဖြစ်၍ နှစ်ဖက်ရ။ (တဖက်ရကို ရူပ-ပရိမိဿက ဆိုရိုးနှင့် အရူပရိမိဿကဆိုရိုး ဆက်ကောက်ရုံသာ။ နှစ်ဖက်ရမှာ ကာမဖြစ်ပြန်ကောင်းသာ တည်း။)

**ဝိဘင်းပါဠိ**—၁။ ယေ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ။

၂။ ဣတရေသံ တေသံ။

**စံပြပုစ္ဆာ—၃**။ ယဿ စက္ခာယတနံ နိရုဇ္ဈိဿတိ၊
တဿ ဃာနာယတနံ နိရုဇ္ဈိဿတီတိ။

**အဖြေရှာပုံ**။ ။ဇယားကြည့်ပါ။ ရူပ-ပရိ ကာမစဝန္တနှင့် ရူပဥပပဇ္ဇန္တ စဝန္တ ပုဂ္ဂိုလ်များ အရူ-ပရိ ရူပဥပပဇ္ဇန္တနှင့်ပစ္ဆိမဘဝိက ရူပဥပပဇ္ဇန္တ ပုဂ္ဂိုလ်များသည် စက္ခာယတနသာ ချုပ်လတံ့ဖြစ်၍ ဃာနာယတန ချုပ်လတံ့မဟုတ်သောကြောင့် တဖက်ရ၊ ကာမဖြစ်ပြန်ကောင်း ပုဂ္ဂိုလ်များနှင့် ရူပ-ပရိ အရူ-ပရိ ပစ္ဆိမအကွက်ရှိ ကာမဥပပဇ္ဇန္တ ပုဂ္ဂိုလ်တို့သည် ၂-ပါးစုံ ချုပ်လတံ့ဖြစ်၍ နှစ်ဖက်ရ။ (တဖက်ရကို ဝိဘင်းနှင့်တိုက်ဆိုင်၍ အဓိပ္ပာယ်၌ ပြခဲ့သည့်အတိုင်းကောက်၊ နှစ်ဖက်ရကို ကာမ ဖြစ်ပြန်ကောင်း ဆိုရိုးအတိုင်းကောက်။ နိရောဓဝါရဖြစ်သည့်အတွက် "ချုပ်ပြန်ကောင်း"ဟု ဆိုပါ။)

**ဝိဘင် ပါဠိ—၁**။ ပစ္ဆိမဘဝိကာနံ ရူပါဝစရံ ဥပပဇ္ဇန္တာနံ, ယေ စ ရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ။

၂။ ဣတရေသံ တေသံ။

**စံပြပုစ္ဆာ—၅**။ ယဿ ဝါပန မနာယတနံ နိရုဇ္ဈိဿတိ၊
တဿ ဃာနာယတနံ နိရုဇ္ဈိဿတီတိ။

**အဖြေရှာပုံ**။ ။ဇယားကြည့်ပါ။ ရူပ-ပရိ ကာမစဝန္တနှင့် ရူပဥပပဇ္ဇန္တ စဝန္တများ အရူ-ပရိ ကာမစဝန္တနှင့် ရူပ-အရူပ ဥပပဇ္ဇန္တစဝန္တ များ ပစ္ဆိမဘဝိက ရူပ အရူပဥပပဇ္ဇန္တများသည် မနာယတနသာချုပ်လတံ့၊ ဃာနာယတန ချုပ်လတံ့မဟုတ်၍ တဖက်ရ၊ ကာမဖြစ်ပြန်ကောင်းပုဂ္ဂိုလ်များနှင့် ရူပ-ပရိ အရူ-ပရိ ပစ္ဆိမဘဝိက ကာမဥပပဇ္ဇန္တများသည် ၂-ပါးစုံချုပ်လတံ့ ဖြစ်၍ နှစ်ဖက်ရ။

**ဝိဘင်းပါဠိ—၁**။ ပစ္ဆိမဘဝိကာနံ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇန္တာနံ, ယေ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ စဝန္တာနံ တေသံ။

၂။ ဣတရေသံ တေသံ။

၁။ ပစ္ဆိမဘဝိက ရူပါဝစရ အရူပါဝစရ ဥပပဇ္ဇန္တ ဖြစ်သော တိပု၊ အဖ-၃၊ ကာမသုဂတိ-ဘုံမှ ရူပါဝစရဘုံသို့ဖြစ်၍ ပရိ-ပြုလတံ့သော ကာမာဝစရ စဝန္တဖြစ်သော တိပု၊ အဖ-၃၊ ရူပါဝစရဘုံအချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန်ပြုလတံ့သော ရူပါဝစရ ဥ-စ ဖြစ်သော တိပု၊ အဖ-၃၊ ကာမသုဂတိ-ဘုံမှ အောက်မဂ်ကိုရ၍ အရူပဘုံသို့ဖြစ်၍ ပရိ... သော ကာမာဝစရ စဝန္တဖြစ်သော အဖ-၃၊ သုဒ္ဓာဝါသ်ထက်အောင်သော ရူပါဝစရကိုးဘုံမှ အောက်မဂ်ကိုရ၍အရူပဘုံသို့ဖြစ်၍ ပရိ .. သော ရူပါဝစရ ဥပပဇ္ဇန္တဖြစ်သော တိပု၊ ဥ-စ ဖြစ်သော အဖ-၃၊ အရူပဘုံအချင်းချင်းဖြစ်၍။ ပေ။ အဖ-၃ ရ၏။

၂။ နှစ်ဖက်ရ ကာမဖြစ်ပြန်ကောင်းအတိုင်း ကောက်ပါ။

**စံပြပုစ္ဆာ—၅။** ယဿ ဝါ ပန သောတာယတနံ နိရုဇ္ဈိဿတိ၊
တဿ စက္ခာယတနံ ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ၊ အရူ-ပရိကာမ-ရူပ ဥပပဇ္ဇန္တများနှင့် ပစ္ဆိမဘဝိက ကာမ-ရူပ ဥပပဇ္ဇန္တတို့သည် သောတာယတနသာ ချုပ်လတံ့ဖြစ်၍ စက္ခာယတန ဖြစ်လတံ့မဟုတ်သောကြောင့် တဖက်ရ၊ကာမဖြစ်ပြန်ကောင်း ပုဂ္ဂိုလ်များနှင့် ရူပ-ပရိပုဂ္ဂိုလ်တို့သည် သောတာယတနလည်း ချုပ်လတံ့ စက္ခာယတနလည်း ဖြစ်လတံ့ဖြစ်၍ နှစ်ဖက်ရ။ ခန္ဓယမိုက်အတိုင်း ကောက်ပါ။

**ဝိဘင်းပါဠိ—၁။** ပစ္ဆိမဘဝိကာနံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ,ယေ စ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊တေသံ ဥပပဇ္ဇန္တာနံ တေသံ။
၂။ ဣတရေသံ တေသံ။

**ဖြစ်ချုပ်စဉ်းစားဖွယ်။** ။အရကောက်၌ နိရောဓဝါရဝယ် "ချုပ်ပြန်ကောင်းသော" ဟုရှိ၍ ဥပ္ပါဒနိရောဓဝါရဝယ် "ဖြစ်ပြန်ကောင်းသော" ဟုရှိ၏။သဘောစဉ်းစားလျှင် ဥပ္ပါဒနိရောဓဝါရ၌ "ချုပ်ပြန်ကောင်းသော"ဟု ဆိုသင့်မည်ထင်၏၊ဘာ့ကြောင့်နည်း-တချို့မူလ-မူလီ၌ ရူပ-

ပရိ ကာမဥပပဇ္ဇန္တတို့လည်း “ဣတရေသံ” ဟူသော နှစ်ဖက်ရဝိဘင်းတွင် ပါဝင်နေသောကြောင့်တည်း။

**ထင်ရှားစေအံ့။** ။ယဿ ဝါ ပန ဂန္ဓာယတနံ နိရုဇ္ဈိဿတိ၊
တဿ စက္ခာယတနံ ဥပ္ပဇ္ဇိဿတီတိ။

ဤပုစ္ဆာ၌ ပစ္ဆိမဘဝိက ကာမဥပပဇ္ဇန္တနှင့် အရူပ, ပရိ-ကာမဥပပဇ္ဇန္တ တို့သည် ဝေဖန်ရ၊ ကာမဖြစ်ပြန်ကောင်း ပုဂ္ဂိုလ်အားလုံးနှင့်ရူပ-ပရိ ကာမဥပပဇ္ဇန္တတို့ကား နှစ်ဖက်ရဖြစ်သည်။ ထိုတွင်နှစ်ဖက်ရကိုကောက်ရာ၌ “ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော” ဟုရှိ၏။ ထိုသို့ဆိုလျှင် ကာမာဝစရဘုံ၌ နောင်ဖြစ်မည်မဟုတ်သော “ရူပ-ပရိ, ကာမဥပပဇ္ဇန္တ ကျန်နေ၏။ “ကာမာဝစရဘုံ၌ နောင်ချုပ်ပြန်ကောင်းသော” ဟုဆိုမှသာ ထိုရူပ-ပရိ,ကာမဥပပဇ္ဇန္တကျန်မည်မဟုတ်ပါ၊ စဉ်းစားကြပါကုန်။

အနာဂတဝါရ ပြီး၏။

## ပစ္စုပ္ပန္နာနာဂတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကိုဟောရာ၌ ၄-ကွက်လုံးကြည့်ပါ။ ပွန်-နာ အကွက်တို့၌သာ သင်္ကေတများ ထည့်ရမည်။ ထိုသို မူလအာယတနအား လျော်စွာ ကာမဖြစ်ပြန်ကောင်း ပုဂ္ဂိုလ်တို့ကို ဇယား၌ ပြထားသည့်အတိုင်း သ-အ ခွဲ၍ စဉ်းစားပါ၊ သ-၌ ၁၁ ပါးလုံးရ၍ အ-၌ သံသယဝိကလာယတန မရဟုမှတ်။ ရူပ-ပရိ အရူ-ပရိ ပစ္ဆိမတို့ကိုခွဲရန်မလို။ သ-ချည်းဖြစ်သည်။ သင်္ကေတတို့ကိုကြည့်၍ ဤဇယားအဓိပ္ပာယ်ကို ဆရာက ပြောပြပါ၊ လေ့လာသူတို့ကိုယ်တိုင်လည်း စဉ်းစားပါ။

**ဝိဘင်းလမ်းညွှန်။** ။၁-အကွက်ရှိဉ-အားလုံးရလျှင် "သဗ္ဗေသံ ဥပပဇ္ဇန္တာနံ" ဟု ထုတ်။စ-အားလုံးရလျှင် "သဗ္ဗေသံ စဝန္တာနံ" ဟု ထုတ် ပါ၊ ၂၊၃၊၄ အကွက်ရှိ ပုဂ္ဂိုလ်တို့ ကာမဖြစ်ပြန်ကောင်းပုဂ္ဂိုလ်များနှင့် အရ လည်းတူ နှစ်ဖက်ရလည်းဖြစ်လျှင် ဝိဘင်းသီးခြားမထုတ်ပါ၊ "ဣတရေသံ သစက္ခုကာနံ" စသည်ဖြင့် ပေါင်းထုတ်သည်။ အရလည်းမတူ တဖက်ရလည်း ဖြစ်လျှင်ကား ဝိဘင်းသီးခြားထုတ်၏။ ထုတ်ပုံကို အနာဂတဝါရ၌ ရှုပါ၊ အနုလုံ၌ တဖက်ရတွင် ပစ္ဆိမဘဝိကများ ပါဝင်လျှင် နှစ်ဖက်ရ၌ "ဣတရေသံ" ထည့်ရမည်၊ မပါလျှင် မထည့်ရပါ။

**စံပြပုစ္ဆာ—၁။** ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊
တဿ သောတာယတနံ ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ အရူ-ပရိ ကာမ ရူပ ဥပပဇ္ဇန္တနှင့် ပစ္ဆိမဘဝိက ကာမ ရူပ ဥပပဇ္ဇန္တတို့သည် စက္ခာယတနသာ ဖြစ်ဆဲဖြစ်၍ သောတာယတန ဖြစ်လတံ့မဟုတ်သောကြောင့် တဖက်ရ၊ ကာမဖြစ်ပြန် ကောင်း ကာမ သစက္ခုကဉပပဇ္ဇန္တနှင့် ရူပ ဥပပဇ္ဇန္တ၊ ရူပ-ပရိ ကာမ ရူပ ဥပပဇ္ဇန္တ တို့သည် စက္ခုလည်းဖြစ်ဆဲ၊ သောတလည်း ဖြစ်လတံ့ဖြစ်သောကြောင့် နှစ် ဖက်ရ။

**ဝိဘင်းပါဠိ**— ၁။ ပစ္ဆိမဘာဝိကာနံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ, ယေ စ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ ဥပပဇ္ဇန္တာနံ တေသံ။

၂။ ဣတရေသံ သစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ။

၁။ ပဉ္စဝေါကာရတိဟိတ်ပဋိသန္ဓေ ၉-ခုပေါ။ ပစ္ဆိမဘဝိကဲ ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော တိပုံ၊ အဖ ၃၊ ကာမသုဂတိ ၇-ဘုံ သုဘကိဏှာ တိုင်အောင်သော ရူပါဝစရ ၉-ဘုံမှ အောက်မဂ်ကို ရ၍ အရူပဘုံသို့ ဖြစ်၍ပရိ-သော ပဉ္စဝေါကာရဥပပဇ္ဇန္တဖြစ်သော ယိပုံ၊ အဖ ၃-ရ၏။

၂။ ပဉ္စဝေါကာရဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော ပဉ္စဝေါကာရပဋိသန္ဓေ ၁၅ပေါ။ သစက္ခုက ပဉ္စဝေါကာရဥပပဇ္ဇန္တဖြစ်သော ပုထု ၄၊ အဖ ၃-ရ၏။

**စံပြပုစ္ဆာ**— ၂။ ယဿ ဝါ ပန သောတာယတနံ ဥပ္ပဇ္ဇိဿတိ၊ တဿ စက္ခာယတနံ ဥပ္ပဇ္ဇတီတိ။

**အဖြေရှာပုံ**။ ။ဇယားကြည့်ပါ။ ကာမဖြစ်ပြန်ကောင်းအကျက်ရှိ စ-အားလုံး နှင့်ကာမ အစက္ခုက ဥပပဇ္ဇန္တ၊ အသညသတ်အရူပ ဥပပဇ္ဇန္တတို့ သည်ရင်း ရူပ-ပရိ,ကာမ ရူပစဝန္တတို့သည်ရင်း သောတာယတနသာဖြစ်လတံ၊ စက္ခာယတန ဖြစ်ဆဲမဟုတ်သောကြောင့် တဖက်ရ၊ ကာမ—ဖြစ်ပြန်အကျက်ရှိ ကာမ သစက္ခုကဥပပဇ္ဇန္တနှင့် ရူပဥပပဇ္ဇန္တသည်ရင်း ရူပ-ပရိ ကာမ ရူပ ဥပပဇ္ဇန္တတို့သည်ရင်း နှစ်ဖက်ရ။

**ဝိဘင်းပါဠိ**—၁။ သဗ္ဗေသံ စဝန္တာနံ, အစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ။

၂။ သစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ။

၁။ ပဉ္စဝေါကာရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော စုတိစိတ် ၁၉ပေါ။ စဝန္တဖြစ်သော ပုထု ၄၊ အဖ ၃၊ အစက္ခုက ကာမာဝစရ ဥပပဇ္ဇန္တ ဖြစ်သော ဒုသုပုထုဇဉ်ပုဂ္ဂိုလ်၊ အသညသတ် အရူပ ဥပပဇ္ဇန္တဖြစ်သော သု၊ တိ ပုထုဇဉ်ပုဂ္ဂိုလ် ရ၏။

၂။ နှစ်ဖက်ရ စံပြပုစ္ဆာ(၁)အတိုင်း ကောက်ပါ။

**မှတ်ချက်။** ။အသညသတ်ဥပပဇ္ဇန္တနှင့် အရူပ ဥပပဇ္ဇန္တတို့သည် ကာမအစက္ခုက ဥပပဇ္ဇန္တနှင့် အရတူလျှင် သီးခြားမထုတ်ပဲ "အစက္ခုကာနံ ဥပပဇ္ဇန္တာနံ"ဟု ပေါင်းထုတ်သည်။ စဝန္တဥ္ဍလည်း နည်းတူ။

**သစက္ခုကာနံ ဥပပဇ္ဇန္တာနံ။** ။ဤ သစက္ခုကာနံ ဥပပဇ္ဇန္တာနံ အရ ဇ-ချိုးမှု၌ ကာမဖြစ်ပြန်ကောင်း ကာမ ဥပပဇ္ဇန္တသာ ရ၏။ ထိုအခါ "ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သစက္ခုက ကာမာဝစရ ဥပပဇ္ဇန္တဖြစ်သော ပုထု ၄၊ အဖ ၂-ရ၏"ဟု ကောက်ပါ။

တချိုမှု၌ ကာမဖြစ်ပြန်ကောင်းနှင့် ရူပ-ပရိဖြစ်သော ကာမ ရူပ ဥပပဇ္ဇန္တတို့ ရ၏။ ထိုအခါ "ပဥ္စဝေါကာရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ပဥ္စ ပဋိ ၁၅၊ စေ ၃၂၊ ကမ္မဇကလာပ် ၃၊၇၊၄-စည်းတို့၏ ဥပ္ပါ—သော ပဥ္စ ဥပပဇ္ဇန္တဖြစ်သော ပုထု ၄၊ အဖ ၃-ရ၏"ဟု ကောက်ပါ။

တချို့မှု၌ အရူ-ပရိ, ကာမ ရူပ ဥပပဇ္ဇန္တပါ ရသေး၏။ ထိုအခါ "ပစ္ဆိမဘဝိကမှတပါး ပဥ္စ-ပဋိ-၁၅။ပေ။၃-ယောက် ကောက်ပါ။ ("သစက္ခုကာနံ စဝန္တာနံ"အရလည်း ဤအဓိပ္ပာယ်ကို မှီ၍ကောက်ပါ။ "ပစ္ဆိမဘဝိကမှတပါး" နေရာ၌ "ပရိနိဗ္ဗန္တမှတပါး"ဟု ဆိုရပါမည်။ "သဗ္ဗေသံ စဝန္တာနံ"အရလည်း ဤသဘောအတိုင်းပင် စဉ်းစား၍ ကောက်ပါ။)

ပစ္စုပ္ပန္နဝါရတာ ါရ ပြီး၏။

## အတီတာနာဂတဝါရ

**လမ်းညွှန်။** ။ဤဝါရကို ဟောရာ၌လည်း ၄-ကွက်စလုံးကို ကြည့်ပါ။ တိတ်နာအကွက်၌သာ သင်္ကေတများ ထည့်ရမည်။ ပုဂ္ဂိုလ်တိုင်း အာယတန ၁၁-ပါးလုံး ဖြစ်ဖူး ချုပ်ဖူး ရ၏။ ဖြစ်လတံ့၊ ချုပ်လတံ့မှာ အနာဂတဝါရအတိုင်းသာတည်း။ ထိုဝါရအတိုင်း ဝိဘင်းထုတ်အရ အောက်ပါ၊ အနုလုံ အနုလောမ၌ ဝိဘင်းရှည်၊ ပဋိလောမ၌ အာမန္တာ၊ ပစ္စနိုက် အနုလောမ၌ နတ္ထိ၊ ပဋိလောမ၌ ပါဠိဂတိ ဝိဘင်းချည်းထုတ်လေ။

[ဆောင်] နုလုံ-နုလော , ရှုလော-ဝိရှည်၊
ဋိ-အာမန်ပြု , နိက်-နု-နတ္ထိ၊
ပဋိ-မှာကြည့်, ပါဠိဂတိ၊
တိ-နာ၌ှာ , ဝါရော ပုဂ္ဂလီ။

**စံပြပုစ္ဆာ ၁-၁။** ယဿ စက္ခာယတနံ ဥပ္ပဇ္ဇိတ္ထ၊
တဿ သောတာယတနံ ဥပ္ပဇ္ဇိတ္ထာတိ။

**အဖြေရှာပုံ။** ။ယောကြည့်ပါ။ အရူပ-ပရိပုဂ္ဂိုလ်များနှင့် ပစ္ဆိမဘဝိကပုဂ္ဂိုလ်များသည် စက္ခာယတနသာ ဖြစ်ဖူး၍ သောတာယတန ဖြစ်လတံ့မဟုတ်သောကြောင့် တဖက်ရ။ ကာမဖြစ်ပြန်ကောင်း ပုဂ္ဂိုလ်များ ရူပ ပရိပုဂ္ဂိုလ်များသည် စက္ခုလည်းဖြစ်ဖူး၊ သောတလည်း ဖြစ်လတံ့ဖြစ်၍ နှစ်ဖက်ရ။ အရကောက် မခက်ပါ။

**ဝိဘင်းပါဠိ-၁။** ပစ္ဆိမဘဝိကာနံ, ယေ စ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ။

၂။ ဣတရေသံ တေသံ။

**စံပြပုစ္ဆာ-၂။** ယဿ စက္ခာယတနံ နိရုဇ္ဈိတ္ထ၊
တဿ သောတာယတနံ နိရုဇ္ဈိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ အရူပရိ ကာမ ရူပစဝန္တနှင့် အရူပ ဥပပဇ္ဇန္တ စဝန္တ, ပစ္ဆိမဘဝိက ကာမ ရူပ စဝန္တနှင့် အရူပ ဥပပဇ္ဇန္တ စဝန္တတို့သည် တဖက်ရဖြစ်၍ ကြွင်းပုဂ္ဂိုလ်များက နှစ်ဖက်ရဖြစ်သည်ကို တွေ့ရပါလိမ့်မည်။

**ဝိဘင်းပါဠိ**-- ၁။ ပဉ္စဝေါကာရေ ပရိနိဗ္ဗန္တာနံ, အရူပေ ပစ္ဆိမဘဝိကာနံ, ယေ စ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ စဝန္တာနံ တေသံ။

၂။ ဣတရေသံ တေသံ။

၁။ ပဉ္စဝေါကာရပရိနိဗ္ဗန္တဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ပစ္ဆိမဘဝိက အရူပဥပပဇ္ဇန္တဖြစ်သော အဖ-၃၊ စဝန္တဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ကာမသုဂတိ ၇ဘုံ သုဘကိဏှာတိုင်အောင်သော ရူပါဝစရ ၉-ဘုံမှ အောက်မဂ်ကိုရ၍ အရူပဘုံသို့ဖြစ်၍ ပရိ-သော ပဉ္စဝေါကာရစဝန္တဖြစ်သော အဖ-၃၊ အရူပဘုံ အချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန်ပြုလတံ့သော အရူပ ဥ-စဖြစ်သော အဖ-၃ ရ၏။

၂။ ပဉ္စဝေါကာရဘုံ၌ နောင်ချုပ်ပြန်ကောင်းသော ပဉ္စဝေါကာရ ဥ-စဖြစ်သော ပုထု-၄၊ အဖ-၃၊ အသညသတ်အရူပ ဥ-စဖြစ်သော သု-တိ ပုဂ္ဂိုလ်လည်း ရ၏။

အတီတာနာဂတဝါရ ပြီး၏။

ပုဂ္ဂလဝါရ ပြီးပါပြီ။

## ဩကာသဝါရ (၆)

| စဉ် | ဩကာသ | ပွန် | | တီ | | နာ | |
|---|---|---|---|---|---|---|---|
| | | ဖြစ် | ချုပ် | ဖြစ် | ချုပ် | ဖြစ် | ချုပ် |
| ၁ | ကာမ ၁၁-ဘုံ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| ၂ | အသညသတ်ကြဉ် ရူပ ၁၅-ဘုံ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ |
| ၃ | အသညသတ်ဘုံ | ၂ | ၂ | ၂ | ၂ | ၂ | ၂ |
| ၄ | အရူပလေးဘုံ | ၂ | ၂ | ၂ | ၂ | ၂ | ၂ |

### ဝိဘင်းနှင့် အရကောက်

၁။ ကာမာဝစရေ တတ္ထ =ကာမ ၁၁-ဘုံရ၏။

၂။ ရူပါဝစရေ တတ္ထ =အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ ရ၏။

၃။ အသညသတ္တေ တတ္ထ =အသညသတ်ဘုံရ၏။

၄။ အရူပေ တတ္ထ =အရူပ ၄-ဘုံရ၏။

၁—၂။ ပဉ္စဝေါကာရေ တတ္ထ =ပဉ္စဝေါကာရ ၂၆-ဘုံရ၏။

၂—၃။ ရူပါဝစရေ တတ္ထ =ရူပ ၁၆-ဘုံရ၏။

၂—၄။ ရူပါဝစရေ အရူပါ
ဝစရေ တတ္ထ =အသညသတ်ကြဉ်သော
ရူပ ၁၅-ဘုံ၊ အရူပ ၄-ဘုံရ၏။

[ဆောင်] ကာမောကာသ, အာယကုန်ဆုံ၊
ရူပ-စက်-သော, မနော-ရှု-ခမ်း၊
အသညသတ်, မှတ်အပ်ရှု-ခမ်း၊
အရူပလေး, မှတ်ရေး မန-ခမ်း။

ဩကာသဝါရ ပြီး၏။

## ပုဂ္ဂလောကာသဝါရ (ပစ္စုပ္ပန္နမှကြွင်း ငါးဝါရအတွက်)

| စဉ် | ပုဂ္ဂိုလ်-ဘုံ | | | | ပွန် ဖြစ် | ပွန် ချုပ် | တိ ဖြစ် | တိ ချုပ် | နာ ဖြစ် | နာ ချုပ် |
|---|---|---|---|---|---|---|---|---|---|---|
| | ဖြစ်ဖြန် ပုဂ္ဂိုလ်-ဘုံ | (က) ကာမာဝစရ | သ | ဥ | ၁၁ | [illegible] | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | | | ဝ | × | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | | အ | ဥ | ၁၁ | × | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | | | ဝ | × | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| | | (ခ) ရူပါဝစရ | | ဥ | ၅ | × | ၅ | ၅ | ၅ | ၅ |
| | | | | ဝ | × | ၅ | ၅ | ၅ | ၅ | ၅ |
| | | (ဂ) အသညသတ္တ | | ဥ | ၂ | × | ၂ | ၂ | ၂ | ၂ |
| | | | | ဝ | × | ၂ | ၂ | ၂ | ၂ | ၂ |
| | | (ဃ) အရူပ | | ဥ | ၂ | × | ၂ | ၂ | ၂ | ၂ |
| | | | | ဝ | × | ၂ | ၂ | ၂ | ၂ | ၂ |
| | ပစ္ဆိမ ပုဂ္ဂိုလ်-ဘုံ | (က) ကာမာဝစရ | (ဓမ်-တု) = သ | ဥ | ၁၁ | × | ၁၁ | ၁၁ | × | ၁၁ |
| | | | | ဝ | × | ၁၁ | ၁၁ | ၁၁ | × | × |
| | | | (× - တု) = အ | ဥ | ၁၁ | × | ၁၁ | ၁၁ | × | ၁၁ |
| | | | | ဝ | × | ၁၁ | ၁၁ | ၁၁ | × | × |
| | | (ခ) သုဒ္ဓါဝါသ | (ဓမ်-တု) = | ဥ | ၅ | × | × | × | × | ၅ |
| | | | | ဝ | × | ၅ | × | × | × | × |
| | | (ဂ) ကြွင်း ရူပါဝစရ | (ဓမ်-တု) = | ဥ | ၅ | × | ၅ | ၅ | × | ၅ |
| | | | | ဝ | × | ၅ | ၅ | ၅ | × | × |
| | | (ဃ) အသညသတ္တ | (× - တု) = | ဥ | ၂ | × | ၂ | ၂ | × | ၂ |
| | | | | ဝ | × | ၂ | ၂ | ၂ | × | × |
| | | (င) အရူပ | (ဓမ်-တု) = | ဥ | ၂ | × | ၂ | ၂ | × | ၂ |
| | | | | ဝ | × | ၂ | ၂ | ၂ | × | × |

## အတီတဝါရ

ဇယားလမ်းညွှန်။ ။[ပစ္စုပ္ပန္န ပုဂ္ဂလောကာသဝါရကို ပစ္စုပ္ပန္န ပုဂ္ဂလဝါရ ဇယားကြည့်၍ ဟောလေ] ဤအတီတဝါရကို ဟောရာ၌ (၂)အကွက်ကိုသာ ကြည့်ပါ။ ထိုအကွက်၌သာ သင်္ကေတများ ထည့်ရမည်။ အနာဂတသဒ္ဒါမပါသော ဝါရတို့၌ တကွက်ထည်းကြည့်၍ဟောရသောကြောင့် "ဖြစ်ပြန်-ဂစ္ဆိမ-စစ်-တု" ဟူသော စကားများ သုံးရန်မလိုသေး။ အနာဂတသဒ္ဒါမပါသော ထိုဝါရတို့၌ ဥပပဇ္ဇန္တအရ ပုထု-၄၊ အဖ-၃၊ စဝန္တအရ ပုထု-၄၊ ဖလ-၄ ကောက်ပါ။ ပုဂ္ဂိုလ်တမျိုးမျိုး၌ ဥပပဇ္ဇန္တနှင့် စဝန္တတို့အရတူကြသဖြင့် ဤဝါရမှာ မိဿကပုဂ္ဂိုလ်ဘုံကို ထုတ်သည်။(သုံးရန်မလိုသော စကားများကိုဖြုတ်၍ ဇယားသီးခြားဆွဲပြီး ဟောကြပါ။)

## ဇယားအဓိပ္ပာယ်

"ကာမ ဥ-စ, အာယကုန်ဆံ"စသော ဆောင်ပုဒ်ကိုရင်း "သုဒ္ဓါဝါသ ဘုံမရ ဖြစ်ပြန်ကောင်းလည်း မရ"ဟူသော နိယံကိုရင်း နှလုံးသွင်း၍ ဇယား အဓိပ္ပာယ်ကို အောက်ပါအတိုင်း ဆရာများက ဆိုပြပါ၊ ဆိုစေပါ။

၁။ ကာမမိဿကပုဂ်,ဘုံတို့၌ — အာယတန ၁၁-ပါးလုံး ဖြစ်ဖူး, ချုပ်ဖူး။
၂။ သုဒ္ဓါဝါသမိဿကပုဂ်,ဘုံတို့၌ — ။ မဖြစ်ဖူး, မချုပ်ဖူး။
၃။ ကြွင်းရူပမိဿကပုဂ်,ဘုံ၌ —စက်,သော,မန,ရူ,ဓမ်သာ ဖြစ်ဖူး, ချုပ်ဖူး။
၄။ အသညမိဿကပုဂ်,ဘုံ၌ — ရူပ ဓမ္မသာ ။ ။
၅။ အရူပမိဿက ပုဂ်,ဘုံတို့၌— မန ဓမ္မသာ ။ ။

## ဝိဘင်းနှင့် အနက်ကောက်

(က) ကာမာဝစရာနံ တေသံ တတ္ထ=(ကာမာဝစရ ဥ-စဖြစ်သော ပုထု၄၊ ဖလ-၄ တို့အား ကာမ ၁၁-ဘုံရ၌။)
(ခ) သုဒ္ဓါဝါသာနံ တေသံ တတ္ထ =(သုဒ္ဓါဝါသ ဥ-စ ဖြစ်သော အနာဂါမိဖလဋ္ဌာန် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အားသုဒ္ဓါဝါသ ၅-ဘုံရ၌)

(ဂ) ရူပါဝစရာနံ့ တေသံ တတ္ထ =(ရူပါဝစရ ဥ-စဖြစ်သော တိ-ပု၊ ဖလ-၄ တို့အား ဝေဟပ္ဖိုလ်တိုင် အောင်သော ရူပါဝစရ ၁၀-ဘုံ ရ၏)။

(ဃ) အသညသတ္တာနံ တေသံ တတ္ထ =(အသညသတ် ဥ-စ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏)။

(င) အရူပါနံ တေသံ တတ္ထ =(အရူပ ဥ-စဖြစ်သော တိ-ပု၊ဖလ-၄ တို့အား အရူပ ၄-ဘုံရ၏)။

(က—ဂ) ပဉ္စဝေါကာရာနံ တေသံ တတ္ထ=(ပဉ္စဝေါကာရ ဥ– စဖြစ်သော ပုထု ၄၊ ဖလ ၄–တို့အား သုဒ္ဓါကြဉ် သော ပဉ္စဝေါ-၂၁ ဘုံရ၏)။

(ဂ—ဃ) ရူပါဝစရာနံ တေသံ တတ္ထ =(ရူပါဝစရ ဥ-စ ဖြစ်သော သု-တိ၊ ဖလ-၄ တို့အား သုဒ္ဓါကြဉ် ရူပ ၁၁-ဘုံရ၏)။

(ဂ—င) ရူပါဝစရာနံ အရူပါဝစရာနံ
တေသံ တတ္ထ =(ရူပါဝစရ အရူပါဝစရ ဥ-စဖြစ် သော တိ ပု၊ ဖလ-၄တို့အား သုဒ္ဓါဝါသ အသညသတ်ကြဉ် ရူပ ၁၀-ဘုံ အရူပ ၄-ဘုံရ၏)။

(က—ဂ—င) စတု-ပဉ္စဝေါကာရာနံ
တေသံ တတ္ထ=(စတု - ပဉ္စဝေါကာရ ဥ-စ ဖြစ် သောပုထု ၄၊ ဖလ-၄ တို့အား စတု ၄ဘုံ၊ သုဒ္ဓါကြဉ် ပဉ္စ ၂၁ ဘုံ ရ၏)။

(ဂ—ဃ—င) ရူပါဝစရာနံ့ အရူပါဝစရာနံ
တေသံ တတ္ထ =(ရူပါဝစရအရူပါဝစရ ဥ-စ ဖြစ်
သော သု-တိ၊ ဖလ ၄တို့အား သုဒ္ဓါ
ကြဉ် ရူပ ၁၁-ဘုံ၊အရူပ ၄ ဘုံရ၏)။

(ခ—ဂ—ဃ—င) ရူပါဝစရာနံ အရူပါ
ဝစရာနံ တေသံ တတ္ထ =(ရူပါဝစရ အရူပါဝစရ ဥ-စဖြစ်
သော သု-တိ၊ဖလ-၄ တို့အား ရူပ
၁၆-ဘုံ၊ အရူပ ၄-ဘုံရ၏။

**စံပြပုစ္ဆာ—၁**။ ယဿ ယတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇိတ္ထ၊
တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇိတ္ထာတိ။

**ဝိဘင်းပါဠိ**။— ၁။ ရူပါဝစရာနံ တေသံ တတ္ထ။

၂။ **ကာမာဝစရာနံ တေသံ တတ္ထ**။

**စံပြပုစ္ဆာ—၂**။ ယဿ ဝါ ပန ယတ္ထ ဃာနာယတနံ နုပ္ပဇ္ဇိတ္ထ။
တဿ တတ္ထ စက္ခာယတနံ နုပ္ပဇ္ဇိတ္ထာတိ။

**ဝိဘင်းပါဠိ**။— ၁။ ရူပါဝစရာနံ တေသံ တတ္ထ။

၂။ သုဒ္ဓါဝါသာနံ, အသညသတ္တာနံ, အရူပါနံ,
တေသံ တတ္ထ။

အတီတဝါရပြီး၏။

## ပစ္စုပ္ပန္နာတီတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကိုဟောရာ၌လည်း (၂) အကွက်ကိုပင် ကြည့်ပါ၊ ပွန်—တီအကွက်တို့၌သာ သင်္ကေတတို့ကိုထည့်ရမည်၊ ထိုသင်္ကေတ တို့ကို ကြည့်၍ ကာမာဝစရ သစက္ခုက ဥပပဇ္ဇန္တ ပုဂ္ဂိုလ်ဘုံတို့၌ အာယတန ၁၁-ပါးလုံးဖြစ်ဆဲ၊ ချုပ်ဆဲမရ၊ ဖြစ်ပူးချုပ်ဖူးရ၏။ ဤသို့စသည်ဖြင့် သ—အစသော သင်္ကေတ, ၁၁-စသော သချ်ာတို့ကိုကြည့်၍ ဆိုပြပါ၊ ဆိုစေပါ။

## ဝိဘင်းလမ်းညွှန်

**သစက္ခုက။** ။ဥပ္ပါဒဝါရ၌ သုဒ္ဓါဝါသ ၃-က တဖက်ရဖြစ်ပြီး **ကာမ** သစက္ခုနှင့်ကြွင်း ရူပ ၃-တို့ကနှစ်ဖက်ရဖြစ်လျှင် ထိုနှစ်ဖက်ရကို "ဌာတရေသံ စက္ခုကာနံ ဥပပဇ္ဇန္တာနံ" ဟု ဌာတရေသံထည့်၍ထုတ်ပါ၊ တဖက်ရ သုဒ္ဓါဝါသ မဟုတ်လျှင်ကား "ဌာတရေသံ" ထည့်ရန်မလို၊ ရူပ မပါပဲ **ကာမ** သစက္ခုက ဥပပဇ္ဇန္တသာ နှစ်ဖက်ရဖြစ်လျှင် "သစက္ခုကာနံ **ကာမာဝစရံ** ဥပပဇ္ဇန္တာနံ" ဟု ထုတ်ရမည်။

**သုဒ္ဓါဝါသစသည်။** သုဒ္ဓါဝါသစသည်တို့၏ ဝိဘင်းနှင့် အရကောက်တို့ကို ရှေ့၌ပြခဲ့ပြီးပါပြီ၊ သုဒ္ဓ-မိဿက အရာဌာနကြည့်၍ထုတ်ရုံသာ၊ ခန္ဓယမိုက် ပစ္စုပ္ပန္နာတီဘ ပုဂ္ဂလောကာသဝါရ ဥပ္ပါဒ၌ "သုဒ္ဓါဝါသေ ပရိနိဗ္ဗန္တာနံ" အရ အစစ် အတု ပေါင်းကောက်ပုံကိုသာ ပြ၏။ ခွဲကောက်ပုံကိုမပြ။ ဤ၌ကား ခွဲ၍လည်း တနည်း ကောက်ပြ ထားသည်။ ခွဲကောက်ပုံကား—။

ရူပါဝစရပဋိမစျာန်စုတိ တခု၊ စေတသိက် တိံသ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ ဟု ဆိုအပ်သော သုဒ္ဓါဝါသ ပရိနိဗ္ဗုတ္တ ဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅-ဘုံ။ (ဤကား အစစ်)။

မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်သောင်းသော ရူပါဝစရ ပဋ္ဌမ စျာန် စုတိ တခု။ပေ။သုဒ္ဓါဝါသစဝန္တဖြစ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ အား သုဒ္ဓဿီတိုင်အောင်သော သုဒ္ဓါဝါသ ၄-ဘုံ ရ၏။ (ဤကား အတု)။

**စံပြပုစ္ဆာ**—၁။ ယဿ ယတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊
တဿ တတ္ထ သောတာယတနံ ဥပ္ပဇ္ဇိတ္ထာတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ သုဒ္ဓါဝါသဥပပဇ္ဇန္တသည် တဖက်ရ၊ ကာမ သစက္ခုက ဥပပဇ္ဇန္တနှင့် ကြွင်းရူပဥပပဇ္ဇန္တတို့သည် နှစ်ဖက်ရ။

**ဝိဘင်းပါဠိ**—၁။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။
၂။ ဣတရေသံ သစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

၁။ ရူပါဝစရပဉ္စမဈာန်ပဋိသန္ဓေ တခု။ ပေ။ သုဒ္ဓါဝါသ ၅-ဘုံ ရ၏။

၂။ (စက္ခာယတန ဖြစ်ကောင်းသော) ပဉ္စဝေါကာရ ပဋိသန္ဓေ ၁၅။ ပေ။ သစက္ခုကပဉ္စဝေါကာရဥပပဇ္ဇန္တဖြစ်သော ပုထု ၄၊ အဖ ၃ တို့အား သုဒ္ဓါကြဉ် ပဉ္စ ၂၁-ဘုံလည်း ရ၏။ (ပစ္စုပ္ပန္နဝါရ၌ "စက္ခာယတနဖြစ်ကောင်းသော" ဟူသော ဝိသေသန ပါ၏။)

**စံပြပုစ္ဆာ**—၂။ ယဿ ဝါ ပန ယတ္ထ သောတာယတနံ ဥပ္ပဇ္ဇိတ္ထ၊
တဿ တတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ကာမပဝတ္တများနှင့် ကြွင်းရူပပဝတ္တ ကာမ အစက္ခုက ဥပပဇ္ဇန္တတို့သည် တဖက်ရ၊ ကာမ သစက္ခုက ရူပ ဥပပဇ္ဇန္တနှင့် ကြွင်းရူပ ဥပပဇ္ဇန္တတို့ကား နှစ်ဖက်ရသည်။

**ဝိဘင်းပါဠိ**—၁။ ပဉ္စဝေါကာရာ စဝန္တာနံ, အစက္ခုကာနံ ကာမာဝစရံ
ရူပါဝစရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။
၂။ သစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

၁။ ပဉ္စဝေါကာရစုတိ ၁၅။ ပေ။ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါကြဉ် ပဉ္စ ၂၁-ဘုံ၊ အစက္ခုက ကာမ ရူပ ဥပပဇ္ဇန္တအရ ဝိကလ ၃-ယောက် ကောက်၍ ကာမာဝစရ ၆-ဘုံသတ်။

၂။ နှစ်ဖက်ရ စံပြပုစ္ဆာ(၁)အတိုင်း ကောက်ပါ။

စံပြပုစ္ဆာ—၃။ ယဿ ယတ္ထ စက္ခာယတနံ နုပ္ပဇ္ဇတိ၊
တဿ တတ္ထ သောတာယတနံ နုပ္ပဇ္ဇိဿတိ။

အဖြေရှာပုံ ။ ။ဇယားကြည့်ပါ။ အောက်ပါအတိုင်း တဖက်ရ၊ နှစ်ဖက်ရ တိကျစွာ တွေ့ရပါလိမ့်မည်။ အရကောက်မခက်ပါ။

ဝိဘင်းပါဠိ—၁။ ပဉ္စဝေါကာရေ စဝန္တာနံ, အစက္ခုကာနံ ကာမာဝစရံ ရူပါဝစရံ ဥပပဇ္ဇန္တာနံ။

၂။ သုဒ္ဓါဝါသေ ပရိနိဗ္ဗန္တာနံ, အသညသတ္တာနံ, အရူပါနံ။

ပစ္စုပ္ပန္နာတီတဝါရ ပြီး၏။

## အနာဂတဝါရ

**ဇယားလမ်းညွှန်**။ ။ဤဝါရကို ဟောရာ၌(၁-၂)နှစ်ကွက်စလုံး ကြည့်ပါ။ နာအကွက်၌သာ သင်္ကေတထည့်ရမည်။ ဤအနာဂတဝါရ၌ သ-အ ဟု ၂ မျိုး ခွဲရန် မလို။ သ-တမျိုးတည်းသာ ရှိသည်။ သို့သော် ပစ္စုပ္ပန္နာနာဂတ၊ အတီတာနာဂတဝါရတို့ကို ရည်ရွယ်၍ ဇယား၌ သ-အ ဟု ခွဲထားပါသည်။ စကျူမူ၌ သ-ကို သစကျူက၊ အ-ကို အစကျူကဟု မှတ်ပါ။ ဃာန ဇိဝှာမူတို့၌လည်း ထိုအတူပင်။ ဖြစ်ပြန်ကောင်းသော ကာမာဝစရ ဥစ ပုဂ္ဂိုလ် ဘုံတို့၌ အာယတန ၁၁-ပါးလုံး ဖြစ်လတံ့။ ချုပ်လတံ့။ ဤသို့ စသည်ဖြင့် နာ အကွက်ရှိ သင်္ကေတတို့ကို ကြည့်၍ ဆိုပြပါ။ ဆိုစေပါ။

**စံပြပုစ္ဆာ—**။ ယဿ ယတ္ထ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ၊
တဿ တတ္ထ သောတာယတနံ နုပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ**။ ။ဇယားကြည့်ပါ။ ဖြစ်ပြန်ကောင်း အသညသတ် အရူပပုဂ္ဂိုလ် ဘုံနှင့် ပစ္ဆိမဘဝိကပုဂ္ဂိုလ် ဘုံ အားလုံးတို့သည် စက္ခာယတနလည်း မဖြစ်လတံ့၊ သောတာယတနလည်း မဖြစ်လတံ့။ ထို့ကြောင့် ဤပုစ္ဆာ၌ တဖက်ရ မရှိ။ နှစ်ဖက်ရသာ ရှိ၏။ "အာမန္တာ"ဟု ဝိဘင်းထုတ်၍ အောက်ပါအတိုင်းကောက်ပါ။

**အရကောက်**။ ။ပစ္ဆိမဘဝိက ပဉ္စဝေါကာရ ဥ-ဖြစ်သော တိ ပု၊ အဖ ၃၊ စဝန္တဖြစ်သော အရဟတ္တဖလဋ္ဌာနီပုဂ္ဂိုလ်တို့အား အပါယ် ကြဉ်သော ပဉ္စ ၂၂-ဘုံ၊ မိမိ–နောင် မဖြစ်ပြန်ကောင်းသော ပဉ္စဝေါကာရ ဥ–စဖြစ်သော ပုထု ၄၊ အဖ ၃ တို့အား အကနိဋ္ဌကြဉ်သော ပဉ္စ ၂၅ ဘုံ၊ အသညသတ် ဥ-စဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ် ဘုံ၊ အရူပ ဥ-စဖြစ်သော တိ ပု၊ ဖလ ၄-တို့အား အရူပ ၄ ဘုံရ၏။ (ဇယားနှင့် တိုက်ကြည့်မှ အရကောက်ပုံ သဘောပေါက်ပါလိမ့်မည်။ ပဉ္စဝေါကာရကား ပစ္ဆိမဘဝိက ပဉ္စဝေါကာရသာ ရ၍ အသညသတ် အရူပတို့ကား ဖြစ်ပြန်ကောင်း ပစ္ဆိမဘဝိက နှစ်မျိုးလုံးရသည်။)

**စံပြပုစ္ဆာ—၂။** ယဿ ဝါ ပန ယတ္ထ သောတာယတနံ နိရုဇ္ဈိဿတိ၊
တဿ တတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ပစ္ဆိမဘဝိက ကာမ သုဒ္ဓါဝါသ ကြွင်းရူပ ဥပပဇ္ဇန္တတို့သည် သောတာယတနသာ ချုပ်လတံ့၊ စက္ခာယတန ဖြစ်လတံ့မဟုတ်၍ တဖက်ရ၊ ဖြစ်ပြန်ကောင်း ကာမ ရူပ ဥပပဇ္ဇန္တတို့ကား သောတလည်း ချုပ်လတံ့၊ စက္ခုလည်း ဖြစ်လတံ့ဖြစ်၍ နှစ်ဖက်ရ၏။

**ဝိဘင်းပါဠိ—၁။** ပစ္ဆိမဘဝိကာနံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။
၂။ ဣတရေသံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

၁။ ပစ္ဆိမဘဝိက ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော တိ-ပု၊အဖ-၃တို့အား အပါယ်ကြဉ်သော ပဉ္စ ၂၂-ဘုံ၊ မိမိ....နောင်မဖြစ်ပြန်ကောင်းသော ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထု-၄၊ အဖ-၃တို့အား အကနိဋ္ဌ ကြဉ်သောပဉ္စ ၂၅-ဘုံရ၏။

၂။ မိမိ .. နောင်ဖြစ်ပြန်ကောင်းသော ပဉ္စ ဥ-စဖြစ်သော ပုထု-၄ အဖ-၃ တို့အား သုဒ္ဓါကြဉ်သော ပဉ္စ ၂၁-ဘုံရ၏၊

**စံပြပုစ္ဆာ—၃။** ။ယဿ ယတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇိဿတိ၊
တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ဖြစ်ပြန်ကောင်း ရူပါဝစရ ဥ-စ ပုဂ္ဂိုလ်ဘုံသည် တဖက်ရဖြစ်၍ ဖြစ်ပြန်ကောင်း ကာမာဝစရပုဂ္ဂိုလ်ဘုံကား နှစ်ဖက်ရဖြစ်သည်ကို တွေ့ရပါလိမ့်မည်။

**ဝိဘင်းပါဠိ—၁။** ရူပါဝစရာနံ တေသံ တတ္ထ။
၂။ ကာမာဝစရာနံ တေသံ တတ္ထ။

၁။ မိမိ....နောင်ဖြစ်ပြန်ကောင်းသော ရူပါဝစရ ဥ-စ ဖြစ်သော တိ ပု၊ အဖ-၃တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံရ၏။

၂။ မိမိ...နှောင်း စက္ခာယတန ဃာနာယတန ၂-ပါးဖြစ်ပြန်ကောင်းသော ကာမာဝစရ ဥ-စဖြစ်သောပုထု-၄၊ အဖ-၂တို့အား ကာမ ၁၁-ဘုံ ရ၏။

**စံပြပုစ္ဆာ—၄။** ။ယဿ ဝါ ပန ယတ္ထ ဃာနာယတနံ နုပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ စက္ခာယတနံ နုပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ။ ဖြစ်ပြန်ကောင်း ရူပါဝစရ ပုဂ္ဂိုလ်ဘုံသည် တဖက်ရဖြစ်၍ ဖြစ်ပြန်ကောင်း အသညသတ် အရူပပုဂ္ဂိုလ်ဘုံတို့နှင့် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်ဘုံတို့ကား နှစ်ဖက်ရဖြစ်သည်။ (တဖက်ရကို စံပြပုစ္ဆာ(၃)အတိုင်း ကောက်၍ နှစ်ဖက်ရကို စံပြပုစ္ဆာ(၁)အတိုင်း ကောက်ပါ။)

**ဝိဘင်းပါဠိ—၁။** ရူပါဝစရာနံ တေသံ တတ္ထ။

၂။ ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ, အသညသတ္တာနံ, အရူပါနံ တေသံ တတ္ထ။

**စံပြပုစ္ဆာ—၅။** ယဿ ဝါ ပန ယတ္ထ ဃာနာယတနံ န နိရုဇ္ဈိဿတိ၊ တဿ တတ္ထ စက္ခာယတနံ န နိရုဇ္ဈိဿတီတိ။

**ဝိဘင်းပါဠိ—၁။** ရူပါဝစရာနံ တေသံ တတ္ထ။

၂။ ပဉ္စဝေါကာရေ ပရိနိဗ္ဗန္တာနံ, အသညသတ္တာနံ, အရူပါနံ တေသံ တတ္ထ။

၁။ မိမိ... နှောင်းချုပ်ပြန်ကောင်းသော ရူပါဝစရ ဥ—စဖြစ်သော တိ-ပု၊ အဖ-၃တို့အား အသညသတ်ကြဉ် ရူပ ၁၅-ဘုံ ရ၏။

၂။ ပဉ္စဝေါကာရ ပရိနိဗ္ဗန္တဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား အပါယ်ကြဉ် ပဉ္စ ၂၂-ဘုံ၊ မိမိ....နှောင်း မချုပ်ပြန်ကောင်းသော ပဉ္စဝေါကာရ စုတိ ၁၅။ ပေ။ ပဉ္စဝေါကာရ စဝန္တဖြစ်သော ပုထု ၄၊ အဖ-၃တို့အား အကနိဋ္ဌကြဉ်သော ပဉ္စ ၂၅-ဘုံ၊ အသညသတ် ဥ-စဖြစ်သော သုဂတိ .. အား အသညသတ်ဘုံ၊ အရူပ ဥ-စဖြစ်သော တိ-ပု၊ ဖလ-၄တို့အား အရူပ ၄—ဘုံရ၏။

အနာဂတဝါရ ပြီး၏။

## ပစ္စုပ္ပန္နာနာဂတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကိုဟောရာ၌လည်း (၁—၂) နှစ်ကွက်စလုံးကြည့်ပါ။ပွန်-နာ အကွက်တို့၌သာ သင်္ကေတများထည့်ရမည်၊ ပြန်ဖြစ်ကောင်း ကာမာဝစရ သစက္ခုက ဥပပဇ္ဇန္တ ပုဂ္ဂိုလ်ဘုံတို့၌ အာယတန ၁၁-ပါးလုံးဖြစ်ဆဲ၊ ချုပ်ဆဲမရ၊ ဖြစ်လတံ့၊ ချုပ်လတံ့ရ၏၊ ဤသို့စသည်ဖြင့် သင်္ကေတများကိုကြည့်၍ ဆိုပြပါ၊ ဆိုစေပါ။

**စံပြပုစ္ဆာ—၁။** ယဿ ယတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊
တဿ တတ္ထ သောတာယတနံ ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်ပါ၊ ဖြစ်ပြန်ကောင်း ကာမ(သစက္ခုက)ဥပပဇ္ဇန္တနှင့်ရူပဥပပဇ္ဇန္တတို့သည် စက္ခုလည်းဖြစ်ဆဲ၊ သောတလည်း ဖြစ်လတံ့ဖြစ်၍ ၂-ဖက်ရ (ပွန်—နာဖြစ်အကွက်၌ ၁၁-၅-တို့ရှိ၏၊ထို ၁၁-၅-တို့တွင် စက္ခုသောတ ပါဝင်သည်။)ပစ္ဆိမဘဝိက ကာမ ရူပ ဥပပဇ္ဇန္တတို့သည် စက္ခုသာ ဖြစ်ဆဲဖြစ်ပြီး သောတဖြစ်လတံ့မဟုတ်သောကြောင့် တဖက်ရ၊ (ထိုပုဂ္ဂိုလ်တို့နှင့် တည့်တည့် ပွန် ဖြစ်အကွက်၌ ၁၁—၅ တို့ရှိပြီး နာ-ဖြစ်အကွက်၌ ကြက်ခြေရှိသည်။)

**ဝိဘင်းပါဠိ—၁။** ပစ္ဆိမဘဝိကာနံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။
၂။ ဣတရေသံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

၁။ ပဉ္စဝေါကာရ တိဟိတ်ပဋိသန္ဓေ ၉—ခု၊ စေ—၃၅၊ ကမ္မဇ—၃၊ ၇၊ ၄-စည်းတို့၏ ဥပ္ပါ...သော ပစ္ဆိမဘဝိက ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော တိပု၊ အဖ-၃ တို့အား အပါယ်ကြဉ် ပဉ္စ-၂၂-ဘုံ၊ မိမိ.... နောင်မဖြစ်ပြန်ကောင်းသော ပဉ္စ-ပဋိ-၁၅၊ စေ-၃၅။ပေ။ ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထု ၄၊ အဖ-၃ တို့အား အကနိဋ္ဌကြဉ် ပဉ္စ ၂၅-ဘုံရ၏။
၂။ မိမိ....နောင်ဖြစ်ပြန်ကောင်းသော ပဉ္စ ပဋိ-၁၅။ ပေ။ သစက္ခုက ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထု-၄၊ အဖ-၃ တို့အား သုဒ္ဓါကြဉ်-ပဉ္စ ၂၁-ဘုံ ရ၏။

စံပြပုစ္ဆာ—၂။ ယဿ ဝါ ပန ယတ္ထ သောတာယတနံ ဥပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇတီတိ။

အဖြေရှာပုံ။ ။ဇယားကြည့်ပါ၊ဖြစ်ပြန်ကောင်း အစက္ခုက ဥပပဇ္ဇန္တနှင့် ကာမ ရူပ စဝန္တတို့သည် သောတသာဖြစ်လတံ့၊ စက္ခုဖြစ်ဆဲ မဟုတ်၍တဖက်ရ၊ ဖြစ်ပြန်ကောင်း ကာမ သစက္ခုက ဥပပဇ္ဇန္တနှင့်ရူပ ဥပပဇ္ဇန္တတို့ကား နှစ်ဖက်ရတည်း။

ဝိဘင်းပါဠိ—၁။ ပဉ္စဝေါကာရာ စဝန္တာနံ, အစက္ခုကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

၂။ သစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

၁။ မိမိ...ဖြစ်ပြန်ကောင်းသော ပဋ္ဌ စုတိ-၁၅။ ပေ။ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂ...သော ပဋ္ဌ စဝန္တဖြစ်သော ပုထု-၄၊ အဖ-၃ တို့အား သုဒ္ဓါကြဉ် ပဋ္ဌ-၂၁ ဘုံ၊ မိမိ...ဖြစ်ပြန်ကောင်းသော စက္ခာယတန ဖြစ်ကောင်းသော အပါယ်ဩပပါတိက ဥပပဇ္ဇန္တဖြစ်သော ဒုပုဂ္ဂိုလ်၊ သံသေဒဇ ဂဗ္ဘသေယျက ဥပပဇ္ဇန္တ ဖြစ်သော ဒု-သုပုဂ္ဂိုလ်၊ စက္ခာယတနမဖြစ်မီ စုတေလတံ့သော ဂဗ္ဘသေယျက ဥပပဇ္ဇန္တဖြစ်သော ဒု-သုပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား အပါယ် ၄-ဘုံ၊ မနုဿဘုံ၊ ဘုမ္မဿိတဝိနိပါတိက အသုရာဟုဆိုအပ်သော ကာမာဝစရ ၆-ဘုံ ရ၏။

၂။ အရကို စံပြပုစ္ဆာ(၁)အတိုင်း ကောက်ပါ။

**စံပြပုစ္ဆာ—၃။** ယဿ ယတ္ထ စက္ခာယတနံ နုပ္ပဇ္ဇတိ၊
ယဿ တတ္ထ သောတာယတနံ နုပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့်၍ စိစစ်ပါ၊ ဖြစ်ပြန်ပဋ္ဌ စဝန္တနှင့် အစက္ခုက ကာမ ဉပပဇ္ဇန္တသည် တဖက်ရဖြစ်၍ ပဋ္ဌဝေါကာရ ပရိနိဗ္ဗန္တနှင့် ဖြစ်ပြန် ပစ္ဆိမ နှစ်ကွက်လုံးရှိ အသညသ,အရူပ ဉ-စ ဘုံက နှစ်ဖက်ရဖြစ်သည်ကို တွေ့ရပါ လိမ့်မည်။

**ဝိဘင်းပါဠိ—၁။** ပဉ္စဝေါကာရာ စဝန္တာနံ,အစက္ခုကာနံ ကာမာဝစရံ ဉပပဇ္ဇန္တာနံ တေသံ တတ္ထ။

၂။ ပဉ္စဝေါကာရေ ပရိနိဗ္ဗန္တာနံ, အသညသတ္တာနံ, အရူပါနံ တေသံ တတ္ထ။

၁။ အရကို စံပြပုစ္ဆာ(၂)အတိုင်း ကောက်ပါ။

၂။ ပဉ္စဝေါကာရ တိဟိတ်စုတိ ၉-ခု၊ ဓေ-၃၅၊ အဆုံးစွန်သော ကမ္မဇရုပ် တို၏ ဘင်...သော ပဉ္စ-ပရိနိဗ္ဗန္တဖြစ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် တို့အား အပါယ်ကြဉ် ပဉ္စ-၂၂ဘုံ(စပ်)၊မိမိ... နောင်မဖြစ်ပြန်ကောင်း သော ပဉ္စ စုတိ–၁၅။ပေ။ ပဉ္စဝေါ စဝန္တဖြစ်သော ပုထု-၄၊ အဖ–၃ တို့အား အကနိဋ္ဌကြဉ် ပဉ္စ-၂၅ ဘုံ(တု)၊မိမိ....နောင်မဖြစ်ပြန်ကောင်း သော အစက္ခုက ကာမာဝစရ ဉပပဇ္ဇန္တဖြစ်သော ဒု-သုပုဂ္ဂိုလ်တို့အား ကာမာဝစရ–၆ ဘုံ (ဤကား ရသင့် တုတည်း)၊ အသညသတ်ဉ–စ ဖြစ်သော သု ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ၊ အရူပ–ဉ စ ဖြစ်သော တိ ပု၊ ဖလ–၄ တို့အား အရူပ ၄–တုံရ၏။

ပစ္စုပ္ပန္နာနာဂတဝါရပြီး၏။

## အတီတာနာဂတဝါရ

**ဇယားလမ်းညွှန်။** ။ဤဝါရကိုဟောရာ၌လည်း (၁-၂) နှစ်ကွက်စလုံးကြည့်ပါ၊ တီ-နာ အကွက်တို့၌သာ သင်္ကေတများထည့်ရမည်၊ ဤဝါရ၌ (အစက္ခုက စသည်) မသုံးပါ၊ "ဖြစ်ပြန်ကောင်း ကာမာဝစရ ဥပပဇ္ဇန္တပုဂ္ဂိုလ်ဘုံတို့၌ အာယတန ၁၁-ပါးလုံး ဖြစ်ဖူး ချုပ်ဖူး၊ ဖြစ်လတံ့၊ ချုပ်လတံ့" ဤသို့စသည်ဖြင့် သင်္ကေတများကိုကြည့်၍ ဆိုပြပါ၊ဆိုစေပါ။

**စံပြပုစ္ဆာ—၁။** ယဿ ယတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇိတ္ထ၊
တဿ တတ္ထ သောတာယတနံ ဥပ္ပဇ္ဇိဿတီတိ။

**အဖြေရှာပုံ။** ။ဇယားကြည့် စဉ်းစားပါ။ အောက်၌ ပြအပ်သည့်အတိုင်း တဖက်ရ နှစ်ဖက်ရ တွေ့ရပါလိမ့်မည်။ ခန္ဓယမိုက်အတိုင်း အရကောက်ပါ။

**ဝိဘင်းပါဠိ—၁။** ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ တေသံ တတ္ထ။
၂။ ဣတရေသံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။

**စံပြပုစ္ဆာ—၂။** ယဿ ဝါ ပန ယတ္ထ သောတာယတနံ နုပ္ပဇ္ဇိဿတိ၊
တဿ တတ္ထ စက္ခာယတနံ နုပ္ပဇ္ဇိတ္ထာတိ။

**ဝိဘင်းပါဠိ—၁။** ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ တေသံ တတ္ထ။
၂။ သုဒ္ဓါဝါသာနံ, အသညသတ္တာနံ, အရူပါနံ တေသံ တတ္ထ။

**စုံပြုပုစ္ဆာ—၉။** ယဿ တတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇိတ္ထ၊
တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇိဿတီတိ။

**ဝိဘင်းပါဠိ—၁။** ကာမာဝစရေ ပစ္ဆိမဘဝိကာနံ, ရူပါဝစရာနံ တေသံ တတ္ထ။
၂။ ဣတရေသံ ကာမာဝစရာနံ တေသံ တတ္ထ။

**၁။ အရကောက်။** ။ပစ္ဆိမဘဝိက ကာမာဝစရ ဥပပဇ္ဇန္တဖြစ်သော တိ·ပု အောက် ဖလ-၂၊ စဝန္တဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမ သုံ ၇-ဘုံ(စစ်)၊ မိမိ....မဖြစ်ပြန်ကောင်းသော ကာမာဝစရ ဥ-ဖြစ်သော ပုထု-၄၊ အဖ-၃ တို့အား ကာမ-၁၁ဘုံ၊ (တု)၊ ရူပါဝစရ ဥ-စဖြစ်သော တိ ပု၊ ဖလ-၄တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံရ၏။

**၂။ အရကောက်။** ။မိမိ....ဖြစ်ပြန်ကောင်းသော ကာမာဝစရ ဥ·စဖြစ်သော ပုထု·၄၊ အဖ·၂ တို့အား ကာမ-၁၁ဘုံ ရ၏။

အတီတာနာဂတဝါရ ပြီး၏။

## ၉။ ပရိညာဝါရ

ဤပရိညာဝါရသည် ခန္ဓယမိုက် ပရိညာဝါရနှင့် တူ၏။ ခန္ဓနေရာ၌ အာယတနပြောင်းထည့်ရုံသာ။ ထို့ကြောင့် ထိုခန္ဓယမိုက် ပရိညာဝါရအတိုင်း ဟောပါလေ။

အာယတနယမက ပြီး၏။

# ၄။ ဓာတုယမက

## ၁။ ပဏ္ဏတ္တိဝါရ

### (က) ဥဒ္ဒေသ

**ဟောရိုးစပ်လင်္ကာ။** ။ပဏ္ဏ ဥဒ္ဒေ့, ပရိဇ္ဇေထုတ်, ဓာတုတ်ထဝါ, ပဒါ-နုလုံ,
ရှုကုန့်ဓာတု, နုသန့်ပြု, ကိုးခုဟောရိုးစစ်။

**ဓာတုဒ္ဒေသ။** ။အဋ္ဌာရသ ဓာတုယော။

**နာမဝဝတ္ထာန်။** ။စက္ခုဓာတု။ ပေ။ မနောဓာတု, မနောဝိညာဏဓာတု,
ဓမ္မဓာတု။

**ယမက စသည်ရေတွက်ပုံ။** ။ပဒသောဓနဝါရ၌ ဓာတ်တပါးကို ယမက
တပါးအဖြစ်ဖြင့် ယူ၏။ ဓာတ် ၁၈-ပါးရှိသော
ကြောင့် ဤဝါရအနုလုံ၌ ၁၈-ယမက၊ ပစ္စနိက်၌ ၁၈-ယမက၊ ၂-ရပ်ပေါင်း
သော် ၃၆-ယမကဖြစ်၏။ ပဒသောဓနမူလစက္ကဝါရ၌ ဓာတ် ၁၈-ပါးတွင်
တပါးပါးကို မူတည်၍ ကျန် ၁၇-ပါးကို မူလီသွတ်၏။ ထိုမူလီကို ယမကဟု
ခေါ်သည်။ ၁၈-ကိုတည်၍ ၁၇-ဖြင့်မြှောက်သော် ၃၀၆-ရသဖြင့် ဤဝါရ
၌ကား အနုလုံ ၃၀၆ ယမက၊ ပစ္စနိက် ၃၀၆ ယမက ၂-ရပ်ပေါင်း ၆၁၂-
ယမကဖြစ်၏။

သုဒ္ဓဓာတုဝါရသည် ပဒသောဓနဝါရနှင့်တူ၏။ သုဒ္ဓဓာတုမူလစက္ကဝါရ
သည် ပဒသောဓနမူလစက္ကဝါရနှင့် တူ၏။ ထို့ကြောင့် လေးဝါရ ဓပါင်း
သော် ၁၂၉၆ (တထောင်နှစ်ရာကိုးဆယ့်ခြောက်) ယမကဖြစ်၏။ ၎င်းကို
၂-ဖြင့်မြှောက်က ပုစ္ဆာ၊ ထိုပုစ္ဆာကို ၂-ဖြင့်ပင် ထပ်မြှောက်က အတ္ထသန်ျာ
ဖြစ်သည်။ မခက်ပါ။

## (ခ) နိဒ္ဒေသ

ရုပ်ဓာတ် ၁၀-ပါးသည် ရုပ်အာယတန ၁၀-ပါးနှင့်တူ၏။ ထိုအတိုင်း ယောပါ။ သတ္တဝိညာဏဓာတ်တို့တွင် ပဉ္စဝိညာဏဓာတ်နှင့် မနောဝိညာဏ ဓာတ်တို့၌ အနုလုံ ပစ္စနိက် "အာယတနဲ"ချည်းထုတ်။ အနုလုံမှာ "စက္ခု ဝိညာဏဓာတ်ရ၏"ဟုရင်း၊ ပစ္စနိက်မှာ "စက္ခုဝိညာဏဓာတ်မှတပါး ဓာတ် တဆယ့်ခုနစ်ပါး ပညတ်ရ၏"ဟုရင်း ဌာနအားလျော်စွာကောက်ပါ။ဓမ္မဓာတ် သည် ဓမ္မာယတနနှင့် တူ၏။

**မနောဓာတုယမက**

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | မနော | မနောဓာတု | |
| ၁ | မနောဓာတ် ၃-ခုမှ တပါး စိတ်-၈၆ | ။ | + | မနောဓာတုံ ထပေတွာ အဝသေသာ |
| ၃ | မနောဓာတ် ၃-ခု | ။ | ။ | မနောဓာတု |
| ၄ | စေ၅၂၊ ရုပ်၂၈၊ နိ၊ ပ | + | + | မနဥ္စ မနောဓာတုံ စ ထပေတွာ အဝသေသာ |

ပဏ္ဏတ္တိဝါရ ပြီး၏။

## ဓာတုယမက ပဝတ္တိဝါရ

**အာယတနယမိုက်၏ အခြားမဲ့၌ ဓာတုကိုဟော။** ။မူလယမိုက်၌ ဟောအပ်ကုန်ပြီးသော ကုသိုလ်စသောတရားတို့ကိုပင် ဓာတ်၏အစွမ်းဖြင့် ပေါင်း၍ (သိမ်းယူ၍) ရုပ်နာမ်နှစ်ပါးအပေါ်၌ ယုံမှားတွေဝေကြသူ, အကျယ်လိုလားသူ, ဉာဏ်နု နုံ့ညံ့သူတို့ အကျိုးငှာ အာယတနယမိုက်၏ အခြားမဲ့၌ ဓာတုယမိုက်ကို ဟောတော်မူပါသည်။

**ဓာတ်တဆယ့်ရှစ်ပါးသာဟော။** ။ထိုထိုသုတ္တန် အဘိဓမ္မာ ပါဠိတော်များ၌ ဟောအပ်သော ဓာတ်တို့သည် အာဘာဓာတ်, သုဘဓာတ် စသည်ဖြင့် များစွာ ရှိကုန်၏။ ထိုဓာတ်တို့သည်လည်း ဤစက္ခုဓာတ်စသော တဆယ့်ရှစ်ပါးသော ဓာတ်တို့၌ပင် အကျုံးဝင်ကုန်သောကြောင့် ဤဓာတ် တဆယ့်ရှစ်ပါးတို့ကိုသာ ဟောတော်မူပါသည်။ (သဘာဝတော ဝိဇ္ဇမာနာနံ သဗ္ဗဓာတူနံ တဒန္တောဂဓတ္တာ အဋ္ဌာရသေဝ ဝုတ္တာ၊— သမ္မော—ဌ၊ ဓာတုဝိဘင်း။)

**ဝတ္ထုဖြင့်သာ နာမည်တပ်။** ။စက္ခုဝိညာဉ်ဖြစ်ခြင်း၏အကြောင်းသည် စက္ခုပသာဒ ရူပါရုံ အာလောက မနသိကာရဟု ၄-ပါးရှိ၏။ ထိုတွင် ရူပါရုံသည် စက္ခုဝိညာဉ်စိတ်၏သာမက သမ္ပဋိစ္ဆိုင်းစသော စက္ခုဒွါရိကဝီထိစိတ် တဒနုဝတ္တိက မနောဒွါရိက ဝီထိစိတ်များ၏ အကြောင်းလည်းဖြစ်၏။ စက္ခုပသာဒ (စက္ခုဝတ္ထု)ကား စက္ခုဝိညာဉ်တပါးနှင့်သာ ဆက်ဆံ၏။ ထို့ကြောင့် အခြားတရားတို့နှင့်မဆက်ဆံသော စက္ခုပသာဒ (ဝတ္ထု)ဟူသော အကြောင်းဖြင့်သာ နာမည်တပ်လို၍ စက္ခုဝိညာဏဓာတ် စသည်ဖြင့် ဟောတော်မူပါသည်။ (ရူပါဒီနံ ပစ္စယာနံ အညဝိညာဏသာဓာရဏတ္တာ အသာဓာရဏေန ဝတ္ထုနာ စက္ခုဝိညာဏံ သောတဝိညာဏန္တိ နာမံ ဥဒ္ဓဋံ၊—ဋီကာ။)

တနည်း။ ။စက္ခုပသာဒက အခြားအကြောင်းတို့ထက် သာလွန်ထူးကဲသော အကြောင်းဖြစ်သောကြောင့်လည်း စက္ခုဝိညာဏဓာတ်ဟု စက္ခုပသာဒဖြင့် အထူးပြု၍ ဟောတော်မူပါသည်။ သာလွန်ခြင်းဟူသည် စက္ခုပသာဒက အားသေးလျှင် စက္ခုဝိညာဉ်စိတ်၏ အသိအမြင် အားသေးခြင်း, စက္ခုပသာဒက အားကောင်းလျှင် စက္ခုဝိညာဉ်စိတ်၏ အသိအမြင် အားကောင်းခြင်းတည်း။ (စက္ခာဒီနံ တိက္ခမန္ဒဘာဝေ ဝိညာဏာနံ တိက္ခမန္ဒဘာဝါ ဝိသေသပစ္စယတ္တာ စ၊ —ဋီကာ။)

**ပဝတ္တိဝါရ၌ ဆဝိညာဏဓာတ်မဟော။** ။ပဉ္စဝိညာဏဓာတ်နှင့် မနောဓာတ်တို့သည် ပဋိသန္ဓေ အခါနှင့် စုတိအခါတို့၌ မဖြစ်ကြ။ ပဝတ္တိအခါ၌သာ ဖြစ်ကြသည်။ ထို့ကြောင့် ပဋိသန္ဓေ စုတိတို့၏အစွမ်းဖြင့် ဟောအပ်ရာ ပဝတ္တိဝါရ၌ ထိုဓာတ် ၆-ပါးကို မဟောပါ။ မှန်၏။ ထိုဓာတ်တို့သည် စက္ခုပသာဒစသော ၅ါးပါးသော ပသာဒတို့ ရှိမှသာ ဖြစ်နိုင်ကြ၏။ ထိုပသာဒတို့သည်လည်း "တတော ပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ" အရ ပဝတ္တိအခါရောက်မှသာ ဖြစ်ခွင့်ရကြသည်။

ဓာတုယမက ပြီး၏။

# ၅-သစ္စ ယမက

## ၁။ ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ

**ဟောရိုးစစ်လက်ာ။** ။ပဏ္ဏ ဥဒ္ဒေ, ပရိဇ္ဇေထုတ်, သစ္စုဒ်ထဝါ, ပဒ္ဒါ-နုလို, ရှုကုန်ဒုက္ခ, ဒု-သန်ပြ, ကိုးဝဟောရိုးစစ်။

**သစ္စုဒ္ဒေသ။** ။စတ္တာရိ သစ္စာနိ။

**နာမဝဝတ္ထာန်။** ။ဒုက္ခသစ္စံ သမုဒယသစ္စံ နိရောဓသစ္စံ မဂ္ဂသစ္စံ။

**ယမကသည့် ရေတွက်ပုံ။** ။ဤယမကသည့် ရေတွက်ပုံကို ခေတ်ယမိုက် နည်းမှီ၍ တွက်ပါ။ ထို၌ ခေတ် ၁၈-ပါးရှိ၏။ ဤ၌ သစ္စာလေးပါးသာရှိသည်ကို သတိပြုပါလေ။

## ပဏ္ဏတ္တိဝါရ နိဒ္ဒေသ

[ဤဝါရ၌ သစ္စာလေးပါးနှင့် သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု၊ အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇကလာပ်၂-ခု ပညတ်တို့ကို ဟောသည်။ တနည်း-ပရမတ္ထတရားလေးပါးနှင့် ပညတ်ကို ဟောသည်။]

### (က) ပဒသောဓနဝါရ

#### ၁။ ဒုက္ခသစ္စယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ဒုက္ခံ | ဒုက္ခသစ္စံ | |
| ၂ | ဒုက္ခသစ္စာ | × | ။ | ကာယိကံ ဒုက္ခံ, စေတသိကံ ဒုက္ခံ ထပေတွာ အဝသေသံ |
| ၃ | ကာယိကဒုက္ခ, စေတသိကဒုက္ခ | ။ | ။ | ကာယိကံ ဒုက္ခံ, စေတသိကံ ဒုက္ခံ |
| ၄ | ကြွင်းသစ္စာနှင့် သစ္စဝိမုတ် | × | × | ဒုက္ခဉ္စ ဒုက္ခသစ္စဉ္စ, ထပေတွာ အဝသေသံ |

၂။ ဆိုရိုး— [လောကီစိတ်ကောသိတိ, တဏှာ ကာယိကဒုက္ခစေတသိက ဒုက္ခမှတပါး စေတသိက်ကေပညာသ ဣန္ဒြိယဗဒ္ဓရုပ်-၂၈ခုရ၏။]

၃။ ဆိုရိုး— [ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ရှိသော ဝေဒနာဟုဆိုအပ်သော ကာယိကဒုက္ခ၊ ဒေါသမူဒွေး၌ရှိသော ဝေဒနာဟုဆိုအပ်သော စေတသိကဒုက္ခရ၏။]

၄။ ဆိုရိုး— [ကာယိကဒုက္ခ စေတသိကဒုက္ခ ဒုက္ခသစ္စာမှတပါး သစ္စာ၃-ပါး သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် ၂၉ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ခု၊ အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇကလာပ်—၂ခု၊ ပညတ်ရ၏။]

## ၂။ သမုဒယသစ္စယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | သမုဒယော | သမုဒယသစ္စံ | |
| ၂ | သမုဒယသာမည | ॥ | × | သမုဒယသစ္စံထပေတွာ အဝသေသော |
| ၃ | သမုဒယသစ္စာ | ॥ | ॥ | သမုဒယသစ္စံ |
| ၄ | ကြွင်းသစ္စာနှင့်ဝိမုတ် | × | × | သမုဒယဉ္စ သမုဒယ သစ္စဉ္စ ထပေတွာ အဝသေသော |

၂။ ဆိုရိုး— [တဏှာမှတပါး ကိလေသာ ၉ပါး၊ ထိုကိလေသာ ၉ပါးနှင့် တကွဖြစ်သော အကုသိုလ် ဒွါဒသစိတ္တုပ္ပါဒ်၊ ထိုအကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်၏ အာရုံဖြစ်သော လောကီကုသိုလ် စိတ္တုပ္ပါဒ်ဟုဆိုအပ်သော သမုဒယသာမညရ၏။]

၃။ ဆိုရိုး— [တဏှာဟုဆိုအပ်သော သမုဒယသစ္စာရ၏။]

၄။ ဆိုရိုး— [သမုဒယသာမည သမုဒယသစ္စာမှတပါး သစ္စာ ၃-ပါး၊ သစ္စဝိမုတ်ဖြစ်သော။ပေ။ ပညတ်ရ၏။]

## ၃။ နိရောဓသစ္စယမက

| စဉ် | တရားပုံ | ပုဒ္ဓဝါရ | | ဝိဘင်းပါ |
|---|---|---|---|---|
| | | နိရောဓော | နိရောဓသစ္စံ | |
| ၂ | နိရောဓသာမည၊ | ။ | × | နိရောဓသစ္စံ ထပေတွာ အဝသေသော |
| ၃ | နိရောဓသစ္စာ၊ | ။ | ။ | နိရောဓသစ္စံ |
| ၄ | ကြွင်းသစ္စာနှင့် ဝိမုတ် | × | × | နိရောဓဉ္စ နိရောဓသစ္စဉ္စ ထပေတွာ အဝသေသော |

၂။ ဆိုရိုး— (က) ကာမကုသိုလ်သည် ပယ်အပ်သော ကိလေသာတို့၏ အဘာဝဟုဆိုအပ်သော တဒင်္ဂနိရောဓ။

(ခ) မဟဂ္ဂုတ်ကုသိုလ်သည် ပယ်အပ်သော နီဝရဏတို့၏ အဘာဝဟု ဆိုအပ်သော ဝိက္ခမ္ဘနနိရောဓ။

(ဂ) မဂ်သည် ပယ်အပ်သော ကိလေသာတို့၏ အဘာဝဟု ဆိုအပ်သော သမုစ္ဆေဒနိရောဓ။

(ဃ) ဖိုလ်သည် ပယ်အပ်သော ကိလေသာတို့၏ အဘာဝ ဟုဆိုအပ်သော ပဋိပဿဒ္ဓိနိရောဓ။

(င) စိတ်စေတသိက်တို့၏ ဘင်ဟုဆိုအပ်သော ခဏနိရောဓ အစရှိသော နိရောဓသာမညရ၏။]

၃။ **ဆိုရိုး** — [နိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသစ္စာ။]

၄။ **ဆိုရိုး** — [နိရောဓသာမည နိရောဓသစ္စာမှတပါး သစ္စာ ၃-ပါး။ ပေ။ ပညတ်ရ၏။]

## ၄။ မဂ္ဂသစ္စယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | မဂ္ဂေါ | မဂ္ဂသစ္စံ | |
| ၂ | မဂ္ဂသာမညာ | ။ | × | မဂ္ဂသစ္စံ ထပေတွာ အဝသေသော |
| ၃ | မဂ္ဂသစ္စာ | ။ | ။ | မဂ္ဂသစ္စံ |
| ၄ | ကြွင်းသစ္စာနှင့် ဝိမုတ် | × | × | မဂ္ဂဉ္စ မဂ္ဂသစ္စဉ္စ ထပေတွာ အဝသေသော |

၂။ (က) သဟိတ်ကာမာဝစရ ဝိပါက်ကြိယာ မဟာဂ္ဂုတ်စိတ်၌ရှိသော ပဥ္စင်္ဂိကမဂ်။

(ခ) မဟာကုသိုလ်စိတ် ဂ-ခု၌ရှိသော အဋ္ဌင်္ဂိကမဂ်။

(ဂ) ဖိုလ်စိတ် ၄-ခု၌ရှိသော အဋ္ဌင်္ဂိကမဂ်။

(ဃ) မိစ္ဆာမဂ် ဈာန်မဂ် သကာဋ္ဌမဂ် အစရှိသော မဂ္ဂသာမညာရ၏။

၃။ မဂ်စိတ် ၄ခု၌ရှိသော မဂ္ဂင်ရှစ်ပါးဟုဆိုအပ်သော မဂ္ဂသစ္စာရ၏။

၄။ မဂ္ဂသာမညာ မဂ္ဂသစ္စာမှတပါး သစ္စာ ၃-ပါး ။ပေ။ ပညတ်ရ၏။

ပဒသောဓနဝါရ ပြီး၏။

## ၁။ ပဒသောဓနမူလစက္ကဝါရ

**အမှာ။** ။ဤဝါရ အနုလောမသည် ပဒသောဓနဝါရ အနုလောမနှင့်တူ၏၊ ထိုကြောင့် ပဋိလောမကိုသာ ပြပါအံ့။ နှစ်ဖက်ရကို ရှေးသားထုတ်ပါ၊ ဝိဘင်း ကောက်တည်း။ ယုံ့ထိုမူလီ သစ္စာကိုကြည့်၍ မူလီသစ္စာမှတပါး သစ္စာ ၃ပါးကို (၁) အကွက်၊ မူလီသစ္စာကို (၃)အကွက်၊ သစ္စာဝိမုတ်တရားများကို (၄)အကွက်၌ထားသည်၊ ကြွင်းသောမူလီတို့ကို ဤဇယား နည်းမှီပြီး ဟောကြပါကုန်။

### ၁။ ဒုက္ခမူ သမုဒယမူလီ (ပဋိလော ၁)

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | သစ္စာ | သမုဒယသစ္စ | |
| ၁ | သမုဒယသစ္စာမှတပါး သစ္စာ ၃-ပါး | ။ | × | အဝသေသာ |
| ၃ | သမုဒယသစ္စာ | ။ | ။ | သမုဒယသစ္စံ |
| ၄ | သစ္စဝိမုတ်။ပ။ပညတ် | × | × | အာမန္တာ |

## ၈။ သုဒ္ဓသစ္စဝါရ

ဤသုဒ္ဓသစ္စဝါရ ပဋိလောမသည် ပဒသောဓနမူလစက္ကဝါရ ပဋိလောမနှင့်တူ၏၊ ထိုကြောင့် အနုလောမသာပြပါအံ့။ ဒုက္ခသစ္စယမက၌ (၄)နံပါတ်တရားကို ဝိဘင်းထုတ်ရာဝယ် ပါဠိတော်၌ "အဝသေသံ"ဟုရှိ၍ အရကောက်၌ကား "အဝသေသာ" ဟုရှိသည်။

## ၁။ ဒုက္ခသစ္စယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | ဒုက္ခံ | သစ္စံ | |
| ၂ | ကာယိကဒုက္ခ စေတသိကဒုက္ခ မှတပါး သစ္စာ ၄-ပါး၊ | × | ။ | ဒုက္ခံ ထပေတွာ အဝသေသာ သစ္စာ |
| ၃ | ကာယိကဒုက္ခ စေတသိကဒုက္ခ | ။ | ။ | အာမန္တာ |
| ၄ | သစ္စဝိမုတ်။ ပေ။ ပညတ် | × | × | ဒုက္ခဉ္စ သစ္စဉ္စ ထပေတွာ အဝသေသာ |

## ၂။ သမုဒယသစ္စယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | သမုဒယော | သစ္စံ | |
| ၂ | သမုဒယသာမည သမုဒယ သစ္စာမှတပါးသစ္စာ-၃ပါး | ။ | × | သမုဒယံ ထပေတွာ အဝသေသာ သစ္စာ |
| ၃ | သမုဒယသာမည သမုဒယသစ္စာ | ။ | ။ | အာမန္တာ |
| ၄ | သစ္စဝိမုတ်။ပေ။ပညတ် | × | × | သမုဒယဉ္စ သစ္စဉ္စ ထပေတွာ အဝသေသာ |

## ၃။ နိရောဓသစ္စယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | နိရောဓော | သစ္စံ | |
| ၁ | နိရောဓသာမည နိရောဓသစ္စာ မှတပါး သစ္စာ-၃ပါး | × | ။ | နိရောဓံ ထပေတွာ အဝသေသာ သစ္စာ |
| ၃ | သစ္စာ၃ထိုက်သော နိရောဓ သာမည နိရောဓသစ္စာ | ။ | ။ | အာမန္တာ |
| ၄ | သစ္စဝိမုတ်။ပေ။ ပညတ် | × | × | နိရောဓဉ္စ သစ္စဉ္စ ထပေတွာ အဝသေသာ |

## ၄။ မဂ္ဂသစ္စယမက

| စဉ် | တရားပုံ | ပုစ္ဆာပါဠိ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| | | မဂ္ဂေါ | သစ္စံ | |
| ၂ | မဂ္ဂသာမည မဂ္ဂသစ္စာ မှတပါး သစ္စာ ၃-ပါး | × | ။ | မဂ္ဂံ ထပေတွာ အဝသေသာ သစ္စာ |
| ၃ | သစ္စာထိုက်သော မဂ္ဂသာမည မဂ္ဂသစ္စာ | ။ | ။ | အာမန္တာ |
| ၄ | သစ္စဝိမုတ်။ပေ။ ပညတ် | × | × | မဂ္ဂဥ္စ မဂ္ဂသစ္စဉ္စ ထပေတွာ အဝသေသော |

### ပဏ္ဏတ္တိဝါရဌာန် ၂၅-ပါး

သစ္စယမိုက်ပဏ္ဏတ္တိဝါရ၌ ဟောအပ်ရာဌာနတို့သည် ဒုက္ခသစ္စာ(၇)ဌာန် သမုဒယသစ္စာ (၆) ဌာန်၊ နိရောဓသစ္စာ(၆)ဌာန်၊ မဂ္ဂသစ္စာ (၆)ဌာန် အားဖြင့် ၂၅ ဌာန်ရှိ၏။ ထိုဌာန်တို့ကို ဇယားကြည့်၍ ရေတွက်ပါက လွယ်လွယ်ကူကူသိနိုင်ပါသည်။ "အာမန္တာ" ဝိဘင်းကို ဌာန်အဖြစ်ဖြင့်မယူပါ၊ ဒုက္ခသစ္စာ (၇)ဌာန်ကို ရေတွက်ရာ၌ ပဒသောဓနမူလစက္ကဝါရ "သမုဒယသစ္စံ" နေရာဝယ် "ဒုက္ခသစ္စံ" ကိုလဲလှယ်ထည့်၍ ရေတွက်ရမည်ကို သတိပြုပါ။နိရောဓ, မဂ္ဂသစ္စာတို့၌လည်း နည်းတူပင်။

[ဆောင်] ၁။ ဒုက္ခသစ္စာ, ဌာန်မှာ, မှတ်ပါခုနစ်မျိုး၊
၂။ ကြွင်းသည့်သစ္စ, ခြောက်ဌာန်,ပေါင်းက ပဉ္စဝီ။

ပဏ္ဏတ္တိဝါရပြီး၏။

## ၂။ ပဝတ္တိဝါရ

### အခြေခံအစီပွာယ်

**နိဗ္ဗာနေ ဝသစ္စာမဟော။** ။ပဝတ္တိဝါရဟူသည် ဖြစ်မှုနှင့်ချုပ်မှုကို ဟောအပ်ရာဝါရတည်း။ နိဗ္ဗာန သစ္စာဟု ဆိုအပ်သော နိဗ္ဗာန်၌ ထိုဖြစ်မှုနှင့် ချုပ်မှုမရှိကြ၊ ထို့ကြောင့် ပဝတ္တိဝါရ၌ နိရောဓသစ္စာကို မဟောပါ၊ ကြွင်းသစ္စာသုံးပါးတို့ကိုသာ ဟောတော်မူသည်။

**ဖြစ်ရာကာလ။** ။ဒုက္ခ သမုဒယ မဂ္ဂတို့တွင် ဒုက္ခသစ္စာသည် ပဋိသန္ဓေပဝတ္တိ စုတိကာလ သုံးပါး၌ဖြစ်၏ (ရ၏)။ သမုဒယနှင့် မဂ္ဂသစ္စာတို့ကား ပဝတ္တိအခါ၌သာဖြစ်ကြသည်။ ပဋိသန္ဓေအခါ စုတိအခါတို့၌မဖြစ်ကြပါ၊ အကြောင်းနည်း–ပဋိသန္ဓေအခါ စုတိအခါတို့၌ သာယာမှု, မဂ်ကို ပွားစေမှုမရှိသောကြောင့်တည်း။

**ခဏ-ပုဂ္ဂလ။** ။ပဝတ္တိအခါ၌ဖြစ်ကြသော သမုဒယနှင့် မဂ္ဂသစ္စာတို့ကိုလည်း ဟောသောကြောင့် သစ္စယမိုက် ပဝတ္တိဝါရ၌ ပဋိသန္ဓေ, ပဝတ္တိ စုတိကာလသုံးပါးကို ဟောတော်မူသည်။ ထိုသို့ ကာလသုံးပါးကို ဟောသဖြင့် ပဝတ္တိအခါ ပါဝင်ရကား မဂ္ဂဋ္ဌာန်လေးယောက်အပါအဝင် ပုဂ္ဂိုလ် ၁၂-ယောက်စလုံး ဟောသည်ဟု မှတ်ပါ။

**ဂါထာ။** ။အသီတိ ဝီထိစိတ္တာနိ၊ ကာမေ ရူပေ ယထာရဟံ။
စတုသဋ္ဌိ တထာရူပေ၊ ဒွေစတ္တာလီသ လဗ္ဘရေ။ (သင်္ဂဟ။)

ကာမေ၊ ကာမတဆယ့်ဘုံ၌။ အသီတိ၊ ရှစ်ဆယ့်ကိုးနက် မဟဂ္ဂုတ်ဝိပါက်ကိုပယ် ရှစ်ဆယ်သော။ ဝီထိစိတ္တာနိ၊ ဝီထိစိတ်တို့ကို။ ယထာရဟံ၊ ထိုထို ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ။ လဗ္ဘရေ၊ ရအပ်ကုန်၏။

ရူပေ၊ အသညသတ်ကြဉ်သော ရူပတဆယ့်ငါးဘုံ၌။ စတုသဋ္ဌိ၊ ရှစ်ဆယ် အနက် ဝိပါက်မဟာ ဃာနာဒိတ္တယ ပဋိဃဖျောက် ၆၄-ပါးသော။ ဝါ၊ လောရှစ် မောဒွေး စက် သော ဒွေးနှင့် သန်ဒွေး သန္တီ စိတ်သုံးလီ

ပြင် သုံးလီအဟိတ် ကြိယာစိတ်တည်း၊ သဟိတ်မဟာ ကုကြိယာနှင့် အပ္ပနာဇဝန ဆဗ္ဗိသဟု စုစုပေါင်းထား ၆၄-ပါးသော။ ဝီထိစိတ္တာနိ၊ တို့ကို။ ယထာရဟံ၊ စွာ။ လဗ္ဘရေ၊ ကုန်၏။

တထာ၊ ထိုမှတပါး။ အရူပေ၊ အရူပလေးဘုံ၌။ ဒွေစတ္တာလီသ၊ လော မော မနောဒွါ မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ လောကုတ္တရာပထမ ပယ်ချခုနစ် တွက်စစ်ပေါင်းငြား ၄၂-ပါးသော။ ဝီထိစိတ္တာနိ၊ တို့ကို။ ယထာရဟံ၊ စွာ။ လဗ္ဘရေ၊ ကုန်၏။


**ဇယားအခြေခံ။** ။ဖော်ပြပါဂါထာအနက်ကို ရအောင်ကျက်ပြီးမှ ဤဇယားအခြေခံကိုဖတ်ပါ။ ဘုံသည် ပဉ္စဝေါကာရဘုံ, စတုဝေါကာရ (အရူပ)ဘုံ, ဧကဝေါကာရ(အသညသတ်)ဘုံဟု သုံးမျိုးရှိ၏။ ထိုတွင် ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါဝယ် ဝီထိစိတ် ၈၀-နှင့် ရူပဝိပါက် ၅-ပေါင်း ၈၅-ပါးသော စိတ်တို့ဖြစ်ကြ၏။ ထိုစိတ်တို့ကို ပဝတ္တိဝါရ၌ ဟောအပ်သော သစ္စာအားလျော်စွာ "ဒုက္ခသစ္စာစိတ်, တဏှာသမ္ပယုတ်စိတ်, မဂ္ဂသမ္ပယုတ်စိတ် သစ္စဝိမုတ်စိတ်"ဟု ၄ မျိုးခွဲပါ။ လောဘမူစိတ်၈ပါးသည် တဏှာသမ္ပယုတ် စိတ်၊ မဂ်၄-ခု စိတ္တုပ္ပါဒ်သည် မဂ္ဂသမ္ပယုတ်စိတ်၊ ဖိုလ် ၄-ခု စိတ္တုပ္ပါဒ်သည် သစ္စဝိမုတ်စိတ်၊ ကြွင်းသော ၆၉-ခု စိတ္တုပ္ပါဒ်သည် ဒုက္ခသစ္စာစိတ်တည်း။

**ရ-မရ သစ္စာ။** ။ထိုဘုံ၌ ဒုက္ခသစ္စာစိတ်၏ ဥပ္ပါဒက္ခဏသမင်္ဂီ ပုဂ္ဂိုလ်အား ဒုက္ခသစ္စာသာဖြစ်ဆဲ၊ ဘင်္ဂက္ခဏသမင်္ဂီပုဂ္ဂိုလ်အား ဒုက္ခသစ္စာသာ ချုပ်ဆဲ၊ တဏှာသမ္ပယုတ်စိတ်၏ ဥပ္ပါ....အား ဒုက္ခ-သမုဒယ ၂-ပါး ဖြစ်ဆဲ၊ ဘင်....အား ချုပ်ဆဲ၊ ပဉ္စဝေါကာရမဂ္ဂသမ္ပယုတ်စိတ်၏ ဥပ္ပါ...အား ဒုက္ခ မဂ္ဂ ၂-ပါးဖြစ်ဆဲ၊ ဘင်...အား ချုပ်ဆဲ၊ ပဉ္စဝေါကာရ သစ္စဝိမုတ်စိတ်၏ ဥပ္ပါ ..အား ဒုက္ခ သစ္စာဖြစ်ဆဲ၊ ဘင်...အား ဒုက္ခချုပ်ဆဲ၊ (စိတ္တဇရုပ်ပါသဖြင့် ထိုစိတ္တဇရုပ်က ဒုက္ခဖြစ်သည်ကို သတိပြုပါ။)

**စတုဝေါကာရ။** ။စတုဝေါကာရဘုံ၌ ပဝတ္တိအခါဝယ် ဝီထိစိတ် ၄၂-ပါး နှင့် အရူပဝိပါက် ၄၊ ပေါင်း ၄၆-ပါးသော စိတ်တို့ ဖြစ်ကြ၏။ ထိုစိတ်တို့တွင် လောဘမူစိတ္တုပ္ပါဒ်သည် တဏှာသမ္ပယုတ်စိတ်၊ အထက်မဂ် ၃-ခုစိတ္တုပ္ပါဒ်သည် မဂ္ဂသမ္ပယုတ်စိတ်၊ ဖိုလ် ၄-ခု စိတ္တုပ္ပါဒ်သည် သစ္စဝိမုတ်စိတ်၊ ကြွင်း ၃၁-ခု စိတ္တုပ္ပါဒ်သည် ဒုက္ခသစ္စာ စိတ်တည်း။ ဤစတုဝေါကာရဘုံ၌ စိတ္တဇရုပ် မရှိသဖြင့် မဂ္ဂသမ္ပယုတ်စိတ်, သစ္စဝိမုတ်စိတ္တုပ္ပါဒ်တို့၌ ဒုက္ခသစ္စာ မရသည်ကိုသတိပြုပါ။ ဒုက္ခသစ္စာစိတ်, တဏှာသမ္ပယုတ်စိတ်တို့ကား ပဉ္စဝေါကာရနှင့်တူ၏။

**အသညသတ်။** ။အသညသတ်ဘုံ၌ ပဝတ္တိ စိတ္တက္ခဏ မရှိ။ ပဋိသန္ဓေနှင့် စုတိသာရှိသည်။ ထိုပဋိသန္ဓေနှင့် စုတိတို့အရတူ၍ "အသညသတ္တာနံ"ဟု ထုတ်၊မတူရာ၌ ပဋိသန္ဓေသာရလျှင် ပဉ္စဝေါကာရ အရူပ ပဋိသန္ဓေတို့နှင့် ပေါင်း၍"သဗ္ဗေသံ ဥပပဇ္ဇန္တာနံ"ဟုရင်း၊ စုတိသာရလျှင်လည်း ထိုစုတိတို့နှင့်ပေါင်း၍ "သဗ္ဗေသံ စဝန္တာနံ"ဟုရင်း ထုတ်ပါ။ ခန္ဓယမိုက် အတိုင်း ကောက်လေ။

အထက်ပါအခါပွာယ်အရ စတုဝေါကာရ ပဉ္စဝေါကာရ ပုဂ္ဂိုလ်တို့၏စိတ်ဖြစ်စဉ်ကို ဝီထိအစဉ်ပမာ ရှေ့နောက်စဉ်ကာ ပြပ ဦးအံ့။ ဤဖြစ်စဉ်ကိုပိုင်ပါက ဖော်ပြလတ္တံ့သော ပစ္စုပ္ပန္နဝါရဇယားများ ပိုင်ပါပြီ။


၁
ပဝတ္တိစိတ် (၈၅)
က
ခ
ဂ
ဃ
ဥ — ဘ
၂
ပဝတ္တိစိတ် (၄၆)
က
ခ
ဂ
ဃ
ဥ — ဘ
၃

## ၁။ ပစ္စုပ္ပန္နဝါရ

## (ပုဂ္ဂလနှင့် ပုဂ္ဂလောကာသ)

### ဒုက္ခမူ သမုဒယမူလီ

| စဉ် | ပုဂ္ဂိုလ် | | ဖြစ်ဆဲ | | ချုပ်ဆဲ | |
|---|---|---|---|---|---|---|
| | | | ဒု | သ | ဒု | သ |
| ၁ | သဗ္ဗေသံ | ဥပ | ॥ | × | × | + |
| | | စဝ | × | × | ॥ | + |
| ၂ | ပဝတ္တေ တဏှာ ဝိပ္ပယုတ္တစိတ္တဿ | ဥပ္ပါ | ॥ | × | × | + |
| | | ဘင်္ဂ | × | × | ॥ | + |
| ၃ | တဏှာယ | ဥပ္ပါ | ॥ | ॥ | × | + |
| | | ဘင်္ဂ | × | × | ॥ | ॥ |
| ၄ | အရူပေ မဂ္ဂဿ စ ဖလဿ စ | ဥပ္ပါ | × | × | × | + |
| | | ဘင်္ဂ | × | × | × | + |

### ဝိဘင်းနှင့် အရမကောက်ဆိုရိုး

၁။ ခပ်သိမ်းသော— ဥပ။ ။သဗ္ဗေသံ ဥပပဇ္ဇန္တာနံ။

၁။ ။ စဝ။ ။သဗ္ဗေသံ စဝန္တာနံ။

(အရကောက် ခန္ဓယမိုက်၌ ပြခဲ့ပြီ)။

၂။ ဥပ္ပါ— ဆိုရိုး-[ပဉ္စဝေါကာရ ပဝတ္တိအခါ အရူပဝိပါက် ၄-ခုမှ တပါး တဏှာကင်းသော စိတ် ၇၇-ခု၊လောဘဒိဋ္ဌိမာနကြဉ်သော စေ-၄၉၊ စိတ္တဇရုပ်တို့၏ ဥပ္ပါ....သော ပုထု-၄၊ အရိ-၈(တို့အား ပဉ္စ၂၆-ဘုံ)၊ စတုဝေါကာရ ပဝတ္တိအခါ မောဟမူဒွေး မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပစိတ်-၁၂၊ လောဘ ဒိဋ္ဌိမာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ထိနမိဒ္ဓ ဝိရတီအပ္ပမညာကြဉ်သော စေ-၃၈တို့၏ ဥပ္ပါ....သော တိပုံ၊ ဖလ-၄ (တို့အား ၄-ဘုံ)ရ၏။]

၂။ဘင်္ဂ- [ဘင်္ဂက္ခဏသမင်္ဂီ-ဟု ဆိုရိုးသာ ထူး၏။]

၃။ဥပ္ပါ-ဆိုရိုး-[ပဉ္စဝေါကာရဘုံ၌ လောဘမူစိတ် ၈-ခု၊ စေ-၂၂တို့၏ ဥပ္ပါ....သော ပုထု-၄၊ အဖ-၃(တို့အား ပဉ္စ ၂၆-ဘုံ)၊ စတုဝေါကာရဘုံ၌ လောဘမူ စိတ်-၈ခု၊ စေ-၂၂တို့၏ ဥပ္ပါ....သော တိပု၊ အမ-၃(တို့အား အရူပ ၄-ဘုံ) ရ၏။]

၃။ဘင်္ဂ- [ဘင်္ဂက္ခဏသမင်္ဂီ-ဟု ဆိုပါ။]

၄။ဥပ္ပါ-ဆိုရိုး-[အရူပဘုံ၌ အထက်မဂ် ၃-ခု၊ ဖိုလ် ၄-ခု၊ စေ-၃၆-တို့၏ ဥပ္ပါ...သော အထက်မဂ္ဂဋ္ဌာန်-၃၊ ဖလဋ္ဌာန်-၄(တို့အား အရူပ ၄-ဘုံ) ရ၏။]

၄။ဘင်္ဂ- (ဘင်္ဂက္ခဏသမင်္ဂီ-ဟု ဆိုပါ။)

ပ-ဥပ္ပါ- (ပဝတ္တိဥပ္ပါ အားလုံး အရတူလျှင်)
ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ။

ဆိုရိုး-[ပဝတ္တိအခါ ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်၏ ဥပ္ပါ....သော ပုထု ၄၊ အရိ-၈(တို့အား စတု-၄၊ ပဉ္စ ၂၆-ဘုံ) ရ၏။]

ပ-ဘင်္ဂ- (ပဝတ္တိဘင်္ဂက္ခဏအားလုံး အရတူလျှင်)
ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ။

ဆိုရိုး-[ပဝတ္တိအခါ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်....သော ပုထု-၄၊ အရိ-၈ (တို့အားစတု-၄၊ ပဉ္စ ၂၆-ဘုံ)ရ၏။]

**ဝိ၊တိ—အပ္ပမညာကြဉ်။** ။အရူပဘုံဝယ် လွန်ကြူးထိုက်သော ရုပ်တရားများ မရှိသည့်အတွက် ရှောင်ကြဉ်ဖွယ် မလိုသောကြောင့် စတုဝေါကာရပဝတ္တိ တဏှာဝိပ္ပယုတ္တဆိုရိုး၌ ဝိရတီတို့ကိုကြဉ်ထားဟန်

တူပါသည်။ ဆရာတို့ကား အရူပဘုံဝယ် လွန်ကြူးထိုက်သော ကာမနုသယ် တရားများ ရှိသေးသည့်အတွက် ဝိရတီတို့ကို ရထိုက်သည်ဟု မိန့်တော်မူကြသည်။

အပ္ပမညာကား သတ္တဝါပညတ်ကို အာရုံပြု၍ ကမ္မဋ္ဌာန်း စီးဖြန်းသောအခါ ပ-ဒု-ဘ-စ ဈာန်တို့ကို ရသောအခါ၌သာ ယှဉ်၏။ အရူပ ဗြဟ္မာများသည် ရုပ်ကာယများတို့ကို စက်ဆုပ်ကြသည့်အတွက် သတ္တဝါပညတ်ကို အာရုံပြု၍ ကမ္မဋ္ဌာန်းစီးဖြန်းမှုလည်း မပြုကြ။ အပ္ပမညာ၏ ယှဉ်ရာဈာန်တို့ကိုလည်း မပွားများကြသောကြောင့် အပ္ပမညာတို့ကို ကြဉ်ရပါသည်။ ပရမတ္ထသရူပဘေဒနီ၌ကား အရူပဘုံဝယ် အပ္ပမညာကို ရထိုက်သည်ဟု ဆိုသည်။ (လောဘစသည်တို့ ကြဉ်ရခြင်း၏အကြောင်းကား ထင်ရှားပြီ။)

## ဒုက္ခမူ မဂ္ဂမူလီ

| စဉ် | ပုဂ္ဂလ | | ဖြစ် | | ချုပ် | |
|---|---|---|---|---|---|---|
| | | | ဒု | မ | ဒု | မ |
| ၁ | သမ္ဘဝံ | ဥပ | ॥ | × | × | × |
| | | ဧဝ | × | × | ॥ | × |
| ၂ | ပဝတ္တေ မဂ္ဂဝိပ္ပယုတ္တစိတ္တသ | ဥပ္ပါ | ॥ | × | × | × |
| | | ဘင် | × | × | ॥ | × |
| ၃ | စတုဝေါကာရေ မဂ္ဂဿ | ဥပ္ပါ | ॥ | ॥ | × | × |
| | | ဘင် | × | × | ॥ | ॥ |
| ၄ | အရူပေ မဂ္ဂဿ | ဥပ္ပါ | × | ॥ | × | × |
| | | ဘင် | × | × | × | ॥ |
| ၅ | အရူပေ ဖလဿ | ဥပ္ပါ | × | × | × | × |
| | | ဘင် | × | × | × | × |

## အရကောက်ဆိုရိုး

၁။ ခန္ဓယမိုက်အတိုင်း ထုတ်ကောက်ပါ။

၂။ ဥပ္ပါ-ဆိုရိုး—[ပဉ္စဝေါကာရပဝတ္တိအခါ အရူပဝိပါက် ၄–ခုမှတပါး မဂ်ကင်းသော စိတ်၈၁–ခု၊ စေ-၅၂၊ စိတ္တဇရုပ်တို့၏ ဥပ္ပါ....သော ပုထု-၄၊ ဖလ-၄(တို့အား ပဉ္စ ၂၆ဘုံ)၊ စတုဝေါကာရပဝတ္တိအခါ လောဘမူ, မောဟမူ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာ အရူပစိတ် ၁၂-ခု၊ ဒေါသ၊ ကုက္ကုစ္စ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတီ အပ္ပမညာကြဉ်သော စေ-၄၃တို့၏ ဥပ္ပါ....သော တိပု၊ ဖလ-၄ (တို့အား စတု ၄-ဘုံ)ရ၏။]

၃။ ဥပ္ပါ-ဆိုရိုး—[ပဉ္စဝေါကာရဘုံ၌ မဂ် ၄-ခု၊ စေ ၃၆၊ စိတ္တဇရုပ်တို့၏ ဥပ္ပါ....သော မဂ္ဂဋ္ဌာန်-၄ (တို့အား အပါယ်ကြဉ် ပဉ္စ ၂၂–ဘုံ)ရ၏။]

၄။ ဥပ္ပါ-ဆိုရိုး—[အရူပဘုံ၌ အထက်မဂ် ၃-ခု၊ စေ-၃၆တို့၏ ဥပ္ပါ....သော အထက်မဂ္ဂဋ္ဌာန် ၃(တို့အား အရူပ ၄-ဘုံ)ရ၏။]

၅။ ဥပ္ပါ-ဆိုရိုး—[အရူပဘုံ၌ ဖိုလ်စိတ် ၄-ခု၊ စေ-၃၆ တို့၏ ဥပ္ပါ....သော ဖလ–၄(တို့အား အရူပ ၄–ဘုံ) ရ၏။]

### သမုမှ မဂ္ဂမူလီ

| စဉ် | ပုဂ္ဂလ | | ဖြစ် | | ချုပ် | |
|---|---|---|---|---|---|---|
| | | | သ | မ | သ | မ |
| ၁ | တဏှာယ | ဥပ္ပါ | ॥ | × | × | × |
| | | ဘင် | × | × | ॥ | × |
| ၂ | မဂ္ဂသာ | ဥပ္ပါ | × | ॥ | × | ॥ |
| | | ဘင် | × | × | × | ॥ |
| ၃ | တဏှာဝိပ္ပယုတ္တ မဂ္ဂဝိပ္ပယုတ္တစိတ္တသဿ | ဥပ္ပါ | × | × | × | × |
| | | ဘင် | × | × | × | × |
| ၄ | နိရောဓသမာပန္နာနံ | | × | × | × | × |
| | အသညသတ္တာနံ | | × | × | × | × |

၁။ ဥပ္ပါ-ဆိုရိုး—[လောဘမူစိတ် ၈-ခု၊ စေ—ဗာဝီသတို့၏ ဥပ္ပါ... သော ပုထု ၄၊ အဖ ၃ (တို့အား စတု ၄-ဘုံ၊ ပဉ္စ ၂၆-ဘုံ) ရ၏။]

၂။ ဥပ္ပါ—ဆိုရိုး—[မဂ်စိတ် ၄ခု၊ စေ-သတ္တိံသတို့၏ ဥပ္ပါ....သော မဂ္ဂဋ္ဌာန် ၄ (တို့အား စတု ၄၊ အပါယ်ကြဉ် ပဉ္စ ၂၂ဘုံ)ရ၏။]

၃။ ဥပ္ပါ-ဆိုးရိုး—[တဏှာကင်း မဂ်ကင်းသော စိတ် ၇၆-ခု၊ လောဘ ဒိဋ္ဌိ မာနကြဉ်သော စေ ၄၉-တို့၏ ဥပ္ပါ...သော ပုထု ၄၊ အရိ-၈(တို့အား စတု ၄၊ ပဉ္စ ၂၆-ဘုံ)ရ၏။]

**မှတ်ချက်။** ။ဤဆိုရိုးသည် "သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ"နှင့် အမြဲ တွဲ၍ ကောက်ရသော ဆိုရိုးဖြစ်၏။ ထို့ကြောင့် အရိယာ ၈-ယောက် ကို ထုတ်သည်။ ဤတဏှာဝိပ္ပယုတ္တ, မဂ္ဂဝိပ္ပယုတ္တစိတ်၏ ဥပ္ပာဒက္ခဏအကွက် သက်သက်ကား မဂ္ဂဋ္ဌာန် ၄-ယောက် မရပါ။ဘာ့ကြောင့်နည်း—"လောကုတ္တရ ဇဝနာနိ ယထာသကံ အရိယာနမေဝ သမ္ပဇ္ဇန္တိ" အရ မဂ်ဇောတို့သည် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ သန္တာန်၌သာ ဖြစ်သောကြောင့်တည်း။

၄။ ဆိုရိုး—[နိရောဓသမာပတ် ဝင်စားခိုက်ဖြစ်သော အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်၊ အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။]

ပေါင်းပုံ။ ။ဥပ္ပါ-အားလုံး အနုတ်လျှင်—သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ။

ဆိုရိုး—[ခပ်သိမ်းသော စိတ်တို့၏ ဥပ္ပါဒက္ခဏသင်္ဂီ၊ (ဘင်အားလုံးရလျှင် ကား "သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ"ဟု ထုတ်၍ "ခပ်သိမ်း သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ"ဟု ဆိုပါ။]

**ပုဂ္ဂလော-သမ်းညွန်၊** ။ဤပုဂ္ဂလောကာသဝါရ၌ ဘုံသတ်စကားများ ထည့်ဆိုရုံနှင့် နိရောဓသမာပန္နပုဂ္ဂိုလ်ကို ချန်လှပ်ရုံသာ ထူး၏။ အကြွင်းကား ပုဂ္ဂလဝါရအတိုင်းပင်တည်း။

**ပုဂ္ဂလော၌ နိရောဓသမာပန္န မဟော။** ။“အသညသတ္တာနံ”စသော သဒ္ဒါတို့သည်သာ ဘုံကို ပြတတ်၍ နိရောဓသမာပန္နသဒ္ဒါကား ဘုံကို မပြတတ်။ ထို့ကြောင့် ပုဂ္ဂလောကာသဝါရ၌ နိရောဓသမာပန္နပုဂ္ဂိုလ်ကို မဟောပါ။(ယဿ ယတ္ထ ကော စ နိရောဓသမာပန္နာ န ဒဿေတဗ္ဗာ န ဂဟေတဗ္ဗာတိ အတ္ထော။ န ဟိ နိရောဓသမာပန္နာန ဝစနံ အသညသတ္တာနဉ္စ ဝစနံ ဝိယ ဩကာသဒီပကံ။ဣန္ဒြိယယမကမူလဋီကာ) ဆရာတို့ကား “နိရောဓသမာပန္နပုဂ္ဂိုလ်အတွက် သတ်မှတ်အပ်သောဘုံ သီးခြား မရှိသောကြောင့်”ဟု မိန့်တော်မူကြသည်။

ဩကာသဝါရ

| စဉ် | ဩကာသ (ဘုံ) | သစ္စာ | | |
|---|---|---|---|---|
| | | ဒု | သ | မ |
| ၁ | အသညသတ်ပုံ | ॥ | ⁒ | × |
| ၂ | အပါယ်လေးဘုံ | ॥ | ॥ | ॥ |
| ၃ | ကြွင်းစတု ပဥ္စဘုံ | ॥ | ॥ | × |

**ဝိဘင်းနှင့် အရကောက်ဆိုရိုး**

၁။ အသညသတ္တေ တတ္ထ။ ။[ရူပက္ခန္ဓာ၏သာ ဖြစ်ရာဖြစ်သော အသညသတ်ဘုံ ရ၏။]

၂။ အပါယေ တတ္ထ။ ။[လောကီခန္ဓာ ၅-ပါး၏ ဖြစ်ရာဖြစ်သော အပါယ်လေးဘုံ။]

၃။ အဝသေသေ စတုဝေါကာရေ ပဉ္စဝေါကာရေ တတ္ထ။ ။
[လောကီလောကုတ္တရာ ခန္ဓာလေးပါး ငါးပါး၏ ဖြစ်ရာဖြစ်သော စတုဝေါကာရ ၄-ဘုံ၊ အပါယ်ကြဉ်သော ပဉ္စ ၂၂-ဘုံ ရ၏။]

၂၃။ စတုဝေါကာရေ ပဉ္စဝေါကာရေ တတ္ထ။ ။ခန္ဓာလေးပါး၏ ဖြစ်ရာဖြစ်သော စတုဝေါကာရလေးဘုံ၊ ခန္ဓာငါးပါး၏ ဖြစ်ရာဖြစ်သော ပဉ္စဝေါကာရ ၂၆-ဘုံ ရ၏။]

ပစ္စုပ္ပန္နဝါရ ပြီး၏။

## ၂။ အတီတဝါရ

### ပုဂ္ဂလဝါရ

အစမထင် န ဒ မ ပ ဥ နု ဂေါ မဂ် ဖ ဖ ပစ္ဆိမစိတ်

(ပ) ဒု-သ (ဒု) ဒု-သ-မ

ပ။ အနုဘိသမေတာဝီနံ။ ။[အစမထင် သံသရာမှစ၍ သောတာပတ္တိမဂ် တိုင်အောင် သစ္စာလေးပါးတရားတို့ကို သိဘူးပြီးသော အဖြစ်သို့ မရောက်ကုန်သေးသော ပုထုဇ္ဇဉ်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ရ၏။] (မဂ်ဖြင့် သောတာပတ္တိမဂ်ကို ပြသည်။)

ဒု။ အဘိသမေတာဝီနံ။ ။[သောတာပတ္တိမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင် သစ္စာလေးပါးတရားတို့ကို သိဘူးပြီးသောအဖြစ်သို့ ရောက်ကုန်ပြီးသော အထက်မဂ္ဂဋ္ဌာန်သုံးယောက်၊ ဖလဋ္ဌာန်လေးယောက်ရ၏။]

**အမှာ။** ။ဒုက္ခမူ သမုဒယမူလိဋ္ဌ ပ-ပိုင်းနှင့် ဒု-ပိုင်း ပုဂ္ဂိုလ်တို့ အရတူ၍ "အာမန္တာ"ဟု ထုတ်။ "ခပ်သိမ်းသော ပုထုဇဉ် ၄၊ အရိယာ ရှစ်ယောက် ရ၏"ဟု ပေါင်းကောက်ပါ။

# အတီတပုဂ္ဂလောကာသဝါရ

**သုဒ္ဓါဝါသ**

- (က) ဖေါ်မရသူ ------ ပဋိ ဘ ၁၅/၁၆ [illegible] ဘ ရတိ
  - (ပ) × (ဒု) ဒု (တ) ဒု·သ
- (ခ) မဖေါ်ရသူ ------ ပဋိ ဘ ၁၅/၁၆ [illegible] ဘ ပစ္ဆိ
  - (ပ) × (ဒု) ဒု (တ) ဒု·သ (ဖ) ဒု·သ·ဖ

**ဤဥ်·ခေတ္+ပဥ္စ**

- (က) အနုဘိ (စဝ်)
  - (၁) ထို·မရ - ပဋိ ——— ရတိ (ဒု-သ)
  - (၂) ထို·ရ - ပဋိ ပဥ္စနဝေါမဖ ရတိ (ဒု-သ, ဒု·သ·ဖ +)
- (ခ) အနုဘိ (ဘု)
  - (၁) တပါးရ / မိမိမရ - ပဋိ ——— ရတိ (ဒု·သ)
  - (၂) တပါးရ / မိမိ-ရ - ပဋိ ပဥ္စနဝေါမဖ ရတိ (ဒု·သ, ဒု·သ·ဖ +)
- (ဂ) အဘိ
  - (၁) ဧရှးကရ - ပဋိ ——— ရတိ (ဒု·သ·ဖ)
  - (၂) ဤမှုဘရ - + ဤသကော်တဖြ အပိုင်းတို့ကို [illegible] နောက်ကိုဂါ။

**အခြေခံ မှတ်ဖွယ်**

အာရဒ္ဓါ—နိဂ္ဂြိတော ဘာဝေါ၊ ပစ္စုပ္ပန္နော သုနိဂ္ဂြိတော။
အတီတာ-နာဂတုပ္ပါဒ-မပ္ပဟ္တာဘိမုခါ ကြိယာ။
(ကစ္စာယနသာရ)

စတင်အားထုတ်(ဖြစ်)၍ မပြီးဆုံး(မချုပ်သေး)မီအတွင်းကို "ပစ္စုပ္ပန်" ဟု ခေါ်၏။ ထိုပစ္စုပ္ပန်ကိုထောက်၍ ဖြစ်ပြီးသည်ကို အတိတ်၊ မဖြစ်သေးပဲ ဖြစ်ဖို့ရန် ရှေးရှုနေသည်ကို "အနာဂတ်" ဟု ခေါ်ရ၏။ ဤကြောင့် အတိတ် အနာဂတ်တို့ကို လွယ်ကူစွာ သိနိုင်စေရန် ပစ္စုပ္ပန်အပြားနှင့် ထိုပစ္စုပ္ပန်တို့၏ သဘောသွားကို ရှေးဦးစွာ နားလည်ထိုက်၏။

**ပစ္စုပ္ပန် ၃-မျိုး။** ပတိ(ပဋိစ္စ)၊ ထိုထိုအကြောင်းကို စွဲ၍။ ဥပ္ပန္နံ၊ ဖြစ်ဆဲဖြစ်သော(စိတ် စေတသိက် ရုပ်)တရားသည်။ ပစ္စုပ္ပန္နံ၊ မည်၏။

ထိုပစ္စုပ္ပန်သည် ခဏပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်၊ အဒ္ဓါပစ္စုပ္ပန်ဟု ၃-မျိုးရှိ၏။ ထိုတွင် ဥပါဒ်, ဌီ, ဘင်, ခဏတ္တယသို့ ရောက်ဆဲ ပစ္စုပ္ပန်သည် ခဏပစ္စုပ္ပန်မည်၏။ ရုပ်အစဉ် နာမ်အစဉ်ကို "သန္တတိ" ဟု ခေါ်သည်။ ထိုရုပ်နာမ်တို့၏ တကြိမ် နှစ်ကြိမ်သော အစဉ်သည် "သန္တတိပစ္စုပ္ပန်" မည်၏၊ ဘဝကာလကို "အဒ္ဓါ" ဟု ခေါ်သည်။ ထိုဘဝကာလဖြင့် ပိုင်းခြားအပ်သော ရုပ်နာမ်တရားသည် "အဒ္ဓါပစ္စုပ္ပန်" မည်၏။ (အဋ္ဌသာလိနီ၊ အဋ္ဌကထာကဏ္ဍ၊ တိက အတ္ထုဒ္ဓါရအဖွင့်)

**သုဒ္ဓါဝါသ-ရ-မှရ။** ။ဗုဒ္ဓမြတ်စွာသည် ခန္ဓယမိုက်၊ အာယတနယမိုက်တို့ကို အဒ္ဓါပစ္စုပ္ပန်၏အစွမ်းဖြင့် ဟောတော်မူ၏။ ထို့ကြောင့် ထိုအဒ္ဓါပစ္စုပ္ပန်ကို ရည်ရွယ်၍ "သုဒ္ဓါဝါသ ဘုံမရ၊ ဖြစ်လတံ့လည်း မရ" ဟု နိယံဆရာတို့ ဆိုကြသည်။ ဤသစ္စယမိုက်နှင့် သင်္ခါရယမိုက်တို့ကိုကား ခဏပစ္စုပ္ပန်၏ အစွမ်းဖြင့် ဟောတော်မူသောကြောင့် သုဒ္ဓါဝါသပုဂ္ဂိုလ်တို့ ဖြစ်ဖူး ချုပ်ဖူး ဖြစ်လတံ့ ချုပ်လတံ့တို့ကို ထိုက်သည်အားလျော်စွာရကြသည် ဟု မှတ်ပါ။

**၁။ သုဒ္ဓါဝါသပုဂ္ဂိုလ်။** ။သုဒ္ဓါဝါသပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို "မရသသူ ရသသူ" ဟု ၂-မျိုးရှိ၏။ သမုဒယမူလီ၌ မရသသူကို သာ ဟော၍ မဂ္ဂမူလီ၌ကား ၂-မျိုးလုံး ဟောသည်။ ထိုတွင် မရသသူအတွက် ပဋိသန္ဓေဝီထိနှင့် မရဏာသန္နဝီထိ ၂-ဝီထိသာ ချ၍ ရသသူအတွက် ပဋိသန္ဓေ ဝီထိ၊ အရဟတ္တမဂ္ဂဝီထိ၊ မရဏာသန္န(ပရိနိဗ္ဗာန)ဝီထိဟု ၃-ဝီထိ ချထားပါသည်။

**ပဋိသန္ဓေဝီထိလင်္ကာ**

၁။ သန္ဓိနောက်ကား, ဘဝင်သွား, ဆယ့်ငါး ဆယ့်ခြောက်ခု။

၂။ မနောဒွါရ်, အာဝဇ္ဇန်, နိကန်ဇောခွန်ခု။

၃။ ထို့နောက်ဘဝင်, အများပင်, အစဉ်သိစေမှု။

## (က) မဂ်မရသူ

**ဝီထိ-ပိုင်းပုံ။** ။အရဟတ္တမဂ်ကို မရသသူအတွက် ချထားအပ်သော ဝီထိတို့ကို ပထမပိုင်း- (ပဋိသန္ဓေပိုင်း), ဒုတိယပိုင်း-(ပဋိသန္ဓေ နောင် ပထမဘဝင်မှစ၍ ဘဝနိကန္တိက ပထမဇောတိုင်အောင်တပိုင်း) တတိယပိုင်း (ဘဝနိကန္တိက,ဒုတိယဇောမှစ၍ စုတိတိုင်အောင်တပိုင်း)ဟုသုံးပိုင်းပိုင်းရမည်။

**အပိုင်းနှင့် သစ္စာ**

**ပထမပိုင်း။** ။ဤသုဒ္ဓါဝါသပထမပိုင်း(သုဒ္ဓါဝါသ ပဋိသန္ဓေစိတ်၏ ခဏတ္တယ သမင်္ဂီပုဂ္ဂိုလ်) သည် ထိုသုဒ္ဓါဝါသဘုံ၌ မည်သည့်သစ္စာမျှ ဖြစ်ဖူးမရသေး၊ ဘာ့ကြောင့်နည်း– ထိုပုဂ္ဂိုလ်သည် ယင်းသုဒ္ဓါဝါသဘုံ၌ အတိတ်ဘဝက တခါမျှမဖြစ်ဖူးသေးသောကြောင့်တည်း။ (ဒုက္ခအစ္စာဖြစ်ဆဲဟုကား ဆိုနိုင်ပါသည်။)

**ဒုတိယပိုင်း။** ။သုဒ္ဓါဝါသဖြဟ္မာတို့သန္တာန်ဝယ် ပဋိသန္ဓေအခိုက်၌ ရူပါဝစရပဋိသန္ဓေတခု၊စေ-၃၀၊ ကမ္မဇကလာပ် ၄-စည်းတို့ဖြစ်ကြ၏။ ထိုတရားစုကား ဒုက္ခသစ္စာချည်းတည်း၊ ထိုပဋိသန္ဓေအခိုက်က ဒုက္ခသစ္စာ ဖြစ်ခဲ့ပြီးဖြစ်သောကြောင့် ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ ဘဝနိကန္တိက ပထမဇောတိုင်အောင်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဖြစ်သော ဒုတိယပိုင်းပုဂ္ဂိုလ်သည် ဒုက္ခသစ္စာဖြစ်ဖူးရ၏။ သမုဒယသစ္စာကား ဖြစ်ဖူးမရသေးပါ။

**တတိယပိုင်း။** ။ဘဝနိကန္တိက ပထမဇောသည် သုဒ္ဓါဝါသဘုံ၌ ပထမဆုံးဖြစ်သော လောဘမူစိတ်တည်း၊ ထိုစိတ်နှင့်အတူ **လောဘ** စေတသိက်လည်း ဖြစ်ပေါ်လာ၏။ ထိုလောဘကား သမုဒယသစ္စာတည်း၊

တို့ကြောင့် ထိုဘဝနိကန္တိက ပထမဇောအခိုက်က သမုဒယသစ္စာ ဖြစ်ခဲ့ပြီးဖြစ်၍ ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဖြစ်သော တတိယပိုင်းပုဂ္ဂိုလ်သည် ဒုက္ခ, သမုဒယ ၂-ပါးစုံဖြစ်ဖူးရ၏။

## (၁) မဂ်ရသူ

**ဝီထိပိုင်းပုံ။** ။အရဟတ္တမဂ်ကို ရသူအတွက် ချထားအပ်သော ဝီထိတို့ကို ပထမပိုင်း–ပဋိသန္ဓေပိုင်း၊ ဒုတိယပိုင်း-ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ ဘဝနိကန္တိက ပထမဇောတိုင်အောင်သာပိုင်း၊ တတိယပိုင်း-ဘဝနိကန္တိက ဒုတိယဇောမှစ၍ အရဟတ္တမဂ်တိုင်အောင်သာပိုင်း၊ စတုတ္ထပိုင်း-အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်သာပိုင်း ဟု လေးပိုင်းပိုင်းရမည်။

**အပိုင်းနှင့် သစ္စာ။** ။ပထမ၊ဒုတိယ၊တတိယပိုင်း ပုဂ္ဂိုလ်တို့သည် မဂ်မရသူနှင့် သစ္စာရ-မရချင်းတူ၏။ စတုတ္ထပိုင်း ပုဂ္ဂိုလ်ကား ဒုက္ခ သမုဒယ သာမက မဂ္ဂသစ္စာလည်း ဖြစ်ဖူးရသည်။ အကြောင်းနည်း-အရဟတ္တမဂ်အခိုက်တုန်းက မဂ္ဂသစ္စာလည်း ဖြစ်ခဲ့ပြီးဖြစ်သောကြောင့်တည်း။

**၂။ကြွင်းစတု–ပဥ္စပုဂ္ဂိုလ်။** ။ဤကြွင်းစတု – ပဥ္စပုဂ္ဂိုလ်သည် "အနဘိသမေတာဝီ အဘိသမေတာဝီ" ဟု ၂-မျိုးရှိ၏။ ထိုတွင် အနဘိသမေတာဝီပုဂ္ဂိုလ်သည် (၁) ထိုဘဝ၌မဂ်မရသသူ၊ (၂) ရသသူ ဟု အစစ်(၂)မျိုး၊ (၁) တပါးဘုံက အောက်မဂ်ရ၍ မိမိဖြစ်ခိုက်ဘုံ၌ အထက်မဂ်ကို မရသသူ၊ (၂) ရသသူ ဟု အတုနှစ်မျိုးအားဖြင့် လေးမျိုးရှိ၏။အဘိသမေတာဝီပုဂ္ဂိုလ်ကား (၁) မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝက မဂ်ကိုရဖူးသသူ၊ (၂) ဤဘဝတွင်မှသာ ရသသူဟု ၂-မျိုးသာရှိသည်။

(သစ္စာလေးပါးကို တကြိမ်တခါမျှ မသိဖူးသေးသူကို အနဘိသမေတာဝီအစစ်၊ တပါးဘုံမှာ သိဖူးပြီးပါသော်လည်း မိမိဖြစ်ဆဲဘုံမှာ မသိဖူးသေးသူကို အနဘိသမေတာဝီအတု၊ သစ္စာလေးပါးကို သိဖူးပြီးသူကို အဘိသမေတာဝီပုဂ္ဂိုလ်ဟု ဆိုသည်။)

## ဝီထိပိုင်းပုံနှင့်သတ္တာ

**အနုဘိအစစ် ၂-ယောက်။** ။ထိုဘဝ၌ မဂ်မရသူအတွက် ပဋိသန္ဓေဝီထိနှင့် မရဏာသန္နဝီထိဟု နှစ်ဝီထိချ၊ ဒုက္ခနှင့်သမုဒယသာ ဖြစ်ဖူးရ၏။ ရသသူအတွက် ပဋိသန္ဓေဝီထိ၊ သောတာပတ္တိမဂ္ဂဝီထိ၊ မရဏာသန္နဝီထိဟု သုံးဝီထိချ၊ ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်တိုင်အောင်တပိုင်း၊ သောတာပတ္တိမဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်အောင်တပိုင်း ဟု နှစ်ပိုင်းပိုင်းပါ။ ပထမပိုင်းသည် ဒုက္ခနှင့် သမုဒယ သာ ဖြစ်ဖူးရ၍ ဒုတိယပိုင်းကား သစ္စာသုံးပါးလုံး ဖြစ်ဖူးရသည်။

**အနုဘို အတု ၂-ယောက်။** ။တပါးဘုံက အောက်မဂ်ကိုရ၍ မိမိဖြစ်ခိုက် သောဘုံ၌ အထက်မဂ်ကို မရသူအတွက် ပဋိသန္ဓေဝီထိနှင့် မရဏာသန္နဝီထိချ၍ ရသသူအတွက် ပဋိသန္ဓေဝီထိ၊ အထက် မဂ္ဂဝီထိ၊ မရဏာသန္နဝီထိဟု သုံးဝီထိချပါ၊ ပိုင်းပုံနှင့် သစ္စာရ မရမှာ အနုဘိ သ မေတာဝီအစစ်အတိုင်းပင် ဖြစ်သည်။

**အဘိသမေတာဝီ ၂- ယောက်။** ။မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝက မဂ်ကို ရဖူးသူ အတွက် ပဋိသန္ဓေဝီထိ၊ မရဏာသန္နဝီထိဟု နှစ်ဝီထိချ။ သစ္စာသုံးပါးလုံးဖြစ်ဖူးရ၏။ ဤဘဝ တွင်မှသာ ရသသူအတွက် ဝီသိသီးခြားမပြု။ အနုဘိအစစ် အတုဝီထိတို့တွင် မဂ္ဂါနန္တရဖိုလ်မှ စ၍ စုတိတိုင်အောင် အပိုင်းတွင်ပါဝင်သော ပုဂ္ဂိုလ်ကိုဆို လိုသည်၊ ထိုပုဂ္ဂိုလ်သည် သစ္စာ ၃-ပါးလုံး ဖြစ်ဖူးရ၏။

**၉။ အသညသတ်ပုဂ္ဂိုလ်။** ။အသညသတ်ပုဂ္ဂိုလ်တို့သည် ထိုအသညသတ်ဘုံ၌ ရှေးဘဝကဖြစ်ဖူးကြသော်လည်း ထိုဘုံ၌ စိတ် စေတသိက်မရှိ၊ ဇီဝိတ နဝက ကလာပ်ရုပ်သာ ရှိသောကြောင့် ဒုက္ခသစ္စာသာ ဖူးရသည်။ သမုဒယဖြစ်နှင့် မဂ္ဂတို့ဖြစ်ဖူးမရကြပါ။

[ ဆောင် ] ။စတု-ပဉ္စ, ရေတွက်ပြသော်, မဂ်မရသူ,ရသသူဟု,နှစ်ဆူနဘို့, အစစ်သိလော့၊ လှစ်ဘိတပါး, အတုကားမူ, တပါးဘုံ၌, ဌအောက်မဂ်ဆိုက်၍,ဖြစ်ခိုက်ဘုံဂျ, လက်မဂ္ဂကို,မရသသူ, ရသ

သူဟု, ဋ္ဌယူကောက်လျှင်, နှစ်ယောက်ပင်တည်း၊နောက်တွင် အဘိ, ထောက်ချင့်ကြည့်သော်, မိမိဘုမ္မ, ဈေးဘဂက, မဂ်ရ ဖူးသူ, ဤရသူဟု, နှစ်ဆူကိုမျှ, မှတ်ကုန်ပြုလေ၊ အနုဘိမှာ, ဒု-သ သာတည်း။ ဘိမှာသစ္စ,အကုန်ရ၏၊ သုဒ္ဓပမှာ, မရှာပဲ, ဒုမှာဒုက္ခ, ဟာ-ဒု သန္နှင့်၊ မ-က သုံးဖြာ, သုဥ်ဒုက္ခာဟု, တီတာ ဝါရော, ပုဂ္ဂလော၌, ထုတ်ဟောတတ်ရာ, ရေးစီပါသည်, ကြည့်သာညွှတ်နူး ကျက်မှတ်ဦး။

## ဒုက္ခမူ သမုဒယမူလီ

| စဉ် | ပုဂ္ဂိုလ်ဘုံ | ဒု | သ |
|---|---|---|---|
| ၁ | သုဒ္ဓါဝါသ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်ဘုံ | × | × |
| ၂ | သုဒ္ဓါဝါသ ဒုတိယစိတ္တသမင်္ဂီ ပုဂ္ဂိုလ်ဘုံ | ။ | × |
| ၃ | ကြွင်းစတု-ပဉ္စ ပုဂ္ဂိုလ်ဘုံ | ။ | ။ |
| ၄ | အသညသတ်ပုဂ္ဂိုလ်ဘုံ | ။ | × |

၁။ ။သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

ဆိုရိုး— [ရူပါဝစရပဉ္စမဈာန် ပဋိသန္ဓေတခု၊ စေ-၃၀ တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါ ၅-ဘုံ၌။ (ခဏတ္တယသမင်္ဂီဖြစ်၍ ကမ္မဇကလာပ်မထည့်ရ။)]

၂။ ။သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ။

ဆိုရိုး— [သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင်ဟု ဆိုအပ်သော မုချ ဒုတိယစိတ်၊ထိုစိတ်နှင့် သမုဒယ သစ္စာဖြစ်မှုပြီးသည့်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့်တူသောကြောင့် တံသဒိသ ဒုတိယ စိတ်ဟု ဆိုအပ်သော ဘဝင်တဆယ့်ငါးချက် မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိကဇော၊ ဤ၁၇-ချက်သော စိတ်တို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါ ၅-ဘုံ။]

၃။ ။ဠ္ၚတရေသ် စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ။

**ဆိုရိုး—** [သုဒ္ဓါဝါသဖြစ်အံ့-ဘဝနိကန္တိကဒုတိယဇောမှစ၍စုတိတိုင်အောင်၊ (သုဒ္ဓါ-တ-ပိုင်း, ဝိဘင်းသီးခြား မရှိ, ကြွင်းသောစတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့—ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ပုထု-၄၊ အရိ ၈-တို့ အား စတု-၄၊ ပဉ္စ ၂၆-ဘုံရ၏။]

၄။ ။အသညသတ္တာနံ။

**ဆိုရိုး—** [အသညသတ် ဥပ-စ၀ ဖြစ်သော သုဂတိ....တို့အား အသညသတ် ဘုံရ၏။]

**မုချဒုတိယစိတ်။** ။ရှေးဦးစွာ သုဒ္ဓါဝါသမဂ်မရသူ၏ ဝီထိကိုကြည့်ပါ။ ပဋိ သန္ဓေစိတ်သည် သုဒ္ဓါဝါသဘုံ၌ ပထမဆုံး ဖြစ်သော စိတ် တည်း၊ ထိုနောက် ပထမဘဝင်စိတ်ဖြစ်၏။ ထိုပထမ ဘဝင် စိတ်ကိုစိတ်အစဉ် အားဖြင့် ဒုတိယ ဖြစ်သောကြောင့် မုချဒုတိယ (ဒုတိယဖြစ်၍ ဒုတိယ)စိတ်ဟု ခေါ်သည်။ ဥပမာ- နွားအစစ်ကို နွား-ဟုဆိုသကဲ့သို့တည်း။

**တံသဒိသဒုတိယစိတ်။** ။ဒုတိယဘဝင်မှစ၍ ဘဝနိကန္တိက ပထမဇော တိုင် အောင် ၁၇-ချက်သော စိတ်တို့ကို ထိုပထမ ဘဝင် စိတ်နှင့် သမုဒယသစ္စာ ဖြစ်ဖူးမရခြင်းအားဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ်ဟုခေါ်သည်။ ဥပမာ- နွားကဲ့သို့ အသိအလိမ္မာ ဉာဏ်ပညာ မရှိ သူကို နွားဟုဆိုသကဲ့သို့တည်း။ ဤကား မူလဋီကာအလို။

အနုဋီကာ။ ။ဘဝနိကန္တိယာ အာဝဇ္ဇနမ္ပိ ဝိပါကပ္ပဝတ္တိတော
ဝိသဒိသတ္တာ ဒုတိယန္တိ ဝတ္တုံ သက္ကာ။

ပဋိသန္ဓေမှစ၍ သောဠသမ ဘဝင်တိုင်အောင် ဤ ၁၇-ချက်သော စိတ် တို့ကို ဝိပါက်ချင်းတူသည့်အတွက် ပေါင်းပြီး “ပထမ”ဟုယူ၍ ထိုဝိပါက်စိတ် နှင့်မတူသော မနောဒွါရာဝဇ္ဇန်းကို “ဒုတိယ” ဟုဆို၏။ ဤအလို “သုဒ္ဓါ

ဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ”အရကို သုဒ္ဓါဝါသဘုံ၌မနောဒွါရာဝဇ္ဇန်း ဟုဆိုအပ်သော မုချ ဒုတိယစိတ် ထိုစိတ်နှင့် သမုဒယသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့်တူသောကြောင့် တံသဒိသ ဒုတိယစိတ် ဟု ဆိုအပ်သော ဘဝင် ၁၆ချက် ဘဝနိကန္တိက ပဌမဇော၊ ဤ ၁၈-ချက် သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် တို့အား သုဒ္ဓါ ၅-ဘုံ” ရ၏ဟုကောက်ပါ။

တနည်း။ ။ဘဝနိကန္တိယာ ပန သဟဇာတံ ပဌမံ စိတ္တံ ဂ္ဂဟေ ဒုတိယန္တိ အဓိပ္ပေတံ၊ တတော ပုဗ္ဗေ ပဝတ္တံ သဗ္ဗံ အဗျာကတဘာဝေန သမာနဇာတိ ကတ္တာ ဧကန္တိ– ပဋိသန္ဓေနောက် ပဌမ ဘဝင်မှစ၍ မနောဒွါရာဝဇ္ဇန်း တိုင် အောင် ဤ ၁၇-ချက်သော စိတ်တို့ကို အဗျာကတချင်း တူသောကြောင့် “ပဌမ”ဟု ယူ၍ ဘဝနိကန္တိက ပဌမဇောကို “ဒုတိယ”ဟုဆိုသည်။ဤအလို “သုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ပဌမဇောဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်တို့နှင့် တံအသဒိသဒုတိယစိတ်ဟုဆိုအပ်သော ဘဝင် ၁၆-ချက် မနော ဒွါရာဝဇ္ဇန်း, ဤ ၁၈-ချက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅-ဘုံ ရ၏။

**ဒုတိယစိတ်ကို သီးခြားဆို။** ။သုဒ္ဓါဝါသဘုံ၌ ဒုတိယစိတ္တသမင်္ဂီပုဂ္ဂိုလ်သည် ထိုဘဝ၌ မဂ်ကို မသိဖူးသေးသောကြောင့် တတ္ထအနဘိသမေတာဝီပုဂ္ဂိုလ်ပင်ဖြစ်၍ အနဘိသမေတာဝီနံသည် အတုအဖြစ် ဖြင့် ပါဝင်နိုင်၏။ သို့သော်—“မိမိဖြစ်ဆဲ သုဒ္ဓါဝါသဘုံ၌ သစ္စာလေးပါးကို သိပြီးမဟုတ်သေး”ဟူသော ယူထိုက်ရာကာလကို အထူးပြုခြင်းငှာ “သုဒ္ဓါ ဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ”ဟု ဒုတိယစိတ်ကို သီးခြားဆိုပါသည်။ [တတ္ထ နေသံ တထာ ဂဟေတဗ္ဗကာလဿ ဝိသေသနတ္ထံ သုဒ္ဓါဝါသာနံ ဒုတိ- ယေ စိတ္တေ ဝတ္တမာနေတိ ဝုတ္တန္တိ၊—အနု။]

## ဒုက္ခမူ မဂ္ဂမူလီ

| စဉ် | ပုဂ္ဂိုလ်ဘုံ | ဒုက္ခ | မဂ္ဂ |
|---|---|---|---|
| ၁ | သုဒ္ဓါဝါသဥပပဇ္ဇန္တပုဂ္ဂိုလ်ဘုံ | × | × |
| ၂ | သုဒ္ဓါဝါသဒုတိယစိတ္တသမင်္ဂီပုဂ္ဂိုလ်ဘုံ | ။ | × |
| ၃ | အနုတိသမေတာဝီပုဂ္ဂိုလ်ဘုံ | ။ | × |
| ၄ | အဘိသမေတာဝီပုဂ္ဂိုလ်ဘုံ | ။ | ။ |
| ၅ | အသညသတ်ပုဂ္ဂိုလ်ဘုံ | × | × |

## ဝိဘင်းနှင့် အာရုံကောက်ဆိုရိုး

၁။ ဒုက္ခမူ သမုဒယမူလီ၌ ပြခဲ့ပြီ။

၂။ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ။

ဆိုရိုး—[သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင်ဟု ဆိုအပ်သော မုချ ဒုတိယစိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရ ကောင်းသော အဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ်ဟု ဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့—ဒုတိယဘဝင်မှ စ၍ စုတိတိုင်အောင်၊ ရသသူဖြစ်အံ့--ဒုတိယဘဝင်မှစ၍ အရဟတ္တမဂ် တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏာဏ္ဍယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ—၅ဘုံ။]

၃။ အနုတိသမေတာဝီနံ။

ဆိုရိုး—[ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား ထိုဘဝ၌ မဂ်ကို မရသသူဖြစ်အံ့—ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ ရသသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ် ၄၊ သောတာပတ္တိမဂ္ဂဋ္ဌာန်

ပုဂ္ဂိုလ်တို့အား စတု-၄ဘုံ၊ သုဒ္ဓါကြဉ်-ပဉ္စ ၂၁-ဘုံ။ (ဤကား အနုတ္တိ သမေတာ၀ီအစစ်တည်း။)

တပါးဘုံကပင် အောက်မဂ်ကို ရခြားသော်လည်း မိမိဖြစ်ခိုက်သော ဘုံ၌ မဂ်ကို မရဖူးသေးသောကြောင့် တတ္ထအနုတ္တိသမေတာ၀ီ မည် ကောင်းသော ပုဂ္ဂိုလ်တို့တွင်—

(၁) တပါးဘုံက သောတာပတ္တိမဂ်ကိုရ၍ မိမိဖြစ်ခိုက်သောဘုံ၌ သကဒါဂါမိမဂ်ကို မရသသူ ဖြစ်အံ့—ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ ရသသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ သကဒါဂါမိမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန် သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

(၂) တပါးဘုံက သကဒါဂါမိမဂ်ကိုရ၍ မိမိ...၌ အနာဂါမိမဂ်ကို မရသသူဖြစ်အံ့—ပဋိ-မှ စုတိတိုင်အောင်၊ ရသသူဖြစ်အံ့—ပဋိ-မှ အနာဂါမိမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယ.... သော သကဒါဂါမိဖလဋ္ဌာန် အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

(၃) တပါးဘုံက အနာဂါမိမဂ်ကိုရ၍ မိမိ....၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့—ပဋိ-မှ စုတိတိုင်အောင်၊ ရသသူဖြစ်အံ့—ပဋိ-မှ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယ....သော အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတု၄-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်ဘုံတိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ။]

**မှတ်ချက်။** ။ဤ ၃-နံပါတ် ဆိုရိုး၌ သုဒ္ဓါဝါသ ပါဝင်နိုင်သော်လည်း ၎င်းအတွက် ဝိဘင်း သီးခြားရှိသောကြောင့် သုဒ္ဓါဝါသ ကြဉ်၍ ဘုံသတ်သည်။

၄။ အဘိသမေတာဝီနံ။

ဆိုရိုး—[သုဒ္ဓါဝါသဖြစ်အံ့—အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ပစ္ဆိမစိတ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယမသင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရ ပုဂ္ဂိုလ်တို့အား မိမိ ဖြစ်ဒိုက်သောဘုံ၌ ရှေးဘဝက မင်္ဂကိုရဖူးသသူ ဖြစ်အံ့—ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ ဤဘဝတွင်မှသာ ရသသူဖြစ်အံ့—ရစသော မဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယ....သော အထက်မဂ္ဂဋ္ဌာန် ၃-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက် ဤပုဂ္ဂိုလ်တို့အား စတု-ဘုံ၊ အပါယ်ကြဉ်သော ပဉ္စ-၂၂ဘုံ။]

(၅) အသညတ္တာနံ။ ။(အရကောက်လွယ်ပြီ)။

**သမုဒယမူ မဂ္ဂမူလီ**

| စဉ် | ပုဂ္ဂိုလ်ဘုံ | သမု | မဂ္ဂ |
|---|---|---|---|
| ၁ | သုဒ္ဓါဝါသဒုတိယစိတ္တသမင်္ဂီပုဂ္ဂိုလ်ဘုံ | × | × |
| ၂ | သုဒ္ဓါဝါသဒုတိယအကုသလစိတ္တသမင်္ဂီပုဂ္ဂိုလ်ဘုံ | ။ | × |
| ၃ | အနဘိသမေတာဝီပုဂ္ဂိုလ်ဘုံ | ။ | × |
| ၄ | အဘိသမေတာဝီပုဂ္ဂိုလ်ဘုံ | ။ | ။ |
| ၅ | အသညသတ်ပုဂ္ဂိုလ်ဘုံ | × | × |

**ဝိဘင်းနှင့် အရကောက်ဆိုရိုး**

၁။ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ။

ဆိုရိုး—[သုဒ္ဓါဝါသဘုံ၌.. ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒ္ဒိသ ဒုတိယစိတ်ဟု ဆိုအပ်သော ပဋိသန္ဓေဘဝင် တဆယ့်ငါးချက်, မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိကပဌမဇော, ဤဆယ့်ကိုးချက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါ ၅-ဘုံ။]

၂။ သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ။

**ဆိုရိုး**—[သုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ဒုတိယဇောဟုဆိုအပ်သော မုချ ဒုတိယအကုသိုလ်စိတ် ထိုစိတ်နှင့် မဂ္ဂသစ္စာဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသဒုတိယစိတ်ဟု ဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကို မရသူ ဖြစ်အံ့—တတိယ ဇောမှစ၍ စုတိတိုင်အောင်၊ ရသူဖြစ်အံ့ – တတိယဇောမှ စ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ....သော အနာဂါမိဖလဋ္ဌာန် အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါ ၅-ဘုံ။]

၃၊၄၊၅ ဆိုရိုးတို့ကို ဒုက္ခမူ မဂ္ဂမူလိ၌ ပြခဲ့ပြီ။

အတီတဝါရ ပြီး၏။

**အနာဂတာပါရ**

**ပုဂ္ဂလ**

**ဝီထိစဉ်**

ကျော့မခြားပဲ မဂ် ၄-တန်ကို ရလတံ့သူ

သုံးကျော့ဝီထိ — မဂ္ဂလေးဝီထိ

အစမထင်....ဇ ၄ ဇ ဇ ဘ ပ ဥ နု ဂေါ မ ဖ ဖ ဘ ပစ္စ

(ပ) ဒု-သ-မ (ဒု) ဒု-မ (တ) ဒု (စ) ဒု (မ) ×

သော-သ-နာ ဖြစ်ပြီးမှ တကျော့ခြားသူ

သုံးကျော့ဝီထိ — အရဟတ္တမဂ္ဂဝီထိ

အစမထင်....ဇ ၄ ဇ ဇ ဘ ပ ဥ နု ဂေါ မ ဖ ဖ ဘ ပစ္စ

(ပ) ဒု-သ-မ (ဒု) ဒု-မ (တ) ဒု (စ) ဒု (မ) ×

၃။ မဂ်ကို မရလတံ့သူ ဒုက္ခ, သမု ၂-ပါးသာ၊

**၁။ တကျော့မခြားပဲ။ပေ။သူ။** ။ဤပုဂ္ဂိုလ်အတွက် အန္တိမတကျော့ ဇောဝီထိ, မဂ္ဂဝီထိဟု နှစ်ဝီထိချ ပြထားသည်။ ထိုဝီထိတို့ကို အစမထင် သံသရာမှစ၍ အဆုံးစွန်သောတကျော့၏ အနန္တရတိုင်အောင် တပိုင်း၊ အဆုံးစွန်သောတကျော့မှ အရဟတ္တမဂ်၏ ရှေးဝေါဒါန်တိုင်အောင် တပိုင်း၊ အရဟတ္တမဂ်တပိုင်း၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်တပိုင်း၊ ပစ္ဆိမစိတ်က တပိုင်းဟု ၅-ပိုင်းပိုင်း၍ ပြထားသည်။

**ဝီထိပိုင်းနှင့်သစ္စာ**

**တကျော့မခြားပဲ မဂ် ၄-တန်ကိုရလတံ့သူ**

**ပထမပိုင်း၊** ။ထိုတွင် ပထမအပိုင်းသည် ဒုက္ခ သမုဒယ မဂ္ဂ သုံးပါးစုံဖြစ်လတံ့၊ (ထို့ကြောင့် ဝီထိစဉ်၌ "ဒု-သ-မ" ဟု သင်္ကေတများ ပြထားပါသည်။ ပစ္ဆိမစိတ်၏ ဥပါဒ်အခိုက်၌ ဒုက္ခသစ္စာ၊ အဆုံးစွန်

သောတာပန်၏ ဥပါဒ်အခိုက်၌ သမုဒယ၊ မဂ်၏ ဥပါဒ်အခိုက်၌ မဂ္ဂသစ္စာဖြစ်လိမ့်မည်။)

**ဒုတိယပိုင်း။** ။ဒုတိယအပိုင်းသည် ဒုက္ခမဂ်နှစ်ပါးသာ ဖြစ်လတံ့။

**တ-စအပိုင်း။** ။တတိယ စတုတ္ထ အပိုင်းတို့သည် ဒုက္ခသစ္စာသာ ဖြစ်လတံ့။ အကြောင်းနည်း—ပစ္ဆိမစိတ်၏ ဥပါဒ်အခိုက်ဝယ် ဒုက္ခသစ္စာ ထိုက်သော စုတိစိတ်စေတသိက်တို့ ဖြစ်ကြသေးသောကြောင့်တည်း။ (ဒုပိုင်းနှင့်တ-စအပိုင်းတို့ အရတူလျှင် တ-စအပိုင်းတို့ကို အလျှင်ထုတ်ပါ။)

**ပဉ္စမပိုင်း။** ။အဝိဇ္ဇာနှင့် တဏှာဝဋ်မြစ် ပြတ်ပြီးဖြစ်၍ ရဟန္တာတို့မှာ နောက်ထပ်တဖန် ပဋိသန္ဓေနေရန် မရှိသောကြောင့် ပဉ္စမပိုင်းကား မည်သည့်သစ္စာမျှ ဖြစ်လတံ့မရပါ။

**ဝိဘင်းနှင့် အမှုကောက်ဆိုးရို**

၁။ **ပထမပိုင်း။** ။ယေ(စဉ္စေ) မဂ္ဂံ ပဋိလဘိဿန္တိ။

ဆိုရိုး—[တဏှာမခြားပဲ မဂ်လေးတန်ကို ရလတံ့သောသူဖြစ်အံ့— အစမထင် သံသရာမှစ၍ အဆုံးစွန်သောတဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်] (ဤကား တဏှာမခြားပဲ မဂ်လေးတန်ကို ရလတံ့သူ၏ ပထမပိုင်း ဆိုရိုးတည်း။)

သောတာပန်ဖြစ်ပြီးမှ တဏှာခြားမူကား- အမထင်—သမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ သောတာပတ္တိမဂ်ဋ္ဌာန် သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။

သကဒါဂါမိ-ကား အစမထင်…သမဂ်ဂီဟု ဆိုအပ်သော ကျွတ် ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်၂၊ အောက်ဖလဋ္ဌာန်၂၊

အနာဂါမိ-ကား- အစမထင်- သမဂ်ဂီဟု ဆိုအပ်သော ကျွတ် ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်-၃၊ အောက်ဖလဋ္ဌာန်၃။ ဤကား သော-သ-နာဖြစ်ပြီးမှ တဏှာခြားသူ၏ ဋ္ဌမပိုင်းအဆိုးတည်း]

၁။ **ဒုတိယပိုင်း။** ။ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂပဋိလာဘိဿန္တိ။

ဆိုရိုး—[အရဟတ္တမဂ်၏ ရှေ့ဝေါဒါန်၏ ခဏတ္တယသမဂ်ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် (မုချကောက်)၊ တဏှာမခြားပဲ မဂ်လေး တန်ကို ရတတ့်သောသူဖြစ်အံ့— အဆုံးစွန်သော တဏှာမှစ၍ အရ ဟတ္တမဂ်၏ ရှေ့ဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမဂ်ဂီ ဟု ဆိုအပ်သော ကျွတ်ထိုက် သော တိဟိတ်ပုထုဇဉ်၊ အောက်မဂ်ဋ္ဌာန် ၃-၊ အောက်ဖလဋ္ဌာန် ၃–ယောက် (မခြားသူ ဒုပိုင်း။)

သောတာပန်ဖြစ်ပြီးမှ တဏှာခြားမူကား အဆုံးစွန်သော တဏှာမှ စ၍ ။ပေ။ ခဏတ္တယသမဂ်ဂီဟု ဆိုအပ်သော သောတာပတ္တိဖလဋ္ဌာန်၊ အလယ်မဂ္ဂဋ္ဌာန် ၂၊ အလယ်ဖလဋ္ဌာန် ၂-ယောက်၊

သကဒါဂါမိဖြစ်ပြီးမှ တဏှာခြားမူကား အဆုံးစွန်သော။ ပေ။ ခဏတ္တယသမဂ်ဂီဟု ဆိုအပ်သော သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိ မဂ္ဂဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန်။

အနာဂါမိဖြစ်ပြီးမှ တဏှာခြားမူကား အဆုံးစွန်သော။ ပေ။ ခဏတ္တယသမဂ်ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ (ခြားသူ ဒုပိုင်း၊ ဥပစာကောက်၊ ဝေါဒါန်နှင့် သမုဒယသစ္စာ မဖြစ်လတ့်ချင်း တူသောကြောင့် သဒိသူပစာ။)

**တိုးလျော့ သတိပြု။** ။တဏှာမခြားသူ ပထမပိုင်းကောက်ရာ၌ တိဟိတ် ပုထုဇဉ်တယောက်သာ ကောက်၍ တဏှာခြားသူ ပထ မအပိုင်း ကောက်ရာတွင်ကား ၂-ယောက်စီ ၂-ယောက်စီတိုးကာ တဏှာမခြား

သူ ဒုတိယအပိုင်း ကောက်ရာ၌ တိဟိတ်ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၃၊ အောက်ဖလဋ္ဌာန် ၃၊ ပေါင်း(၇)ယောက်ကောက်ပြီး၊ ခြားသူ ဒုတိယပိုင်း ကောက်ရာ၌ ၂-ယောက်စီ ၂-ယောက်စီ လျော့ကောက်သည်။ သတိပြုပါ။

၃။ **တတိယပိုင်း။** ။အဂ္ဂမဂ္ဂသမင်္ဂီနံ။

ဆိုရိုး—[အရဟတ္တမဂ်၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

၄။ **စတုတ္ထပိုင်း။** ။အရဟန္တာနံ။

ဆိုရိုး—[အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏အနန္တရတိုင်အောင်။ ပေ။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။]

၅။ **ပဥ္စမပိုင်း။** ။ပစ္ဆိမစိတ္တသမင်္ဂီနံ။

ဆိုရိုး—[တိဟိတ်စုတိ တေရသ၊ စေတသိက် ပဉ္စတိံသတို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား စတု ၄–ဘုံ၊ အပါယ်ကြဉ် ပဥ္စ ၂၂-ဘုံ။]

**အမှာ။** ။ပ-ဒု-စ အပိုင်း ဆိုရိုးတို့၌ ဖြစ်ထိုက်သော (စိတ်တို့၏)ခဏတ္တယ သမင်္ဂီဆိုလျှင် နိရောဓသမာပတ် ဝင်စားခိုက်ပုဂ္ဂိုလ်နှင့် အသညသတ်တို့ ကြွင်းရာ၏။ ထို့ကြောင့် ခဏတ္တယသမင်္ဂီချန်၍(မထည့်ပဲ)သော်လည်း ဆိုရိုးပြုကြကုန်၏ဟု အရကောက်၌ မှာ၏ မှန်၏ .... နိရောဓသမာပတ် ဝင်စားခိုက်ပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ်တို့၌ စိတ်မဖြစ်ကြသောကြောင့် ဖြစ်ထိုက်သောစိတ်တို့၏ခဏတ္တယသမင်္ဂီဟုဆိုလျှင် ထိုပုဂ္ဂိုလ်များကျန်ရစ်သည်။ ထို့ကြောင့်ထိုပုဂ္ဂိုလ်များ မကျန်ရစ်အောင် "ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော"ထိုစကားကိုမထည့်ပဲကောက်ပါ။ သို့မှသာ ပထမအပိုင်း၌ အသညသတ်၊ ဒုတိယ၊ စတုတ္ထအပိုင်းတို့၌ နိရောဓသမာပတ် ဝင်စားခိုက်ပုဂ္ဂိုလ်တို့ ပါဝင်နိုင်သည်။ သို့မဟုတ် ရုပ်နာမ်ဓမ္မတို့၏ ခဏတ္တယသမင်္ဂီဟုဆိုလျှင် ပါဝင်နိုင်သည်ပင်။

၂။ **သော-သ နာ ဖြစ်ပြီးမှ တကျာခြား.သူ** ။ဤပုဂ္ဂိုလ်အတွက်လည်း အန္တိမတကျာ ဇော စိတ်၊ အရဟတ္တမဂ္ဂစိတ်ဟု ၂-စိတ်ပင်ချပြ ထားပါသည်။ယကျာမခြားသူကဲ့သို့ ၅-ပိုင်း ပိုင်းပါ၊ ဝိဘင်းသီးခြား မရှိပါ။ ပ-ဒု နှစ်ပိုင်းသာ သီးခြားကောက်သည်။ ကောက်ပုံကို တကျာမခြားသူ၏ ပ-ဒုအပိုင်း ဆိုရိုးတို့၏ နောက်ဝယ် ဆက်၍ ပြထားပါသည်။

၃။ **မဂ်ကိုမရလတံ့။** ။ယေ(စ) ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ။

ဆိုရိုး— [မဂ်ကို မရလတံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်ရှ၏။]

**ပေါင်းပုံ။** ၁။ ပ-ပိုင်းနှင့် မဂ်မရလတံ့ အရတူလျှင်— "ဣတရေသံ"ဟု ထုတ်၍ ပြအပ်ခဲ့ပြီးအတိုင်း ဆက်ကောက်ပါ။

၂။ စ-ပိုင်းနှင့် မ-ပိုင်း အရတူလျှင် "အရဟန္တာနံ"ဟု ထုတ်၊ "အရဟတ္တမဂ္ဂ ါနဋ္ဌရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်"ဟု ဆိုပါ။

၃။ ပ-နှင့်ဒု-အရတူလျှင်— "ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, ယေ စညေ မဂ္ဂံ ပဋိလဘိဿန္တိ"ဟု ထုတ်၊ "အရဟတ္တမဂ်၏ရှေ့ ဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အစမထင် သံသရာမှစ၍ အရဟတ္တမဂ်၏ ရှေ့ဝေါဒါန်၏ အနန္တရ ဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ် ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၃၊ အောက်ဖလဋ္ဌာန် ၃ ကောက်ပါ။

**စညေနှင့် စနေရာပြ။** ။"ယေ(စညေ)မဂ္ဂံ ပဋိလဘိဿန္တိ"၏ ရှေ့က အရတူ ဝိဘင်းတမျိုးမျိုးရှိလျှင် (စညေ)ကို ထည့်ပါ။ မရှိ လျှင် မထည့်ရ။ ယေ(စ) ပုထုဇ္ဇနာလည်းနည်းတူ။

## နိဒ္ဒေသဝါရ

**ပထမ—ဒုတိယပိုင်း။** ။ပထမပိုင်းနှင့် ဒုတိယပိုင်းတို့အတွက် ဝိဘင်းထုတ်ပုံမှာ ဥပ္ပါဒဝါရနှင့် တူ၏။ အရကောက်ရာ၌ ပထမပိုင်းကို "အစမထင်သံသရာမှစ၍ အဆုံးစွန်သောဘဝ၏ ဥပါဒ်တိုင်အောင်"ဟု ဆို။ ဒုတိယပိုင်းကို—"အဆုံးစွန်သော ဘဝ၏ ဘင်မှစ၍ အနာဂတ်တိုင်အောင်"ဟု ဆိုပါလေ။ (စိတ်တခုတခု၌ ဥပါဒ်၊ ဌီ၊ ဘင် ခဏငယ်သုံးချက်စီ ရှိ၏။ထိုတွင် "ဥပ္ပဇ္ဇတိ၊ နိရုဇ္ဈတိ"စသော ကြိယာအားလျော်စွာ ဥပါဒ်နှင့် ဘင်ကိုသာ နာမည်တပ်၍ ဟောတော်မူသည်။)

**တတိယပိုင်း။** ။တတိယပိုင်းဟု သတ်မှတ်ထားသော အရဟတ္တမဂ်ကို "ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏ" ခွဲဟောပါ။ ဥပ္ပါဒက္ခဏသည် ဒုက္ခနှင့် မဂ္ဂချုပ်လတံ့၊ သမုဒယကား မချုပ်လတံ့။ "အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏေ"ဟု ထုတ်၍ "အရဟတ္တမဂ်၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ရ၏"ဟု ကောက်။

အရဟတ္တမဂ်၏ ဘင်္ဂက္ခဏသည် ဒုက္ခသာ ချုပ်လတံ့၊ သမုဒယနှင့် မဂ္ဂတို့ မချုပ်လတံ့။ "အဂ္ဂမဂ္ဂဿ ဘင်္ဂက္ခဏေ"ဟုထုတ်၍ "အရဟတ္တမဂ်၏ ဘင်္ဂက္ခဏ သမင်္ဂီဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ရ၏"ဟု ကောက်။ ဥပါဒ်နှင့် ဘင် အရတူလျှင် "အဂ္ဂမဂ္ဂသမင်္ဂီနံ"ဟုထုတ်၍ ဥပ္ပါဒဝါရအတိုင်း ကောက်ပါ။


**စတုတ္ထနှင့် ပဉ္စမပိုင်း။** ။စတုတ္ထပိုင်းကား ဥပ္ပါဒဝါရနှင့်တူ၏။ ပဉ္စမပိုင်းဟု သတ်မှတ်ထားသော ပစ္ဆိမစိတ်ကိုလည်း "ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏ"ခွဲဟောပါ။ ဥပ္ပါဒက္ခဏသည် ဒုက္ခသာချုပ်လတံ့။ သမုဒယနှင့် မဂ္ဂတို့ မချုပ်လတံ့။ ဤပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏကို သီးခြားမထုတ်။ သီးခြား အရမကောက်။ အရဟန္တာနံ အရ၌ သွင်းကောက်သည်။

ကောက်ပုံကား—"အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ ဥပ္ပါဒ်တိုင်အောင် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏"တည်း။ ပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏသည်

သစ္စာသုံးပုဒ်လုံးမချုပ်လတံ့။ "ပစ္ဆိမစိတ္တသော ဘင်္ဂက္ခဏေ" ဟုထုတ်။ "တိဟိတ်စုတိစေတရသ, စေတသိက်ပဋ္ဌတိ သတ္တို၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဠ္ဌာန်ပုဂ္ဂိုလ်ရ၏" ဟု ကောက်ပါ။

## ပုဂ္ဂလောကာသဝါရ

### ဒုက္ခမူ သမုမူလီ



## ဝိဘင်းဇယား

| စဉ် | ဝိဘင်းပါဠိ | ဒု | သ |
|---|---|---|---|
| ၁ | အဂ္ဂမဂ္ဂသမင်္ဂီနံ | ။ | × |
| ၂ | အရဟန္တာနံ | ။ | × |
| ၃ | ယဿ စိတ္တဿ။ပေ။ပဋိလဘိဿန္တိ | ။ | × |
| ၄ | အသညသတ္တာနံ | ။ | × |
| ၅ | ရူပါရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ | ။ | ။ |
| ၆ | ပဋ္ဌိမစိတ္တသမင်္ဂီနံ | × | × |

၁။ ဒုက္ခသာပြစ်လတံ့။ ။၁၊ ၂၊၃ အရတို့ကို ပုဂ္ဂလဝါရအတိုင်း ဆိုပါက "ဤပုဂ္ဂိုလ်တို့အား စတု ၄-ဘုံ၊ အပါယ်ကြဉ်သော ပဉ္စ-၂၂ဘုံ" ဟု ဘုံသတ်ပါ။(ဤကား ပဌမဘဝိကအစစ်။)

မိခိ...၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့-ပဉ္စပဇောမှစ၍ စုတိ၏အနန္တရဟုံပ်အောင်၊ ဒေါသမူ မောဟမူ မဟာကုသိုလ်ဇောဖြစ်အံ့-အဆုံးစွန်သော ဇောမှစ၍ စုတိ၏အနန္တရဟုံပ်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏပ္ပတ္တယသမင်္ဂီ ဟု ဆိုအပ်သော မကျုတ် ၂ိုက် ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်-၃၊ အောက်ဖလဋ္ဌာန်-၃တို့အား စတု-၄ ဘုံ၊ အကနိဋ္ဌကြဉ်သောပဉ္စ—၂၅ဘုံ (ဤကား မဖြစ်ပြန် စတု-ပဉ္စပုဂ္ဂိုလ်၏ ဒုတိယပိုင်းဆိုရိုးတည်း၊ ဝိယ်နှင့်တိုက်ဆိုင်ကြည့်ပါ။ "အာပါယိက်, စမ်မရ, လုစ်ဟအမြဲသာ၊ အကနိဋ္ဌ, ဟုမရ, ကင်းပ ဖြစ်ပြန်ပါ" ဟူသော နိယာမ်တို့ကို သတိပြုပါလေ။)

အသညသတ်ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တိဝဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။ (ဤကား အသညသတ္တာနံ အရတည်း။)

**၂။ ဒုက္ခ-သမု ၂-ပါးစုံဖြစ်လတံ့။** ။တဏှာမခြားပဲ မဂ်လေးတန်ကိုရလတံ့သောသူ ဖြစ်အံ့--ပဋိသန္ဓေမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ သောတာပန် ဖြစ်ပြီးမှ တဏှာခြားမှုကား—သကဒါဂါမိ..၊အနာဂါမိ....၊ ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်-၃၊ အောက်ဖလဋ္ဌာန်-၃၊ ဤပုဂ္ဂိုလ်တို့အား စတု-၄ ဘုံ၊ အပါယ်ကြဉ်သော ပဉ္စ ၂၂-ဘုံ၊ (ဤကား ပစ္ဆိမဘာဝိက ပထမပိုင်းတည်း။)

မိမိ....၌ **နောင်မဖြစ်ပြန်ကောင်းသော** ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့—ပဋိသန္ဓေမှစ၍ စတုတ္ထဇောတိုင်အောင်၊ ဒေါသမူ မောဟမူ မဟာကုသိုလ်ဇောဖြစ်အံ့—ပဋိသန္ဓေမှစ၍ အဆုံးစွန်သောတဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက် ကျွတ်ထိုက်သော အောက်မဂ္ဂဋ္ဌာန် ၃၊ အောက်ဖလဋ္ဌာန်-၃ တို့အား စတု-၄ဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စ ၂၅-ဘုံ၊ (ဤကား မဖြစ်ပြန်ကောင်း ပထမပိုင်းတည်း။)

မိမိ....၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့—ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက် ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂ-၃၊ အောက်ဖလ—၃တို့အား စတု-၄ဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စ-၂၁ဘုံ ရ၏။ (ဤကားဖြစ်ပြန် စတု-ပဉ္စတည်း။ "သုဒ္ဓါဝါသ,ဘုံ မရ,ဖြစ်ပြန်ကောင်းလည်း မရပါ" ဟူသော နိယာမ်ကို သတိပြုပါ။)

**၃။ ၂—ပါးစုံမဖြစ်လတံ့။** ။တိဟိတ်စုတိတေရသ၊ စေတသိက် ပဉ္စတိံသ တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား စတု ၄-ဘုံ၊ အပါယ်ကြဉ်သော ပဉ္စ ၂၂-ဘုံ၊ (ဤကား အစစ် ပစ္ဆိမဘာဝိက ပဉ္စမပိုင်းတည်း။)

မိမိ..၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ်·၁၉၊ စေ·၃၅တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်လော မကျွတ်ထိုက် ကျွတ်ထိုက်သော ပုထုဇဉ် ၄၊ အောက်ဖလဋ္ဌာန်-၃တို့အား စတု ၄-ဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စ ၂၅-ဘုံ၊ (ဤကား အတု၊ မဖြစ်ပြန် စတု-ပဉ္စ တတိယပိုင်းတည်း။)

အသညသတ်ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။ (ဤကား မဖြစ်ပြန်၊ အသညသတ်တည်း။)

## ဒုက္ခမူ-မဂ္ဂမူလီ

[ဆောင်] စတု-ပဉ္စ,ပစ္ဆိမနှင့်, ကြွင်းထစတု, ပဉ္စရှုသော်, ယခုဘဝ, မဂ်မရပဲ, ဘဝနောင်မှ, မဂ်ရသူနှင့်, ခုမှအောက်ရ, နောက်ထက်ရဟု, မဂ်ရအံ့သူ, နှစ်ယောက်ဟူ၏။ နောက်မှုမရ, ကောက်ယူပြသော်,မူလဖြစ်ပြန်, မဖြစ်ပြန်ဟု, စစ်မှန်ရွေးကောက်, ခွေးနှစ်ယောက်တည်း။ ဤအောက်မဂ်ရ, ခြားယက်ရ၍, ဘဝချေးအောက်, ခြားယက်ရောက်နှင့်, ခြားအောက်ဖြစ်ခိုက်, မဂ်မဆိုက်ဟု, သမိုက်ချုံးစု, သုံးအတုကို, မြောက်မှုဖြစ်ပြန်, မဖြစ်ပြန်တွဲ၊ တဖန်ပါယ, အသညလည်း, ယှဉ်ပြရှေးတူ, ခွေးစီယူသည်၊ ဒုမူ မဂ္ဂအတွက်တည်း။

(အောက်ဖော်ပြပါဇယားနှင့် တိုက်ဆိုင်ကြည့်ပါ။)

## ဝိထိဇယားပုံစံ

၁ ပစ္ဆိမဘဝိက (ဇဝန + မရဏ) ပုဂ္ဂိုလ်ဘုံ = ပဋိ ... ပဉ္စ ဒွါ ... ဘ ပဋိ

(ပ) ဒု-မ (ဒွ) ဒု (က) ဒု (ဗ) x

၂ ပြင်း (ဇဝန + မရဏ) ပုဂ္ဂိုလ်ဘုံ

(က) မဂ်ရသတ္တ
- (၁) ဤမရနောင်ရ
- (၂) ဤအောက်ရ နောက်ထက်ရ

ပဋိ . . . . . ဘ စုတိ

(ပ) ဒု-မ

(ခ) မဂ်မရသတ္တ (စစ်)
- (က) ဖြစ်-ပဋိ . . . . . ဘ စုတိ
- (ခ) မဖြစ်-ပဋိ . . . . . ဒု ဘ စုတိ x

(ဂ) မဂ်မရသတ္တ (ဘုံ)
- (၁) ဤအောက် တပါယထက်ရ
  - (က) ဖြစ်-ပဋိ . . . ပဉ္စ ဒွါ ... ဘ စုတိ (ဒု-မ) (ဒု)
  - (ခ) မဖြစ်-ပဋိ . . . ပဉ္စ ဒွါ ... ဘ စုတိ (ဒု-မ) (ဒု) x
- (၂) ရှေးအောက် တပါထက်ရ
- (၃) တပါးအောက်ရ မိမိ မရ
  - (က) ဖြစ်-ပဋိ . . . . . ဘ စုတိ (ဒု)
  - (ခ) မဖြစ်-ပဋိ . . . . . ဘ စုတိ (ဒု) x

(ဃ) အပါယ (အပါယ်ကာမ) —
- (က) ဖြစ်-ပဋိ . . . . ဘ စုတိ
- (ခ) မဖြစ်-ပဋိ . . . . ဒု ဘ စုတိ (ဒု) x

၃ အသညသတ်ပုဂ္ဂိုလ်ဘုံ
- (က) ဖြစ် . . . . . ဒု
- (ခ) မဖြစ် . . . . . x

| စဉ် | ဝိဘင်းပါဠိ | ဒု | မ |
|---|---|---|---|
| ၁ | အဂ္ဂမဂ္ဂသမင်္ဂီနံ | ॥ | × |
| ၂ | အရဟန္တာနံ | ॥ | × |
| ၃ | ယေ စ ပုထုဇ္ဇနာ မဂ္ဂံ ပဋိလဘိဿန္တိ | ॥ | × |
| ၄ | အာပါယိကာနံ | ॥ | × |
| ၅ | အသညသတ္တာနံ | ॥ | × |
| ၆ | ယဿ စိတ္တဿ။ပေ။ပဋိလဘိဿန္တိ | ॥ | × |
| ၇ | ယေ စညေ မဂ္ဂံ ပဋိလဘိဿန္တိ | ॥ | × |
| ၈ | ပစ္ဆိမစိတ္တသမင်္ဂီနံ | × | ॥ |

၁။ **ဒုက္ခသစ္စာဖြစ်လတံ့။** ။အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တ၊ဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား စတု ၄-ဘုံ၊ အပါယ်ကြဉ်သော ပဉ္စ-၂၂ ဘုံ။(အဂ္ဂမဂ္ဂသမင်္ဂီနံ အရဟန္တာနံတို့အရတည်း။)

မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကိုမရလတံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောက်ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့–ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့–ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော မကျွတ်ထိုက် ကျွတ်ထိုက်သော သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား၊ စတု ၄-ဘုံ ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် ရူ-၁၀ဘုံ၊(ဤကား "ယေ စ ပုထုဇ္ဇနာ"အစဉ်တည်း၊ မိမိဖြစ်ခိုက်ဘုံ၌ ပြန်၍မဖြစ်သောကြောင့် သုဒ္ဓါဝါသကိုကြဉ်သည်။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ အပါယ်ဘုံတို့ကား အာပါယိကာနံအရ သီးခြားကောက်လတံ့ဖြစ်၍ ဤ၌မကောက်ပါ။)

မိမိ..ဤဘဝသာ အောက်မဂ်ကိုရ၍ တပါးဘုံမှာမှ အထက်မဂ်ကိုရ၍ ပရိနိဗ္ဗာန်ပြုလတံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌နောင်ဖြစ်အံ့– အဆုံးစွန်ရသောမဂ္ဂမှစ၍ စုတိတိုင်အောင်၊ မဖြစ်အံ့–အဆုံးစွန်သောမဂ်မှစ၍ စုတိ၏

အနန္တရတိုင်အောင် ဖြစ်ထိုက်သော ဟု... ဆိုအပ်သော အောက်မဂ္ဂဋ္ဌာန်-၃၊ အောက်ဖလဋ္ဌာန်-၃။

မိမိ...ရှေးဘဝကသော အောက်မဂ်ကိုရ၍ တပါးဘုံပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိကိုင်အောင်၊ မဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်သော အောက်ဖလဋ္ဌာန်-၃၊ (ဤဘဝ မဂ်မရသည်ကို သတိပြု။ ထို့ကြောင့် မဂ္ဂဋ္ဌာန်မကောက်၊) ဤပုဂ္ဂိုလ်တို့အား အာကိဉ္စညာယတနတိုင်အောင်သော စတု ၃-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ သုဘာကိဏှာတိုင်အောင် ရူပါဝစရ ၉-ဘုံ၊ (နေဝသညာနာသညာယတနဘုံက အရိယာပြဟ္မာတို့သည် ထိုဘုံ၌ကျေန်မှချ ပရိနိဗ္ဗာန်စံကြ၏။ ဝေဟပ္ဖိုလ်က အရိယာတို့သည်ကား ပရိနိဗ္ဗာန်စံသည်လည်း ရှိ၏။ မစံနိုင်သေးသော်လည်း အခြားဘုံ၌မဖြစ်၊ ထိုဘုံ၌သာဖြစ်ရ၏။ ထို့ကြောင့် "တပါးဘုံမှာမှ အထက်မဂ်ကိုရ၍"ဟူသော စကားနှင့် မညီသဖြင့် ထိုဘုံတို့ကို ကြဉ်ကောက်သည်။)

တပါးဘုံကသော အောက်မဂ်ကိုရ၍ မိမိ ...၌မဂ်ကိုမ ရလတံ့သောပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်အံ့— ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ မဖြစ်အံ့— ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်သော ဟု ဆိုအပ်သော အောက်ဖလဋ္ဌာန်၃-တို့အား စတု၄-ဘုံ၊ ကာမသုဂတိ၇-ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူ-၁၀ ဘုံ၊ သုဒဿီတိုင်အောင်သော သုဒ္ဓါဝါသ၄-ဘုံ၊ [ဤကား "ယေစပုထုဇ္ဇနာ"အတုတည်း။ အကနိဋ္ဌဘုံက အရိယာပြဟ္မာတို့သည် ထိုဘုံ၌ပင် အရဟတ္တမဂ်ကို ကေန်ရ၏။ ထို့ကြောင့် "မဂ်ကိုမရလတံ့သော"ဟူသော စကားနှင့် မညီသဖြင့် အကနိဋ္ဌဘုံကို မကောက်ပါ။]

မိမိ နောင်ဖြစ်အံ့—ပဋိမှစုတိတိုင်အောင်၊ ဖြစ်ပြန်အံ့—ပဋိမှ-စုတိ၏အနန္တရတိုင်အောင်ဖြစ်ထိုက်သော ..ဟု ဆိုအပ်သော ဒုက္ခတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အပါယ်လေးဘုံ၊ (ဤကား အာပါယိကာန် အရတည်း။)

၂။ ဒုက္ခ—မဂ္ဂ ၂ ပါးစုံဖြစ်လတံ့။ ။အရဟတ္တမဂ်၏ရှေ့ ဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတု ၄-ဘုံ- အပါယ်ကြဉ်သောပဉ္စ—၂၂ဘုံ၊ ဤကား ယဿ စိတ္တဿ။ ပေ။ ပဋိ လဘိဿန္တိအရတည်း။

မိမိ ... ဤဘဝ မဂ်ကို မရမူ၍ နောင်ဘဝမှ မဂ်ကိုရလတံ့သောသူဖြစ်သော်ငြား ဤဘဝအောက်မဂ်ကိုသာရ၍ နောင်ဘဝမှ အထက်မဂ်ကိုရလတံ့သောသူဖြစ်သော်ငြား ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော....ဟုဆိုအပ်သော ကျွတ်ထိုက်သော သုဂတိအဟိတ် ဒွိဟိတ်၊ တိဟိတ်ပုထုဇဉ် အောက်မဂ္ဂဋ္ဌာန်-၃၊ အောက်ဖလဋ္ဌာန် ၃-တို့အား စတု ၄-ဘုံ ကာမသုဂတိ ၇-ဘုံ။ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ (ဤကား ကြွင်းစတု-ပဉ္စမှ မဂ်ရလတံ့နှစ်ယောက်ဆိုရိုး။)

မိမိ....ဤဘဝသာ မဂ်ကိုရလတံ့သောသူဖြစ်အံ့– ပဋိသန္ဓေမှစ၍ အဆုံးစွန်ရသောမဂ်၏ ရှေ့ ဂေါတြဘူ ဝေါဒါန်၊ အရဟတ္တမဂ်၏ရှေ့ ဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော....ဟု ဆိုအပ်သော ကျွတ်ထိုက်သောတိပု၊ အောက်မဂ္ဂဋ္ဌာန်–၃၊ အောက်ဖလဋ္ဌာန် ၃-တို့အား စတု–၄ဘုံ၊ အပါယ်ကြဉ်သောပဉ္စ ၂၂-ဘုံလည်း ရ၏။ (ဤကား ပစ္ဆိမဘဝိကပုဂ္ဂိုလ်၏ ပထမပိုင်းနှင့် မဂ်မရလတံ့ စတုပုဂ္ဂိုလ်သုံးယောက်တွင် ပထမပုဂ္ဂိုလ်၏ ပထမပိုင်းတို့ ပေါင်းကောက်သောဆိုရိုး။)

၄။ နှစ်ပါးစုံပဖြစ်လတံ့။ ။ဒုက္ခမူ သမုဒယမူလီအတိုင်း ကောက်ပါ။

# သမုမ္မုလီ မဂ္ဂုမ္မုလီ

၁ ပဋ္ဌမ ဘာဝိက (ဓာတု + ပစ္စ) ပုဂ္ဂိုလ်ဘုံ - ပဋိ - ဇဥဇ ဇ ဘာ နု ဂေါ/ဓေါ မ မ မ ဘ ပဋ္ဌိ
(ပ) သ-မ (၃) မ (ဟ)x (မ) x

၂ ကြိယာ (ဓာတု + ပစ္စ) ကြိုး

(က) မဂ်ရလွှတ်
- (၁) ဤမရ, နောင်ရ
- (၂) ဤအောက်ရ, နောင်ထက်ရ

ပဋိ - - - - - - ဘာ စုတိ (သ-မ)

(ခ) မဂ်မရလွှတ် (စစ်)
- (က) ဖြစ် — ပဋိ - - - - - ဘာ စုတိ (သ)
- (ခ) မဖြစ် (၁) လောဘဓော - ပဋိ - ဇဇဇဇ ဇ ဘာ စုတိ (သ) (x)
- (၂) ဒေါ်မော-ဟု - ပဋိ - ဇဥဇဇ ဘာ စုတိ (သ) (x)

(ဂ) မဂ်မရလွှတ်(တု)
- (၁) ဤအောက် တပါးထက်
  - (က) ဖြစ် - ပဋိ - ဇဥဇ(ဇဘာနု ဂေါ/ဓေါ) မ မ မ ဘာ စုတိ (သ-မ) (x)
  - (ခ) မဖြစ် (၁) ဤာ,မြား - ပဋိ - ဇဥဇ ဇဘာနု ဂေါ/ဓေါ မ မ မ ဘာ စုတိ (သ-မ) (x)
  - (၂) ဤာ · မြား - ပဋိ - နု ဂေါ/ဓေါ မ မ မ ဘ ဇဥဇ ဇ ဘာ စုတိ (သ-မ) (သ)
- (၂) ရှေ့ အောက် တပါးထက်
  - (က) ဖြစ် - ပဋိ - - - - - ဘာ စုတိ (သ)
  - (ခ) မဖြစ် - ပဋိ - ဇဥဇဇ - - - ဘာ စုတိ (သ) (x)
- (၃) တပြိုင် အောက်ရ မိမိ မရ

(ဃ) အပါယ (အပါယ်သိကဘုန်)
- (က) ဖြစ် - ပဋိ - - - - - - ဘာ စုတိ (သ)
- (ခ) မဖြစ် (၁) လောဘဓော - ပဋိ - ဇဇဇဇဇ ဘာ စုတိ (သ) (x)
- (၂) ဒေါ်မော-ဟု - ပဋိ - ဇဥဇဇ ဘာ စုတိ (သ) (x)

၃ အသညသတ် ပုဂ္ဂိုလ်ဘုံ x

| စဉ် | ဝိဘင်းပါဠိ | သ | မ |
|---|---|---|---|
| ၁ | အဂ္ဂမဂ္ဂသမင်္ဂိနံ | × | × |
| ၂ | အရဟန္တာနံ | × | × |
| ၃ | ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ. | ။ | × |
| ၄ | အာပါယိကာနံ | ။ | × |
| ၅ | အသညသတ္တာနံ | × | × |
| ၆ | ယဿ စိတ္တဿ။ပေ။ပဋိလဘိဿန္တိ | × | ။ |
| ၇ | ယေ စဉ္စေ ဂ္ဂံမ ပဋိလဘိဿန္တိ | × | ။ |
| ၈ | ယေ မဂ္ဂံ ပဋိလဘိဿန္တိ | ။ | ။ |

## အရကောက်ဆိုရိုး

**သမုဒယ ဖြစ်လတံ့။** ။မိမိ—နောင်ဖြစ်အံ့—ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့–ပဋိသန္ဓေမှစ၍ စတုတ္ထဇောတိုင်အောင်၊ဒေါသမူ မောဟမူ မဟာကုသိုလ်ဇောဖြစ်အံ့—ပဋိသန္ဓေမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော—ဟုဆိုအပ်သော ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အပါယ် ၄-ဘုံ၊(ဤကား အပါယိကာနံ အရ သမုဒယ ဖြစ်လတံ့အပိုင်း ဆိုရိုးတည်း။ ဆိုရိုးတခုပြီးလျှင် ဝီထိတကြိမ်ပြန်ကြည့်ပါ။)

မိမိ ...မဂ်ကို မရလတံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်အံ့—ပဋိမှ စုတိ၊ မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့—ပဋိမှ စတုတ္ထဇောတိုင်အောင်၊ ဒေါသမူ မောဟမူ မဟာကုသိုလ်ဇောဖြစ်အံ့—ပဋိမှ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော...ဟုဆိုအပ်သော မကျွတ်ထိုက် ကျွတ်ထိုက်သော သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား စတု ၄-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ ဝေ တိုင်-ရူပ-၁၀ ဘုံ၊(ဤကား မင်မရလတံ့ အစင်တည်း။)

မိမိ... ဤဘဝသာ အောက်မဂ်ကို ရ၍ တပါးဘုံမှာမှ အထက်မဂ်ကို ရ၍ ပရိ-တို့တွင် ဤဘုံ၌ နောင်ဖြစ်အံ့-အဆုံးစွန်သော မဂ်မှစ၍ စုတိတိုင်အောင်၊ မဖြစ်....တို့အား မဂ်ရပြီးမှ တဏှာဥပါဒ်သသူဖြစ်အံ့-အဆုံးစွန်သောမဂ်မှစ၍ အဆုံးစွန်သောတဏှာ၏ အနန္တတိုင်အောင် ဖြစ်ထိုက်သော....ဟုဆိုအပ်သော အောက်မဂ္ဂဋ္ဌာန် ၃၊ အောက်ဖလဋ္ဌာန် ၃-ယောက်။

မိမိ....ရှေးဘဝကသာ အောက်မဂ်ကို ရ၍ တပါးဘုံမှာမှ အထက်မဂ်ကို ရ၍ ပရိ-တို့တွင် ဤဘုံ၌ နောင်ဖြစ်အံ့-ပဋိမှ စုတိတိုင်အောင်၊ မဖြစ်-အံ့၊ ပဋိမှ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော....ဟုဆို အပ်သော အောက်ဖလဋ္ဌာန် ၃၊ ဤပုဂ္ဂိုလ်တို့အား အာကိဉ္စညာယတနတိုင် အောင်သော စတု ၃-ဘုံ၊ကာမသုဂတိ ၇-ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူပ ၉-ဘုံ။

တပါးဘုံကသာ အောက်မဂ်ကို ရ၍ မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကို မရလတံ့ သောပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင် ဖြစ်အံ့-ပဋိမှ စုတိတိုင်အောင်၊ မဖြစ်အံ့-ပဋိမှ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော-ဟု ဆိုအပ်သော အောက်ဖလဋ္ဌာန် ၃-တို့အား စတု ၃-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူပ ၉-ဘုံ၊ သုဒ္ဓါဝါသတိုင်အောင်သော သုဒ္ဓါ ၄ ဘုံ ရ၏။ (ဤကား မဂ်မရလတံ့ အတုတည်း။)

**၂။ မဂ်သာ ဖြစ်လတံ့။** ။အရဟတ္တမဂ်၏ရှေ့ဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ မိမိ—ဥ—ဤဘဝသာ မဂ်ကိုရလတံ့၊ ဤဘုံ၌ နောင်မဖြစ်ပြန်လတံ့သော ပုဂ္ဂိုလ်တို့ အား မဂ်ရပြီးမှ တဏှာ မဥပါဒ်သသူဖြစ်အံ့-အဆုံးစွန်သော တဏှာမှစ၍ အဆုံးစွန်ရသောမဂ်၏ရှေ့ ဂေါတြဘူ ဝေါဒါန်, အရဟတ္တမဂ်၏ရှေ့ ဝေါဒါန် ၏အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော-ဟုဆိုအပ်သော တိပုံ အောက်မဂ္ဂဋ္ဌာန် ၃၊ အောက်ဖလဋ္ဌာန် ၃၊ ဤပုဂ္ဂိုလ်တို့အား စတု ၄-ဘုံ၊ အပါယ်ကြဉ် ပဉ္စ ၂၂-ဘုံ ရ၏။ (ဤကား ပစ္ဆိမဘဝိက ဒုတိယပိုင်းနှင့် မဂ် မရလတံ့ အတု(၁)ပုဂ္ဂိုလ်မဖြစ်ပြန် တဏှာမခြားသူ ဒုတိယပိုင်း ဆိုရိုးတည်း။)

၃။ **သမု-မဂ္ဂ ၂-ပါးစုံဖြစ်လတံ့။** ။မိမိ—၌ ဤဘဝ မဂ်မရမူ၍ နောင်ဘဝမှ မဂ်ရလတံ့သောသူ ဖြစ်သော်ငြားလည်း ဤဘဝမှာ အောက်မဂ်ကိုသာရ၍ နောင်ဘဝမှ အထက်မဂ်ကို ရလတံ့သောသူ ဖြစ်သော်ငြားလည်း ပဋိမှ စုတိတိုင်အောင် ဖြစ်ထိုက်သော—ဟု ဆိုအပ်သော ကျွတ်ထိုက်သော သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ပုထုဇဉ်၊ အောက်မဂ်ဋ္ဌာန် ၃၊ အောက်ဖလဋ္ဌာန် ၃-တို့အား စတု ၄-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ ဝေ—တိုင် ရူပ ၁၀-ဘုံ။ (ဤကား မဂ်မရလတံ့ပုဂ္ဂိုလ် ဆိုရိုးတည်း။)

မိမိ—၌ ဤဘဝသာ မဂ်ကိုရလတံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်သော်ငြားလည်း မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မဂ်ရပြီးမှ တဏှာဥပါဒ်သသူဖြစ်အံ့—ပဋိမှ အဆုံးစွန်ရသော မဂ်၏ရှေ့ ဂေါတြဘူ ဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သော—ဆိုအပ်သော ကျွတ်ထိုက်သော တိပု၊ အောက်မဂ္ဂဋ္ဌာန် ၂၊ အောက်ဖလဋ္ဌာန် ၂-တို့အား စတု ၄-ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူပ ၉-ဘုံ။ (ဤကား မဂ်မရလတံ့ (၁) ပုဂ္ဂိုလ်၏ တဏှာခြားသူ(ပ)ပိုင်း ဆိုရိုးတည်း။ ဤ၌ မဂ်ဘပါးကို ရပြီးမှ တဏှာဖြစ်သူကို ဆိုလို၏။ မဂ်ကို ရပြီးနောက် တဏှာမဖြစ်ကြတော့၍ အနာဂါမိမဂ္ဂဋ္ဌာန်နှင့် အရဟတ္တဖလဋ္ဌာန်တို့ကို မကောက်ပါ။)

မဂ်ရပြီးမှ တဏှာမဥပါဒ်သသူဖြစ်အံ့—ပဋိမှ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော—ဟုဆိုအပ်သော ကျွတ်ထိုက်သော တိပု၊ အောက်မဂ္ဂဋ္ဌာန် ၃၊ အောက်ဖလဋ္ဌာန် ၃-တို့အား စတု ၄-ဘုံ၊ အပါယ်ကြဉ် ပဉ္စ ၂၂-ဘုံရ၏။ (ဤကား ပစ္ဆိမဘဝိက ပထမပိုင်းနှင့် မဂ်မရလတံ့ အတု (၁)ပုဂ္ဂိုလ် ဖြစ်ပြန် ပထမပိုင်း၊ မဖြစ်ပြန် တဏှာမခြား ပသမပိုင်း ဆိုရိုးတည်း။)

၄။ **၂ပါးစုံ မဖြစ်လတံ့။** ။(က) အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား စတု ၄-ဘုံ၊ အပါယ်ကြဉ် ပဉ္စ ၂၂-ဘုံ။

(ခ) မိမိ———နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့—ပဌမဇောမှစ၍ စုတိကိုင်အောင်၊ ဒေါ မော မဟာကုသိုလ်ဇောဖြစ်အံ့—အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော ဟုဆိုအပ်သောဒုဂ္ဂတိအဟိတ် ပုတုဇဉ်ပုဂ္ဂိုလ်တို့အား အပါယ် ၄- ဘုံ၊(ဤကား အာပါယိကာနံ၏ ကြက်ခြေသင်္ကေတပြ အကြွင်းပိုင်းတည်း။)

(ဂ) မိမိ—မဂ်ကို မရလတံ့သော ပုဂ္ဂိုလ်တို့တွင် ဤဘုံ၌ နောင်မဖြစ်လတံ့သော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောသည်ဖြစ်အံ့—ပဌဇောမှစ၍ စုတိတိုင်အောင်၊ ဒေါ မော မဟာကုဇောဖြစ်အံ့—အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင်—ဟုဆိုအပ်သော မကျွတ်ထိုက် ကျွတ်ထိုက် သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား စတု ၄-ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ ဝေ– တိုင်အောင် ရူပ ၁၀-ဘုံ။ (ဤကား မဂ်မရလတံ့ အစစ် မဖြစ်ပြန်(×)ကြက်ခြေပြ အပိုင်းတည်း။)

(ဂ) မိမိ—ဤဘဝသာ အောက်မဂ်ကိုရ၍ ပရိ- ပြုလတံ့ ဤဘုံ၌ နောင် မဖြစ်လတံ့သော ပုဂ္ဂိုလ်တို့အား မဂ်ရပြီးမှ တဏှာ မဥပါဒ်သသူဖြစ်အံ့–အဆုံးစွန်သော မဂ်မှစ၍ စုတိတိုင်အောင်၊ ဥပါဒ်သသူ ဖြစ်အံ့– အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင် အောက်မဂ္ဂဋ္ဌာန်–၃၊ အောက်ဖလဋ္ဌာန် –၃၊ (ဤကား မဂ်မရလတံ့ အတု (၁)ပုဂ္ဂိုလ်၏ ကြက်ခြေပြအပိုင်း။)

(ဃ) မိမိ ....ရှေ့ဘဝကသာ .. ပရိ– ပြုလတံ့, ဤဘုံ၌ နောင်မဖြစ်ပြန်လတံ့သောသူ ဖြစ်အံ့—အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင် အောက်ဖလဋ္ဌာန်–၃၊ ဤပုဂ္ဂိုလ်တို့အား အာကိဉ္စညာယတနတိုင်အောင်သော စတု-၃ဘုံ၊ ကာမသုဂတိ· ၇ဘုံ၊သုဘကိဏှာ တိုင်အောင်သော ရူပါဝစရ ၉ ဘုံ၊(ဤကား မဂ်မရလတံ့သူ အတု(၂)ပုဂ္ဂိုလ်၏ ကြက်ခြေပြ အပိုင်း။)

( င) တပါးဘုံကသာ အောက်မဂ်ကိုရ၍ မိမိ ဖြစ်ခိုက်သော ဘုံ၌ မဂ်ကို မရလတံ့, ဤဘုံ၌ နောင်မဖြစ်ပြန်လတံ့သောသူဖြစ် အံ့— အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင်.. အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား အာကိဉ္စညာ ယတနတိုင်အောင် စတု-၃ဘုံ၊ ကာမသုဂတိ ၇-ဘုံ၊ သုဘကိဏှာတိုင်အောင် သော ရူပါဝစရ ၉-ဘုံ၊သုဒ္ဓဿီတိုင်အောင်သော သုဒ္ဓါ ၄-ဘုံ၊(ဤကား မဂ်မရ လတံ့ အတု(၃)ပုဂ္ဂိုလ်ကြွက်ခြေပြအပိုင်း။)

အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့ အား အသညသတ်ဘုံရ၏။

**ပုထုဇ္ဇနာအရအထူး။** ။"ယေ စ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ" ဟူသော ပါဠိသည် ခန္ဓယမိုက် ပရိညာဝါရ၌သည်း ပါ၏။ ဤသစ္စယမိုက် အနာဂတဝါရမှာလည်း ပါ၏။ ထိုပုထုဇ္ဇနာ ၂-ပုဒ်အရ အဘယ်သို့ ထူးပါသနည်းဟုမေး။

အဖြေကား—ခန္ဓယမက ပရိညာဝါရသည် ပဝတ္တိစိတ္တက္ခဏ၏ အစွမ်း ဖြင့် ဟောရာဖြစ်သောကြောင့် ထိုဝါရပုထုဇ္ဇနာအရ ဤဘဝတွင် မဂ်မရလတံ့ သော ပုဂ္ဂိုလ်ကို ယူရမည်။ သစ္စယမက ပဝတ္တိဝါရကား ပဋိသန္ဓေ ပဝတ္တိ စုတိတို့၏ အစွမ်းဖြင့် ပိုင်းခြား၍ ဟောရာဖြစ်သောကြောင့် ဘယ်တော့မှ (ဘယ်ဘဝမှ) မဂ်မရနိုင်သောပုဂ္ဂိုလ်ကို "ပုထုဇ္ဇနာ" အရယူရပါသည်။

အနာဂတဝါရ ပြီး၏။

## မိဿကဝါရများ

သူတပါးတို့အား ပို့ချလိုသူ ဆရာဖြစ်လေ့လာလိုသူ အဆင့်မြင့်မြင့်ဖြင့် အောင်ပန်းကို ဆွတ်လှမ်းလိုသူတို့လွယ်လင့်တကူကြည့်ရှုလေ့လာနိုင်ရန် မိဿကဝါရ (ဝါရတွဲ)များကို ပြပါဦးမည်။ သို့သော် သုဒ္ဓဝါရများ ပိုင်လျှင် မိဿကဝါရများလည်း ကောက်နိုင်လောက်ပြီ ဖြစ်၍ရှင်း ကျမ်းလေးမည် စိုး၍ရှင်း အရကောက်ကိုမပြတော့ပဲ ဝိဘင်းဇယားကိုသာပြပါတော့မည်။

### ပစ္စုပ္ပန္နာတီတဝါရ

#### ပုဂ္ဂလ

| စဉ် | ဝိဘင်းပါဠိ | | |
|---|---|---|---|
| ၁ | အနုဘိသမေတာဝိနံ | ဥ | စ |
| ၂ | အနဘိသမေတာဝိနံ တတ္ထာယ | ဥ | ဘ |
| ၃ | တတ္ထာဝိပ္ပယုတ္တမိစ္ဆော ဝတ္တမာနေ | ဥ | ဘ |
| ၄ | အဘိသမေတာဝိနံ | ဥ | စ |
| ၅ | အဘိသမေတာဝိနံ တတ္ထာယ | ဥ | ဘ |
| ၆ | တတ္ထာဝိပ္ပယုတ္တမိစ္ဆော ပတ္တမာနေ | ဥ | ဘ |
| ၇ | အသညသတ္တာနံ | ဥ | စ |
| ၈ | အရူပေ မဂ္ဂဿ စ ဖလဿ စ | ဥ | ဘ |

**ရ။ – မရ သစ္စာ။** ။အရူပ မဂ်ဖိုလ်၏ ဥပ္ပါဒက္ခဏသမင်္ဂီ ပုဂ္ဂိုလ်မှ တပါးသော ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာဖြစ်ဆဲ၊ ဘင်္ဂက္ခဏသမင်္ဂီပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာချုပ်ဆဲ၊ တဏှာ၏ ဥပ္ပါဒက္ခဏ သမင်္ဂီပုဂ္ဂိုလ်တို့အား သမုဖြစ်ဆဲ၊ ဘင်္ဂက္ခဏသမင်္ဂီပုဂ္ဂိုလ်အား သမုချုပ်ဆဲ၊ ပုဂ္ဂိုလ်တိုင်း သမုဖြစ်ဖူး ချုပ်ဖူးရကြ၏။ မဂ္ဂဖြစ်ဖူး၊ ချုပ်ဖူးကား အဘိသမေ တာဝီပုဂ္ဂိုလ်တို့သာ ရသည်။ အနဘိသမေတာဝီတို့မရ၊ ထိုအနဘိသမေတာဝီ တွင် အသညသတ်ပါသည်ဟုမှတ်၊ သမုမူ မဂ္ဂမူလီ၌ နိရောဓသမာပန္နပုဂ္ဂိုလ်ကို ထည့်ဟောပါ။ ထိုပုဂ္ဂိုလ်သည် မဂ္ဂသာဖြစ်ဖူး၊ သမုဒယဖြစ်ဆဲမရ။

## ဝိဘင်းလမ်းညွှန်

(က) ၁၊၄၊၇ တို့အရတူလျှင် —သဗ္ဗေသံ ဥပပဇ္ဇန္တာနံ၊ (စဝန္တာနံ)။
( ခ ) ၁-နှင့် ၇-အရတူလျှင် —အနဘိသမေတာဝီနံ ဥပပဇ္ဇန္တာနံ(စဝန္တာနံ)။
(ဂ) ၂-နှင့်၃ ။ —ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ။(ဘင်္ဂက္ခဏေ)။
(ဃ) ၅-နှင့် ၆-၊ သို့မဟုတ် ၂၊၃၊၅၊၆ အရတူလျှင်လည်း ထိုနည်းအတူထုတ်။
(င) (ဂ) ၏ ဥပ္ပါဒက္ခဏသည် ၅၊၆ တို့၏ ဥပ္ပါဒက္ခဏနှင့် အရတူလျှင် ဝိဘင်း သီးခြားမထုတ်၊ မတူလျှင် ထုတ်သည်။ ဘင်္ဂက္ခဏလည်းနည်းတူသိလေ။

## ပုဂ္ဂလောကာသဝါရ

### ဒုက္ခမူ—သမုမူလီ

| စဉ် | ဝိဘင်းပါဠိ | | |
|---|---|---|---|
| ၁ | သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ | ဥ | ဘ |
| ၂ | ဇာတရေယံ စတုဝေါကာရ ပဉ္စဝေါကာရ | ဥ | စ |
| ၃ | ပဝတ္တေ စိတ္တဿ | ဥ | ဘ |
| ၄ | အရူပေ မဂ္ဂဿ စ ဖလဿ စ | ဥ | ဘ |
| ၅ | အသညသတ္တ | ဥ | စ |

**ရ— မရသစ္စာ**။ ။သုဒ္ဓါဝါသ ဥပပတ္တိစိတ်၏ ဥပ္ပါဒက္ခဏသည် ဒုက္ခသာ ဖြစ်ဆဲ၊ဘင်္ဂက္ခဏသည် ဒုက္ခချုပ်ဆဲ၊သမုဖြစ်ဖူး၊ချုပ်ဖူးမရ၊ စတု-ပဉ္စ ဥပပဇ္ဇန္တ ပဝတ္တိစိတ်၏ ဥပ္ပါဒက္ခဏသည် ဒုက္ခဖြစ်ဆဲ၊ သမုဖြစ်ဖူး၊ ချုပ်ဖူး၊ ဘင်္ဂက္ခဏဒုက္ခချုပ်ဆဲ၊ သမုဖြစ်ဖူး၊ ချုပ်ဖူး၊ အရူပမဂ်ဖိုလ်သည် ဒုက္ခပရ၊ သမုသာ ရ၏။ အသညသတ်ကား ဒုက္ခသာ ရသည်။ အရူပဥပ္ပါဒက္ခဏသည် ပဝတ္တိစိတ်၏ ဥပ္ပါဒက္ခဏနှင့် အရတူလျှင် ဝိဘင်းသီးခြားမထုတ်၊ ဘင်္ဂက္ခဏ လည်းနည်းတူ။

## ဒုက္ခမူ မဂ္ဂမူလီ

| စဉ် | ဝိဘင်းပါဠိ | | |
|---|---|---|---|
| ၁ | သုဒ္ဓါဝါသာန် ဥပပဇ္ဇိစိတ္တဿ | ဥ | ဘ |
| ၂ | အနဘိသမေတာဝိန် | ဥ | စ |
| ၃ | ပဝတ္တေ စိတ္တဿ | ဥ | ဘ |
| ၄ | အဘိသမေတာဝိန် | ဥ | စ |
| ၅ | ပဝတ္တေ စိတ္တဿ | ဥ | ဘ |
| ၆ | အရူပေ မဂ္ဂဿ စ ဖလဿ စ | ဥ | ဘ |
| ၇ | အသညသတ္တာနံ | ဥ | စ |

ရ —မရသစ္စ။ ၁၊၂၊၃ တို့သည် ဒုက္ခသာရ၍ မဂ်မရ။ ၄၊၅ တို့ကား
ဒုက္ခရောမဂ်ပါရ၏၊ ၆-ကား ဒုက္ခမရ၊ မဂ်သာတည်း။ဥပ္ပဇ္ဇန္တိ,
ဥပ္ပါဒက္ခဏ၌ ဒုက္ခဖြစ်ဆဲ၊စဝန္တိ ဘင်္ဂက္ခဏ၌ ဒုက္ခချုပ်ဆဲ ရသည်ဟုဆိုလိုသည်။

## သမုဒ္ဒမူ မဂ္ဂမူလီ

| စဉ် | ဝိဘင်းပါဠိ | | |
|---|---|---|---|
| ၁ | သုဒ္ဓါဝါသာန် ဒုတိယေ စိတ္တေ ဝတ္တမာနေ | | |
| ၂ | အနဘိသမေတာဝိန် တဏှာယ | ဥ | ဘ |
| ၃ | တဏှာဝိပ္ပယုတ္တစိတ္တေ ဝတ္တမာနေ | ဥ | ဘ |
| ၄ | အဘိသမေတာဝိန် တဏှာယ | ဥ | ဘ |
| ၅ | တဏှာဝိပ္ပယုတ္တစိတ္တေ ဝတ္တမာနေ | ဥ | ဘ |
| ၆ | အသညသတ္တာနံ | ဥ | ဘ |

ရ-မရ သစ္စ။ ။သုဒ္ဓါဝါသ ဒုတိယစိတ်သည် ၂-ပါးစုံမရ၊ အနုတ္တိ တကျ၏ ဥပ္ပါဒက္ခဏသည် သမုသာရ၏။ ဘင်္ဂက္ခဏ တကျဝိပ္ပယုတ္တစိတ်တို့ကား ၂-ပါးစုံမရ၊ အဘိတကျ၏ဥပ္ပါဒက္ခဏသည် ၂-ပါးစုံ ရ၏။ ဘင်္ဂက္ခဏနှင့် တကျဝိပ္ပယုတ္တစိတ်တို့ကား မဂ္ဂသာတည်း။ အသညသတ် လည်း ၂-ပါးစုံမရ၊ (နိရောဓဝါရ၌ ဥပ္ပါဒက္ခဏနေရာ ဘင်္ဂက္ခဏ၊ ဘင်္ဂက္ခဏ နေရာဝယ် ဥပ္ပါဒက္ခဏပြောင်းရုံသာ။)

ပစ္စုပ္ပန္နာတီတဝါရပြီး၏။

## ပစ္စုပ္ပန္နဲ့ အနာဂတ် ဝါရ၊ ပုဂ္ဂလ

### ဒုက္ခမူ—သမုမူလီ

| စဉ် | စိတ်အင်းပါဋ္ဌ | | |
|---|---|---|---|
| ၁ | အဂ္ဂမဂ္ဂသ | ဉ | ဘ |
| ၂ | အရဟာန္တာနံ စိတ္တသ | ဉ | ဘ |
| ၃ | ယသ။ပေ။ပဋိလဘိသန္တိ၊တသ စိတ္တသ | ဉ | ဘ |
| ၄ | (ဣတရေသံ) သဗ္ဗေသံ | ဉ | ဘ |
| ၅ | ပဝတ္တေ စိတ္တသ | ဉ | ဘ |
| ၆ | အရူပေ မဂ္ဂဿ စ ဖလဿ စ | ဉ | ဘ |
| ၇ | အရူပေ အဂ္ဂမဂ္ဂသ စ ဖလဿ စ | ဉ | ဘ |

**ရ-မရ သစ္စ ၁။** ။အဂ္ဂမဂ္ဂ အရဟန္တာနံ ယဿ စိတ္တဿ တို့၏ ဥပ္ပါဒက္ခဏသည် ဒုက္ခသာဖြစ်ဆဲ သမုဖြစ်လတ္တံ့ မရ၊ ဘင်္ဂက္ခဏကား ဒုက္ခလည်းဖြစ်ဆဲမဟုတ်၊ သမုလည်း ဖြစ်လတ္တံ့မဟုတ်၊ သဗ္ဗေသံ ဥပပဇ္ဇန္တာနံနှင့် ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏတို့သည် ဒုက္ခလည်းဖြစ်ဆဲ၊ သမုလည်းဖြစ်လတ္တံ့၊ ဘင်္ဂက္ခဏကား သမုသာဖြစ်လတ္တံ့၊ အရူပ မဂ္ဂဖလ၏ ဥပ္ပါဒက္ခဏ ဘင်္ဂက္ခဏသည် ဒုက္ခဖြစ်ဆဲမဟုတ်၊ သမုသာဖြစ်လတ္တံ့၊ အရူပအဂ္ဂမဂ္ဂဖလ၏ ဥပ္ပါဒက္ခဏ ဘင်္ဂက္ခဏသည် ဒုက္ခလည်းဖြစ်ဆဲမဟုတ်၊သမုလည်း ဖြစ်လတ္တံ့မဟုတ် (၁၊ ၂၊ ၃-တို့က တဖက်ရဖြစ်လျှင် ၄-ကို ဣတရေသံဟုဆို၊ ၆၊ ၇၊ တို့ကို ဥပ္ပါဒ-ဥပ္ပါဒနိရောဓဝါရတို့၌ ဥပ္ပါဒက္ခဏ၊ နိရောဓဝါရ၌ဘင်္ဂက္ခဏကို သီးခြားထုတ်သည်။ ပုဂ္ဂလောကာသဝါရ၌ သဗ္ဗေသံနေရာဝယ် "စတုဝေါကာရ ပဉ္စဝေါကာရ"ဟု ပြောင်း၍နောက်ဆုံးက အသညသတ္တ ဥ-စ ထည့်၍ဟောပါ၊ အမိပ္ပါယ်မခက်ပြီ။

## ဒုက္ခမူ၊ မဂ္ဂမူလိ

| စဉ် | စိဘင်းပါဠိ | | |
|---|---|---|---|
| ၁ | အဂ္ဂမဂ္ဂဿ | ဥ | ဘ |
| ၂ | အရဟတ္တဘာနံ စိတ္တဿ | ဥ | ဘ |
| ၃ | ယဿ စိတ္တဿ။ ပေ။ တဿ စိတ္တဿ | ဥ | ဘ |
| ၄ | ယေ စဇ္ဈေ။ ပေ။ ပဋိလဒ္ဓိဿန္တိ၊ တေသံ | ဥ | ဘ |
| ၅ | ပဝတ္တေ စိတ္တဿ | ဥ | ဘ |
| ၆ | (အာပါယိ ဘာနံ) ယေ စ ပုထုဇ္ဇနာ။ပေ။ န ပဋိလဒ္ဓိဿန္တိ တေသံ | ဥ | ဘ |
| ၇ | ပဝတ္တေ စိတ္တဿ | ဥ | ဘ |
| ၈ | အရူပေ မ[illegible]ဿ စ ဖလဿ စ | ဥ | ဘ |
| ၉ | အရူပေ အဂ္ဂမဂ္ဂဿ စ ဖလဿ စ | ဥ | ဘ |
| ၁၀ | (အသညသတ္တ) | ဥ | ဘ |

ရ-မရ သစ္စာ။ ၊၁၊၂၊၆၊၇၊ တို့၏ ဥသည် ဒုက္ခသာဖြစ်ဆဲ မဂ္ဂဖြစ်လတ္တံ့ မဟုတ်၊ ထိုတို့၏ ဘ-စတို့နှင့် ၉-အားး ဒုက္ခလည်းဖြစ်ဆဲ မဟုတ်၊ မဂ္ဂလည်းဖြစ်လတံ့ မဟုတ်၊ ၃၊၄၊၅-တို့၏ ဥတို့သည် ဒုက္ခလည်းဖြစ်ဆဲ မဂ္ဂလည်း ဖြစ်လတံ့။ ထိုတို့၏ ဘ-စတို့နှင့် ၈-သည်လည်း မဂ္ဂသာ ဖြစ်လတံ့၊ လက်သည်းကွင်းအတွင်း ပုဂ္ဂိုလ်တို့ကို ပုဂ္ဂလောကာသဝါရရောက်မှ ထည့် ဟောရပါမည်။

## သမ္မုမ္မ မဂ္ဂမ္မလီ

| စဉ် | ဝိဘင်းပါဠိ | | |
|---|---|---|---|
| ၁ | အင္ဂမဂ္ဂဿ | ဥ | ဘ |
| ၂ | အရဟန္တာနံ စိတ္တဿ | ဥ | ဘ |
| ၃ | ယဿ၊ ယေ စဉ္ဆေ။ ပေ။ တေသံ တတ္ထာယ | ဥ | ဘ |
| ၄ | တတ္ထာဝိပ္ပယုတ္တစိတ္တေ ဝတ္တမာနေ | ဥ | ဘ |
| ၅ | ယေ မဂ္ဂံ ပဋိလာဘိဿန္တိ၊ တေသံ တတ္ထာယ | ဥ | ဘ |
| ၆ | တတ္ထာဝိပ္ပယုတ္တစိတ္တေ ဝတ္တမာနေ | ဥ | ဘ |
| ၇ | (အာပါယိကာနံ)ယေ စ ပုထုဇ္ဇနာ။ ပေ။ တေသံ တတ္ထာယ | ဥ | ဘ |
| ၈ | တတ္ထာဝိပ္ပယုတ္တစိတ္တေ ဝတ္တမာနေ | ဥ | ဘ |
| ၉ | နိရောဓသမာပန္နာနံ(အသညသတ္တာနံ) | | |

အမှာ။ ။ရ-မရသတ္တာတို့ကို ဒုက္ခမူ မဂ္ဂမူလီနည်းမှီ၍ စဉ်းစားပါ။ နိရောဓ သမာပန္နအရ မဂ္ဂသတ္တာဖြစ်လတံ့ဖြစ်သော အနာဂါမ်ကိုသာယူပါ။ ရဟန္တာကားအရဟန္တာနံအရ၌ပါပြီးဖြစ်သည်။၃နှင့်၅-အရတူလျှင်၃-ကိုဝိဘင်း သီးခြားမထုတ်သကဲ့သို့ ၄-နှင့် ၆- အရတူလျှင်လည်း ၆-ကို ဝိဘင်းသီးခြား မထုတ်ပါ။ (ပုဂ္ဂလောကာသဝါရ၌ နိရောဓသမာပန္နကိုဖြုတ်၍ ကွင်းအတွင်းရှိ ပုဂ္ဂိုလ်တို့ကို ပြောင်းထည့်ဟောရုံသာ။

ပစ္စုပ္ပန္နာနာဂတဝါရပြီး၏။

## အတီတာနာဂတဝါရ

### ပုဂ္ဂလ

ဤပုဂ္ဂလဝါရကို အနာဂတပုဂ္ဂလဝါရ ဗေယျာကြည့်ဟောပါ။ ပုဂ္ဂိုလ်တိုင်း ဒုက္ခသစ္စာ သမုဒယသစ္စာများဖြစ်ဖူးကြ၊ ချုပ်ဖူးကြသည်။ ဖြစ်လတံ့ ချုပ်လတံ့ ရ-မရကို အနာဂတဝါရအတိုင်းသိပါ။ ဝိဘင်းနှင့် အရကောက်မှာလည်း ထိုဝါရအတိုင်းသာတည်း။

### ပုဂ္ဂလောကာသ

#### ဒုက္ခမူ သမုမူလီ

| စဉ် | ဝိဘင်းပါဠိ | ဥ | သ |
|---|---|---|---|
| ၁ | သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ | × | ။ |
| ၂ | အဂ္ဂမဂ္ဂသမင်္ဂီနံ | ။ | × |
| ၃ | အရဟန္တာနံ | ။ | × |
| ၄ | ယဿ စိတ္တဿ၊ ပေ၊ ပဋိလဘိဿန္တိ | ။ | × |
| ၅ | ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ | ။ | ။ |
| ၆ | အသညသတ္တာနံ | ။ | × |

#### ဒုက္ခမူ မဂ္ဂမူလီ

<table>
<tr><th>စဉ်</th><th>ဝိဘင်းပါဠိ</th><th>ဒု</th><th>မ</th></tr>
<tr><td>၁</td><td>သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ</td><td>×</td><td>။</td></tr>
<tr><td>၂</td><td>အဂ္ဂမဂ္ဂသမင်္ဂီနံ</td><td>။</td><td>×</td></tr>
<tr><td>၃</td><td>အရဟန္တာနံ</td><td rowspan="2">။</td><td rowspan="2">×</td></tr>
<tr><td rowspan="2">၄</td><td>ယဿ စိတ္တဿ။ ပေ။ ယေ စ ညေ။ ပေ။</td></tr>
<tr><td>ပဋိလဘိဿန္တိ</td><td rowspan="2">။</td><td rowspan="2">။</td></tr>
<tr><td rowspan="2">၅</td><td>ယေ စ ပုထုဇ္ဇနာ။ ပေ။ န ပဋိလဘိဿန္တိ</td></tr>
<tr><td>အာပါယိကာနံ</td><td>။</td><td>×</td></tr>
<tr><td>၆</td><td>အသညသတ္တာနံ</td><td>။</td><td>×</td></tr>
</table>

**အမှာ**။ ။သမုမ္မ မဂ္ဂမူလိ၌ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံနေရာဝယ်"သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ"ဟုပြောင်းလဲထည့်၍ ဟောရိုးသာ၊နိရောဓဝါရ၌ အဂ္ဂမဂ္ဂသမင်္ဂီနံ နေရာဝယ် အဂ္ဂမဂ္ဂဿ ဥပ္ပါဒက္ခဏ ဘင်္ဂက္ခဏေဟုခွဲ၍ ဟောပါ။ထိုတွင်ဥပ္ပါဒက္ခဏသည် မဂ္ဂသစ္စာချုပ် တံ့၊ဘင်္ဂက္ခဏကား မဟုတ်။

အတီတာနာဂတဝါရပြီး၏။

**မဝတ္တိဝါရပြီး၏။**

---

## ပရိညာဝါရ

ပုဂ္ဂိုလ်ကို ခန္ဓယမိုက် ပရိညာဝါရအတိုင်း ၄-မျိုး ခွဲမှတ်ပါ၊ ထိုတွင် "အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိဆဲ၊ သမုဒယသစ္စာကို ပယ်ဆဲ၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်သည် သိဖူးပြီး, ပယ်ပြီး၊ ကျွတ်ထိုက်သော ပုထုဇဉ်, အောက် မဂ္ဂဋ္ဌာန် ၃, အောက် ဖလဋ္ဌာန် ၃တို့သည် သိလတံ့, ပယ်လတံ့၊ မကျွတ်ထိုက်သော ပုထုဇဉ်သည် မသိလတံ့, မပယ်လတံ့"

**ဒုက္ခနှင့်သမုဒယသာ**။ ။ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့သည် လောကီတရားများဖြစ်၍ ပရိညာကိစ္စ ရအပ်သောကြောင့် ပရိညာဝါရ၌ ဤသစ္စာ ၂-ပါးကိုသာ ဟောတော်မူသည်။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့ကား လောကုတ္တရာ များဖြစ်၍ ပရိညာကိစ္စ မရနိုင် သောကြောင့် ဟောတော်မမူပါ၊ ထို ပရိညာဝါရ၌ ဒုက္ခသစ္စမူ သမုဒယသစ္စမူလီယမက တခုသာ ရပါသည်။

ပရိညာဝါရပြီး၏။

**သစ္စယမိုက်ပြီးပြီ။**

---

# နောက်ဆက်တွဲ

## ကောဋ္ဌာသတင်နည်း

### ၁။ အာမန္တာ—ပါဠိဂတိဝိဘင်း

[ဆောင်] ဟေတုမြန်မာ, လက္ခဏာနှင့်, အဇ္ဈာသယ, အမေးပြုလျက်, ဟိတ်ပြ ဖြေကာ, ခုနှစ်ဖြာကား, ပစ္စာပဌေ, အာမန္တေတဲ့, တစ္ဆေကြောင်း ပြ, ကည်ပြီးမှလျှင်, ဟိတ်ပြမြန်မာ, လက္ခဏာနှင့်, အာသယာမေး, ပုစ္ဆာမေးလျက်, နှ-အင်္ဂခေ့, ချုပ်ချက်ခဲ့ဖြသည်၊ ပုဒ်ရ ပါဠိဝိဘင်း တည်း။

### (က) အာမန္တာဝိဘင်း—ပဋိဝစနဝိသဇ္ဇနာ၊ ပစ္စာပဌာ

၁။ ဟေတု=ထိုသို့ရသောကြောင့်

၂။ မြန်မာ=“အကြင်သို့သဘောရှိကုန်သော ကုသိုလ်ဟုဆိုအပ်သော မူလမည် ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်သလော”ဟု

၃။ လက္ခဏာနှင့်=မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိခြား သော်လည်း

၄။ အဇ္ဈာသယ=ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍

၅။ အမေ ပြုလျက်=အမေးလေးပါးတို့တွင် ပစ္ဆိမကောဋ္ဌာသ၏ အရနှင့်တူ သော ပစ္စာပဌာဖြင့် မေးတော်မူသည်အားလျော်က် ပတ်စွာ

၆။ ဟိတ်ပြ=ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သော တရားတို့သည် ကုသိုလ်မည်သည်သာလျှင်ဖြစ်သောကြောင့်

၇။ ဖြေကာ=သန္နိဋ္ဌာန်ပုဒ်၏ အရကို ဝန်ခံသောအားဖြင့် အဖြေငါးပါးတို့ တွင် “အာမန္တာ”ဟု ပဋိဝစနဝိသဇ္ဇနာဖြင့် ဖြေတော်မူ၏။

(ကောက်နှာ ၂၄)၊

## (ခ)ပါဠိဂတိဝိဘင်း– ပါဠိဂတိဝိဘဇ္ဇနာ၊ ပုရေပဉှာ၊

၁။ တထွေကြောင်းပြ=ထိုအရူပလေးဘုံသည် ရူပက္ခန္ဓာ၏ ဖြစ်ရာသော်ကား မဟုတ်၊ ဝေဒနာက္ခန္ဓာ၏သာဖြစ်ရာဖြစ်သောကြောင့်

၂။ တည်ပြီ မှလျှင် = "တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတိ"ဟူသော သံသယပုဒ်၏ အရမရှိ

၃။ ဟိတ်ပြ = ထိုသို့ သန္နိဋ္ဌာန်ပုဒ်အရသာရှိ၍ သံသယပုဒ်အရ မရှိသောကြောင့်

၄။ မြန်မာ = "အကြင်ဘုံ၌ ရူပက္ခန္ဓာ ဖြစ်ဆဲမဟုတ်၊ ထိုရူပက္ခန္ဓာ ဖြစ်ဆဲ မဟုတ်သောဘုံ၌ ဝေဒနာက္ခန္ဓာ ဖြစ်ဆဲမဟုတ်လော"ဟု

၅။ လက္ခဏာနှင့် =မြတ်စွာဘုရား၌ တစုံတခုသောသံသယသည် မရှိငြားသော်လည်း

၆။ အာသယာ =ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍

၇။ မေး =အမေးလေးပါးတို့တွင် ပုရိမကောဋ္ဌာသ၏ အရနှင့်တူသော ပုရေပဉှာဖြင့် မေးတော်မူသည်အားလျောက်ပတ်စွာ

၈။ န အက္ခရေ ချဖျက်ဖြေတည်း=သန္နိဋ္ဌာန်ပုဒ်၏ အရသို့လိုက်၍ "နုပ္ပဇ္ဇတိ"ဟူသော ပုစ္ဆာပါဠိ၌ န-အက္ခရာကို ပယ်တော်မူ၍ အနုလုံပါဠိဖြင့် ဥပ္ပဇ္ဇတိဟု ပါဠိဂတိဝိဘဇ္ဇနာဖြင့် ဖြေတော်မူ၏။

(ကောက်နှာ-၇၁)

## ၂။ တဖက်ရ နှစ်ဖက်ရ ဝိဘင်း
## (သရူပဒဿနဝိသဇ္ဇနာ ပရိပုစ္ဆာပဉှာ)

[ဆောင်] ဟေတုမြန်မာ, လက္ခဏာနှင့်, အာသယာရှ ပဉှာပြု၍, မှတ်ရှုပယ်ကာ, ဥဒ်ပြုကာဖြင့်, တဖြာပယ်ချ, ဖြေဟုန်ကြွဟု, အင်္ဂမှတ်ရာ, ဤ ကိုးဖြာကား, သရုပ်ကြိမ်, ကောက်အလိမ်တွင်, ကောဋ္ဌာတင်မှု, အချက်စုတဲ့, မှတ်ရှုဖြောင့်ကို, တင်ကြရိုသော်, တိုထိုအင်္ဂါ, နောက်ပယ်တာကို, ပယ်ကာဘင်ကြ, အဋ္ဌင်သည်၊ တင်ကြ နောက်နောင် ရှုတွေ့ကိုင်းတည်း။

## (က) ဝိဘင်းကောက် ကောဋ္ဌာသတင်ပုံ

၁။ ဟေတု=ထိုသို့ရသောကြောင့်

၂။ မြန်မာ=“ခပ်သိမ်းကုန်သော ကုသိုလ်မည်ကုန်သောတရားတို့ဘည် ကုသိုလ်ဟု ဆိုအပ်သော မူလမည်ကုန်သလော”ဟု

၃။ လက္ခဏာနှင့်=မြတ်စွာဘုရား၌ တစုံတခုသောသံသယသည် မရှိငြားသော်လည်း

၄။ အာသယာရှ=ဝေနေယျတို့၏အာသယအားဖြင့် မေးတော်မူဦး၍

၅။ ပဉှာပြု၍=အမေးလေးပါးတို့တွင် ပုစ္ဆာပဉှာ ပဉှာပဉှာနှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသော ပရိပုစ္ဆာပဉှာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ

၆။ မှတ်ရှုပယ်ကာ=သန္နိဋ္ဌာန်ပုဒ်၏အရသာဖြစ်၍ သံသယပုဒ်အရ မဖြစ်ကောင်းသော ကုသိုလ်စိတ် ကေဝသ၊ ကုသလမူသုံးခုမှတပါး စေတသိက်ပဋ္ဌတိံသကို ပုရိမကောဋ္ဌာသတင်တော်မူ၍ သံသယကို ပဋိသိမ်မြစ်၍ သန္နိဋ္ဌာန်သံသယနှစ်ပုဒ်လုံး၏ အရဖြစ်သော ကုသလမူသုံးခုကို ပစ္ဆိမကောဋ္ဌာသတင်တော်မူ၍ ဖြေတော်မူအပ်လျက် မဖြေမူ၍

၇။ ခွင့်ပြုကာဖြင့်=“အဝသေသာ”ဟူသောပါဌ်ဖြင့် အကြွင်းကို သိလွယ်စိမ့်သောငှာ သန္နိဋ္ဌာန်သံသယ နှစ်ပုဒ်လုံး၏ အရဖြစ်သော ကုသလမူသုံးခုကို “တီဏေဝ ကုသလမူလာနိ”ဟု ပုရိမကောဋ္ဌာသတင်တော်မူ၍ သံသယကို ပဋိသိမ်မမြစ်မူ၍

၈။ တဖြာပယ်ချ=သန္နိဋ္ဌာန်ပုဒ်၏ အရသာဖြစ်၍ သံသယပုဒ်၏အရ မဖြစ်ကောင်းသော ကုသိုလ်စိတ် ကေဝိသ၊ ကုသလမူသုံးခုမှတပါး စေတသိက် ပဉ္စတိံသကို “အဝသေသာ ကုသလာ ဓမ္မာ န ကုသလမူလာ”ဟု ပစ္ဆိမကောဋ္ဌာသတင်တော်မူ၍ သံသယကို ပဋိသိမ်မြစ်၍

၉။ ဖြေကြကုန်ဟု=အဖြေငါးပါးတို့တွင် ပုရိမကောဋ္ဌာသ ပစ္ဆိမကောဋ္ဌာသ နှစ်ပါးတို့၏ သရုပ်ကိုပြတော်မူသောအားဖြင့် သရူပဒဿန ဝိသဇ္ဇနာဖြင့် ဖြေတော်မူ၏။

(ကောက်နှာ ၂၃)

## (ခ)"ဝိဘင်းဖြောင့်"ကောဋ္ဌာသတင်ပုံ

၁။ ဟေတု=ကိုသို့ရသောကြောင့်

၂။ မြန်မာ="အကြင်သို့သဘောရှိကုန်သော ကုသိုလ်ဟုဆိုအပ်သော မူလနှင့် (ဝါ)မူလအားဖြင့် တူသော မူလရှိကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်သလော"ဟု

၃။ လက္ခဏာနှင့်=မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြားသော်လည်း

၄။ အာသယာရှု=ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍

၅။ ပဥှာပြု၍ =အမေးလေးပါးတို့တွင်……လျှောက်ပတ်စွာ

၆။ မှတ်ရှုပယ်ကာ=သန္နိဋ္ဌာန်ပုဒ်၏ အရသာဖြစ်၍ သံသယပုဒ်၏အရ မဖြစ်ကောင်းသော ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝိသ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်ကို "ကုသလသမုဋ္ဌာနံ ရူပံ ကုသလမူလေန ဧကမူလံ န ကုသလံ"ဟု ပုရိမကောဋ္ဌာသတင်တော်မူ၍ သံသယကို ပဋိသိမ်မြစ်၍

၇။ ခွင့်ပြုကာဖြင့်=သန္နိဋ္ဌာန် သံသယ နှစ်ပုဒ်လုံး၏ အရဖြစ်သော ကုသိုလ်စိတ် ကေဝိသ၊ စေတသိက် အဋ္ဌတိံသကို "ကုသလံ ကုသလမူလေန ဧကမူလဉ္စေဝ ကုသလဉ္စ"ဟု ပစ္ဆိမကောဋ္ဌာသတင်တော်မူ၍ သံသယကို ပဋိသိမ်မမြစ်မူ၍

၈။ တဖြာပယ်ချ=ဤအချက်မရှိ

၉။ ဖြေကုန်ကြဟု=အဖြေငါးပါးတို့တွင် .... သရူပဒဿနဝိသဇ္ဇနာဖြင့် ဖြေတော်မူ၏။

(ကောက်နှာ ၂၆)

(ခ) နောဝိဘင်း– ပဋိလောမဝိသဇ္ဇနာ၊ဒု–မေးသပဥှာ

၁။ အကြောင်းပြကာ=“ထိုပုဂ္ဂိုလ်အား ရူပက္ခန္ဓာဖြစ်ဆဲသော်ကား ဟုတ်၏၊ ဝေဒနာက္ခန္ဓာ ချုပ်ဆဲ မဟုတ်သောကြောင့်

၂။ ဥပနာနှင့် = “တဿ ဝေဒနာက္ခန္ဓော နိရုဇ္ဈတိ”ဟူသော သံသယပုဒ်၏ အရမရှိ

၃။ ဟိတ်ပြာ= ထိုသို့ သန္နိဋ္ဌာန်ပုဒ်၏ အရသာရှိ၍ သံသယပုဒ်၏အရ မရှိသောကြောင့်

၄။ မြန်မာ= “အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာဖြစ်ဆဲ ထိုရူပက္ခန္ဓာဖြစ်ဆဲ ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ချုပ်ဆဲလော” ဟု

၅။ လက္ခဏာနှင့်= မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိငြား သော်လည်း

၆။ အာသယ= ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၍

၇။ မေး= အမေးလေးပါးတို့တွင် မောဃပဥှာဖြင့် မေးတော်မူ သည်အား လျောက်ပတ်စွာ

၈။ ဖြေ= ရူပက္ခန္ဓာဖြစ်ဆဲသော် ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာဆဲ မဟုတ်သည်သာ ဖြစ်သောကြောင့် သံသယပုဒ်၏အရ ကို မြစ်တော်မူသောအားဖြင့် အဖြေငါးပါး တို့တွင် “နော”ဟု ပဋိသေဓဝိသဇ္ဇနာဖြင့်ဖြေတော်မူ၏။

(ကောက်နှာ—၉၆)

## ကျေးဇူးတင်ခြင်း

ဤကျမ်းစာ ဖြစ်မြောက်ရန်အတွက် အဖက်ဖက်မှ အားပေး ကူညီကြသော မိတ်ဆွေသင်္ဂဟ သောတုဇန်တို့အားရင်း။

ဦးပညာဇောတ (အမရပူရ-ဦးပညာ) ဦးနန္ဒိယ (မင်းကွန်း) ဦးစန္ဒိမာဘိဝံသ။ ဦးဝိလာသဂ္ဂ။ ဦးကုမာရာနန္ဒ။ ဦးနိမ္မလ။ ဦးကောဝိဒ (သထုံ) ဦးနိပုဏ (ရန်ကုန်)တို့အားရင်း။

လိုအပ်သမျှ နဝကမ္မကာဝန်ယူသော ရန်ကုန်မြို့ ယောက်လမ်းနေ သာသနာ့ဒါယကာမည်းတော် ဦးသိန်းမြင့် (ကွယ်လွန်) နှင့် မယ်တော်ဒေါ်အုန်းမေ တို့အားရင်း၊ အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# စာမူပေးက စာအုပ်ကောင်းရမည်

**စာအုပ်ရှင်က စာအုပ်အတွက် လုံးဝ ကြောင့်ကြစိုက်စရာမလို။**

စာမူကို လက်နှိပ်စက်ဖြင့် လေးမူပွားခြင်း၊ စာပေစိစစ်ရေး တင်ပြခြင်း၊ ခေတ်မီ ပန်းချီ ဒီဇိုင်း ဘလောက်များဖြင့် ရောင်စုံ အဖုံးရိုက်၍ ချုပ်လုပ်ပြီး ကုန်သွယ်ရေးအစစ်ခံခြင်းအထိ အပ်နှံသူ စိတ်တိုင်းကျ တာဝန်ယူ ဆောင်ရွက်ပေးနေပြီ။

စာတည်းချုပ် ဦးသောင်းလွင် (ဘီ–အေ၊ ဓမ္မာစရိယ ဝဋ္ဋံသကာ) နှင့် ကမ္ဘာအေး၊ သာသနာရေး ဦးစီးဌာနမှ ဝါရင့် အငြိမ်းစား စာပြင်ဆရာကြီးများ ဖြစ်ကြသော ဦးဘသွင်၊ မြန်အောင်–ဦးဘသန်း၊ ဦးတင်လှိုင်(ကျုံပျော်) တို့က ပြင်ဆင် တည်းဖြတ် ပရူဖတ်ကာ လှပသေသပ်စွာ ပုံနှိပ်ပေးနေပါပြီ။

**နေလင်း ပိဋကတ်ပုံနှိပ်တိုက်**

အမှတ် ၁၁၊ ၁၂၅-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

ဤကျမ်းသည်—

- တိုကျဉ်းထိပြီး လိုရင်းမိသည်။
- ရှင်းလင်းပြတ်သားသည်။
- ထင်ရှားပေါ်လွင်သည်။
- တို့ကျလွယ်ကူသည်။
- ဇယားတကွက်တည်းဖြင့် ဝါရအားလုံး ဟောနိုင် ရွတ်နိုင်သည်။
- စံပြပုစ္ဆာများဖြင့် တန်ဆာဆင်ထားသည်။
- ခေတ်နှင့်ညီစွာ စီစဉ်ထားသည်။
- မှတ်စုမပေး၊ နည်းကိုသာ ပေးသည်။
- ဆရာပြနေသလို သိလွယ် မြင်လွယ်သည်။
- အချိန်ကုန် လူပန်း သက်သာစေရမည်။

ထို့ကြောင့် ဤကျမ်းသည်—

လေ့လာသင့်သော ကျမ်းတစောင် ဖြစ်သည်။